www.burmeseclassic.com

ဝိုးတဝါး အတွေးစများနှင့်

ဝတ္ထုတိုများ




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၇၁၀၄၁၁

◆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၀၁၀၃၁၁

◆

ပထမအကြိမ်
၂၀၁၁ ခုနှစ်၊ ဇွန်လ

◆

မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်
ချစ်ကြည်

◆

အတွင်းဖလင်
AZ

◆

အုပ်ရေ
၅၀၀

◆

တန်ဖိုး
၂၀၀၀ ကျပ်

◆

ထုတ်ဝေသူ
ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄) နန်းဒေဝီစာပေ
အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

◆

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်လှ (စာပေလောက)
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅. ၈၃
လင်္ကာရည်ကျော်
ဝိုးတဝါးအတွေးစများ ဝတ္ထုတိုများ
လင်္ကာရည်ကျော်/ ရန်ကုန်။ နန်းဒေဝီစာပေ၊ ၂၀၁၀၊ ဇွန်လ။
စာ ၂၃၀၊ ၁၃ × ၁၉ စင်တီမီတာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဝိုးတဝါး အတွေးစများ

## ဝတ္ထုတိုများ



www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ပါမောက္ခရဲမြင့်ကျော် ဖြစ်သည်။ ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်း ကျေးရွာတွင် ဖွားမြင်ပြီး အဘဦးတင်ညွန့်၊ အမိ ဒေါ်မြရီတို့၏ ဒုတိယသား ဖြစ်သည်။

အ. ထ. က (၁) လမ်းမတော်၊ ရန်ကုန်၊ အမှတ် (၂) ဒေသ ကောလိပ်၊ ရန်ကုန်တိုင်း၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်တို့တွင် ပညာ ဆည်းပူးခဲ့သည်။ စစ်မှု သုံးနှစ် ထမ်းဆောင်ဖူးပြီး ယူကေ နိုင်ငံတွင် နှစ်နှစ် ပညာတော်သင် နေထိုင်ခဲ့ဖူးသည်။ ပုံနှိပ် ထုတ်ဝေရေး အတတ်ပညာ ဒီပလိုမာ ရရှိခဲ့ဖူးပြီး ဆေးပညာဆိုင်ရာ ဘွဲ့နှင့် ဒီပလိုမာ ရှစ်ခု ရရှိဖူးသည်။

၁၉၈၁ ခုနှစ် ဆေးတက္ကသိုလ် နှစ်လည် မဂ္ဂဇင်းတွင် 'လင်္ကာရည်ကျော်' ကလောင်အမည်ကို စခံယူ၍ ဝတ္ထုကဗျာများ ရေးသားခဲ့သော်လည်း ဆရာဝန်ဖြစ်ပြီး အနှစ်နှစ်ဆယ်ခန့် စာပေ နယ်နှင့် ဝေးကွာနေခဲ့သည်။

၂၀၀၄ ခုနှစ်မှ စ၍ 'လင်္ကာရည်ကျော်' အမည်ဖြင့် ဝတ္ထုတိုရှည်များ ပြန်လည် ရေးသားခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော ပထမဦးဆုံး ဝတ္ထုရှည် 'ကြိုးကြာတောင်ပံခတ်သံ'

www.burmeseclassic.com

www.burmeseclassic.com

မှာ အမျိုးသားစာပေဆု (လူငယ်စာပေ) **ရရှိခဲ့ပြီး** ရုပ်ရှင်ကြီးအဖြစ် ရိုက်ကူးခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် **ထုတ်**ဝေသော ဒုတိယ မြောက်ဝတ္ထုရှည် 'ဒေါက်တာ **ရွှေသွေးနှင့်** မပန်းမှုံ'သည်လည်း အမျိုးသားစာပေဆု (ဝတ္ထုရှည်) **ရရှိခဲ့**သည်။

ဒေါက်တာရဲ (**ကလေးအထူးကုဆရာဝန်**) ကလောင်ခွဲ နှင့်လည်း ဆောင်း**ပါးများ ရေးသားနေ**သည်။

ယခုအခါ **ဆရာသည် ဆေးတက္ကသိုလ်**၊ မကွေး၊ ကလေး ကျန်းမာရေး ပညာဌာန**၏ ပါမောက္ခ/ဌာနမှူး**။ ကလေးအထူးကု **ဆရာဝန်ကြီး အဖြစ် တာဝန် ထမ်းဆောင်ရင်း** သုတ၊ ရသ **စာပေများ စဉ်ဆက်မပြတ်** ရေးသားနေသည်။

၀

www.burmeseclassic.com

# မာတိကာ


၁။ တံလျှပ်အလွန် ၁၄

၂။ ဝတ်မှုန်ဝေသည့်လက် ၄၄

၃။ နှင်းမုန်တိုင်းထဲမှ သူရဲကောင်း ၅၈

၅။ ဘဝအဆက်ဆက် ၇၂

၆။ အိပ်မက်မှာသာ ၈၈

၇။ အမရာ့ဝမ်းစာ ၁၀၂

၈။ မှန်ဖို့နှင့်ချိုဖို့ ၁၁၆

၉။ နှလုံးစကား ၁၃၀

၁၀။ ခြေလှမ်းကလေး ယိုင်တိုင်း ၁၄၆

၁၁။ သစ်ခွရဲ့ကျွန်း ၁၅၈

၁၂။ တို့ကနန်း ဆိတ်ကနန်း ရင်ခုန်သံ ၁၇၄

၁၃။ ကိုထရိုဒ်အောထရီယာတမ် နှလုံး ၁၈၄

၁၄။ ငန်းကလေး၏ နှလုံးသား ၂၀၀

၁၅။ အာသာဝတီပန်းခင်း ၂၁၄


www.burmeseclassic.com

www.burmeseclassic.com

## ဝိုးတဝါးအတွေးများအတွက် စာရေးသူ၏စကားဦး

ဝတ္ထုတို ပေါင်းချုပ်တွေ ထုတ်ဝေဖို့ ထုတ်ဝေသူတွေ လက်တွန့်ချင်ချင် ဖြစ်နေသည့်အချိန်တွင် ကျွန်တော်ရေးခဲ့ပြီး မဂ္ဂဇင်းများတွင် ဖော်ပြပါရှိပြီး ဝတ္ထုတိုအားလုံးကို ကုန်သွားအောင် ထုတ်ဝေပေးခဲ့သော ထုတ်ဝေသူများ (အထူးသဖြင့် ကိုရဲပေါ့) နှင့် ကုန်သွားသည်အထိ အားပေးခဲ့ကြသော စာဖတ်ပရိသတ်များကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိသည်။

ကိုရဲက ထပ်စုပေးပါဦးတဲ့။

**ပထမအိပ်မက်၊ သမားလည်ပြန်၊ သိင်္ဂါရအလှည့်၊ အမြဲတောရတနာ၊ ဆရာ့နှလုံးသားနှင့် နေညိုကြမ်းနဖူး၊** ထွက်ပြီးသားအားလုံး ၆ အုပ်။ တစ်အုပ်မှာ ၁၅ ပုဒ်စီ ပါတာ ဆိုတော့ ၉ဝ ကျော်နေပြီ။ သိပ်မကျန်တော့၍ စောင့်ပါဦးဟု ပြောထားရသည်။ ဆရာဝန်အလုပ်၊ ကျောင်းဆရာအလုပ်တွေက တစ်ဘက်မို့ ရေးအားက သိပ်ကြီးမသွက်။ ၁၅ ပုဒ် ပြည့်အောင် စုမိတာနှင့် ကိုရဲကို ပေးလိုက်သည်။ အဲသည့် ၁၅ ပုဒ်ကို ပြန်ဖတ် ကြည့်လိုက်တော့ စာဖတ်ပရိသတ်ကို ကြို့ရှင်းပြစရာကလေးတွေ အပုဒ်တိုင်း နီးနီးမှာ ရှိနေတာ တွေ့ရသည်။

*'နှင်းမှုန်တိုင်းထဲက သူရဲကောင်း'*

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄ ကတည်းက နရသုခိ၊ သုခချမ်းသာမှာ ဖော်ပြပါရှိပြီး ဝတ္ထုတို ယခုမှ ဘာကြောင့် လုံးချင်းထဲ ထည့်ရသလဲ မေးစရာ ရှိနေသည်။

၂၀၀၄ တုန်းက ကျွန်တော်သည် စာရေးဆရာ နာမည်ခံနိုင်ရန် ကြိုးစားနေဆဲ အထူးကု ဆရာဝန်ပေါက်စတစ်ဦး ဖြစ်သည်။ ကျွန်တော့် လက်ထဲမှာ ကျွန်တော် ၁၉၈၅ ခုနှစ် ကတည်းက ရေးထားသည့် ဝတ္ထုရှည် တစ်ခု ရှိနေသည်။ ခင်ရာခင်ရာတွေ လိုက်ပြဖြစ်သော်လည်း ဘယ်တိုက်ကိုမှ မပို့ဖြစ်သေး။ နာမည်က *'အရုပ်ပန်း'*တဲ့။ ဝတ္ထုရှည် စက်တင်ပုံနှိပ်နိုင်ဖို့ဆိုတာ ဘယ်ကြံစည်ရဲပါ့မလဲ။ ဒါနှင့်ပဲ အဲသည့် ဝတ္ထုရှည်ထဲက အခန်းတစ်ခန်းကို ဝတ္ထုတိုဖြစ်အောင် ပြင်ဆင်ရေးသား၍ *'အသက်တမျှ'*ဟု အမည်ပေးခဲ့သည်။ နရသုခိ၊ သုခချမ်းသာမဂ္ဂဇင်းက ဖော်ပြပေးတော့ ပရိသတ် အားပေးတာ ခံခဲ့ရသည်။ အဲသည် ဝတ္ထုတိုကလေးက ကျွန်တော်၏ ပထမဦးဆုံး ဝတ္ထုတိုပေါင်းချုပ် *'ပထမအိပ်မက်'* ထဲမှာပါသွားသည်။ *'ပထမအိပ်မက်'*က မကြာသေးခင်က ဒုတိယအကြိမ် ပြန်ပုံနှိပ်ရသေးတော့ ပရိသတ် တော်တော်များများ *'အသက်တမျှ'* ကို ဖတ်ဖူးပြီးကြလောက်ပြီ။ အဲသည်တုန်းက အဲသည့်ဝတ္ထုရှည်ထဲက နောက်တစ်ပိုင်းကို ထုတ်နုတ်၍ *'နှင်းမုန်တိုင်း'*ကိုရေးခဲ့တာပါ။ *'နှင်းမုန်တိုင်း'*ကိုတော့ ဘယ်ဝတ္ထုတိုပေါင်းချုပ်တွင်မှာမှ မဖော်ပြခဲ့ပါ။

အကြောင်းကတော့ *'အရုပ်ပန်း'*ကနေ *'ကြိုးကြာတောင်ပံခတ်သံ'* ဖြစ်လာခဲ့၍ပါ။ 'အသက်တမျှ'မှာ ယူသုံးထားသော အပိုင်းကို *'အရုပ်ပန်း'*ကို *'ကြိုးကြာတောင်ပံခတ်သံ'*အဖြစ် ပြန်ရေးစဉ်က ကျွန်တော် ဖြုတ်ထုတ်ခဲ့ပါသည်။ 'နှင်းမုန်တိုင်း'က ဖြုတ်၍မရပါ။ အဘယ့်ကြောင့်ဆိုသော် ဇာတ်သိမ်းခါနီး အရေးကြီးသော အခန်းဖြစ်နေ၍ပါ။ ဒါကြောင့် ထပ်မဖော်ပြတော့တာပါ။

ယခုတော့ 'ကြိုးကြာ'လည်း အတောင်အလက်စုံပြီ။ ကြာခဲ့ပြီ။ ကျွန်တော်လည်း လွန်ခဲ့သော လေးနှစ်ကျော်က လက်ရာကလေး တစ်ခုကို လုံးချင်းစာအုပ်တွင် အမှတ်တရ သိမ်းဆည်းချင်မိ သည်။ ဒါကြောင့် ပြန်ထည့်လိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com

*'သားဖွားမီးယပ် အထူးကုဆရာဝန် တစ်ဦးမှတစ်ဆင့်'* ဇာတ်လမ်းသည် ထိုသားဖွားမီးယပ် အထူးကုဆရာဝန် ပြောပြသည့် ဇာတ်လမ်းကို သူ ပြန်ပြောပြသည့်အတိုင်း ချရေးထားတာပါ။ အဲသည့် ဇာတ်လမ်း၏ ပိုင်ရှင် အစစ်ကသူပါ။ ကျွန်တော်နှင့်မဆိုင်ဟု ခံစားမိပါသည်။ ဒါကြောင့် ယခင်က မဖော်ပြခဲ့တာပါ။ ယခုတော့ ကျွန်တော် ရေးဖူးသမျှကို ဖတ်ချင်ပါသည်ဟု Face book ကနေ တောင်းဆိုသူတွေ တော်တော် ရှိလာသဖြင့် လုံးချင်းထဲ ထည့်ရတာပါ။

*'ဘဝအဆက်ဆက်' 'အိပ်မက်မှာသာ' 'ခြေလှမ်းကလေး ယိုင်တိုင်း'* စသည့် ဝတ္ထုတွေက Surrealism ခေါ် သဘာဝလွန် အရေးအသားမျိုး ရေးဖူးချင်သည့် ပိုးထနေခိုက်က ရေးဖြစ်ခဲ့တာပါ။ *'ပိုးတဝါး အတွေးစ'*တွေပါ။ အဲဒါတွေကို ဘာကြောင့် ရေးချင်ခဲ့ရသည်ဆိုသည့် အကြောင်းရင်း ကျွန်တော့်ရင်ထဲမှာ ရှင်းရှင်းလင်းလင်း ရှိပါသည်။ စာဖတ်သူကိုတော့ ရှင်းရှင်းလင်းလင်း တမင်ပြောမပြ ဘဲ ပိုးတဝါး လုပ်ခဲ့မိပါသည်။ အဲသည် ဝတ္ထုတွေ ပါနေ၍ သည်ဝတ္ထုတို ပေါင်းချုပ်ကို *'ပိုးတဝါး အတွေးစများ'*ဟု နာမည်ပေးဖြစ်ခဲ့တာပါ။

*'တို့ကနန်း ဆိတ်ကနန်း ရင်ခုန်သံ'*ကတော့ တော်တော်တိုတာ သတိထားမိကြပါလိမ့်မည်။ အဲဒါက *'ဒေါက်တာရွှေသွေးနှင့် မပန်းမွှံ'* ဝတ္ထုထဲမှာ မထင်မရှားပါပြီး အခန်းတိုတိုနှင့် ပြန်ငုပ်လျှိုးသွားခဲ့ရသည့် သူနာပြုဆရာမကလေး 'လင်းလင်း' အကြောင်း၊ သူ့ဘက်က ခံစားချက်ကလေးတွေ ရေးပါဦး ဟု တောင်းဆိုလာသည့် မိတ်ဆွေ စာဖတ်ပရိသတ်တချို့၏ အားပေးမှုကို တုံ့ပြန်သောအားဖြင့် ဂျာနယ်ထဲမှာ ဖော်ပြခဲ့တာမို့ တိုနေတာပါ။ *'ဒေါက်တာရွှေသွေးနှင့် မပန်းမွှံ'*က ကျွန်တော့် ဒုတိယမြောက် ဝတ္ထုရှည်ပါ။ ပထမဝတ္ထုရှည် *'ကြိုးကြာတောင်ပံခတ်သံ'* က အမျိုးသားစာပေဆုကို ဆောင်ယူပေးခဲ့ပြီးမို့ ဒုတိယဝတ္ထုရှည်က ဒုတိယမြောက် အမျိုးသားစာပေဆုကို ဆောင်ယူ ပေးလိမ့်မည်ဟု ကျွန်တော် အိပ်မက် မမက်ရဲခဲ့သော်လည်း တကယ် ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါသည်။ ဒုတိယအကြိမ်လည်း ပြန်ရိုက်ဖြစ်ပါသည်။ *'တို့ကနန်း ဆိတ်ကနန်း ရင်ခုန်သံ'* ကို မထည့်ပေးလိုက် ဖြစ်ခဲ့ပါ။ ဒါကြောင့် ဒီမှာ ထည့်တာပါ။

ကျွန်တော့် ဝတ္ထုတို တော်တော်များများကို ရုပ်မြင်သံကြား ဇာတ်လမ်းတိုတွေ ရိုက်ခွင့်ပြုခဲ့ပြီး ပြသပြီး ဖြစ်လေရော သည့် ဝတ္ထုတို ပေါင်းချုပ်ထဲက *'အမရာဝင်းစာ'*ပါပါသည်။ *'အမရာဝင်းစာ' 'သစ်ခွရဲ့ ကျွန်း' 'ကိုထရိုင်အေထရီယာတမ် နှလုံးသား' 'အာသာဝတီ ပန်းခင်း' 'တံလျှပ်အလွန်'*တို့က စာဖတ်သူတွေဆီက ချီးကျူးစာတွေသာမက အဲသလို ရေးပေးသည့်အတွက်ဟု ဆိုကာ ကျေးဇူးတင်စာတွေ ပါရခဲ့သည့် ဝတ္ထုတိုတွေ ဖြစ်သည်။

အဲသည့် စာတွေက 'မနိုင်သည့်ဝန်'ကို ထမ်းနေရင်းက စာဆက်ရေးနေသည့် ကျွန်တော့်အတွက် အားဆေးတွေပါပဲ။


ထို့ကြောင့် 'ငိုးတဝါး အတွေးစများ' ဝတ္ထုတိုပေါင်းချုပ်အတွက်တော့ အားပေးပံ့ပိုးခဲ့ကြသော ကျွန်တော့် စာဖတ်ပရိသတ်ကြီးကို အဓိကအားဖြင့် ကျေးဇူးစကားဆိုပါရစေ။

**ဆနွှမွန်ဖြင့်**
**လက်ာရည်ကျော်**
**၁၈.၁၂.၂၀၁၀**

၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

ပြောရလျှင်တော့ လောကကြီးက တော်တော် မတရား။

ဘဝအတွက် အရေးအပါဆုံးသော ဆုံးဖြတ်ချက်များကို ချရန် အသက်နှစ်ဆယ်ကျော် အရွယ်တွင် အမြဲစေခိုင်းသည်။

ယင်းဆုံးဖြတ်ချက်များမှ နောက်ဆက်တွဲ ဖြစ်လာနိုင်ခြေများကို ခန့်မှန်း ချိန်ဆနိုင်လောက်သည့် တွေးခေါ်နိုင်စွမ်းကိုတော့ နောက်ထပ် ၁၀ နှစ်မှ နှစ်ပေါင်း နှစ်ဆယ်ခန့်ကြာမှ ခွင့်ပြုလေသည်။

ဘဝတစ်ခုလုံး အစကပြန်စလို့ မရတော့တာက တော်သေး။

နှလုံးသားကပါ ကြားထဲက အဆစ်ပါသွားလိုက်သေးသည်။

[၂]

'စိတ်မရှိပါနဲ့နော်၊ အရက်ရော သောက်တတ်ပါသလား'

အသားကလေးက ဖြူဖွေးနေတော့ ဆရာဝန်ဝတ်စုံ အဖြူကလေးနှင့် တော်တော် လိုက်ဖက်နေသည်။ ဖြူဖွေးသွယ်လျသော လက်ကောက်ဝတ်ပေါ်မှာ ပလက်တီနမ် ဟမ်းချိန်းကလေးတစ်ခု ရှိသည်။ ထူထဲထင်ရှားသော မျက်ခုံးများ အောက်ဆီက မျက်တောင်ရှည်တို့ ဘောင်ခတ်ထားသော နက်မှောင်သည့် မျက်ဝန်းတစ်စုံကို မြင်ရချိန်တွင်တော့ မြင့်သူ တစ်ယောက် 'စိတ်ရှိ'ဖို့ သတိမရနိုင်တော့ပါ။

'ရံဖန်ရံခါ၊ အပေါင်းအသင်း များတဲ့အခါပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဘေးတွင် အတူ ရပ်နေသော ဆရာဝန်ဝတ်စုံ အဖြူကလေးနှင့် နောက်မိန်းကလေး တစ်ဦးက 'ခွိ'ကနဲ ရယ်သည်။ မေးနေသည့် မိန်းမလှကလေးကတော့ ပြုံးရုံသာ ပြုံးသည်။ ပြီးတော့ ဘေးက မိန်းကလေးကို လှည့်၍ 'ဆိုရှယ်ဒရင့်ကင်းလို့ပဲ ရေးလိုက်မယ်နော်' ဟု ပြောသည်။ အဖော်မိန်းကလေးက ခေါင်းညိတ်ပြသည်။

'အိမ်ထောင်ရော ရှိပါသလား၊ သားသမီး ဘယ်နှယောက် ရှိပါသလဲ'

'မရှိပါဘူး၊ သားသမီး ဖြေရဦးမလား'

မိန်းမလှကလေးက ရယ်ပြန်သည်။

'အစ်ကိုက နေမကောင်းတဲ့ ကြားက ရယ်စရာ တော်တော် ပြောတတ်တာပဲ'

မြင့်သူက သူ့လက်ဝါးကို သူ ထောင်ကြည့်၍ ပခုံးတွန့်ပြသည်။

'ဆရာဝန်တွေက အသားဝါတယ်ဆိုပြီး ဆေးရုံအတင်း တက်ခိုင်းလို့ပါဗျာ၊ ကျွန်တော်တော့ ဘယ်လိုမှ မနေပါဘူး'

'ကျွန်မတို့ လာမေးနေတာ၊ လာစမ်းနေတာကိုတော့ စိတ်မတိုပါဘူးနော်'

'ဟာ. . . တိုစရာလားဗျာ၊ ကျွန်တော့် ကျန်းမာရေးအတွက်ပဲ'

'အဲဒါတော့ မဟုတ်ဘူးရှင့်'

မြင့်သူ မျက်လုံး အဝိုင်းသား ဖြစ်သွားသည်။

'ဘယ်လို'

မိန်းမလှလေးက မျက်လုံးကလေး ပိတ်အောင် ရယ်သည်။

'ကျွန်မတို့က ဆရာဝန်တွေ မဟုတ်ဘူးရှင့်၊ ဆေးကျောင်းသူတွေပါ၊ စာသင်စရာရှိလို့ လာမေးနေတာပါ၊ အစ်ကို့ ကျန်းမာရေးအတွက် မဟုတ်ပါဘူး'

မြင့်သူ ဘာဖြေရမှန်း မသိတော့သဖြင့် ရယ်ကြဲကြဲနှင့်. . . . ရပါတယ်ဗျာဟုသာ ဖြေလိုက်ရသည်။

'ငြိမ်းငြိမ်းတို့၊ နင်တို့ ငါ့သူငယ်ချင်းကို ဘာဝိုင်းမေးနေကြတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ အသံကျယ်ကြီး ပေါ်လာသဖြင့် မိန်းကလေးနှစ်ယောက် လှည့်ကြည့်ကြသည်။ မြင့်သူ၏ သူငယ်ချင်း လက်ထောက်ကထိက အထူးကုဆရာဝန် ဒေါက်တာအောင်ဇော်။

မိန်းမလှကလေးက လျှာကလေး တစ်လစ် ထုတ်ပြသည်။

'ဆရာ့ သူငယ်ချင်းလား၊ ငြိမ်းတို့က မသိပါဘူး၊ ဆရာနဲ့ သင်မလို့ ယူနေတာ'

'အိမ်ထောင် ရှိမရှိ မေးပြီးပြီလား'

ငြိမ်းငြိမ်းက မျက်နှာကလေး အနည်းငယ် နီသွားသည်။

'မေးပြီးပါပြီ၊ လူပျိုတဲ့'

'ရမ်းသမ်းမယုံနဲ့၊ လက်စွပ်တွေ အများကြီး ဝေထားတဲ့ကောင်'

'ဘာလဲ ဆရာရဲ့'

'ကျန်စစ်သားမင်းလိုလေ၊ သားဦးကလေး မွေးရင် လက်စွပ်နဲ့ လိုက်လာခဲ့ဆိုပြီး လက်စွပ်တွေ ဝေထားတာ တစ်နိုင်ငံလုံးပဲ'

သည်တော့မှ ငြိမ်းငြိမ်းက ဒေါက်တာအောင်ဇော်နှင့် မြင့်သူ ပြောမနာ ဆိုမနာ သူငယ်ချင်းများမှန်း ရိပ်မိသွားပြီး ရယ်မောတော့သည်။

'မသိဘူး ဆရာရယ်၊ အရက်သောက်တတ်သလား မေးတာတော့ တစ်ခါတလေ အပေါင်းအသင်း မှားတဲ့အခါ သောက်သတဲ့'

'သေရော'

'ဘာဖြစ်လို့လဲ'

'ငါနဲ့ တစ်ခါတလေ သောက်တာဟ'

လေးဦးသား ပွဲကျသွားကြသည်။

သည်လိုနှင့်ပဲ သိပ်ချစ်စရာ ကောင်းသည့် တတိယနှစ် ဆေးကျောင်းသူကလေး ငြိမ်းငြိမ်းနှင့် အောင်မြင်စပြုနေသော လူငယ် စီးပွားရေးလုပ်ငန်းရှင်ကလေး မြင့်သူတို့ ခင်မင်ရင်းနှီးသွားကြပါသည်။

အဲသည်အထိတော့ လောကကြီးက တရားနေတုန်းပါပဲ။

[၃]

ဒါ အိုင့် ညီမလေး၊ မျက်ခြယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com


မသဉ္ဇာ မိတ်ဆက်ပေးသော မိန်းကလေးကို လှည့်ကြည့်လိုက်တော့ ဒူးအထိသာ ရောက်သည့် ဘောင်းဘီကျပ်၊ ကြိုးတစ်ချောင်းတပ်ဘလောက်စ်၊ ခွာမြင့်ဖိနပ်က ပင့်တင်ထားသဖြင့် ထင်ရှားစွာ လှပနေသော ကိုယ်လုံးကိုယ်ပေါက်တို့က ညိုစိမ့်သော အသားအရေနှင့် သာမန်သာသာမျှ မျက်နှာအလှတို့ကို ကျော်ခွ ချီတက်လာပြီး လူပျိုကြီး၏ ရင်ကို တလှပ်လှပ်ခါစေသည်။

စိုက်ကြည့်မိလျှင်လည်း ရိုင်းရာကျ၊ မြင်နေလျှင်လည်း မကြည့်မိဘဲ မနေနိုင်သဖြင့် မျက်နှာကို မသိမသာ လွှဲရသည်။

'ဒါမမ ပြောပြောနေတဲ့ ကိုမြင့်သူ၊ ကိုမြင့်သူ ကားကပျက်လို့လေ၊ အစကတော့ မမတို့ လိုက်ပို့မလို့ဘဲ၊ နောက်တော့ မျက်ခြယ်ရဲ့ အစ်ကိုက စက်မှုဇုန်ဘက်သွားရဦးမှာတဲ့လေ၊ မျက်ခြယ်က ဆူပါဝမ်းသွားမလို့ဆို ကိုမြင့်သူကို ပါရမီဘက် ဝင်ချပေးလိုက်ပါလား'

'Sure'

Sure ဆိုသည့် အင်္ဂလိပ်စကားကို 'ရှော'ဟု လျှာဖျားကလေးနှင့် ခပ်ဖွဖွပြောရင်း မျက်ခြယ်က မြင့်သူ မှီရပ်နေသည့် ဆူပါဆလွန်းကားကို ကြည့်ပြီး နှာခေါင်းရှုံ့ပြသည်။

'၁၀ နှစ်၊ သိလား. . . ၁၀ နှစ်'

မြင့်သူ နားမလည်။

'ဘာလဲ၊ မျက်ခြယ်ရဲ့ ၁၀ နှစ် ဆိုတာ'

'အစ်ကို့ကားလေ၊ ဒိတ်အောက်နေတာ ၁၀ နှစ်လောက် ရှိပြီ လို့ ပြောတာ၊ ကိုကိုကြီးနဲ့ မမနဲ့ ပြောတော့ အစ်ကိုက ခွင်ကောင်းကောင်းတွေ ခဏ ခဏ ရတာဆို၊ ဆိုက်ဂနပ်စ်တို့ ဘာတို့ စီးပါလား'

မြင့်သူက ရယ်သည်။

'မသဉ္ဇာတို့ လင်မယား ပြောတိုင်းယုံမနေနဲ့၊ ပြီးတော့ အစ်ကိုက တကယ်လုပ်ရပေမယ့် ပိုင်ရှင်အစစ်က ဖေဖေလေ၊ ဖေဖေ ဝယ်ပေးတဲ့ကားစီးရတာ'

မျက်ခြယ်က ပခုံးတွန့်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com


'အိုကေလေ၊ ဒါဆိုလည်းလာ၊ လမ်းမှာ အစ်ကို့ကို အစ်ကို့ဖေဖေကို ပြန်'ဘတ်ကီး'ရိုက်တဲ့ နည်းတွေ သင်ပေးမယ်'

'ဟုတ်မှာ. . . ကိုမြင့်သူရေ၊ အိုင်တို့ လင်မယားကိုလည်း သူဒီလိုပဲ ခွထုနေကျ'

မြင့်သူ ရယ်မောရင်း လိုက်သွားပါသည်။

'အစ်ကိုကလည်း ဟိုတုန်းက ကျွန်တော်တို့ နှစ်ယောက် လမ်းဘေးကြံရည်ဆိုင်တောင် ထိုင်ခဲ့ကြသေးတာ၊ လာစမ်းပါ။ ဟိုနားက ဆိုင်ကလေးက ကြည့်ရတာ သန့်ပြန့်ပါတယ်'

လမ်းထောင့်က အအေးဆိုင်ကလေးက တကယ်ကိုပင် သန့်ပြန့်ပါသည်။ လေအေးစက်တပ် မဟုတ်သော်လည်း ပန်ကာတွေ တစီစီနှင့် ယင်ကောင်လည်း မရှိ။ ပေါလစ်သုတ် ကျွန်းစားပွဲကလေးများပေါ်တွင်လည်း အအေးဖိတ်ကျထားသော အကွက် မရှိ။ ဆိုင်ထဲရောက်သည်နှင့် ကိုကျော်ဆင့်ပါ ကျေနပ်သွားသည်။

သို့သော်. . .

'အသီးဖျော်ရည် ရမလား. . . ညီမ'

ဆိုင်ဝန်ထမ်း မိန်းကလေးကို လှမ်းမေးလိုက်တော့ ခေါင်းခါပြသည်။

'ပုလင်းနဲ့ ဖျော်တာတွေပဲ ရမယ်. . . အစ်ကို'

ကိုကျော်ဆင့်က နှာခေါင်းရှုံ့ပြသည်။

'အသီး လတ်လတ်ဆတ်ဆတ် ဖျော်တာပဲ သောက်ချင်တယ်ကွာ၊ လာ. . . တခြားဆိုင်သွားကြရအောင်'

'ဟဲ့. . . စိုးစိုး၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ အစ်ကိုတို့ ဘာများ အလိုရှိလို့ပါလဲရှင်၊ အဆင်ပြေအောင် လုပ်ပေးပါ့မယ်'

အတွင်းခန်းထဲမှ ထွက်လာသော ပိုင်ရှင် ဖြစ်ဟန်တူသည့် မိန်းကလေး မျက်နှာကို မြင်လိုက်သောအခါ မြင့်သူ ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

'ငြိမ်းငြိမ်း'

www.burmeseclassic.com

www.burmeseclassic.com


[၆]

ငြိမ်းငြိမ်းက မြင့်သူကို အားရဝမ်းသာ နှုတ်ဆက်သည်။ ကိုကျော်ဆင့် သောက်ချင်သော အသီးဖျော်ရည်အတွက် အသီးကို အနီးဈေးတွင် ဆိုင်ဝန်ထမ်းတစ်ဦးကို ချက်ချင်း ပြေးဝယ်စေပြီး ကိုယ်တိုင် ဖျော်ပေးသည်။ မြင့်သူ သောက်ချင်သော သံပုရာရည်ကိုလည်း သူကိုယ်တိုင် ဖျော်ယူလာပြီး မြင့်သူတို့ စားပွဲမှာ ဝင်ထိုင်သည်။

မြင့်သူက အံ့သြမပြေသေး။

'ငြိမ်းငြိမ်းက ဒီမှာ ဘာလုပ်နေတာလဲ'

'ဒါ ငြိမ်းတို့ ဆိုင်လေ အစ်ကိုရဲ့၊ ငြိမ်းတို့ မိသားစုက အစကတည်းက မအူပင်မှာ အအေးဆိုင် ဖွင့်စားလာကြတာ၊ ငြိမ်း ဆယ်တန်းအောင်လို့ ဒီမြောက်ဥက္ကလာ ဆေးတက္ကသိုလ် ၂ မှာ တက်ရမယ်ဖြစ်တော့ ငြိမ်း အဆင်ပြေအောင်ဆိုပြီး တစ်အိမ်လုံး ပြောင်းလာကြပြီး ဒီဆိုင်ကလေး ဖွင့်ထားတာပဲ လေးနှစ်ကျော်ပြီ၊ ဖေဖေ တစ်လှည့်၊ မေမေတစ်လှည့်၊ တစ်ခါတလေ ငြိမ်းအားရင် ငြိမ်းတစ်လှည့် ဒီလိုပဲ ထိုင်ကြတာ၊ ပြီးခဲ့တဲ့ စာမေးပွဲတွေ အားလုံး ဒီဆိုင်ထဲမှာ ထိုင် စာကျက်ပြီး ဖြေခဲ့ရတာလေ'

ကိုကျော်ဆင့်က အံ့အားသင့်စွာ. . . ဆေးကျောင်းသူလားဟု တိုးတိုး မေးလေသည်။

[၇]

အပြန်လမ်းတွင် မြင့်သူ သိသိသာသာ တိတ်ဆိတ်နေသည်။

ကိုကျော်ဆင့်က သက်ပြင်းချ၍ ခေါင်းခါသည်။

'မပြည့်မစုံနဲ့ ရုန်းကန်နေရတဲ့ ဆေးကျောင်းသူတစ်ယောက်က ငါ့ညီလို ပြည့်စုံတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နဲ့ ဒီလောက် ရင်းနှီးသွားတာ၊ ဒါတိုက်ဆိုင်မှုသက်သက်လို့တော့ ကိုယ်မထင်ဘူး၊ ငါ့ညီ စဉ်းစားနော်၊ သူ့ဘက်က အမြတ်ချည်းပဲ၊ မင်းဘက်က ဘာမက်စရာ ရှိလို့လဲ'

သည်လို ပြောတော့လည်း မြင့်သူက မခံချင်။

www.burmeseclassic.com

www.burmeseclassic.com


'သူလည်း မကြာခင် ဆရာဝန်ဖြစ်တော့မယ့်သူ တစ်ယောက်ပဲ အစ်ကိုရာ'

'ဆရာဝန်ဖြစ်တော့ ဘာဖြစ်လို့လဲ ငါ့ညီ၊ အလုပ်ဝင်ရမယ်၊ ပို့ရာဒေသ သွားရမယ်၊ အခန့်အသင့်ရင် စုထား ဆောင်းထားတဲ့ အထဲကတောင် စိုက်စားရဦးမယ်၊ ကံကောင်းလို့ အထူးကုဆရာဝန် ဖြစ်ဦးတော့ ငါ့ညီ ရှာနိုင်တာကိုတော့ မှီစရာ အကြောင်းမှ မရှိဘဲ၊ သူသာ တွက်တတ်မယ်ဆိုရင် အထူးကုဆရာဝန်ဖြစ်ဖို့ထက် ငါ့ညီရဲ့ ဇနီးဖြစ်ဖို့က ပိုအရေးကြီးတာ မြင်မှာပဲ'

လက်ခံနိုင်ဖို့ ခက်သော်လည်း မကြာသေးခင်က မကွေးမြို့သို့ ပြောင်းရွှေ့ခါနီး စရိတ်လိုသဖြင့် သူ စီးနေသော ကားကို ကူရောင်းပေးဖို့ လာအကူအညီတောင်းသော သူငယ်ချင်း ဒေါက်တာအောင်ဇော်ကို သတိရမိသည်။

ကိုကျော်ဆင့်များ မှန်နေလေသလား။

[၈]

မြင့်သူနှင့် မျက်ခြယ်တို့ လက်ထပ်ဖြစ်ခဲ့ကြသည်။

မျက်ခြယ် မိဘတွေက မျက်နှာကြီး စီးပွားရေးလုပ်ငန်းရှင်တွေ၊ မျက်ခြယ်ကလည်း အနုပညာလောကနှင့် အနည်းငယ် နီးစပ်သူမို့ လက်ထပ်ပွဲက တော်တော် စည်ကားခဲ့သည်။ မျက်ခြယ်၏ မိဘများက 'သမီး မျက်နှာ မငယ်စေရန်'ဟု ဆိုကာ မြင့်သူ၏ မိဘများဘက်မှ လက်ထပ်ပွဲကို တာဝန်ယူ၍ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် လုပ်ပေးဖို့ တောင်းဆိုတော့လည်း မြင့်သူ၏ မိဘများက မငြိုငြင်ခဲ့။

'သား ရှာတဲ့ ပိုက်ဆံ၊ သား မျက်နှာ အငယ်မခံနဲ့'

မနက်ကို ဒေါ်လာနှင့် ရှင်းရသည့် ဟိုတယ်။

ညကို ဒေါ်လာနှင့် ရှင်းရသည့် ဟိုတယ်။

ညစာစားပွဲမှာ သတို့သမီးလဲသည့် ဝတ်စုံ သုံးစုံဖိုးကို မျက်ခြယ်က မြင့်သူဆီ အတောင်းမှာတော့ မြင့်သူ နည်းနည်း အံ့သြသွားသည်။

'ဖေဖေတို့ကစိုက်ထားတာလေ၊ ဒါပေမယ့် မျက်ခြယ်က ကိုကို့ ဇနီးဖြစ်နေပြီဟာ၊ ကိုကို ပေးမှ ကောင်းမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com


ကိုင်း. . . ပေး. . . ပေး။

သည်လိုနှင့်ပင် မြင့်သူ၏ အိမ်ထောင်သည်ဘဝ အစကို ခမ်းနားကြီးကျယ်စွာ၊ တစ်နည်းအားဖြင့် ဆိုရသော် ငွေကုန်ကြေးကျ များမြောင်လှစွာ ဖွင့်လှစ်ဖြစ်ခဲ့သည်။

သို့သော် ထိုအိမ်ထောင်ရေးက ငါးနှစ်သာ ခံပါသည်။

[၉]

အိမ်ထောင်တစ်ခုတည်း ပျက်တာတော့လည်း မဟုတ်။

တကယ်တော့ မြင့်သူ စီးပွားပါ ပျက်တာဖြစ်သည်။

ချို့ချို့ငဲ့ငဲ့နှင့် အဆင့်မြင့် ပညာရေးတစ်ခုကို ဆည်းပူးချင့်သဖြင့် သမာအာဇီဝ အလုပ်တစ်ခုလုပ်ပြီး ကျောင်းတက်နေသော မိန်းကလေးကို အထင်သေးခဲ့မိသည့် ဝဋ်။

မိဘလက်ထဲမှာ သုံးနိုင်ဖြုန်းနိုင်၊ အထက်တန်းကျကျ နေနိုင်သော မိန်းကလေးကို အထင်ကြီးမိခဲ့ပြီး ထိုမိန်းကလေးသည် သုံးတာဖြုန်းတာနှင့် အထက်တန်းကျကျနေတာကလွဲပြီး ဘာကိုမှ မည်မည်ရရမလုပ်တတ်ကြောင်း၊ လုပ်ရန်လည်း ဆန္ဒမရှိကြောင်းကို သတိလစ်မိခဲ့သည့်ဒဏ်။

တကယ်တမ်းကျတော့ ငွေကြေး ပြည့်စုံချမ်းသာပါလျက် ပညာကို တန်ဖိုးမထား၊ ဆင်ခြင်တုံတရားကို မမြင်တတ်သည့် မျက်ခြယ်လို မိန်းကလေးကို လက်တွဲမိခဲ့တာ ကန္တာရထဲတွင် တံလျှပ်နောက်လိုက်မိသည့် စိတ်ကစဉ့်ကလျားဖြစ်နေသော ခရီးသည်နှင့် တူလှသည်။

ကိုယ်စောင့်နတ်ကတော့ မြင့်သူကို အမြင်ကတ်ကတ်နှင့် ဒုက္ခတွေ ကျည်ဆန်ကတ်ထဲမှာ အပြည့်ထည့်ပြီး အတွဲလိုက်ပစ်တော့သည်။

လက်ထပ်ပြီး သုံးနှစ်ကြာမှ မျက်ခြယ် လောင်းကစားတတ်မှန်း မြင့်သူ သိသည်။ တကယ်တော့ မျက်ခြယ် တစ်ယောက်တည်း လောင်းကစားတတ်တာမဟုတ်။ မျက်ခြယ် အစ်မ သဥ္စာရော၊ သူတို့ ညီအစ်မ၏ အမေရော။

ပထမဦးဆုံး စပြိုလဲတာက သူတို့အဖေ။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးနှင့် သမီးတို့ သုံးခဲ့ဖြုန်းခဲ့သမျှ ရအောင် လိုက်ပံ့ပိုးနိုင်ခဲ့သော မျက်ခြယ်၏ အဖေသည် သူ့စီးပွားအားလုံး ချွတ်ခြုံကျရုံမက ဇနီးနှင့် သမီးတို့၏ကြွေးရှင်များပါ စိတ်ဆိုးမာန်ဆိုး အိမ်ပေါ်တက်လာကြတာနှင့် ရင်ဆိုင်တိုးရတော့သည့်အခါတွင် စိတ်ထောင်းကိုယ်ကြေ၊ အိပ်ရာထဲ ဗုန်းဗုန်းလဲလေတော့သည်။

ဒုတိယခံရသူက ကိုကျော်ဆင့်။

ကိုကျော်ဆင့်၏ အိမ်ကို မသဥ္ဇာက ပေါင်ထားပြီးပြီဆိုတာ သိရသောအခါတွင် မြင့်သူတစ်ယောက် သူ၏ စီးပွားဘက်များ အားလုံးကို ကမန်းကတန်း လိုက်လံ စုံစမ်းကြည့်မိသည်။

မမီတော့ပါ။

အဲသည် သူတွေ အားလုံးဆီက မျက်ခြယ် ယူထားသည့်ငွေ ပမာဏက မြင့်သူမှာ ပိုင်ဆိုင်သမျှ အိမ်၊ ကားအားလုံး ထိုးလျော်ရုံနှင့် မလုံလောက်တော့ပါ။ လုပ်ငန်းပါ ပိတ်ပစ်ရတော့မည့်ကိန်း ဆိုက်နေပါသည်။

ကိုကျော်ဆင့်တို့ကတော့ ကလေးတွေ မျက်နှာကို ထောက်၍ ဆက်လက် ပေါင်းသင်းနေကြသည်ဟု သိရသည်။ ကလေးမရှိသေးသော မြင့်သူနှင့် မျက်ခြယ်က ကွဲကြသည်။

ကွဲကြဖို့ စကားဆိုင်တော့ 'မယားစရိတ် ဘယ်လောက်ထောက်ပံ့ မှာလဲ'ဆိုသည့် မျက်ခြယ်၏ မေးခွန်းက မြင့်သူအတွက် ဝါးလုံးကွဲ ရယ်စရာဖြစ်လာသည်။

ဘာလုပ်ငန်းမှ မရှိတော့၊ ဘာဝင်ငွေမှ မရှိတော့၊ သူက ဘယ်လို မယားစရိတ်ပေးမှာတဲ့လဲ။ တကယ်တော့ အကြွေးတွေတောင် သူက မဆပ်ဘဲနေလိုက်ချင်သည်။ ထောင်ကျစရာရှိလျှင် မျက်ခြယ်ကျ. . . ဒါပဲ။

သည်တော့လည်း မသဥ္ဇာက မျက်ရည် စမ်းစမ်း စမ်းစမ်းနှင့် တောင်းပန်ရှာသည်။

'ငါးနှစ်လောက် ပေါင်းခဲ့တဲ့ မျက်နှာကို ထောက်ပါဦးဟယ်၊ ငါ့ ညီမလေး ထောင်ကျရင် မင်းလည်း သိက္ခာကျပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကရှိလျှင်တောင် ဘယ်နားသွားထားရမည် မသိတော့ပါ။ မနက်ဖြန်ဆိုလျှင် ယခု အိမ်ပေါ်က ဆင်းပေးရတော့မည်။ တော်သေးတာပေါ့။ သွားတက်စရာ မိဘအိမ် ရှိနေသေးလို့။

သည်ညတော့ အရက်ဝအောင် သောက်ရမည်။

အိမ်ရောက်လျှင် အဖေနှင့် အမေက ဟိုတုန်းက အသည်းရောင်းဘာတဲ့ ပြန်သတိပေး၍တားကြဦးမည်။ သောက်ချင်မှ သောက်ရမည်။ သည်တော့ သည်ည အပြတ်သောက်။

အသည်းရောင်းတာ ပြန်သတိရတော့ ငြိမ်းငြိမ်းကို သတိရမိပြန်သည်။ ငြိမ်းငြိမ်း တစ်ယောက် ဘယ်ဆီမှား ရောက်နေသည်မသိ။ မြင့်သူဆိုသည့် ခပ်ကြောင်ကြောင်၊ ခပ်ယောင်ယောင် စီးပွားရေးသမားပေါက်စ တစ်ဦးကိုလည်း မှတ်မိချင်မှ မှတ်မိတော့မည်။ သူ့လိုပင် သမ္မာအာဇီဝအလုပ်နှင့် ရှန်းကန်ရင်း ပညာနှင့်ကုသိုလ်ကို စည်းစိမ်ထက် တန်ဖိုးထားတတ်သော ဆရာဝန်ကလေးတစ်ယောက်၏ ပါရမီဖြည့်ဖက် ဖြစ်နေလောက်ပြီ ထင်သည်။

တွေးရင်းနှင့် ညာဘက် နံရိုးအောင့်က အောင့်လာသည်။

ငါ နှလုံးရောဂါများ ရနေပြီလား မသိ။ ဖြစ်တော့ မဖြစ်နိုင်ဘူးထင်သည်။ နှလုံးက ဘယ်ဘက်မှာဟု ကြားဖူးသည်။

လက်ထဲက သောက်လက်စ ပုလင်းကုန်တော့ မီးဖိုချောင်ထဲ ဝင်ရှာသည်။ အရက်နှင့် တူတာ ငါးပြာရည် ပုလင်းတောင် မတွေ့။ တွေ့မလား။ မျက်ခြယ်က အိမ်မှာ တစ်ခါမှမှ ချက်ပြုတ်မကျွေးဖူးတာ။

ကြင်စဦးဘဝက သူ လက်ဆောင်ရထားသော တန်ဖိုးကြီး အရက် ပုလင်းကို မသောက်ပါနဲ့။ ကိုကိုရယ်ဟု ဆိုကာ မျက်ခြယ် ဗီရိုထဲ သွားဝှက်တာ သွားမှတ်မိသည်။ ရောင်းစားပစ်လိုက်ပြီလား၊ ရှိတုန်းလားတော့ မသိ။ နေရာမှ ကုန်းထ၍ မျက်ခြယ် ဗီရိုကို ဖွင့်ရှာမိသည်။ ဘာအရက်ပုလင်းမှ မတွေ့။ မျက်ခြယ် စုဆောင်းထားသော တန်ဖိုးကြီး လက်ကိုင်အိတ်ပေါင်းများစွာနှင့် ဖိနပ်အရံပေါင်း များစွာသာ သူ့အပေါ် ပြိုကျလာသည်။

စိတ်ပျက်လက်ပျက်နှင့် ကြမ်းပြင်ပေါ် ဖင်ထိုင်ချလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


[၁၀]

ဒေါက်တာအောင်ဇော်က စုတ်သတ်၍ ခေါင်းခါသည်။

'ငယ်ငယ်က ငါ အရက်သောက်တာကို အဖော်လုပ်ချင်လို့ တစ်ခါတလေ အာစွတ်ရုံ လိုက်သောက်တဲ့ကောင်၊ အခု ငါ မသောက်တော့တဲ့ အချိန်မှာ မင်းက သေအောင် သောက်တော့မလို့လားကွာ၊ မင်း အသည်းအနေအထားနဲ့က အရက် ဖြတ်ရင်ဖြတ်၊ မဖြတ်ရင် သေဖို့တော့ တော်တော် သေချာနေပြီ'

မြင့်သူက လူနာကုတင်ပေါ်မှ ပြန်ထ၍ အင်္ကျီကြယ်သီးများ တပ်ရင်းက ပြန်ဖြေသည်။

'မင်းက နိုင်ငံခြားပြန် ပါရဂူကြီး ဖြစ်နေပြီဆိုတော့ လိမ္မာပြီပေါ့ကွ၊ ငါ့ဘဝကတော့ မှားပြီးရင်း မှားရင်း မထူးတော့ပါဘူးကွာ၊ သေမယ်ဆိုရင်လည်း သေလိုက်လို့ ရနေပါပြီ'

ဒေါက်တာအောင်ဇော်က ခေါင်းခါနေဆဲ။

'မင်း ဗုဒ္ဓဘာသာ မဟုတ်ဘူးလား. . . မြင့်သူ၊ မင်း သေလို့ မရသေးဘူး၊ ဒီဘဝမှာ မင်း ဆုံးဖြတ်ချက်တွေ လွဲခဲ့တာ၊ အတွေးအခေါ်တွေ ချော်ခဲ့တာ တစ်ဘဝနဲ့ အားမရလို့ ကိုယ့်ခေါင်းကိုကိုယ် အရက်မှိုင်းတိုက်ပြီး နောက်ဘဝအထိ ထုံထိုင်းမိုက်မဲတဲ့ အလေ့အထတွေ ယူသွားဦးမလို့လား၊ မရဘူး မြင့်သူ၊ မင်း သေချင်လည်း ငါ ပေးမသေနိုင်သေးဘူး၊ မင်းကို ငါ အရက်ရအောင် ဖြတ်မယ်၊ ပြီးတော့ မင်း အသည်းကို ငါ ရအောင် ပြန်ကုမယ်၊ ပြီးတော့ မင်း နှလုံးသားကိုရော၊ ဦးနှောက်ကိုပါ ဆေးကြောသန့်စင်ပြီး ဘဝသစ် ပြန်ထူထောင်ခိုင်းမယ်'

မြင့်သူက မဲ့ပြုံးပြုံးသည်။

'မင်းက အသည်းအထူးကုသမားတော်ကြီးလေကွာ၊ အရက်ဖြတ်တာ မင်း လုပ်တတ်လို့လား'

'ဘယ်တတ်မလဲ၊ အရက်ဖြတ်တာ စိတ်ရောဂါကု ဆရာဝန်တွေ အလုပ်ပဲ၊ မင်းကို စိတ်ရောဂါ အထူးကု ဆရာဝန်တစ်ယောက်ဆီ အပ်ပြီး အရက်ဖြတ်မယ်၊ ပြီးတော့ မင်းကိုယ်မင်း ထွက်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ပိတ်နေတယ်လို့ ခံစားနေရတာတွေအတွက်လည်း အားပေး ဆွေးနွေးခိုင်းမယ်'

ဒေါက်တာအောင်ဇော်က စားပွဲပေါ်မှ စာရွက်တစ်ရွက်ကို ယူ၍ လွှဲစာရေးနေသည်။ မြင့်သူက ခေါင်းခါသည်။

'ငါ မသွားချင်ဘူးကွာ'

'သွားရမယ်၊ မင်း လာမယ်လို့ ငါ ပြောထားပြီးပြီ၊ သူကလည်း မင်းအကြောင်းတွေကြားပြီး စိတ်မကောင်းလွန်းလို့ မင်းကို တွေ့ချင်နေတယ်'

မြင့်သူ မျက်မှောင်ကြုတ်သည်။

'သူက ငါ့ကို သိလို့လား'

ဒေါက်တာအောင်ဇော်က ခပ်ထေ့ထေ့ ပြုံး၍ သူ ရေးထားသော စာရွက်ကို ထောင်ပြသည်။ မြင့်သူ မျက်လုံးများ ပြာဝေသွားသည်။

'ဒေါက်တာငြိမ်းငြိမ်း

MB,BS (Ygn), M Med Sc (Psych.)

စိတ်ကျန်းမာရေး ဆရာဝန်'

'ငြိမ်းငြိမ်းလား'

'ဟုတ်တယ်၊ ငြိမ်းငြိမ်း အထူးကုဆရာဝန် ဖြစ်နေပြီ၊ မင်းကို ကူညီချင်လို့ စောင့်နေရှာတယ်၊ သွားတွေ့လိုက်ပါကွာ၊ သူက မင်းကို တောင် မှာလိုက်သေးတယ်'

'ဘာတဲ့လဲ'

'သူ အအေးမရောင်းတော့ပါဘူးတဲ့၊ ဒါပေမယ့် မင်း လာရင် သံပုရာရည်အေးအေးကလေး သူကိုယ်တိုင် ဖျော်တိုက်ပါ့မယ်တဲ့'

သည်တစ်ခါ ဘယ်ဘက် ရင်ဘတ်က အောင့်သည်။

ဘယ်ဘက် မျက်လုံးကပါ မျက်ရည်ဝေ့လာသည်။ ပါးစပ်က တိုးတိုး ဖြေမိသည်။

'အေးပါကွာ'

အသံကတော့ ထွက်မလာ။

o

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

ဖြူနုသော နားထင်ပေါ် ကပိုကရို ကျဆင်းနေသည့် သင်းပျံ့နွဲ့ပျောင်းသော ဆံနွယ်စတို့ကို တမင်တကာ ရည်ရွယ်လုပ်တာ မဟုတ်ပါဘဲ ထိတို့ ရှိုက်နမ်းမိချိန် . . .။

အရိုး၊ အကြော၊ အသားတို့နှင့် ဖွဲ့စည်းထားတာ ဟုတ်မှ ဟုတ်ပါ့မလားဟု ယုံမှား သံသယ ဖြစ်ရလောက်အောင် နူးညံ့ ပေ့ါပါးသည့် ပခုံးကလေး နှစ်ဖက်ကို လက်နှစ်ဖက်နှင့် ဆွဲ၍ ရင်ခွင်ထဲ သွင်းမိချိန် . . .။

နှလုံးခုန်သံက ကြောက်ခမန်းလိလိ ကျယ်လောင် မြန်ဆန်လျက် . . .။

ထိကရုံးရွက်ကလေးပမာ တိုးရှိုးဝပ်တွားသွားသော ခေါင်းကလေးက မိမိ အနမ်းကို ရှောင်လွှဲ၍ မျက်နှာကလေးကို မိမိ ပခုံးပေါ် ကပ်ချလိုက်သည်။ လက်ဖဝါးကလေး နှစ်ဖက်က မိမိ ရင်ဘတ်ကို ဖွဖွ တွန်းထုတ်သည်။

လှူချင်းခွာမိချိန် မော့အကြည့်တွင် ထူထဲသော မျက်တောင်များ ဝန်းရံထားသည့် မျက်နက်ဝန်းတို့၏ ထောင့်တွင် မျက်ရည်စကလေးများ ခိုတွဲနေသည်ကို မိမိက လှမ်းမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ချစ်သူကတော့ မိမိ မျက်နှာပေါ်မှာ မသိမသာ ပေါ်လာသော အလိုမကျဟန် တွန့်သွားသည့် မှက်ခုံးကို လှမ်းမြင်ခဲ့ဟန်တူသည်။

စက္ကန့်ပိုင်းလောက်ပဲ ကြာလိုက်မည့် တဒင်္ဂကလေးပါ။

အဲသည် တဒင်္ဂကလေးဘာ သူ့ကို ချစ်သူနှင့် အပြီးအပိုင် ကွဲကွာစေခဲ့သည့်အပြင် ဘဝတစ်လျှောက်လုံး မေတ္တာနှင့် ဝေးစေတော့ရယ်ဟု ကျိန်စာ ခတ်နိုင်ခဲ့လေသည်။

## [၂]

'နင် မှားတာပဲ၊ ငါတော့ နင့်ပဲ သတ်ချင်တယ်'

သစ္စာက မျက်စောင်းထိုး၍ ရေရွတ်တော့ ကျော်သက်က မကျေနပ်ဟန်ဖြင့် ပခုံးတွန့်ပြသည်။

'နင့်သူငယ်ချင်းက ကြီးကျယ်တာပါဟာ၊ ငါနဲ့ သူနဲ့ ရည်းစားထားတာ ၂၁ ရာစုဆိုတာ မေ့နေပြီထင်တယ်၊ သူ့အဘိုး အဘွားခေတ်ကလို ပဝါတစ်ကမ်း လက်တစ်လှမ်း လုပ်ချင်နေလို့တော့ ရမလားဟ'

သစ္စာမျက်နှာ သိသိသာသာ ပျက်သွားသည်။ ပြတင်းပေါက်မှ တစ်ဆင့် လှမ်းမြင်နေရသော ရွှေဆံတော်ဘုရားကြီးကို ခပ်ငေးငေး ကြည့်နေသည်။ တော်တော်ကြာမှ တိုးတိုးမေးသည်။

'နင် လဲ့ရည်ဆီက ဘာလိုချင်တာလဲ. . . ကျော်သက်'

ကျော်သက် ဒေါပွသွားသည်။

'ဘာလဲဟ၊ နင့်စကားက'

သစ္စာက သက်ပြင်းချသည်။

'ယောက်ျားတိုင်း၊ ယောက်ျားတိုင်း၊ မိန်းမတိုင်း၊ မိန်းမတိုင်း အသွေးအသားနဲ့၊ ဟော်မုန်းတွေနဲ့၊ ဆန္ဒတွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာ ငါ သိတယ် ကျော်သက်၊ အတွေ့နဲ့ ကြုံလာရင် ယောက်ျားကလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် နောက်ဆုတ်ဖို့ထက်စာရင် ရှေ့ဆက်တိုးဖို့သာ အားသန်ကြတယ်ဆိုတာလည်း ငါ သိတယ်၊ ငါတို့ အဘိုး

www.burmeseclassic.com

www.burmeseclassic.com



အဘွားတွေခေတ်က လက်မထပ်ခင်အထိ ဆုံးရှုံးသွားမှာ အင်မတန်နှမြောတန်ဖိုးထားခဲ့တဲ့ ကိစ္စဟာ ဒီခေတ် ဒီအခါမှာ ဒီလောက်ကြီး စာဖွဲ့မနေကြတော့ဘူးဆိုတာလည်း ငါ သိတယ်၊ ဒါပေမယ့် ယောက်ျားတစ်ယောက်ဟာ ဆန္ဒအတွက်သက်သက်ဆိုရင် သူ လိုချင်တဲ့အရာကို ကြိုက်တဲ့ မိန်းကလေးဆီက ရအောင် ယူနိုင်တယ်၊ မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ချစ်တဲ့ ချစ်သူလို့ သတ်မှတ်ထားရင်တော့ အဲဒီကိစ္စထက် အရေးတကြီး ရယူရမယ့် ကိစ္စတွေ ရှိနေသင့်တယ်လို့ ငါ ထင်တာပဲ'

ကျော်သက်က မဲ့ပြုံးပြုံးသည်။

'ဘာတွေ ရယူရမှာလဲ. . . လုပ်စမ်းပါဦး'

'ယုံကြည်မှုလေ၊ သူ့ချစ်သူဟာ သူ့ကို ဘဝတစ်လျှောက်လုံး မားမားမတ်မတ် စောင့်ရှောက်သွားမယ့်လူ၊ သူ နစ်နာသွားနိုင်တဲ့၊ အရှက်ရသွားနိုင်တဲ့၊ နောက်ဆက်တွဲ ပြဿနာတွေ ရင်ဆိုင်ရမယ့် အကြောင်းရှိလာနိုင်တဲ့ ကိစ္စမျိုးတွေကို ဘယ်တော့မှ ကြံစည် စိတ်ကူးမှာ မဟုတ်ဘူးဆိုတဲ့ ယုံကြည်မှုပေါ့'

ကျော်သက် မျက်နှာပေါ်မှ အကြောများ ပြေလျော့သွားသည်။

'နင် မှားနေပြီ ထင်တယ်၊ အခုက ငါက နင့်သူငယ်ချင်းကို စိတ်ဆိုးပြီး မခေါ်ဘဲ နေနေတာ မဟုတ်ဘူး၊ နင့်သူငယ်ချင်းက ငါ့ကို စိတ်ဆိုးပြီး မခေါ်ဘဲ နေနေတာ၊ နင် ဖျောင်းဖျချင်ရင် သူ့ကို ဖျောင်းဖျရမှာ၊ ငါ့ကို ဖျောင်းဖျရမှာ မဟုတ်ဘူး'

သစ္စာက ခေါင်းခါပြသည်။

'နင့်ကိုလည်း ငါ ဖျောင်းဖျနေတာ မဟုတ်ပါဘူး၊ နင် မှားနေတယ်ဆိုတာကို ငါ ရှင်းပြနေတာ၊ သူနဲ့ ငါက အခု စာပေးစာယူ အနီးကပ်ကျမှ ခင်တဲ့ သူငယ်ချင်း၊ နင်နဲ့ ငါက ပြည်မှာ သူငယ်တန်းကတည်းက ခင်ခဲ့တဲ့ သူငယ်ချင်း၊ ဝေဖန်ချင်း ဝေဖန်ရင် နင့်ကိုပဲ ငါ ဝေဖန်မယ်'

ကျော်သက် ပခုံးတွန့်ပြသည်။

'ထားပါတော့၊ ငါမှားတယ်လို့၊ အခု ငါက ဘာလုပ်ရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



သစ္စာက စုတ်သပ်သည်။

'နင် သွားတောင်းပန်ရမှာပေါ့ဟ၊ သူက ရှက်လို့ ရှောင်နေတာ ဖြစ်ချင်ဖြစ်နေမှာ၊ နင်က နင်မှားပါတယ်လို့ ဝန်ခံပြီး နောက်အဲသလို မဖြစ်စေရပါဘူးလို့ သွားလိုက်တောင်းပန်ရမှာ၊ အခု နင်က ဒီခေတ်ကြီးထဲမှာ ဒါလေးကို ဒီလောက်ကြီးကျယ်တဲ့ မိန်းမဆိုပြီး နင်ကိုက ပြန်မကျေနပ်တဲ့ ဂိုက်နဲ့ မတောင်းပန်ဘဲနေ၊ စာမေးပွဲတွေပြီးလို့ သူ ဇာတိကုန်းပြန်သွားတဲ့အထိမှ ဒီကိစ္စမကျေလည်ရင် နင်တို့ကွဲပြီသာမှတ်'

ကျော်သက်က အာရုံထဲတွင် ဒီခေတ်ကြီးထဲမှာ ကိုယ့်ချစ်သူကို ကိုယ်ဒါလေးတောင် တွန့်တိုချင်တဲ့ ဒီလောက်ကြီးကျယ်တဲ့ ကောင်မလေး၊ ဖြတ်ပစ်လိုက်စမ်းပါကွာဟု ဝိုင်းမြှောက်ပေးနေကြသည့် ယောကျ်ားလေး သူငယ်ချင်းများကို ဖြတ်ကနဲ သတိရမိပြီးမှ. . . အေးပါဟာဟု တိုးတိုး ပြန်ပြောသည်။

## [၃]

သွားတာပဲ တကယ် နောက်ကျသွားတာလား၊ နောက်ကျအောင်ပဲ တကယ်သွားမိခဲ့တာလား ကိုယ့်ကိုယ်ကိုယ်တောင် အဖြေမသိသေးခင် အချိန်မှာပဲ ကျော်သက်နှင့် လဲ့ရည်တို့ လွဲဖြစ်အောင် လွဲခဲ့ကြသည်။

နောက်တော့ ကျော်သက်လည်း ပြည်မြို့မှာပင် စားသောက်ဆိုင်တစ်ဆိုင်ဖွင့်ဖြစ်သည်။ သစ္စာက ကျောင်းဆရာမ ဖြစ်သွားသည်။ လဲ့ရည်က ဥပဒေဘွဲ့ရပြီး ရန်ကုန်မှာ 'ချိန်ဘာ' သွားဆင်းသလိုလို ကြားရသည်။

ဒီလောက်အဖြစ်သည်းတဲ့ မိန်းမ ဒီလောက်ရှုပ်တဲ့ လောကထဲမှာ ဘယ်လောက်တောင့်ခံနိုင်မလဲ စောင့်ကြည့်ဟု ယောကျ်ားကလေး သူငယ်ချင်းများက ပြောကြသည့်အခါ ကျော်သက် ဘာမှ ပြန်မငြင်းမိ။

www.burmeseclassic.com

www.burmeseclassic.com



[၄]

စားသောက်ဆိုင်အတွက် လိုတာကလေးတွေ ဝင်ဝယ်နေသဖြင့် ဆိုင်အရောက် နောက်ကျသော တစ်နေ့ လူငယ်တစ်သိုက်နှင့် သူ့စားပွဲထိုး ကောင်ကလေး မပြေမလည် ဖြစ်နေသည်ကို သတိထားမိ၍ ကျော်သက် အနားကပ်သွားမိသည်။

'ဘာဖြစ်လို့လဲ. . . စောဂျက်'

'အစ်ကိုက ဆိုင်ရှင်လား၊ လုပ်စမ်းပါဦး အစ်ကိုရာ၊ ဘီယာမှာတာကို အစ်ကို့ကောင်က ကျွန်တော်တို့ အသက်မေးနေတယ်၊ စားသောက်ဆိုင် လာတာတောင် မှတ်ပုံတင် ယူလာရမလို ဖြစ်နေပြီ၊ ဆိုင်ကယ်တွေ စီးလာတာ အားလုံး ၁၈ နှစ် ပြည့်ပြီးသားတွေ ဆိုတာ သိရမှာပေါ့၊ နိုင်ငံခြားမှာဆိုရင် ဒီလိုကောင်နဲ့ ခက်ပြီ'

သားရေဂျာကင် ဝတ်ထားသော လူငယ်တစ်ဦးက လှည့်ပြော သည်။

ဟုတ်ပါရဲ့။ သည်လူငယ်တွေ ရုပ်က နုနုကလေး။ ၁၈ နှစ် ပြည့်မပြည့်က မသေချာသော်လည်း ဘယ်သူမှ ၂၀ မပြည့်သေးတာတော့ သေချာသည်။

နိုင်ငံခြားမှာ ၂၁ နှစ်ပြည့်မှ ရောင်းတာကွဆိုသည့် စကားကို ရင်ထဲမျိုချလိုက်ပြီး စားပွဲထိုးကောင်ကလေးကို သွားယူပေးလိုက်ဖို့ မျက်ရိပ်ပြလိုက်သည်။ သူ့ကို စကားလှမ်းပြောသည့် လူငယ်မှာ အသားဖြူဖြူနှင့် ကြေးရည်တတ်မိဘမှ ပေါက်ဖွားလာဟန်ရှိသော်လည်း နားကပ်တစ်ဖက်နှင့် ဆံပင်အနီရောင် ဆိုးထားသဖြင့် ပြဿနာရှာမည့် လူစားမဟုတ်ဟုတော့ အပိုင်မပြောနိုင်။ ပိုဆိုးသည်က သူနှင့် ပါလာ သော လူငယ် သုံးဦးမှာ နေလောင်ထားသော အသားအရေနှင့် မလိုက်ဖက်လောက်အောင် ဆံပင် ကြောင်ကြောင်ကျားကျားဆိုး၊ ကွမ်းတွေဝါး၊ သည်မလာခင်ကတည်းက နည်းနည်း သောက်ထားပြီးဟန် ရှိသူတွေ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


စားပွဲထိုးကလေး 'စောဂျက်'က အလုပ်ကြိုးစား၍ စည်းကမ်းသေဝပ်သော လူငယ်ကလေးဖြစ်သော်လည်း သည်လိုကောင်မျိုးတွေနှင့်လွှတ်ထားလျှင် ပြဿနာတက်နိုင်သည့် လူစားမျိုးဖြစ်သည်။ သည်တော့ အဲသည်ဝိုင်းကို ကိုယ်တိုင်ပဲဘီယာပုလင်းနှင့် စားစရာများသွားချပေးဖြစ်သည်။

စားစရာ ခေါက်တုံ့ခေါက်ပြန် ချပေးရင်းနှင့် အဲသည် ဝိုင်းကကောင်တွေ မိန်းကလေးတစ်ယောက်အကြောင်း ပြောနေကြတာနားစွန်နားဖျား ကြားမိတော့ ကျော်သက် မျက်လုံးပြူးသွားသည်။

ကောင်ကလေးတွေက မိန်းကလေး၏ မျက်နှာ အလှအပကိုဆွေးနွေးနေကြတာမဟုတ်။ ကိုယ်လုံးအလှကို ဆွေးနွေးနေကြတာဖြစ်သည်။

ကျောင်းစိမ်းလုံချည်ကလေး ဝတ်ထားတာတောင် ဗိုက်သားကချပ်နေတာပဲဆိုတာလည်း ပါသည်။ သေချာပါပြီ။ ကျောင်းသူတော့မဖြစ်နိုင်။ ဆရာမတစ်ယောက်ယောက် အကြောင်းပဲနေမှာ။

တွေးရင်း တွေးရင်း အဲသည်အဖွဲ့ကို တော်တော် အော့နှလုံးနာလာသည်။ တစ်ယောက်မှတော့ ၁၀ တန်းတောင် အောင်ပုံမပေါ်သေး။ ဆရာမတစ်ယောက်၏ ကိုယ်လုံးကို ဖွဲ့နွဲ့နေကြတာ။ ဆက်ကြားမိလျှင်ကိုယ်လည်း စောဂျက်လို ပြဿနာစကားပြောမိတော့မည်ဟု တွေးကာနောက်ထပ် စားပွဲထိုးကောင်ကလေး တစ်ယောက်ကို လှမ်းခေါ်လိုက်မိသည်။

'ဒေါ်သစ္စာ မခေါ်စမ်းပါနဲ့ကွာ၊ မမက ၂၀ ကျော်ပဲ ရှိသေးတာ၊ မင်းတို့ကောင်တွေ တိုက်လည်း တိုက်ရသေးတယ်'

အသားဖြူဖြူ လူငယ်၏ လျှာလေး အာလေး အသံကြီးပေါ်လာသဖြင့် ကျော်သက် ကြက်သေသေသွားပါသည်။

www.burmeseclassic.com



[၅]

သစ္စာက အပြုံးမပျက်။

'ဆုတ်ကပ်ဟဲ့၊ လူ့သက်တမ်းဟာ ဘုရားပွင့်တုန်းက ၁၀၀၊ အခု ၇၅၊ နှစ်တစ်ရာမှာ တစ်နှစ်နှုန်းနဲ့ ဆုတ်လာတာ၊ လူတွေမှာ ကုသိုလ်စိတ်ထက် အကုသိုလ်စိတ်တွေ များများလာလို့တဲ့၊ အရေးကြီးက ကိုယ် မပါဖို့ဘဲ'

ကျော်သက်က မကျေနပ်။

'နင့်ပြောလိုက်ရင် အရေးမကြီးသလိုပဲ၊ ငါက နင့်လုံခြုံရေးအတွက် စိတ်ပူလို့ ပြောတာ'

သစ္စာက သက်ပြင်းချသည်။

'အန္တရာယ်ဆိုတာ မြင်သာမှ ကြောက်ရတာ မဟုတ်ပါဘူးဟယ်၊ မမြင်နိုင်တဲ့ အန္တရာယ်တွေက လူတိုင်းမှာ ရှိနေတာပဲ၊ အရေးကြီးတာက ကိုယ်က အန္တရာယ်ကို စိန်ခေါ်သလိုမျိုး မလုပ်မိဖို့သာ လိုတာပါ၊ မိန်းကလေးဆိုတာက တကယ်တမ်းကျတော့ ကိုယ့်လုံခြုံရေးကို ရေရှည်မှာ ကိုယ်ပဲ စောင့်ရှောက်ရတာပဲ၊ ငါ အားလုံး သိတယ်၊ ပူမနေနဲ့'

ကျော်သက်ကတော့ ကျောင်းသူ ဘဝတုန်းကထက် သိသိသာသာကြီး ပို၍ ကျော့ရှင်းလှပနေသော သူငယ်ချင်းမကို ကြည့်၍ သက်ပြင်းချမိ၏။

[၆]

သစ္စာကို လူကြီးတွေက စေ့စပ်ပေးလိုက်ပြီ သတင်းကြားရတော့ ကျော်သက်ရင်ထဲမှ ခုန်နေသော နှလုံး ခဏ ရပ်သွားသလို ခံစားရ၏။

ထိုင်လက်စ စားသောက်ဆိုင်ကောင်တာမှ ထပြေး၍ သစ္စာကို ဟုတ်မဟုတ် သွားမေးချင်သော်လည်း သည်အချိန် သစ္စာ ကျောင်းမှာပဲ ရှိနေဦးမည် ဆိုတာကို သိထားသဖြင့် ညနေအထိ အောင့်အည်း၍ စောင့်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်မှာ သွားတွေ့ပြီး မေးတော့လည်း သစ္စာက အေးအေးပင်။

'နင်ကလည်း တရေးနိုး ထအိပ်မက်မက်နေ၊ ငါဖြင့် ငြင်းတောင်မငြင်းပြီ' တော်ပါသေးရဲ့ဟု သက်ပြင်းချမိသည်။

'ဘယ်သူလဲဟ'

'ကျော်သက်ရယ်၊ ဘယ်သူဖြစ်ဖြစ်ပေါ့၊ ငြင်းပြီးမှ နင်သိတော့ရော ဘာသွားလုပ်မှာလဲ၊ ငါ ငြင်းခဲ့ရတာလည်း ဒါပါဆို ငါးခါ ရှိပြီ'

'ငါးခါ'

ကျော်သက် မျက်လုံးပြူးသွားသည်။

'နင့် မိဘတွေက နင့်ကို အဲသလောက်တောင် စပ်ကြသလား'

သစ္စာက သွားတက်ကလေးပေါ်အောင် ရယ်သည်။ ကျော်သက် အသက်ရှူဖို့ မေ့သွားမိပြန်သည်။ ဘုရားရေ။ နင် ဘယ်တုန်းက အဲသလောက် လှသွားတာလဲ. . . သစ္စာ။

'သူတို့လည်း နင့်လိုပဲပေါ့ဟာ၊ ငါ အပျိုကြီးဖြစ်သွားရင် မလုံခြုံမှာ စိတ်ပူကြတာပေါ့၊ ငါတော့ မိန်းကလေးတစ်ယောက် ဘဝလုံခြုံဖို့ ယောကျ်ားတစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုဖို့ဆိုတဲ့ အယူအဆကြီး ကို တော်တော် ခေတ်နောက်ကျနေပြီလို့ ထင်တာပဲ၊ ပြီးတော့ တစ်ယောက်တည်းနေတာက ကိုယ့်ကိုမချစ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ နေရတာထက်စာရင် ပိုလုံခြုံတယ်၊ စိတ်မဆင်းရဲရဖို့ ပိုသေချာတယ်လို့ ထင်တာပဲ'

'အဲဒီလူတွေ နင့်ကို မချစ်ဘူးဆိုတာ နင် ဘယ်လိုလုပ် သိသလဲ'

သစ္စာက ရယ်သည်။

'သိတာပေါ့ဟာ၊ သူတို့နဲ့ ငါမှ မသိတာ၊ မြင်ဖူးတာလောက် ရှိတာ၊ ငါ့ကို ချစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အလွန်ဆုံး တပ်မက်တာ ရှိမှာ၊ ငါ့မှာ ရှိတာ တစ်ခုခုကို တပ်မက်တာ၊ ငါ လှတယ်ထင်လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျော်သက်က သစ္စာ၏ ကြည်လင်နေသော မျက်နှာကလေးကို တစ်ချက် ခိုးကြည့်ရင်း. . . နင်က လှပါတယ်ဟု တိုးတိုး ပြောသည်။

'အောင်မယ်၊ ကျားသားမိုးကြိုး၊ နင်နဲ့ငါ ပေါင်းလာတာ နှစ်နှစ်ဆယ် အတွင်းမှာ ငါ လှတယ်လို့ နင် ဒီတစ်ခါပဲ ပြောဖူးသေးတယ်၊ ထမင်း စားပြီးမှပြန်'

ကျော်သက်က မရယ်ချင့် ရယ်ချင်ရယ်ပြီး မဝံ့မရဲ ဆက်ပြောသည်။

'နင်နဲ့ တကယ် ရင်းရင်းနှီးနှီး ပေါင်းခဲ့တဲ့သူဆိုလို့ ငါလောက်ရှိတာ၊ နင်က မသိတဲ့လူ နင့်ကိုချစ်ဖို့ မဖြစ်နိုင်ဘူးဆိုရင် ငါပဲ ကျန်တော့မှာ ပေါ့၊ ဘယ်လိုလုပ်မလဲ'

သစ္စာက အပြုံးမပျက်။

'အေးလေ၊ အဲဒါကြောင့် အရွယ်ရှိတုန်း အသိအကျွမ်း တိုးပွား လာအောင် လုပ်ရမှာပေါ့လေ၊ ဟားဟားဟား၊ နင်ကလည်း ငါ့ကို မချစ်တော့'

ကျော်သက် အနည်းငယ် မခံချင် ဖြစ်သွားသည်။

'ငါက နင့်ကို မချစ်ဘူးလို့ နင်က ဘာလို့ အပိုင်တွက်တာလဲ'

သစ္စာက မျက်လုံးပြူးပြသည်။

'ဘုရားရေ၊ နင်ပဲ ငါ့ရှေ့မှာ ရည်းစားထားတာလေ'

'ကွဲသွားပြီပဲ. . . ဥစ္စာ'

'အဲဒါ ပိုဆိုးတာပေါ့၊ နင် ကွဲပုံကြီးက နင့်ကို ငါက မိန်းကလေး တစ်ယောက်ကို တကယ် နှစ်နှစ်ကာကာ ချစ်တတ်တဲ့လူ မဟုတ်ဘူးလို့ သတ်မှတ်လိုက်တာလေ၊ ဘယ့်နှယ်လုပ်မလဲ'

သစ္စာကပြောရင်း ရယ်နေသော်လည်း ကျော်သက်က တော်တော် မခံချင်စိတ်က ကျော်လွှား အနိုင်ယူသွားသည်။

'လူဆိုတာ ပြောင်းလဲတတ်တာပဲ၊ ငါနင့်ကျမှ တကယ်နှစ်နှစ်ကာကာ ချစ်သွားတာမျိုးလည်း ဖြစ်နိုင်တာပဲလို့ ခုငါပြောရင် နင် ဘယ်လို လုပ်မလဲ'

သစ္စာမျက်နှာက မပြောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com


'ညာပြောတာဆိုပြီး မယုံပဲထားမှာပေါ့။ တော်စမ်းပါ ကျော်သက်ရာ၊ အပိုတွေ လျှောက်ပြောမနေစမ်းပါနဲ့၊ နှင့်အကြောင်း ငါ သိပါတယ်၊ လာ. . . အထဲသွားကြရအောင်၊ နှင် ထမင်းစားသွား'

ကျော်သက် အောင့်သက်သက်နှင့် ထလိုက်သွားရပါသည်။

[၇]

စိတ်ညစ်သင့်သလား၊ စိတ်မညစ်သင့်သလား ကိုယ့်ကိုယ်ကိုယ် ဝေခွဲ၍ မရခင်မှာပင် စိတ်ညစ်လျှင် အရက်သောက်ရတယ်ဆိုသော သူငယ်ချင်းတွေ ပြောဖူးသည့် စကားကို တသဝေမတိမ်း နားထောင်၍ ကျော်သက် အရက်သောက်တတ်သွားသည်။

အရက် ရောင်းနေသည့်သူ အရက်သောက်တတ်သွားတာမို့ အရက်ရဖို့ကတော့ သိပ်ပြဿနာမရှိ။ ပြဿနာက နှစ်ခုသာ။ တစ်ခုက သူ အရက်သောက်ချိန်က သူ ဆိုင်မှာ ငွေထိုင်သိမ်းနေရချိန်ဖြစ်နေတာ။ သည်တော့ စားပွဲအောက်မှာ စပ်ပြီးသား အရက်ခွက်နှင့် အမြည်းကို ဖွက်ထားပြီး အလုပ်လုပ်ရင်း သောက်ရသည့် နောက်တစ်ခုက ကျော်သက်မိဘတွေက သားအရက်ရောင်းတာကို ဘာမှမပြောသော်လည်း သောက်ပြီး ပြန်လာလျှင်တော့ ပေါက်ကွဲကြမည့်သူမျိုးတွေ ဖြစ်သည်။ သည်တော့ သိသာလောက်အောင် သောက်ထားမိသည့် နေ့တွေမှာ ဆိုင်မှာပင် အိပ်ရသည်။

ဒါလည်း ပြဿနာမရှိ။ ဆိုင်နောက်ခန်းထဲမှာ ကုတင်တစ်လုံး အဆင်သင့်ပြင်ထားသည်။ ပြဿနာက 'မိစူး'။

မိစူးဆိုတာ သူ ဆိုင်ငှားထားသော အိမ်ရှင်၏ ခပ်လှမ်းလှမ်း ဆွေမျိုးတော်သော တူမကလေးဖြစ်သည်။ အပေါ်ထပ်မှာ နေသော အိမ်ရှင်နှင့် အတူတူနေသည်။ ဆိုင်မှာ အရက်သောက်သူတွေရှိသဖြင့် မိန်းကလေး ဝန်ထမ်းမထားသော်လည်း မိစူးက ဆိုင်အဖွင့်မှာ တစ်ခါ အပိတ်မှာ တစ်ခါ သန့်ရှင်းရေးလာလုပ်ပေးလေ့ရှိသည်။ ကျော်သက်က ထိုအတွက် သူ့ကို မုန့်ဖိုးသက်သက်ပေးလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိစူးက အလယ်တန်းလောက်အထိသာ ပညာသင်ဖူးပါသည်။ ရုပ်ကလည်း ရွက်ကြမ်းရေကျိုပါပဲ။ သို့သော် ဘဝအဆင့်နှင့် မလိုက်ဖက်လောက်အောင် အနေအထိုင် သန့်ပြန့်သည်။ မိစူးကို တွေ့တိုင်းမှာ မိစူးသည် အရွယ်ကောင်း မိန်းကလေးတစ်ဦးဖြစ်သည် ဆိုသည့် အချက်ကို မေ့၍မရ။

ထို့ကြောင့် တတ်နိုင်သမျှ ခပ်လှမ်းလှမ်းကသာ ဆက်ဆံသည်။

မိစူးက ကျော်သက်ကို ဂရုစိုက်သည်။ သိမ်းဆည်းပေးပြီးတိုင်း အစ်ကို ဒီမှာ အိပ်မှာလား။ မိစူး ဘာလုပ်ပေးရဦးမလဲဟု မေးတတ်သည်။ သည်မိန်းကလေး ကိုယ့်အပေါ် နည်းနည်း တွယ်နေသည်ကို ကျော်သက် မသိမဟုတ် သိသည်။ ဘယ်လိုမှ ညှိ၍ မဖြစ်သဖြင့် သတိထား ရှောင်နေရခြင်း ဖြစ်သည်။

အရက်သောက်သောက်ထားတော့ အဲသည် သတိက အားနည်းလာသည်။ သည်ကြားထဲမှာ မိစူးက ကျော်သက်အပေါ် စေတနာပိုသည်။ ရက်ရောသည်။ ပြီးတော့ မိစူး နားသယ်က ဆံစကလေးတွေကလည်း သနပ်ခါးနံ့ တော်တော် မွှေးမြတတ်သည်။

ဒါနှင့်ပဲ ဆိုင်ပိတ်ပြီး မိစူးအပေါ် ချက်ချင်း ပြန်မတက်ဖြစ်သည်တို့ ရှိရှိလာသည်။

[၈]

ငယ်ထိပ်မြွေပေါက်ပြီ။

မိစူးမှာ ကိုယ်ဝန်ရှိသတဲ့။ မိစူးက အေးအေးပင်။ ပြောပြလိုက်လျှင် ကျော်သက် သူ့ကို လက်ထပ်ယူမှာပဲဟု တွက်ထားပုံရသည်။ တကယ်တော့ အဲသည်အထိ ကျော်သက် တစ်ခါမှ စဉ်းစားမထားပါ။ သူ့အပေါ် စေတနာလွန်ခဲ့သော မိစူးကို သူ တစ်ယောက်တည်းအပေါ် စေတနာလွန်တတ်တာတော့ မဖြစ်နိုင်။ တခြားဟာတွေလည်းရှိမှာပဲဟု ခပ်လျှော့လျှော့ တွေးထားသည်။ သူလည်း ဆန္ဒရှိလို့ ငါ့ဆီလာတာ။ ငါလည်း

www.burmeseclassic.com

www.burmeseclassic.com


ဆန္ဒရှိလို့ မရှောင်တာ။ တစ်ယောက်ဆန္ဒ တစ်ယောက် ပြည့်စေကြတာပဲ။ ဘယ်သူ့ဘယ်သူမှ တာဝန်ယူစရာမလိုဟု သဘောထားသည်။

'ဒါမျိုးက မင်းတင်တော့ မကလောက်ပါဘူးကွာ၊ ကိုယ်ဝန်ရှိတယ် ဆိုတာတောင် ဟုတ်ချင်မှဟုတ်မှာ၊ ငွေလေး ဘာလေးလိုလို့ ဖြစ်မှာပေါ့၊ ပေးလိုက်ပြီးရော၊ ပြီးရင် ဆိုင်ခဏပိတ်ပြီး ခပ်ဝေးဝေး ခရီးထွက်လိုက်'

အကောင်းစား သူငယ်ချင်းတွေကလည်း ဝိုင်းအကြံပေးသည်။ သူတို့ ပြောသည့်အတိုင်း ငွေပေးတော့ မိစုက အံ့ဩဟန်ပြသော်လည်း တိုးလျှိုး တိတ်ဆိတ်စွာ လက်ခံသည်။ ကျော်သက် မန္တလေးက အမျိုးတွေဆီမှာ တစ်လလောက် သွားနေသည်။

ပြန်လာတော့ အဖမ်းခံရသည်။

[၉]

မိစုး သေပြီတဲ့။

ကိုယ်ဝန်ကို လက်သည်နှင့် ဖျက်ချသတဲ့။ ပိုးဝင်ပြီး ကယောင်ကတမ်းနှင့် ဆေးရုံရောက်သွားသတဲ့။ ကျော်သက် နာမည်ကို တကျော်ကျော် ခေါ်ရင်း ဆုံးရှာသတဲ့။ လက်သည်ကို ရှာဖမ်းတော့ ထွက်ပြေးသွားသည်။

အဲသည့်အချိန်မှာ ကျော်သက် ပြန်လာတော့ ကျော်သက်ကို ဆီးဖမ်းသည်။ ကျော်သက်မိဘများ အာမခံရဖို့ ကြိုးစားကြသော်လည်း မရ။ ဒါပေမယ့် နှစ်ရက်သာကြာသည် လက်ထောက်မြို့နယ် တရားသူကြီး အမိန့်နှင့်ဟု ဆိုကာ လွတ်သည်။

အဲသည် တရားသူကြီးကို ဝင်တွေ့ရသည်။

တရားသူကြီးနာမည်က ဒေါ်လဲ့ရည်ပါ။

[၁၀]

မျက်နှာမဖော်ဝံ့သဖြင့် ခေါင်းသာ တစ်ချိန်လုံး ငုံ့ထားမိသည်။

'မိန်းကလေးဆိုတာကို ဆန္ဒအတွက် အသုံးချစရာ သက်ရှိ အလှအပပစ္စည်းတစ်ခုဆိုတာထက် နည်းနည်း ပိုပြီး လေးလေးစားစား

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားကြည့်ဖို့ စိတ်မကူးသေးဘူးလား. . . ကိုကျော်သက်'

မော့ကြည့်တော့ ဒေါ်လဲ့ရည် နှုတ်ခမ်းက ယောင်ယောင်ကလေး ပြုံးထားသော်လည်း လေသံက အေးစက်မာကျောနေသည်။ မျက်လုံး နှစ်ဖက်စလုံးမှာ မျက်ရည်တွေ ဝေ့နေသည်။

'အမူးလွန်သွားလို့ပါ'

တိုးတိုး မဝံ့မရဲ ဖြေတော့ လဲ့ရည်က ခေါင်းခါသည်။

'တကယ် အရက်မူးတဲ့ ယောကျ်ား ဒီကိစ္စတွေ မစွမ်းဆောင်နိုင်တော့ဘူး ဆိုတာ ဆေးပညာရှင် မဟုတ်ပေမယ့် ဥပဒေပညာအတွက် လေ့လာရင်း ကျွန်မ သိပါတယ်. . . ကိုကျော်သက်၊ မူးလို့ သတိလွတ်တာ မဟုတ်ပါဘူး၊ နဂိုကတည်းက သတိကို လွှတ်လိုက်ချင်လို့ မူးကြတာပါ'

ကျော်သက် မခံချင်စိတ် အနည်းငယ် ဖြစ်သွားသည်။

'ဒါဆိုလည်း ဘာလို့ လွှတ်ပေးနေသေးလဲ၊ ဖမ်းပြီး သေဒဏ်လောက် ပေးလိုက်ပါလား'

လဲ့ရည်က ခေါင်းခါပြန်သည်။

'ဖမ်းစရာ ပုဒ်မမှ မရှိတာ. . . ကိုကျော်သက်၊ လုပ်နည်းလုပ်ဟန် မှားနေတယ် ယူဆလို့ ပြန်ပြင်ပေးတာပါ။ ပုဂ္ဂိုလ်ခင်လို့ လုပ်ပေးတယ်လို့ မထင်ပါနဲ့၊ ဖျက်ချပေးတဲ့ လက်သည်ကိုသာ ဖမ်းခွင့်ရှိတာပါ၊ ဒါပေမယ့် ဥပဒေက အပြစ်ပေးတာ မခံရလည်း ကိုကျော်သက် ကိုယ်တိုင်က ကိုယ့်လုပ်ရပ်ကို ကိုယ်နောင်တရပြီး ရှေ့ကို ဆင်ခြင်စေချင်လို့ ခေါ်သတိပေးတာပါ'

ကျော်သက် မျက်နှာ အနည်းငယ် တင်းသွားပြန်သည်။

'သည်ကိစ္စတွေ အားလုံး အစကတည်းက ဖြစ်မလာအောင် တားနိုင်တဲ့ လူတစ်ယောက်က ရှောင်လွှဲသွားခဲ့တာကိုလည်း မမေ့နဲ့လေ'

လဲ့ရည်က ဖွဖွ ပြုံးသည်။

'ကိုကျော်သက်က ကျွန်မကြောင့်လို့ ဆိုလိုချင်တာလား၊ ကျွန်မတော့ သိပ်မထင်ဘူး၊ ဒါပေမယ့် ကျွန်မမှာလည်း အပြစ်ရှိတယ်လို့ စွပ်စွဲရင်

www.burmeseclassic.com

www.burmeseclassic.com


လည်း စွပ်စွဲခံလိုက်ပါ့မယ်လေ၊ စိတ်မဆိုးပါဘူး၊ ကျွန်မလည်း သိပ်စိတ်ထိခိုက်ခဲ့ရတဲ့ အချိန်တွေ ရှိခဲ့ပါတယ်။ ဒါပေမယ့် ကိုယ့်မကောင်းမှု ကိုယ့်ပြန်အကျိုးပေးတာပဲ၊ ဒီလောက် ခံစားရတာနဲ့ ထေလိုက်ပါမယ်၊ သံသရာကို ယူမသွားတော့ပါဘူးလို့ ထားထားတာ'

ကျော်သက် မျက်မှောင်ကြုတ်သွားသည်။

'မကောင်းမှု. . . ဟုတ်လား'

'ဟုတ်တယ်၊ မကောင်းမှု၊ ဒါပေမယ့် ကျွန်မ မကောင်းမှုက ကိုကျော်သက်အပေါ်မှာ မဟုတ်ဘူး၊ သူငယ်ချင်းတစ်ယောက်အပေါ်မှာ၊ တစ်သက်မှာ သူ ဒီတစ်ယောက်ကိုပဲ မြတ်မြတ်နိုးနိုး ကိုးကွယ်မိမတတ် ချစ်နေမိပါတယ်လို့ မိန်းကလေးတန်မဲ့ မရှက်မကြောက်နိုင်ဘဲ ခံစားချက်အပြည့်နဲ့ ကျွန်မကို သူငယ်ချင်းက လာတိုင်ပင်ပြီး မကြာခင်မှာပဲ အဲဒီယောက်ျားက ကျွန်မကို ချစ်ရေးဆိုတယ်လေ၊ ပြန်ချစ်လိုက်မယ်စိတ်ကူးရင်တောင်မှ ကျွန်မ သူငယ်ချင်းကို အရင် ကြိုတောင်းပန်သင့်တာပေါ့၊ အခုတော့ ပြန်ချစ်ပြီးမှ ပြောပြတာ၊ သူက ရပါတယ်ဟာ၊ သူက ငါ့ကိုမှ မချစ်တာလို့ ပြုံးမဲ့မဲ့လေး ပြောတာ တစ်သက်လုံး ရင်ထဲမှာ နင့်နေအောင် စွဲသွားခဲ့တာ၊ နောက်တော့ ထင်တဲ့အတိုင်း ကျွန်မလည်း ခံစားရတော့တာပဲ'

ကျော်သက် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'သစ္စာလား'

လဲ့ရည်က မျက်ခုံးပင့်ကြည့်သည်။

'မသိဘူးပေါ့လေ၊ ကျွန်မက ကိုကျော်သက်က တစ်သက်လုံး သိရက်နဲ့ မသိချင်ယောင်ဆောင်ထားခဲ့တာလို့ ထင်နေတာ'

သေစမ်း၊ သေစမ်း။

ကျော်သက်ရယ် မင်းဘဝက သေရုံသာ ရှိတော့ပါလား။

ကျော်သက် မထိန်းနိုင်ဘဲ မျက်ရည်တို့ ပိုးပိုးပေါက်ပေါက် ကျလာပါသည်။

၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

*'ကျွန်တော်တို့ ရခဲ့တာလေးတွေဟာ ကျွန်တော်တို့ရဲ့ အသက်မွေးဝမ်းကျောင်းမှုကို ပြည့်စုံစေခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ ဘဝကို ပြီးပြည့်စုံစေဖို့အတွက်တော့ ကျွန်တော်တို့ 'ပေး'ခဲ့တာလေးတွေနဲ့ တည်ထောင်ရတာပါ'*

***ဝင်စတန်ချာချီ (၁၈၇၄-၁၉၆၅)***

[၂]

'အိုဂျီ'ဆိုတာ တကယ်တော့ အင်္ဂလိပ်စကား အပြည့်အစုံပင် မဟုတ်။ အတိုကောက် အက္ခရာနှစ်ခုသာဖြစ်သည်။ သို့သော် အင်္ဂလိပ်စကား ပြောတတ်သူ ရှားပါးသော သည်နိုင်ငံတွင် 'အိုဂျီ'ဟု ပြောလိုက်သည်နှင့် 'မီးယပ်သားဖွား အထူးကုဆရာဝန်'ကို ဆိုလိုကြောင်း လူတိုင်း သိရလောက်အောင် မိမိကျင်လည်ရာ ပညာရပ်၏ ထင်ရှားကျော်ကြားမှုကို ဂုဏ်ယူရမှာလား၊ ဂုဏ်မယူရမှာလား 'မစောမေ' မသေချာပါ။

ဆရာဝန်တိုင်း၏ နာမည်ရှေ့တွင် 'ဒေါက်တာ' တပ်ကြသည်။ သို့သော် 'ဒေါက်တာ'ဟူသော အင်္ဂလိပ်စကား၏အဓိပ္ပာယ် အစစ်အမှန်မှာ 'ပါရဂူ'ဟုသာ အဓိပ္ပာယ်ရကြောင်း သိသူ ဘယ်လောက် များများစားစား ရှိပါသလဲ။ ဆေးဝါးဖြင့်ကုသော ဆရာဝန်ကို 'ဖစ်စစ်ရှင်'ဟု ခေါ်ဝေါ်ရပြီး ခွဲစိတ်ကုသသော ဆရာဝန်ကို 'ဆာဂျင်'ဟု ခေါ်ရမှန်းရော သိသူ ဘယ်လောက်များများရှိပါသလဲ။ မစောမေ၏ခင်ပွန်းသည် ကိုပြေအေးတို့လို ကလေးအထူးကု ဆရာဝန်တွေကိုလည်း 'ချိုင်းလ်စပယ်ရှယ်လစ်' ဟု ခေါ်ကြသည်။ အသုံးအနှုန်းအမှန်မှာ 'ပီဒီရာထရစ်ရှင်' ဖြစ်ကြောင်း ဘယ်သူမှ မသိကြ။

www.burmeseclassic.com

www.burmeseclassic.com



မစောမေကိုတော့ 'အိုဂျီ'ဟု ပြောလိုက်သည်နှင့် ဘုန်းကြီးကအစ သိသည်။

'အော်. . . အိုဂျီဆိုတော့ ဒကာမကြီးက တော်တော် 'ထော'တာ ပေါ့ ဟုတ်လား'

ရင်ထဲတွင် အောင့်ခနဲ ဖြစ်သွားပေမယ့် ဘုန်းကြီးနှင့် လူကလည်း အငြင်းအခုံတော့ ဖြစ်လို့မကောင်း၊ ပြီးတော့ သည်နယ်မြို့လေးတွင် ဆင်းရဲနွမ်းပါးသော မီးယပ်သားဖွားဆိုင်ရာ လူနာများအတွက် ကိုယ်ဖိ ရင်ဖိ တင်းပြည့်ကျပ်ပြည့် စံချိန်မီ စောင့်ရှောက်ပေးနိုင်ဖို့အရေးမှာ ခရိုင်ဆေးရုံလေးက အင်အားချည့်နဲ့နေသည်။

ကိုယ့်ရှေ့မှာ မီးယပ်သားဖွား အထူးကုဆရာဝန်တစ်ဦး ရှိခဲ့ဖူး ပေမယ့် ကိုယ့်ကို တာဝန်ခံခဲ့ရသူ မဟုတ်သလို အင်္ဂလန်ပြန် တော်ဝင် မီးယပ်သားဖွား အထူးကု ဆရာဝန်ဘွဲ့ရ တစ်ဦးလည်း မဟုတ်ခဲ့။ ကိုယ့်လက်ထက်ကျခါမှ သည်ဆေးရုံကို စံချိန်မီ တိုးတက်အောင် လုပ်ချင်လာတော့ ရပ်မိရပ်ဖတို့၏ ဝိုင်းဝန်း ကူညီမှုကလိုပြီ။ ရပ်မိရပ်ဖတို့ အပေါ် ဩဇာညောင်းသော ဆရာတော်၏နှုတ်ဖြင့် စောင်မခြင်းကလည်း လိုနေပြီ။

ဆရာတော် ကိုယ်တိုင်က 'အိုဂျီ'ဆိုတာ 'ထော'တယ်ဟု သမုတ် နေ၏။ ခက်တာကလည်း 'အိုဂျီ'ပညာကို မိမိ မိသားစု ချမ်းသာရေး၊ ပြည့်စုံရေးအတွက် အသုံးမချဘဲ တစ်ပါးသူတို့ကို ကူညီရေးဟု သက်သက်သာ သဘောထား၍ ဆောင်ရွက်နေကြသည့် 'အိုဂျီ' များ မရှိမဟုတ်။ မိမိ အပါအဝင် ရှိနေကြသည်ပဲ။ ဒါပေမဲ့ 'ထော'သည့် 'အိုဂျီ'နှင့် မ'ထော'သည့် အိုဂျီ ဘယ်ဟာက ပိုများမည်တော့ မိမိ သေသေချာချာ မပြောနိုင်။ မိမိ မ'ထော'သည်ကတော့ သေချာသည်။ ပြည်သူအများကတော့ 'ထော'သည့် အိုဂျီတွေကိုသာ ပို၍ သိတတ်ကြ လေရာ ဘုန်းကြီးကအစ သည်လိုပင် သိမ်းကျုံး၍ ထင်နေလေပြီ။

'ထော မထောတော့ မသိပါဘူး ဘုရား၊ 'မော'တာကတော့ အမှန် ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com


[၃]

ကိုပြေးအေးကတော့ ဟက်ဟက်ပက်ပက် ရယ်သည်။

'ငါ့လည်း ဒီလိုပါပဲဟာ၊ အိုဂျီ ယောက်ျားဆိုတော့ ထောပြီချည်းပဲ ပြောနေကြတာ၊ မိန်းမ အိုဂျီသာဖြစ်တာ၊ တစ်ခါမှ ပိုက်ဆံမရှာလို့ အိမ်ထောင်သက်တစ်လျှောက်လုံး ငါချည်း ဆေးခန်းထိုင်ရှာခဲ့ရတာ ဘယ်သူမှ ပြောလို့ မယုံဘူး'

ကိုပြေအေး ဆေးခန်းကလည်း သိပ်တော့ စုမိလှသည်မဟုတ်။ မစောမေ မဟာသိပ္ပံတက်စဉ်က ကိုပြေအေး ဆေးခန်းထိုင်၍ မိသားစု ဝင်ငွေရှာဖွေပေးရှာသည်။ နယ်က ဆေးခန်းလေးမို့ အခမဲ့ လူနာကလည်း ခပ်များများ။ အထူးကုများ ဆင်းရဲသည့်လူနာကို အခမဲ့ ကြည့်ပေးတော့ စမ်းသပ်ခ မရတာသာ ရှိသည်။ အထွေထွေကု ဆရာဝန်ကတော့ အိတ်ထဲက ဝယ်ထားသော ဆေးပါ ပါသွားသဖြင့် တယ်မကိုက်လှ။ ဘာပဲဖြစ်ဖြစ် မိသားစု သုံးဦးတည်သာမို့ လောက်တော့ လောက်ငှခဲ့ကြသည်။ မစောမေကလည်း စာအုပ်ဖိုးကလွဲလျှင် မိတ်ကပ်ဖိုးတောင် ကုန်သော မိန်းမမဟုတ်။ သားကလည်း ငယ်သေးသည်။

လယ်သမားမျိုးရိုး လူငယ်တစ်ဦး အင်ဂျင်နီယာဘွဲ့ယူရန် ကျောင်းဆက်တက်ဖို့ အခက်အခဲဖြစ်နေသည်ကို ကြားတော့ပင် သွေးမတော် သားမစပ် ထောက်ပံ့ပေးနေလိုက်သေးသည်။ ငွေမရှိဘဲလည်း ကျေနပ်နေတတ်ကြသည့် မိသားစုမျိုးပါ။

နောက်တော့ ကိုပြေအေးလည်း ကလေးအထူးကု ဆရာဝန် ဖြစ်လာသည်။ မစောမေလည်း အင်္ဂလန်သို့ ပညာတော်သင်သွားရသည်။ မစောမေက ပြန်လာတော့လည်း ပြည်တွင်းက ပါရဂူဘွဲ့ ထပ်ယူချင်၍ သုတေသနစာတမ်း ပြင်ဆင်ပြန်သည်။ သည်အချိန်မှာ သည်ခရိုင်မြို့လေးကို နှစ်ယောက်စလုံး တာဝန်ခံ အထူးကုဆရာဝန်အဆင့်ဖြင့် ပြောင်းလာကြရသည်။ အလယ်တန်းကျောင်းသား ဖြစ်နေသော သားလေးကိုပင် ရန်ကုန်ကျောင်းမှ နုတ်၍ တစ်ခါတည်း ပြောင်းလာခဲ့ကြသည်။

လက်ထဲတွင်တော့ ပြောင်းရွှေ့စရိတ်ပင် အနိုင်နိုင်။

www.burmeseclassic.com

www.burmeseclassic.com


[၄]

'ဟဲ့. . . ဒီလူနာ တက်နေတာ ခုထိ ဘယ်သူမှ ဘာမှမလုပ်ကြသေးဘူးလား'

လူကောင်သေးပေမယ့် မစောမေ၏ အသံကစူးသည်၊ ကျယ်သည်၊ တာဝန်ကျ ဆရာဝန်၊ ဆရာမအားလုံး ပြူးတူးပြတဲ နေရာမှထကြသည်။

'ဒိုင်ယာဇီပင် ထိုးမလို့. . . မမ၊ ယောက်ျားကို ဆေးရုံထဲကဆိုင်မှာ ပြေးဝယ်ခိုင်းထားတယ်'

'ဘယ်လောက် ကြာနေပြီလဲ'

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။ ပြီးမှ ဆရာဝန်လေးက ထစ်ထစ်ငေါ့ငေါ့ဖြင့် ဟုတ်ပါရဲ့ မမ၊ ပြန်ရောက်ဖို့တော့ ကောင်းနေပြီ၊ ကျွန်တော်တို့လည်း ဝဒ်ထဲမှာ ဒိုင်ယာဇီပင် မရှိတာနဲ့ဟု ဖြေသည်။

'ပိုက်ဆံမရှိတာ မပြောရဲလို့ လိုက်ရှာနေတာဖြစ်မှာပေါ့၊ သွား. . . အလုပ်သမားတစ်ယောက် ဆေးဆိုင်ပြေးစမ်း၊ စာရင်းမှတ်ခဲ့၊ ငါရှင်းမယ် ပြောလိုက်'

ဆေးရောက်လာသည်။ မစောမေကိုယ်တိုင် ထိုင်ထိုးသည်။ ကိုယ်ဝန်ဆိပ်တက်နေသော အမေ အတက်ကျသွားသည်။ ခွဲခန်းဖွင့်ဖို့ ပြင်ဆင်ခိုင်းလိုက်သည်။ ခွဲစိတ်မှု သဘောတူကြောင်း လက်မှတ်ထိုးရန် ယောက်ျားဖြစ်သူကို စောင့်ရပြန်သည်။ နောက်ကျမှ ရောက်လာသော ယောက်ျားကို မေးမြန်းတော့ ထင်သည့်အတိုင်းပင်။ ရှာပြန်၍ ပိုက်ဆံ ချေးနေသည်ဟုဆို၏။ ရလည်း ရမလာခဲ့။ ခွဲရန်တော့ သဘောတူသည်။ ချုပ်ကြိုး၊ အကြောဆေး၊ ပိုက်၊ စိုက်ရမည့် ငွေကတော့ မနည်း။

ကိုပြေအေး ရောက်လာသည်။

'ဆိုင်မှာရှိရင် ယူသာသုံးလိုက်၊ ပြီးရင် ငါသွားရှင်းထားလိုက်မယ်၊ ကုသိုလ်ရပါတယ်၊ တမင်တောင် ရှာလှူရသေးတာ၊ မိန်းမ နောက်ဆံမတင်းနဲ့ ခွဲဖို့သာပြင်'

သည်လိုနှင့်ပင် အသက်နှစ်ချောင်း ကယ်လိုက်နိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


[၅]

တဖြည်းဖြည်းနှင့် လင်မယားနှစ်ယောက် စိုက်ရတာ များလာသည်။ ကိုပြေအေး ဆေးခန်းလေးကလည်း အသင့်အတင့် လူစည်ကားလာ၍သာ တော်တော့သည်။ ဆေးခန်းလည်း မည်မည်ရရ မထိုင်ဘဲ ဆေးရုံမှာသာ နေ့ရောညပါ အချိန်ကုန်နေသည့် မစောမေကတော့ မိသားစုအတွက်လည်း ရှာရ၊ ဆေးရုံမှာလည်း မနားရသော ကိုပြေအေးကို ကြည့်၍ သနားလာမိသည်။

သည်ကြားထဲ သွေလွန်တုပ်ကွေးရာသီ ရောက်လာတော့ ကလေးဆောင်ကလည်း စည်ကားလာသည်။ ညပိုင်းတွင် ဆေးရုံတစ်ရုံလုံးပေါင်းပါမှ အရေးပေါ် ဌာနတွင်သာ လက်ထောက်ဆရာဝန်တစ်ဦးရှိသည်။ ဒါတောင် ထိုလက်ထောက်ဆရာဝန်က တစ်ရက်ခြားလောက်ညတာဝန်ဆင်းရသည်။ သွေးလွန်တုပ်ကွေး ကလေးတွေ စိတ်မချ၍ဟုဆိုကာ ကိုပြေအေးက ညပိုင်းတစ်ပတ် ဝင်ကြည့်သည်။ သွေးလန့်သည့်ကလေးများကို ကိုယ်တိုင် အကြောဆေးထိုး၊ ကလေးတိုင်း ကိုယ်တိုင်သွေးပေါင်ချိန်နှင့် ညဥ့်နက်မှ အိမ်ပြန်ရောက်တော့ ကိုပြေအေးလည်း 'ဖလက်ပြ'နေပြီ။ ဒါတောင် ကံကောင်းလျှင် မိန်းမ ည ထခွဲရ၊ မွေးရလျှင်လိုက်ပို့ရဦးမည်။

ကိုပြေအေးကတော့ သူ ညအိမ်ပြန်အိပ်သည့် အချိန်တွင်ပင်သွေးလွန်တုပ်ကွေး ကလေးတို့ ခြေဖျားလက်ဖျား အေးစက်သွားပါကအိပ်ပျော်နေသော အမေများ မသိကြမည်ကို စိတ်ပူပြန်သည်။ သည်တော့ ညပိုင်းတာဝန်ကျသည့် အလုပ်သမားကို ရှိသမျှ ကလေးတွေခြေဖျားလေးတွေ တစ်ချိန်လုံး လိုက်စမ်းခိုင်းသည်။ အေးသည်ဟုထင်လျှင် အရေးပေါ်ဆောင်မှ တာဝန်ကျ ဆရာဝန်ကို သွားခေါ်ခိုင်းသည်။ သွေးပေါင်ပါ ကျနေလျှင်တော့ သူ့ကို ခေါ်ခိုင်းသည်။ ထိုအလုပ်သမားကို ခြေဖျားမှန်မှန် စမ်းပေးချင်အောင် ကိုပြေအေးက ကလေးဦးရေနှင့်တွက်၍ မုန့်ဖိုးပေးလိုက်သေးသည်

www.burmeseclassic.com

www.burmeseclassic.com



မစောမေအဆောင်က ကိစ္စတွေကတော့ မုန့်ဖိုး၊ ပဲဖိုးမျှဖြင့် ရှင်းလို့မရ။ ဆင်းရဲနွမ်းပါးသူ လူနာဦးရေက များလည်း များလွန်းသည်။ မစောမေအကြောင်း လူသိများလာတော့ ပို၍ပင် များလာသည်။ လူနာများတော့ ဆေးများများ သုံးရမည်။ ပစ္စည်းများများ သုံးရမည်။ ဆရာဝန်၊ ဆရာမကတော့ အလကားရမည်။ ကျန်သည့် ပစ္စည်းက အကန့်အသတ် ရှိနေသည်။ မစောမေက စိတ်မလျှော့၊ လှူချင်တန်းချင်သည့် လူတွေကတော့ မြို့မိမြို့ဖတွေထဲတွင်ရှိနေမှာ အမှန်ပင်။ ဘယ်နေရာတွင် အကျိုးရှိရှိ လှူရမည်ကို မသိ၍သာရှိသည်။ သည်တော့ ကိုပြေအေးနှင့် မစောမေ မြို့မိမြို့ဖများကို စည်းရုံးသည်။ ဆရာတော်ကလည်း တိုက်တွန်းပေးသည်။

နောက်ဆုံးတော့ အလှူအစီအစဉ်လေးတစ်ခု ဖြစ်မြောက်လာသည်။ ဆင်းရဲနွမ်းပါးသော လူနာများ ဆေးရုံလာတက်ပါက ထိုအလှူထဲမှ ဆေးဖိုး၊ ပစ္စည်းဖိုးထုတ်သုံး၊ ကုန်လျှင် အလှူရှင်များက ပြန်ဖြည့်ကြမည်။ ဘယ်သူဆင်းရဲတယ်၊ မဆင်းရဲဘူးကိုလည်း ဆရာဝန်က မဆုံးဖြတ်။ ရပ်ကွက်လူကြီး ထောက်ခံစာယူခဲ့ခိုင်းလိုက်သည်။

သည်လိုနှင့် ခရိုင်ဆေးရုံလေး သိသိသာသာ နာမည်ရလာသည်။ မစောမေလည်း နာမည်ရလာသည်။ စေတနာကောင်းတာလည်း နာမည်ရသည်၊ ကိုယ်ကျိုးတစ်စက်မျှ မဖက်တာလည်း နာမည်ရသည်။ အဲ. . . ဆူပူကြိမ်းမောင်းတတ်တာ၊ စိတ်ဆိုးတတ်တာတွေလည်း လုပ်ဖော်ကိုင်ဖက်တို့ကြားမှာ နာမည်ရာလာသည်။

'တချို့တွေကျတော့ လက်တွဲခေါ်ယူရတယ်ကွ၊ မရမှ ထိပ်တိုက်ရင်ဆိုင်ရတာ၊ မိန်းမ. . . စိတ်နည်းနည်းလျှော့'

'မတတ်သာ၊ နားမလည်တာ လက်တွဲခေါ်ယူလို့ ရပါတယ်၊ စိတ်ဓာတ် မမှန်ကန်ရင်တော့ ကျွန်မက သည်းမခံနိုင်ဘူး'

ကိုပြေအေးက တဖောက်ကန်း မစောမေကိုကြည့်၍ ရယ်သည်။

'မင်း စိတ်ထားမှန်ကန်တာ၊ မင်းမိဘ၊ ဆရာသမားတွေ သွန်သင်တာ

www.burmeseclassic.com

www.burmeseclassic.com


ကောင်းလို့၊ စည်းရုံးတတ်လို့၊ မင်းသာ လိမ္မာတာ မင်းစည်းရုံးတာ တော်လို့၊ အလုပ်ထဲက လူတွေလည်း တပည့် သားသမီးတွေပဲကွာ၊ စည်းရုံးကြည့်ပါဦး'

ယောကျ်ားပြောမှပင် သားလေးကို သတိထားမိတော့သည်။ ဟုတ်ပ၊ အဖေရော အမေပါ ဆေးရုံတွင် အချိန်ကုန်နေကြသော်လည်း ကျောင်းကြီးကြီး၊ ဝိုင်းကြီးကြီး မတက်ရသည့် သားငယ်က အံ့ဩစရာ ကောင်းလောက်အောင် လိမ္မာ၍ သည်ဒေသတွင် မကြုံစဖူးလောက် အောင် ပညာထူးချွန်လေသည်။

စေတနာများ အကျိုးပေးစပြုနေရော့သလား။ သည်ခရိုင်ဆေးရုံ လေးတွင် တစ်နှစ်ခန့်ကြာပြီးနောက် မစောမေ ပါရဂူဘွဲ့ထပ်၍ရသည်။ နောက် ၆ လလောက်ကြာတော့ လင်မယား နှစ်ယောက်စလုံး ရန်ကုန် ပြန်ပြောင်းရဖို့ ဖြစ်လာသည်။ တစ်ချိန်တည်းလိုလိုမှာပင် မစောမေက ကင်ဆာရောဂါ စဖြစ်ခဲ့သည်။

[၆]

ခွဲစိတ်မှုကတော့ အောင်မြင်သည်ဟု ဆိုသည်။ နောက်တစ်ဆင့် ဆေးဝါးကုသမှုခံယူရန် စင်ကာပူနိုင်ငံသို့ သွားပါလားဟု ခွဲပေးသော ပါမောက္ခကြီးက တိုက်တွန်းသည်။ မစောမေကတော့ ပြဿနာနှစ်ခုကို စဉ်းစားနေရသည်။

တစ်ခုက ပိုက်ဆံမရှိ၊ ဆေးစစ်ပြီး ဘာမှ ဆက်မလုပ်ရလျှင် ခရီး စရိတ်နှင့် ဆေးစစ်ခပင်လျှင် မနည်း။ မစောမေ၏ ရှိစုမဲ့စု လက်ဝတ် လက်စားများ ရောင်းရမည်။ ဆက်ကုရလျှင်တော့ လက်ရှိ စီးနေသည့် တစ်စီးတည်းသောကားကို ရောင်းရမည်။

နောက်တစ်ခုက ကိုပြေအေးက အထူးကု ဆရာဝန်တစ်ဦးဖြစ်နေ၍ လင်မယား ဆရာဝန်နှစ်ဦး နိုင်ငံပြင်ပထွက်ခွင့်ရဖို့ ခက်နေသည်။ ကိုပြေအေးကတော့ ပြုံး၍ ကြိုးစားကြတာပေါ့ကွာဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



[၇]

ခွင့်ကတော့ ပြေလည်သွားသည်။ လူကြီးများက ကြင်နာစိတ်အပြည့်ဖြင့် ခွင့်ပြုလိုက်ကြသည်။ လက်ဝတ်လက်စားအချို့ကို ရောင်း၍ လမ်းစရိတ်ပြုသည်။ ကျန်လက်ဝတ်လက်စားများနှင့် ကားကို အမျိုးတစ်ဦးကို လက်မှတ်ထိုး၍ လွှဲခဲ့သည်။ လိုလျှင် စင်ကာပူမှ လှမ်း၍ ရောင်းခိုင်းလိုက်မည်ဟု။

လင်မယားနှစ်ယောက် မျက်နှာလေး ငယ်ငယ်နှင့် သားလေးကို ထား၍ ထွက်လာခဲ့ကြသည်။

[၈]

'ဒေါက်တာမေ၊ ဘယ်သွားမလို့လဲ'

'ဟယ်. . . ဒေါက်တာ ဝေါင်း၊ ဝမ်းသာလိုက်တာ၊ ဒီလေယာဉ်နဲ့ ပါလာတာလား'

'ဟုတ်တယ်'

'ကျွန်မတို့ ရှင်တို့ ဆေးရုံ သွားမလို့၊ ဆေးစစ်ခံဖို့လေ'

အကျိုးအကြောင်း ရှင်းပြတော့ ယခင် အစည်းအဝေးများတွင် ရင်းနှီးခဲ့ပြီးသူ စင်ကာပူလူမျိုး ဆရာဝန်က စုတ်သပ်သည်။

'ဒေါက်တာမေ ထွက်လာတာ ရက်မှားနေတယ်၊ အင်းလေ. . . ဒီက အဆင်ပြေတဲ့ရက် ထွက်ရတာကိုး၊ ဘုတ်က နက်ဖြန် ဖြစ်နေပြီ၊ နက်ဖြန် ဆေးစစ်မယ့် လူနာစာရင်းက အခုဆို ပိတ်သွားပြီ၊ အသားစ စစ်ဆေးဖို့ ဘယ်မီတော့မှာလဲ၊ တစ်ပတ်လုံးလုံး ပုပ်တော့မယ်'

'ဟုတ်လား၊ ဒုက္ခပါပဲ၊ စရိတ်တွေ ထောင်းပြီပေါ့'

'ဒီလိုလုပ် ဒေါက်တာမေရဲ့ အသားစ နမူနာ ပါသလား'

'ပါတယ်၊ ဒီမှာ အဆင်သင့်ပဲ'

'ပေးလိုက်၊ ကျွန်တော် ဒီက လေယာဉ်ဆိုက်တာနဲ့ ဆေးရုံတန်း သွားလိုက်မယ်၊ မနက်ဖြန် ဘုတ်ကိုမီအောင် တင်ခိုင်းလိုက်မယ်၊ ရောဂါဗေဒပါရဂူကို ဒီည ဆွထားလိုက်မယ်၊ ဒေါက်တာမေ မနက်ဖြန် မနက် ၉ နာရီသာ လာခဲ့တော့'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်လိုက်တာရှင်'

အမှတ်မထင် တိုက်ဆိုင်မှုကပင် အဆင်ပြေစရာ ဖြစ်လာသည်။ နောက်တစ်နေ့တွင် ဘုတ်ထိုင်ရသည်။ အသားစ အဖြေက ကင်ဆာမှန်သော်လည်း ခွဲစိတ်မှုအောင်မြင်၍ နောက်ထပ် ဘာမှ လုပ်စရာမလိုတော့ဟု ထွက်လာသည်။ ဒါဆို ကားမရောင်းရတော့ဘူးပေါ့။ လင်မယား နှစ်ယောက် အရမ်းဝမ်းသာသဖြင့် ဒေါက်တာ ဝေါင်းကို ကျေးဇူးတင်စကားပြောပြီး ငွေရှင်းဌာနသို့ ထွက်လာခဲ့ကြသည်။

'ဆေးစစ်ခ အားလုံးကို ဆေးရုံဒါရိုက်တာ အဖွဲ့က စိုက်ထုတ်ကျခံလိုက်ပါတယ်ရှင်၊ ဒေါက်တာမေ ဘာမှ ပေးစရာမလိုတော့ပါဘူး၊ ကျွန်မတို့ ဆေးရုံကို ယုံကြည်အားကိုးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်'

'ဘုရားရေ. . . ဒေါက်တာဝေါင်းက အဲသလောက် စွမ်းသတဲ့လား'

မေးမြန်း စုံစမ်းကြည့်တော့မှ သည်ဆေးရုံမှ ဆရာဝန်ကြီးများ မြန်မာနိုင်ငံသို့ လာရောက်ဆောင်ရွက်ကြသည့် ပရဟိတလုပ်ငန်းများတွင် တက်ကြွစွာ တွဲဖက်လိုက်ပါ ဆောင်ရွက်နေကျ မီးယပ်သားဖွားအထူးကု ဆရာဝန်ကြီးဖြစ်၍ ဂုဏ်ပြု စိုက်ထုတ်လိုက်သည်ဟု သိရသည်။ လင်မယားနှစ်ယောက်သား ရွှေအိုးထမ်း၍ ပြန်လာကြသည်။

[၉]

'ကင်ဆာဖြစ်ရတာ မဆိုးဘူး ယောက်ျားရဲ့'

'မိန်းမကလည်း ပြောတော့မယ်'

'ဟုတ်တယ်လေ. . . ဒီလောက် အပ်ရခက်တဲ့ ကျောင်းမှာ သွားအပ်တာ ကျောင်းအုပ်ကြီးက ကျွန်မမှာလည်း ကင်ဆာရောဂါအတွက် နိုင်ငံခြား ဆေးသွားကုပြီး ပြန်လာခါစဆိုတာလည်း ထည့်ပြောလိုက်ရော တစ်ခါတည်း သနားပြီး လက်ခံတော့တာပဲ၊ တကယ်တော့ ကျွန်မ ကင်ဆာက ဘာမှမဖြစ်တော့တာ. . . ဟား ဟား ဟား'

www.burmeseclassic.com

www.burmeseclassic.com


'ကျောင်းအတွက် အလှူငွေရော ထည့်ပြီးပြီလား'

'အဲဒါလည်း မထည့်ပါနဲ့တဲ့၊ ဒီနှစ်အတွက် ဘဏ်စာရင်းပိတ်ပြီးသား ဖြစ်သွားလို့ပါတဲ့၊ ကောင်းရော'

ကိုပြေအေး သက်ပြင်းချသည်။

'စေတနာတွေ အကျိုးပေးသင့်သလောက်တော့ ပေးခဲ့ကြတာပေါ့ ကွာ၊ ဒါပေမဲ့ သားက ၁၀ တန်း ရောက်တော့မယ်၊ မင်း နိုင်ငံခြား သွားတာက နှစ်နှစ်၊ ပြန်လာပြီးလည်း တို့လင်မယားက ဘာမှ စုမိ ဆောင်းမိတာ မဟုတ်၊ သားကလည်း ပညာတော်တော့ တို့က ပံ့ပိုး ပေးရဦးမှာတွေ ရှိသေးတယ်နော်၊ ရင်လေးစရာ'

မစောမေက ပြုံးသည်။

'ရှင်ပဲ ပြောနေကျလေ၊ ထားသာထားလိုက် သူ့ဟာသူ ဖြစ်လာ လိမ့်မယ်လို့၊ ဖြစ်လာတာတွေများလို့ ကျွန်မတောင် ယုံနေပြီ၊ ထားသာ ထားလိုက်တော့'

## [၁၀]

အံ့အားသင့်ဖွယ်ရာ၊ ဝမ်းသာစရာများက ဆက်တိုက်ဖြစ်လာသည်။ သားက သူတို့တစ်ခါမှ မကြားဖူးခဲ့သော နိုင်ငံခြားပညာသင်ဆုတစ်ခု ရွေးချယ်ခံရသည်။ စင်ကာပူတွင် ကျောင်းအိပ်ကျောင်းစားနေရမည်။ နေစရိတ်၊ စားစရိတ်၊ ကျောင်းစရိတ်သာမက မုန့်ဖိုးပဲဖိုးအထိပင် ကျောင်းက တာဝန်ယူသည်။ မိဘက တစ်ပြားမှမကုန်။ ဘာမှ ပို့စရာ မလိုပါတဲ့။

'တစ်ခုခုတော့ တာဝန်ယူပါရစေ ဆရာရယ်၊ ဆရာနဲ့ အစ်မရဲ့ ကျေးဇူးတွေကို ဆပ်ချင်လွန်းလို့ပါ'

ကိုပြေအေး တာဝန်ယူ၍ ကျောင်းဆက်ထားပေးခဲ့သော အင်ဂျင် နီယာလေး။ ယခုတော့ အိမ်ထောင်ကျပြီး စင်ကာပူတွင်ပင် အခြေစိုက် နေထိုင်လျက်ရှိသည်။ သားသတင်းကို ကြားရတော့ မြန်မာပြည် ပြန်လာ၍ သူတို့လင်မယားထံတွင် လာ၍ တောင်းဆိုနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဟ. . . ကောင်ရဲ့ မင်းလည်း အဆင်ပြေနေတာ ငါသိပါတယ်၊ အခုက တကယ့်ကို ဘာမှကို မလိုတာ၊ ငါတို့ မိဘတွေတောင် ဘာမှကို မပို့ရတာ၊ ဟိုမှာ မင်းတူကို မင်းသွားသွားကြည့်၊ စောင့်ရှောက်ပေးရင် တော်ပါပြီကွာ'

ဘာမှ တာဝန်ယူခွင့်မရသော အင်ဂျင်နီယာလေးက သားကို လက်ပ်တော့ ကွန်ပျူတာတစ်လုံးတော့ ဇွတ်ဝယ်ဖြစ်အောင် ဝယ်ပေးသွားခဲ့သေးသည်။

နောက်တော့ မစောမေက ပါမောက္ခ၊ ကိုပြေအေးက တွဲဖက်ပါမောက္ခ ရာထူးများ ရရှိပြီး နယ်ပြောင်းရပြန်သည်။

[၁၁]

'ကျွန်မ ဆရာ့လို သိပ်စာရေးတတ်ချင်တယ် သိလား'

တဝုန်းဝုန်း တဒိုင်းဒိုင်း ဆောင့်နေသော မာဇဒါဂျစ်ကားပေါ်တွင် မစောမေ အသံက ပေါ်တစ်လှည့်၊ ပျောက်တစ်လှည့်။

'အိုဂျီဆိုတာ 'ထော'တယ်လို့ ပြောတတ်ကြသူတွေကို 'ထော' အောင် မလုပ်တဲ့ 'အိုဂျီ'တွေလည်း ရှိတဲ့အကြောင်း ကျွန်မ ပြောပြချင်တယ်၊ ခက်တာက ကျွန်မ စာမရေးတတ်ဘူး၊ စကားပြောလည်း မကောင်းဘူး၊ ကိုပြေအေး ပြောသလိုဆိုရင် 'မစည်းရုံး'နိုင်ဘူးပေါ့၊ ဒါလည်း ကျွန်မ အားနည်းချက်ပဲ၊ ကျွန်မစိတ်ထဲမှာ လူနာအပေါ် 'ပေါ့'တယ်လို့ထင်ရင် ကျွန်မ သိပ်စိတ်ဆိုးတတ်တယ်'

ဆရာဝန်ပေါက်စ မဟုတ်သော်လည်း စာရေးဆရာပေါက်စဟု အမည်တပ်ရမည့်သူက ဘာပြန်ပြောရမည် မသိသေး။

ကားပေါ်တွင် ပါလာသော အထူးကု ဆရာဝန် အားလုံးကတော့ မစောမေ ပြောပြသော အဖြစ်အပျက်များကို စိတ်ဝင်စားနေကြသည်မှာ ကားလေး ဦးတည်သွားနေသော 'အလုပ်သင်ဆရာဝန် လူထုဘဝ လေ့ကျင့်ရေးကွင်းဆင်းစခန်း'သို့ ရောက်ခါနီးနေပြီကိုပင် မေ့နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ စေတနာဆိုတာ အံ့ဩဖို့ ကောင်းလောက်အောင် အကျိုးပေးတတ်ကြောင်းကိုပေါ့၊ ကျွန်မတို့ လင်မယား တစ်သက်လုံး ပိုက်ဆံကောင်းကောင်းမရှာ၊ ကောင်းကောင်း မစုခဲ့ကြတာ၊ စုဆောင်းမိတဲ့ လူတွေရော၊ လူခိုးလို့ ကုန်တာနဲ့၊ မီးလောင်လို့ ကုန်တာနဲ့၊ နေမကောင်းဖြစ်ပြီး ဆေးကုရလို့ ကုန်တာနဲ့၊ မလိမ္မာတဲ့ သားသမီး ဖြုန်းလို့ ကုန်တာနဲ့၊ လိမ္မာတဲ့ သားသမီး ပညာရေးပံ့ပိုးရလို့ ကုန်တာနဲ့ အစုံအစုံ တွေ့ဖူးတယ်'

ခေါင်းသာ ညိတ်ပြလိုက်မိသည်။ ကိုယ်လည်း တွေ့ဖူးခဲ့သည် မဟုတ်ပါလား။

'ကျွန်မတို့မှာတော့ သုံးစရာ ပိုက်ဆံလည်း မရှိ၊ ကုန်စရာတွေကလည်း ပေါ်လာလိုက် သူ့ဟာသူ ပြေလည်သွားလိုက်နဲ့ နောက်ဆုံးတော့ တစ်သက်လုံး ကိုယ်ယုံကြည်တဲ့အတိုင်း ကိုယ်လုပ်နေလိုက်ရတာ အမြတ်ပဲ မဟုတ်လား၊ အဲဒါတွေကို လူငယ်တွေကို ပြောပြချင်တယ်၊ ရဖို့အတွက် ကြည့်ပြီး မလုပ်ပါနဲ့၊ ပေးဖို့ပဲ လုပ်ကြပါ၊ ရတာတွေက အလိုလို ဖြစ်ပေါ်လာမှာပါလို့၊ စာက မရေးတတ်ဘူးလေ'

မာဇဒါဂျစ်ကားကလေးက 'ကွင်းဆင်းစခန်း'အတွင်း ကွေ့ဝင်လာသည်။ မစောမေက ပြုံးသည်။

'ဆရာပဲ ရေးပေးလေ၊ ဆရာက တစ်ဆင့်ပေါ့ ဟုတ်လား'

ပြုံး၍ ခေါင်းပြန်ညိတ်ပြလိုက်မိပါသည်။


*(မှတ်ချက်- နာမည်များ လွှဲပြောင်းထားပါသည်။)*

**စိတက မဂ္ဂဇင်း၊ ၂၀၀၇၊ ဇူလိုင်လ။**

၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်တွင် ကြီးပြင်းသော သူမကို စာရေးသူ နားလည်အောင် ရှင်းပြနိုင်စရာ စကားလုံးရုတ်တရက် ရှာမတွေ့။ ထိုစဉ်မှာပင် အနားတွင် ရှိနေသော စာရေးသူထက် နှစ်အတန်ကြာစော၍ ယူကေနိုင်ငံတွင်လာ အလုပ် လုပ်နေသော မြန်မာအမျိုးသမီး ဆရာဝန် အစ်မကြီး တစ်ဦးက စာရေးသူ၏ အခက်အခဲကို ကူညီလိုက်သည်။ 'မင်း နားလည်မှာ မဟုတ်ဘူး၊ သူတို့က dedicationနဲ့ အလုပ်လုပ်နေကြတာ'။ ကောင်းလိုက်တဲ့စကား။ Dedication တဲ့။ ဒီနေ့အထိ ရင်ထဲတွင် စွဲနေသည်/ Dedicationကို ဘာသာပြန်ကြည့်မိသည်။ 'စေတနာ'လို့ ပြောရမည်လား။ ဒါလည်း မပြည့်စုံ။ 'သန္နိဋ္ဌာန်'လား၊ ဒါလည်း ရာနှုန်းပြည့်မမှန်။ မြန်မာပြည် ပြန်ရောက်၍ သူငယ်ချင်း ဆရာဝန်တစ်ဦး၏ အဖြစ်အပျက်ကလေး တစ်ခုကို ကြုံတွေ့ရသောအခါတွင် စာရေးသူ ဝေါဟာရ ရှာမရခဲ့သော အဖြေကို တွေ့ရှိခဲ့ရပါသည်။ အောက်ပါ အဖြစ်အပျက်ကလေးဖြင့် စာရေးသူမဖြေနိုင်ခဲ့သော မေးခွန်းကို အဖြေပေးလိုက်ပါသည်။ မိမိနိုင်ငံသားများနှင့် အခြားနိုင်ငံခြားသားများပါ သိမြင်ခံစားနိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com


[၁]

နှင်းမုန်တိုင်းကျနေသည်။

ညဦးပိုင်းကလည်းဖြစ် နှင်းမုန်တိုင်းကလည်း ကျနေသဖြင့် အရပ်ရှစ်မျက်နှာ ဘယ်ကိုမှ မမြင်ရအောင် ပိန်းပိတ်မှောင်နေသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းက နှင်းမုန်တိုင်းသည် အနောက်နိုင်ငံများမှ နှင်းမုန်တိုင်းနှင့်တော့ တူနိုင်မည်မဟုတ်။ နှင်းပွင့်ကလေးများကို မြင်နေရသည်မဟုတ်ဘဲ ရေခဲမှုန် ရေခဲမွှားလေးများက လေထုတွင်း အပြည့်။ လေရူးလေရိုင်းနှင့်အတူ အရပ်မျက်နှာပေါင်းစုံသို့ တရကြမ်း ကွေ့ပတ်တိုးဝှေ့နေကြခြင်း ဖြစ်သည်။

ဒေါက်တာ သိန်းလှိုင်သည် သူရပ်နေရာ ဆေးရုံပြတင်းပေါက်မှတစ်ဆင့် နှင်းမုန်တိုင်းကျနေသော ညအမှောင်ထုတွင်းသို့ ငေးမောကြည့်ရှုနေမိသည်။ ဆေးရုံပြတင်းမှန်က ထူသော်လည်း ရေခဲမှုန်ကလေးများ တရကြမ်း ကြဲပက်သံကြောင့် တိတ်ဆိတ်သော ပတ်ဝန်းကျင်တွင် ချောက်ချားဖွယ်ကောင်းသလို ထင်ရသည်။ ကြမ်းတမ်းသော လေကြောင့် ပြတင်းတံခါးတို့သည်လည်း တကျွီကျွီ မနားတမ်းမြည်နေသည်။ တဟောဟော တဟဲဟဲ လေ၏ အသံကလည်း ဆေးရုံတွင်းအထိ ထွင်းဖောက် ခြောက်လှန့်နေပြန်သည်။

ရုတ်တရက် ဆိုသလိုပင် ကိုလတ်ကို သွားသတိရမိသည်။ ကိုလတ် ဆိုသည်က ဆွေမျိုးမက ရင်းနှီးလှသော လူငယ် ဆရာဝန်ကလေးတစ်ဦး။ နှင်းမုန်တိုင်းကို ထိုစဉ်က ကိုလတ် မြင်ဖူးမည် မထင်။ သို့သော် ဆရာဝန်တို့၏ ဘဝကို ကိုလတ်က နှင်းမုန်တိုင်းနှင့် တင်စား၍ ပြောခဲ့ဖူးလေသည်။

'နှင်းမုန်တိုင်းထဲမှာ ခရီးသွားနေတဲ့ လူတစ်ယောက်ကို မြင်ယောင်ကြည့်ပါလား. . . ကိုသိန်းလှိုင်၊ ကျွန်တော်တို့ဘဝဟာ အဲသလိုပါဗျ၊ နှင်းမုန်တိုင်းထဲကလူ အရပ်ရှစ်မျက်နှာ ပျောက်နေသလိုပဲ၊ ကျွန်တော်တို့လည်း ဘာအတွက် ပင်ပန်းဆင်းရဲစွာ ရုန်းကန် ကြိုးစားနေကြမှန်း

www.burmeseclassic.com

www.burmeseclassic.com


မသိတော့ဘူး၊ လုပ်လက်စဖြစ်တဲ့ အလုပ်တစ်ခုကို မထူးဘူးဆိုပြီး ဆက်လုပ်နေကြရတာနဲ့ တူနေတယ်၊ ဆရာဝန်ဖြစ်ဖို့ဆိုပြီး ကျွန်တော်တို့ ဘာတွေ စတေးပြီး ကြိုးစားခဲ့ကြရသလဲ မှတ်မိရဲ့လား ကိုသိန်းလှိုင်၊ မအိပ်ဖြစ်ခဲ့တဲ့ ညတွေ၊ မသွားဖြစ်ခဲ့တဲ့ ပျော်ရွှင်စရာ ကိစ္စတွေ၊ အများကြီး အများကြီး၊ စိတ်စွမ်းအား၊ ကိုယ်စွမ်းအား အပြင်းအထန် ရင်းနှီးကြိုးစားခဲ့ရင်းက လူတကာတွေ ပျော်ရွှင်ရင်ခုန်ခဲ့ရတဲ့ လူငယ်ဘဝ ဆိုတာကလေးက ဖြုတ်ခနဲ ကုန်သွားခဲ့တာလေ၊ ဟော ဆရာဝန် ဖြစ်လာကြတော့ရော ဒီသံသရာက လွတ်လို့လား၊ မအိပ်ရမယ့် ညတွေ၊ မဆုံရမယ့် အပျော်ခရီးတွေ၊ ဒါတွေကပဲ စောင့်နေပြန်ရော၊ ဒီလိုဘဝမျိုးကို ၁၀ တန်းအောင်တဲ့ အချိန်တုန်းက ဘာမဆို ရွေးခွင့်ရှိခဲ့တဲ့ ကျွန်တော် တို့တွေ ဘာကြောင့် ရွေးခဲ့မိသလဲရော မှတ်မိရဲ့လား'

ပြုံးသာပြနေခဲ့မိသည်။ ကိုလတ်ရင်ထဲတွင် ဘာတွေ ခံစားနေရသည် ကို ရိပ်မိနေခဲ့သည်။

ငွေကြေးနှင့် ဂုဏ်ဒြပ် ကြွယ်ဝသော်လည်း ကျန်းမာရေးအမြင် မကြွယ်ဝသော်လည်း ကျန်းမာရေးအမြင် မကြွယ်ဝသူ မိသားတစ်စုမှ မိန်းကလေးတစ်ဦး ကလေးမွေးခဲ့သည်။ မွေးပြီး မကြာမီတွင် ကလေးက နာမကျန်းဖြစ်သည်။ ရိုးရာ အယူအဆအရ အမေရော ကလေးပါ မီးတွင်းမှ မထွက်ခဲ့ကြ။ တစ်လပြည့်၍ မီးတွင်းမှ ထွက်လာကြတော့ ကလေးအခြေအနေမကောင်းတော့။ ကိုလတ်တာဝန်ကျနေရာ ဆေးရုံသို့ ရောက်လာကြသည်။ ထိုနေ့က လူနာ ၁၀၀ ခန့် ဆေးရုံတက်သည်။ ကလေးကလည်း အခြေအနေမကောင်း၊ ကိုလတ်ကလည်း လွန်စွာ ပင်ပန်း နွမ်းနယ်နေခဲ့သည်။ သည်ကြားထဲက မီးမထွက်၍သည် သို့ဖြစ်ရမှန်း သိလိုက်သောအခါ ကိုလတ်၏ စကားလုံးများ မချိုသာမိခဲ့။ လိုသည်တို့ကို အပြည့်အဝ ဆောင်ရွက်ပေးသော်လည်း နှုတ်မချိုခဲ့ မိသည့် ကိုလတ် ကလေးကို မကယ်နိုင်လိုက်သည့်အခါတွင် တိုင်စရာ ပစ်မှတ်ဖြစ်ခဲ့သည်။ ဆက်ဆံရေးညံ့ ဝန်ထမ်းအဖြစ် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'၁၀ တန်း အောင်တဲ့ အချိန်ကတော့ တို့တစ်တွေ အသက်က သိပ်ငယ်တယ် ကုသိုလ်ရတာ မရတာ၊ အများအကျိုးပြုချင်တာ မပြုချင်တာ၊ ဒါတွေတော့ မသိနိုင်သေးဘူး၊ ငါမှတ်မိတာကတော့ ဆရာဝန်ဖြစ်ရင် အများဆုံး လေးစားခံရတယ်၊ အဲဒီအများလေးစားခံရတဲ့ ဘဝကို ငါတို့ လိုချင်ခဲ့မိတာလဲ၊ အဲဒါနဲ့ မင်းပြောတဲ့ နှင်းမုန်တိုင်းထဲက လူ ဘာဆိုင်လို့လဲ'

'အဲဒါ ပြောတာလေဗျာ၊ ငွေတို့ ရာထူးတို့ဆိုတာက ကျွန်တော်တို့မှာ ရှိတဲ့ ပင်ကို ကိုယ်ရည်ကိုယ်သွေးနဲ့ ထူးပြီး မက်စရာ မရှိလှပါဘူး၊ ဒီပြင့် အလုပ်တစ်ခုခု ရွေးခဲ့မိရင် ပိုတောင် အဆင်ပြေဖို့က များတယ်၊ ကျွန်တော်တို့က အများအတွက် လုပ်ပေးချင်တယ်၊ အတိုင်းအဆသာ ကွာချင်ကွာမယ်၊ ဆရာဝန်ဖြစ်လာမှတော့ အများအတွက် လုပ်ပေးချင်တဲ့ စေတနာကတော့ ရှိကြတာချည်းပဲ။ အဲဒီစေတနာအပေါ်မှာလည်း အသိအမှတ်ပြု ခံချင်ကြတာပဲ။ အဲဒီ အသတ်အမှတ်ပြုခံရမှုက ကျွန်တော်တို့ရဲ့ ခရီးဦးတည်ရာ တစ်ခုတည်းသော မက်လုံးကလေး ဆိုပါတော့၊ ကိုင်း. . . အခု အသိအမှတ်လည်း မပြုဘူးဗျာ၊ မှားကြည့်၊ စေတနာမှန်မှန် မမှန်မှန် ခြေလှမ်းမှားရင် တွယ်မယ်ဆိုရင် ကိုသိန်းလှိုင် ဘယ်လိုခံစားမလဲ၊ ကျွန်တော်လည်း အတိုင်ခံရပြီ၊ ကိုသိန်းလှိုင်လည်း ဂျာနယ်လစ်တစ်ယောက်က လူတစ်ယောက်တည်းရဲ့ တစ်ဖက်သတ် စကားတွေကို ပုံကြီးချဲ့ပြီး စက်သေနတ်ပစ်တာ ခံရပြီးပြီ၊ ကျွန်တော်တို့ရဲ့ ဦးတည်ရာ ပျောက်မသွားပေဘူးလား၊ နှင်းမုန်တိုင်းထဲက လူဘဝ ရောက်မသွားပေဘူးလား ကဲ'

သက်ပြင်းသာချမိသည်။ ကိုလတ် ခံစားချက်ကြောင့် အစွန်းရောက် နေပြီကို တွေးမိသည်။

'မင်းတို့တစ်တွေ ဆရာဝန် ဖြစ်ခါစက တွေ့ခဲ့တဲ့ ဆရာကြီးတစ်ယောက် မှတ်မိသေးလား၊ လူနာရှင်တွေ အိမ်လွှတ်လွှတ်ပေးကြရတာလေ'

www.burmeseclassic.com

www.burmeseclassic.com



'လုပ်ပြီ၊ ကိုသိန်းလှိုင်ကလည်း ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဆရာဝန်တွေ ရာပေါင်းများစွာ ထိတွေ့ခဲ့ကြရတာ၊ ဒီလိုလူမျိုး တစ်ယောက် နှစ်ယောက်ထက် မပိုတာ ကိုသိန်းလှိုင်အသိ၊ ဒါတွေပဲ ချဲ့ကားပြီး ရေးကြ၊ ပြောကြလွန်းလို့ အများစု ဆရာဝန်တွေ စိတ်ထိခိုက်နေရ စိတ်ဓာတ်ကျနေရတာကို ကျွန်တော်က ပြောနေတာ'

'မှန်တယ် ကိုလတ်၊ ငါပြောချင်တာလည်း ဒါပါပဲ၊ ဆရာဝန်တွေ အများကြီး၊ လေးစားမှုနဲ့ မတန်တဲ့ ဆရာဝန်က နည်းနည်းလေး၊ ဒါပေမယ့် ဒီလူတွေရဲ့ လုပ်ရပ်တွေက ရွေးပြီး လူသိများကြတော့ များအောင်လုပ်ကြတော့ ဆရာဝန်အများစုရဲ့ အကြောင်း လူတွေ မသိနိုင်ကြဘူး၊ အဲသည်လိုပဲ တစ်ဖက်က စဉ်းစားကြည့်ရင် ဆရာဝန်တွေရဲ့ အနစ်နာခံမှုနဲ့ လူနာတွေအပေါ် ထားတဲ့ စေတနာကို နားလည်တဲ့ လေးစားတဲ့ လူနာတွေ ပြည်သူတွေက အများကြီး၊ သူတို့အသံကို မင်း ဘယ်တော့မှ မကြားရဘူး။ အပုပ်ပြောတဲ့လူ အနည်းစုရဲ့ အသံတွေကိုပဲ ကြားနေရ မြင်နေရတာ၊ ဒါကိုကြည့်ပြီး စိတ်ဓာတ်ကျမယ်ဆိုရင် မင်းညံ့ရာ မကျပေဘူးလား၊ မင်းပေးတဲ့ ဥပမာ ကောင်းပါတယ်၊ တို့တစ်တွေက နှင်းမုန်တိုင်းထဲက ခရီးသွားတွေပါ။ တို့ဦးတည်ရာဖြစ်တဲ့ တို့စေတနာအပေါ် လေးစားတန်ဖိုးထားမှုကလေးတွေကို တို့ မမြင်ရဘူး၊ ဒါပေမယ့် ဦးတည်ရာ ပျောက်နေတာ မဟုတ်ဘူး ကိုလတ်၊ ရှိနေတာပဲ၊ မမြင်ရတာပါ။ မမြင်ရပေမယ့် ရှိနေတယ်ဆိုတာ သိရင် ဒီလမ်းကို ဆက်လျှောက်ရဲရမှာပေါ့။ လျှောက်ရင်းနဲ့လည်း ဆက်ပျော်နိုင်ရမှာပေါ့'

ကိုလတ် တိတ်ဆိတ်သွားခဲ့ဖူးပါသည်။

## [၂]

ပြတင်းပေါက်မှန်ကို ရေခဲမှုန်လေးများ ဝေါခနဲ ပက်ကြလိုက်သံတစ်ခု ကြောင့် ဒေါက်တာသိန်းလှိုင်၏ အတွေးများ ပစ္စုပ္ပန်သို့ ပြန်လည် ရောက်ရှိလာသည်။ ညက ပို၍ မှောင်လာသည်နှင့်အမျှ ဆေးရုံခန်း ကလေးအတွင်းသို့ပါ အအေးဓာတ် စိမ့်ဝင်ပျံ့နှံ့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ မိမိလက်ရှိ အခြေအနေကို ပြန်သတိထားမိသည်။ မြို့နယ်ဆရာဝန်တစ်ဦးဖြစ်ပေမယ့် လက်ရှိ အခြေအနေတွင် မိမိသည် လူနာတစ်ဦး။ နှစ်ရှည်လများ အလုပ်ပင်ပန်းခဲ့သည့်ဒဏ်က သည်အေးသော အရပ်ဒေသကိုရောက်မှ ငယ်စဉ်က မကြာခဏ ခံစားခဲ့ရဖူးသော ရင်ကျပ်ပန်းနာ ရောဂါကို ပြန်ထစေခဲ့သည်။ ခါတိုင်းလို လေပွန်ချဲ့ ရှူဆေးကလေးများက မတိုးချင်တော့။ ဆေးကလည်း နည်းနည်း ရှာရခက်နေသည်။ နောက်ဆုံးတော့ အကြောဆေးပုလင်းကြီး တောက်လျှောက် ချိတ်ရသည့်အဆင့်အထိ ရောက်လာ၍ မိမိ အုပ်ချုပ်သော ဆေးရုံတွင်ပင် ပြန်၍ အတွင်းလူနာအဖြစ် တက်ရလေသည်။ မိမိ ရုံးခန်းအတွင်းက လူနာစမ်း ကုတင်မှာပင် ပြန်နေနေရ၍သာ တော်တော့သည်။ နို့မို့ အတော်ပင် ရယ်စရာကောင်းနေပေလိမ့်သည်။

ခုတင်ဘက်သို့ တစ်ချက်ပြန်လှည့်ကြည့်လိုက်သည်။ ခုတင်ဘေးက တိုင်တွင် ချိတ်ဆွဲထားသော အကြောဆေး ပုလင်းလွတ်ကို တွေ့ရသည်။ ခုတင်ပေါ်တွင်တော့ မနက်ကမှ ရသော သံကြိုးစာ။

'အစ်ကို၊ အစ်ကို့မိဘတွေ သိပ်စိတ်ပူနေကြတယ်၊ မျိုး နက်ဖြန် ရောက်မယ်'

မျိုးဆိုသည်က ငယ်ငယ်ကတည်းက မောင်နှမလိုကြီးပြင်းခဲ့ကြသော မိန်းကလေး၊ မနက်ဖြန် သူ ရောက်မည်၊ မိမိကို စိတ်ပူသော်လည်း နိုင်ငံခြားမှလည်း ပြန်မလာနိုင်ကြသော မိမိ မိဘများ ကိုယ်စားလာ၍ သတင်းမေးမည်။

ရင်က နွေးထွေးစွာ မသိမသာ ခုန်လာမိပြန်သည်။ မျိုးနှင့် မိမိကို ငယ်စဉ်ကပင် နှစ်ဖက်မိဘများ သဘောတူခဲ့ကြသည်။ လူငယ်များကြောင့် ရွှေ့ဆက်၍ ဘာမျှ အကောင်အထည် ဖြစ်မလာခဲ့ခြင်းသာ။ ဒေါက်တာ သိန်းလှိုင်ကလည်း နေ့စဉ် လူနာများ တာဝန်များ၊ မကြာခဏ ပြောင်းရွှေ့ပြီး နေရာသစ်တွင် တိုးတက် ဖြစ်ပေါ်စေချင်သည်တို့ကို အကောင်အထည် ဖော်နေရခြင်းများနှင့်သာ နစ်မြုပ်နေခဲ့သည်။ မျိုးကလည်း ပွင့်လင်းပြတ်သားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို့ကို မျိုး သံယောဇဉ် သိပ်ကြီးပါတယ် အစ်ကိုရယ်၊ အစ်ကို့ရဲ့ ပါရမီဖြည့်ဖက်လုပ်ဖို့ ဆိုတာတော့ မျိုး သတ္တိမရှိဘူး၊ အစ်ကိုလည်း အစ်ကို့ဘဝနဲ့ အစ်ကို နေသားကျနေပြီ၊ ဒီပုံစံကို ပြင်နိုင်မှာ မဟုတ်တာ'

မျိုးအပေါ် ထားမိခဲ့သမျှသော ခံစားချက်တို့ကို ညီမငယ်လိုလား၊ သူငယ်ချင်းလိုလား၊ သည်ထက်များ ပိုနေမိလေရော့သလား တွေဝေ စဉ်းစားနေဆဲမှာပင် မျိုး စကားတို့ကြောင့် အာစေးမိခဲ့ဖူးလေသည်။

ဘာပဲပြောပြော မနက်ဖြန် သူ ရောက်မည်။ မိဘတွေကြောင့် လိုက်လာသလား။ သူကိုယ်တိုင် တုန်လှုပ်စိတ်ပူမိ၍ လိုက်လာသလား။ နောက် ၁၂ နာရီကြာလျှင် သိရတော့မည်။ သူ့အသက် ၃၀၊ ကိုယ့် အသက် ၃၅ နှစ်အထိ ဘာကြောင့် အိမ်ထောင်မပြုဖြစ်ကြသေးသည် ကိုတော့ အချင်းချင်း မေးဖြစ်ကြမှာ သေချာသည်။ သည်လိုတော့လည်း မနက်ဖြန်သည် ရင်ခုန်ချင်စရာပါ။

[၃]

ပြတင်းပေါက်ဘက် တစ်ခေါက် ပြန်လှောက်လာရင်းက ပိန်းပိတ်နေသော အမှောင်ထုအတွင်းက ရေခဲမှုန်ကလေးများကို ငေးကြည့်နေမိပြန်သည်။

ရုတ်တရက် အသက်ရှူမဝသော ခံစားချက် ပြန်ပေါ်လာသည်။ ရင်ကျပ်ထလာပြန်ပြီဟု သတိထားမိသည်။ မကြာမီတွင် တရှိုက်ရှိုက် မြည်သော အသက်ရှူသံတို့ကို ကြားရတော့မည်။

စားပွဲပေါ်က လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ ဆေးရုံ အလုပ်သမားကလေး ပြေးဝင်လာသည်။ 'ဆရာ' ဟု ထူးသည်။

'ဆရာမ ရှိလားကွ'

တာဝန်ကျ ဆရာမကိုခေါ်၍ အမိုင်နိုအကြောဆေး ပြန်ထည့်ရမည်။ ဆရာဝန်က မိမိအပြင် တစ်ဦးသာရှိသည်။ ထိုဆရာဝန်ကလေးခမျာလည်း နေ့တိုင်း ဂျူတီဆင်းရ၍ ပင်ပန်းနေပြီ။ မိမိကိုယ်တိုင်ပင် အိမ်ပြန်ခိုင်း လိုက်သည်။ အရေးကြီးမှ လိုက်ခေါ်ခိုင်းမည်ဟု မှာလိုက်သည်။ သည်

www.burmeseclassic.com

www.burmeseclassic.com


ရာသီဥတုနှင့်တော့ အရေးကြီးတောင် သွားခေါ်နိုင်ဖို့ တယ်မလွယ်ပါ။

'ဆရာမ မွေးခန်းထဲမှာ ဆရာ၊ လူနာတစ်ယောက် ကလေး မမွေးနိုင်လို့တဲ့'

သမားစိတ်ကို မောင်းကွင်းဆွဲညှစ်ချလိုက်သလို ခံစားလိုက်ရသည်။

'ဟေ ဘယ်လောက်တောင် ကြာနေပြီလဲ'

'ညနေတည်းကတဲ့ ဆရာ၊ မွေးနိုးမွေးနိုးနဲ့ စောင့်နေတာတဲ့၊ ညနေက ဆရာဝန်လာတုန်းကတော့ 'ဆင်တို' ထည့်သွားသေးတယ်တဲ့'

'အေး ဒါဖြင့် ငါသွားကြည့်လိုက်မယ်၊ ဒီဆရာမကလည်း ငါ ရှိနေတာ ခေါ်ပြတာ မဟုတ်ဘူးကွာ'

[၄]

လေပွန်ခဲ့ ရှူဆေးဘူးငယ်ကို ၂ ချက် ရှူသွင်းပြီးမှ ဆရာမကလေးကို မေးလက်စ မေးခွန်း ဆက်ဖြစ်သည်။

'ခုဘယ်လောက်ပေးနေလဲ'

'သာတီးဒရော့ပါ မိနစ် ဆရာ၊ အပေါ်က စမ်းတာတော့ မာလာတယ်၊ အောက်က စမ်းတော့ အမြင့်ကြီး လိုသေးတယ်'

'ကလေးနှလုံးခုန်တာက'

'လွန်ခဲ့တဲ့ နာရီဝက်ကတော့ ၁၈၀ ဆရာ၊ နောက်ပိုင်း နားမထောင်ရသေးဘူး'

'ဒါဖြင့်ပေး၊ ကျွန်တော် နားထောင်ကြည့်ဦးမယ်'

ချွေးစေးများပြန်အောင် လူးလိမ့် ညည်းတွားနေသော မွေးလူနာ၏ ဗိုက်ပေါ်သို့ ကလပ်ခွက်ကလေးချ၍ နားကပ်လိုက်သည်။ ဆူညံမြန်ဆန်သော ကလေးနှလုံးခုန်သံက အချက်ပေး ခေါင်းလောင်းပေါင်း များစွာကို တစ်ပြိုင်နက် တီးခတ်လိုက်သလို ရှိလေသည်။

ခွက်ကို ပြန်ချ၍ ဆရာမကလေးကို လှမ်းအမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခွဲခန်းပြင်တော့ ဆရာမ၊ ချက်ချင်း ဖွင့်ရအောင်၊ ဒစ်စထရက် ဝင်နေပြီ'

ဆရာမကလေး တွေဝေ တုံ့ဆိုင်းစွာ ပြန်မေးသည်။

'ဟိုဆရာ့ကို သွားခေါ်ရမှာ နှင်းမုန်တိုင်းက သိပ်သည်းနေတယ်နော် ဆရာ'

'လုပ်စမ်းပါ၊ ကျွန်တော်ရှိနေတာပဲ ဥစ္စာ၊ ကျွန်တော်နဲ့ ဆရာမ ဖွင့်ကြတာပေါ့'

## [၅]

ခွဲခန်းဝတ်စုံ အပြည့်အစုံ ဝတ်ဆင်ပြီး လက်အိတ်စွပ်ပြီးခါစ အချိန်တွင်ပင် ဒေါက်တာသိန်းလှိုင်၏ အသက်ရှူသံက တရှိုက်ရှိုက် စမြည်လာသည်။

ခေါင်းစွပ်နှင့် မျက်နှာဖုံးကြားတွင် ကွက်ကွက်ကလေး ပေါ်နေသည့် ဆရာမကလေး၏ မျက်လုံးတစ်စုံက လှည့်လာသည်။

'ဆရာ . . . ဆေးအရင်ထိုးလိုက်ရအောင်၊ ပြီးမှ လက်ပြန်ဆေးပေါ့'

ဒေါက်တာသိန်းလှိုင် ခေါင်းခါပြသည်။

သည်မျှအချိန်မရ၊ လူနာက အပူချိန်တက်နေသည်။ ကလေး အသက်ရော အမေအသက်ပါရဖို့ ဘယ်နှမိနစ်ပဲ ရနိုင်တော့သည်ကို ဘယ်သူမှ မပြောနိုင်။

'စမယ် . . . ရယ်ဒီ'

ဆရာမကလေး သက်ပြင်းချ၍ လူနာဘေးသို့ ကပ်သည်။

## [၆]

ကလေး၏ အောင်မြင်စူးရှသော ငိုကြွေးသံက တရှိုက်ရှိုက် မြည်နေသော ဒေါက်တာသိန်းလှိုင်၏ အသက်ရှူသံကို ဖုံးလွှမ်းသွားသည့်အခါတွင် မွန်းကျပ်နေသော ဝေဒနာတို့ သိသိသာသာ လျော့ပါးသွားသလောက် ခံစားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကလေးကို အကူသူနာပြုလက်ထဲထည့်ပေးပြီးနောက် သားအိမ်ကို စ၍ ချုပ်သည်။ ဒုတိယအလွှာကို ချုပ်နေစဉ်မှာပင် မိမိ အသက်ရှူသံ ပိုကျယ် ပိုမြန်လာကြောင်းနှင့် မောဟိုက်ပင်ပန်းသောဒဏ် ပြင်းထန်လာနေပြီ ဖြစ်ကြောင်း တစ်စတစ်စ ပို၍ သတိထားမိလေသည်။

ဆရာမကလေးက တုန်ယင်သော အသံနှင့်ဆိုသည်။

'ဆရာ ဆေးအရင် ထိုးလိုက်ပါ ဆရာရယ်၊ လူနာစိတ်ချရပါတယ်'

စိတ်ထဲက ပြုံးရင်းက ဆက်ချုပ်နေမိသည်။ သွေးထွက် အများဆုံးနေရာ နိုင်အောင် ထိန်းနိုင်ပါမှ၊ စိတ်ချရမည့်နေရာ။ ဘယ်လိုလုပ် ခဏ ရပ်မှာတဲ့လဲ။

ကလေးငယ်၏ အော်ဟစ်ငိုကြွေးသံကို အခန်းတစ်ဖက်ထောင့်မှ ကြားနေရဆဲ။ တစ်ချက်တစ်ချက်တွင်တော့ မိုက်ခနဲ မိုက်ခနဲ ဖြစ်ချင်၏။

[၇]

အပေါ်ဆုံး အရေပြားကို ချုပ်နေစဉ်တွင်တော့ လက်ထဲက ညှပ်ကိုပင် ညှစ်ကိုင်ရန် အားမရှိတော့သလို ခံစားလာရ၏။ အသက်ရှူသံကလည်း မြန်သထက် မြန်လာသည်။ သူနာပြုဆရာမကလေး၏ လက်အိတ်စွပ်ထားသော လက်များက ချုပ်ကြိုးကလေးများကို တုန်ယင်စွာ လိုက်၍ ဖြတ်တောက်နေ၏။

'ဆရာ ထွက်တော့၊ ဆရာမပါထွက်၊ ဆရာ့ကို ဆေးထိုး၊ ကျွန်တော် ရောက်ပြီ' ခွဲခန်း အပေါက်ဝမှ ဆရာဝန်ကလေး၏ အော်သံကို ကြားရသည်။ နှင်းမှုန်တိုင်း ကြားထဲမှာပင် တစ်ယောက်ယောက် ခက်ခက်ခဲခဲ သွားခေါ်လာခဲ့တယ် ထင်တယ်ဟု တွေးလိုက်မိသေးသည်။

ဆရာဝန်ကလေးက ခွဲခန်းဝတ်စုံ ဝတ်ပြီး အပြေးတစ်ပိုင်း ဝင်လာနေသည်။ သို့သော် ဒေါက်တာသိန်းလှိုင်က နောက်ဆုံးအပ်တစ်ချက်ကို ထိုးနေလေပြီ။ မထူးတော့ဟု ပြီးအောင် ချုပ်လိုက်သည်။ ညှပ်များကို

www.burmeseclassic.com

www.burmeseclassic.com


ဗန်းထဲသို့ ပစ်ချလိုက်သည်။ အလုပ်သမားအား မေ့ဆေးငွေ့ပေး ကိရိယာတို့ကို ဖယ်ရှားရန် လက်ပြလိုက်သည်။

လူနာက ညည်းညူ နိုးကြားလာသည်။

မောပန်းနွမ်းလျှစွာ အသက်ရှူနေရင်းက လက်အိတ်တို့ကို ကမန်းကတန်း ဆွဲချွတ်လိုက်သည်။ ဆရာမကလေးက ကျောမှ အပေါ်ခြုံဝတ်ရုံ၏ ကြိုးတို့ကို ဖြေချပေးလိုက်သည်။ လက်ပြတ်အကျီ ခွဲခန်းဝတ်ဘောင်းဘီနှင့်ပင် ဆေးထိုးခံရန် ကုလားထိုင်ရှိရာသို့ လျှောက်လာသည်။ ဆရာမကလေးက ဘေးကလာ၍ တွဲပေးရင်းက ဒေါက်တာသိန်းလှိုင်၏ လက်သည်းများ ပြာနှမ်းနေသည်ကို အလန့်တကြား သတိပြုမိလေသည်။

ဆရာဝန်ကလေးက အကြောဆေးကို ကမန်းကတန်း စုပ်၍ ဒေါက်တာသိန်းလှိုင်ဆီ အပြေးလိုက်လာသည်။ ဒေါက်တာသိန်းလှိုင် ကုလားထိုင်ဆီ အရောက်မှာပင် ဆရာဝန်ကလေးက သူ့ဘေးသို့ ရောက်လာသည်။ သို့သော် ဒေါက်တာသိန်းလှိုင်၏ ဒူးများ ညွှတ်ကျသွားသည်။ ဆရာမကလေး ဆွဲထိန်းပေးမယ့် သူ့အားနှင့် မနိုင်လိုက်။ လူက တစ်ပတ်လည်သွားသည်။ လက်တစ်ဖက်က ဆရာဝန်ကလေး၏ ဆေးထိုးအပ်ကိုင် လက်ကို ရိုက်မိသည်။

'ဟာ'

ခွမ်ခနဲ ဖန်သားကွဲရှသံကို ကြားရပြီး လူက ကြမ်းပြင်ပေါ်သို့ ပုံလဲကျသွားသည်။ အေးစက်သော ကြမ်းပြင်၏ အထိအတွေ့ကို သတိမူမိနေနိုင်သေးသည်။

'အောက်ဆီဂျင် အောက်ဆီဂျင်'

ဆရာဝန်ကလေး၏ အော်ဟစ်သံကို ကြားရသည်။ ကလေးငယ်၏ စူးစူးဝါးဝါး အော်ဟစ် ငိုကြွေးသံကလည်း ဆက်လက် ထွက်ပေါ်နေမြဲ။

ကလေးကောင်းနေသားပဲ။ အောက်ဆီဂျင်က ဘာလို့ တောင်းနေပါလိမ့်ဟု တွေးကြည့်နေရင်းက အမှောင်တိုက်က ပိန်းပိတ်ဖုံးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အောက်ဆီဂျင်မှာ သူ့အတွက်ပါလားဟူသော အတွေး ဒေါက်တာ သိန်းလှိုင်၏ သိစိတ်ထဲသို့ ဝင်ချိန်မရလိုက်ပါ။

**စကားချပ်**


*သည်ဝတ္ထုပါ ဖြစ်ရပ်တို့မှာ တကယ့်အဖြစ်အပျက်များ အတိအကျ ချွတ်စွပ် မဟုတ်ကြပါ။ သို့သော် သည်ဝတ္ထုထဲမှ ဒေါက်တာ သိန်းလှိုင်လို ဆရာဝန်ပေါင်း များစွာ တကယ်ရှိနေကြပါတယ်။ ဆင်တူရိုးမှား ဖြစ်ရပ်များလည်း တကယ် ဖြစ်နေကြပါသည်။ ထို 'ဒေါက်တာသိန်းလှိုင်' များကို သည်ဝတ္ထုဖြင့် ဦးညွှတ် အပ်ပါသည်။*

**သုစရိုမ်းသာ မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၄။**

○

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

သန်းခေါင်ယံလောက်ပဲ ဖြစ်လိမ့်မည်။

ဘယ်ဘက်ကို ကြည့်ကြည့် မှောင်ပျပျ။ မှုန်ရေးရေးလေးသာ မြင်ရသည်။

သစ်ရွက်လေတိုးသံ တရှဲရှဲကြောင့် မြို့ပြမှာတော့ မဟုတ်နိုင်ဟု ထင်သည်။ တောထဲမှာ မဟုတ်လျှင် တောင်မှ ရွာပြင်လိုနေရာမျိုး ဖြစ်ရမည်။ ခွေးအူသံ၊ ကြက်တွန်သံ၊ ဘာသံဆို ဘာသံမျှ မကြားရ။ ငါ တကယ့် တောကြီးမျက်မည်းထဲများ ရောက်နေရော့လေသလား။ ခေါင်းပေါ်ကို မော့ကြည့်တော့ နက်မှောင်သော ကောင်းကင်မှာ လခြမ်းကွေးသေးသေးလေးကို မြင်ရသည်။ မိုးအုံ့နေသည်ထင့်။ ကြယ်တစ်ပွင့်မျှပင် မမြင်ရ။

ဟော. . .

ဟိုးရှေ့မှာ တောင်ကုန်းမို့မို့ကလေး။ မြက်ခင်းစိမ်းကလေး လွှမ်းလို့ လရောင်စတိမျှ ဆမ်းထားသဖြင့် ရေးတေးတေးတော့ မြင်ရသည်။ အလို၊ အပေါ်မှာလည်း ထုံးဖွေးဖွေးနှင့် စေတီကလေးတစ်ဆူ။ ဒါဆို ရွာနှင့်တော့ သိပ်ဝေးဟန်မတူ။

ဒါပေမဲ့ ဆီမီးရောင်၊ လျှပ်စစ်မီးရောင်၊ ဘာမီးရောင်မျှ ပူဇော်ထားတာ မမြင်ရ။ ဘာပဲဖြစ်ဖြစ် ချောက်ချားစရာကောင်းလှသည့် အမှောင်ထုထဲမှ သစ်ရွက်လေတိုးသံ တရှဲရှဲနှင့်။ စာလဆင် စေတီလေး ဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးညင်သာပျံ့လွင့်လာသည့် ဆည်းလည်းသံကလေးများက အားငယ်နေသော စိတ်ကို အနည်းငယ် ပြန်အားပြည့်စေသည်။

မှောင်ထဲတွင်ပင် လက်နှစ်ဖက်ကို ရှေ့မှာ အကာအရံသဖွယ်ထား၍ စေတီလေးရှိရာသို့ ဦးတည်သွားနေမိသည်။ ကိုယ့်လက်ကိုလည်း ကိုယ်မမြင်ရ။ ကိုယ့်ကိုယ်ကိုယ်လည်း ငုံ့ကြည့်၍လည်း ဘာမျှမထင်ရှား။ ထုံးဖြူဖြူ သုတ်ထားသော စေတီကလေးသာ ညအမှောင်ထဲမှာ မသဲမကွဲ မြင်နေရသည်။ ဘယ်လို ဖြစ်ရတာပါလိမ့်။ နောက်ဆုံး သူ မှတ်မိသည့်အချိန်က ရန်ကုန်မြို့လယ်ကောင်ရှိ တိုက်ခန်းတစ်ခန်း အတွင်းတွင် သူ ပန်းချီဆွဲနေသည် မဟုတ်ပါလား။

[၂]

တစ်ခါမျှ မမြင်ဖူးသေးသည့် မိန်းကလေးတစ်ယောက်၏ ပုံတူကို ဆွဲနေတာပါ။ တစ်ခါမျှ မမြင်ဖူးသော မိန်းကလေးပါဆိုမှ ဘယ်လိုလုပ် ပုံတူဖြစ်နိုင်ပါမည်နည်း။ ဟုတ်သည်။ တကယ်တော့ အကြောင်း မည်မည်ရရ မရှိဘဲ သူ့မျက်စိထဲ အာရုံထဲတွင် မကြာခဏ ပေါ်ပေါက် လာတတ်သည့် မျက်နှာလှလှလေးတစ်ခု၏ ပုံကို တတ်နိုင်သလောက် အာရုံဖော်ကြည့်ပြီး စိတ်ကူးနှင့် ပုံတူဆွဲနေမိခြင်း ဖြစ်သည်။ ပန်းချီ၊ ဓာတ်ပုံတို့တွင် မြင်ရနေကျ မိန်းမလှကလေးပေါင်းများစွာ၏ မျက်နှာ အနေအထားတို့ ပေါင်းစပ်စုဝေး၍ ပေါ်လာသော ပုံသေနည်းဝင် မိန်းမလှတစ်ဦး၏ မျက်နှာ မဟုတ်။ သည်မျက်နှာတွင် ထူးခြားသော ကိုယ်ပိုင်ဟန်ပန် အနေအထား ရှိသည်။ ပြီးတော့ ထူးခြားလွန်းသော ရင်းနှီးမှု ရှိသည်။

ဘဝအဆက်ဆက် . . .။

ဟုတ်သည်။ ဘဝအဆက်ဆက်က ရင်းနှီးမှုမျိုးပါ။

ဗုဒ္ဓဘာသာကို မိရိုးဖလာအဆင့်ထက် အနည်းငယ် ပို၍ စိတ်ဝင် တစား လေ့လာဖူးသူပီပီ သံသရာကို သူ ယုံသည်။ သံသရာခရီး၏

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာတွင် သည်မိန်းမလှကလေးနှင့် သူ အကျွမ်းတဝင် ရှိခဲ့ဖူးသည်ဟု ခံစားနေရသည်။ ရင်းနှီးသည့် သူငယ်ချင်းများကို ပြောပြစဉ်က ဟားကြသည်။

'အိပ်ရေးပျက်သိပ်မခံနဲ့ သူငယ်ချင်း၊ မင်း ပေါက်သွားနိုင်တယ်'

'ငါ့မှာ စိတ်ဓာတ်မကြွဲခိုင်တဲ့ လက္ခဏာတစ်ခုမှ မရှိဘူး၊ ဟေ့ကောင်၊ အခုက ငါ တကယ် အဲသလို ခံစားနေရတာ'

'သံသရာဆိုတာ အရှည်ကြီးကွ၊ သံသရာမှာ တွေ့ခဲ့၊ ဆုံခဲ့၊ ရင်းနှီးဖူးခဲ့တဲ့ လူတွေသာဆိုရင် ဘယ်သူမှတောင် လွတ်မှာ မဟုတ်ဘူး၊ ဒီတစ်မျက်နှာတည်း ရွေးရွေးပြီး မြင်နေစရာလား'

'ဘဝ အနီးအဝေးဆိုတာ ရှိသေးတယ်တဲ့ကွ၊ ဒါ တော်တော် နီးတဲ့ ဘဝက ရင်းနှီးဖူးခဲ့တဲ့ မျက်နှာကလေးပဲ ဖြစ်ရမယ်'

'တော်. . . တော်. . . ဟေ့ကောင်၊ အိပ်မပျော်ရင် အိပ်ဆေးလေး ဘာလေး သောက်အိပ်၊ တရားစာအုပ်ကလေး ဘာလေးဖတ်'

'ဖတ်ပါတယ်၊ တရားစာအုပ်တွေ ဖတ်လို့ သံသရာ ဆိုတာကို ယုံတာပေါ့'

'ဟ. . . ကောင်ရ၊ တို့ဘုရားက သံသရာဆိုတာကို ယုံပြီးတော့ သံသရာထဲမှာ ဆုံခဲ့ဖူးတဲ့ သံယောဇဉ်ကြိုးကလေးတွေ လိုက်ရှာပြီး ပြန်ဆက်ခိုင်းနေတာ မဟုတ်ဘူးလေကွာ၊ ပြတ်အောင် ဖြတ်ခိုင်းတာ၊ မင်း အဲသလို အစွဲအလမ်း လွန်နေတာတွေက တရားတော်နဲ့ ဆန့်ကျင်ဘက်ပဲ'

သူငယ်ချင်းစကားက ချက်ကောင်းကို တည့်တည့်မှန်နေ၍ သူငြိမ်နေလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် သူ မြင်မြင်နေသော မျက်နှာကလေးမှာ တကယ်ရှိသော မျက်နှာပါပဲ။ သူ့စိတ်က စိတ္တဇက လုပ်ကြံဖန်တီးထားသော မျက်နှာမဟုတ်ဆိုတာ သူ့ကိုယ်သူ သက်သေပြချင်၍ ထိုမျက်နှာကလေးကို ညက သူ ပုံတူရေးဆွဲမိသည်။ ပြီးခါနီးဆဲဆဲ

www.burmeseclassic.com

www.burmeseclassic.com



တွင်တော့ မီးပျက်သွားသည်။ မီးစက်သွားနှိုးရမှာကလည်း ညဉ့်နက်နေပြီ ဖြစ်၍လက်နှိပ်ဓာတ်မီးနှင့်ပင် သူ အိပ်ရာဝင်ခဲ့သည်။

ရုတ်တရက်တော့ အိပ်မပျော်နိုင်ခဲ့။ ဟိုလိုမ့် ဒီလူးလုပ်နေရင်း ခဏနေတော့ ဘယ်ဘက်နံရိုးကြားက စူးစူးဝါးဝါး အောင့်လာသည်။

မဖြစ်နိုင်။ ငါ့အသက်က ၂၈ နှစ်။ နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ရမည့်အရွယ်မှ မဟုတ်တာ။ တစ်ညနေလုံး ပန်းချီမတ်တတ်ရပ် ဆွဲနေခဲ့၍ ကြွက်သားအချို့ ကိုက်ခဲတာသာဖြစ်ရမည်။ ဖက်ခေါင်းအုံးကို နာသော ရင်ဘတ်အောက်မှ ခု၍ မျက်စိဇွတ်မှိတ်လိုက်တော့ အိပ်ပျော် သွားသည်။

[၃]

ဒါက သူ နောက်ဆုံး မှတ်မိခဲ့တာ။

ယခုတော့ လျှပ်စစ်မီးမရှိ၊ မီးတိုင်မရှိ၊ လရောင်ကလေး မဆို စလောက် ဖျန်းထားသော မှောင်ရီရီ၊ မှုန်ပျပျ စေတီကလေးရှေ့ ရောက်နေခဲ့လေပြီ။

ငါ တကယ်ပဲ နှလုံးရောဂါနဲ့ ကွယ်လွန်ပြီး ဘဝကူးသွားခဲ့တာလား။

ဒါလည်း သိပ်မဖြစ်နိုင်။ တရားစာအုပ်တွေ အဖတ်များခဲ့သဖြင့် သည်သာသနာကို လူ့ဘဝနှင့် နှစ်ခါပြန် ကြုံတွေ့ရဖို့ဆိုတာ ဘယ်လောက် ခက်ခဲသည်ဆိုတာ သူ သိသည်။ သည်လို ကြုံတွေ့ရဖို့ လုံလောက်သော ကုသိုလ်ဝမ်းစာလည်း သူ့မှာ မရှိတန်ရာဟု ထင်သည်။

ဘယ်သူက ငါ လူ့ဘဝပါပဲလို့ ပြောလို့လဲ။

အလန့်တကြား ကိုယ့်လက်ကို ကိုယ်မြှောက်ကြည့်မိသည်။

အလင်းရောင်ကြောင့်ပဲလား မသိ။ ဘာမျှ မမြင်ရ။

ရင်ထဲက လှပ်ခနဲ ခံစားရပြီး မျက်လုံးကို ဇွတ်အတင်း ဖွင့်ကြည့် သည်။

www.burmeseclassic.com

www.burmeseclassic.com



[၄]

'သတိရပြီလား. . . ကိုမင်းဟန်'

အသက် ၅၀ ခန့် ဂျူတီကုတ်ဝတ်ထားသည့် ဆရာဝန်ကြီးတစ်ဦးက ပြုံး၍ မေးသည်။ သူ့နောက်မှာလည်း ဂျူတီကုတ်ဝတ် ဆရာဝန်၊ ဆရာမကလေးများနှင့် ထဘီအနီဝတ် သူနာပြုဆရာမကလေးများ ပါလာသည်။

သတိရ. . .။ ငါများ သတိလစ်နေလို့လား။

'ခင်ဗျား. . . ဘာမှမမှတ်မိဘူးထင်တယ်၊ ခင်ဗျား အိပ်ရာဝင်သွားပြီး မနက်ကျတော့ နိုးမရလို့ဆိုပြီး ခင်ဗျားနဲ့ အတူနေတဲ့ ညီလေးက ခင်ဗျားကို ဆေးရုံခေါ်လာတာ၊ ခင်ဗျား အခု ဆေးရုံရောက်နေတာ မနက်အစောကြီးကတည်းက၊ စမ်းကြည့်ရတာတော့ နှလုံး နည်းနည်း ရောင်နေသလိုပဲ၊ နားနားနေနေတော့ နေဖို့လိုမယ်၊ သိပ်တော့ စိတ်ပူစရာမရှိပါဘူး၊ အခု စကားပြောနိုင်လား'

ကြိုးစား၍ ပါးစပ်လှုပ်ကြည့်လိုက်သည်။

'ဟုတ်ကဲ့. . . ဆရာကြီး'

'ကောင်းတယ်၊ ကောင်းတယ်၊ အသာလေး ပြန်နားနေလိုက်ဦး'

ဆရာဝန်ကြီးက ဆက်လျှောက်သွားသည်။ နောက်က ပါလာသော ဆရာဝန်ကလေးများထဲက ဆရာဝန်မလေး တစ်ယောက်က သူ့ဘေးက အပြတ်ငုံ့ကြည့်၍ ပြုံးပြသည်။

'အကြာကြီးတော့ ပြန်အိပ်မသွားနဲ့ဦးနော်'

သွားတက်ကလေးနဲ့။ ဒီသွားတက်ကလေးကို မြင်ဖူးလိုက်တာ။

[၅]

သွားတက်လှလှကလေးပေါ်အောင် ပြုံး၍ 'ဟုတ်ကဲ့. . . မှတ်မိပါတယ်' ဟု ပြောလိုက်သော စကားကလေးတစ်ခွန်းနှင့်ပင် ရင်တစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေး ကြည်နူးသွားစေနိုင်သည့် ရင်းနှီးမှုမျိုး လွှမ်းခြုံခံစားမိစေရလောက်အောင် သည်ဆရာဝန်မလေးမှာ ဘယ်လို တန်ခိုးသတ္တိတွေများ ပိုင်ဆိုင်ထားနေခဲ့ပါသလဲ။

ပြီးတော့ သည်ဆရာဝန်မလေးနှင့် သူ ဆုံတွေ့ခဲ့ရသည်က တစ်ပတ်သာ ကြာသည်။ တစ်ပတ်အတွင်းမှာလည်း ဆရာဝန်ကြီး လူနာလှည့်လည်ကြည့်ရှုစဉ် နောက်က လိုက်လာတာရယ်၊ ညပိုင်းတွေမှာ သူမ တာဝန်ကျတဲ့ရက်၊ အင်း. . . မှတ်မှတ်ရရတော့ နှစ်ရက်သာရှိသည်။ အဲသည်ရက်တွေမှာ သူမနှင့် သူနာပြုဆရာမကလေးတစ်ဦး သူ့ကို လာစမ်းသပ်တာရယ် ဒီလောက်ပဲ ရှိသည်။ ပြီးတော့ ဒါက တစ်လလောက် ကြာခဲ့ပြီ။

တစ်ခုတော့ ရှိသည်။ သူ့ဆီ လာတိုင်း လာတိုင်းမှာတော့ သည်ဆရာဝန်မလေးက အလွန်ရင်းနှီးသည့် ဆွေမျိုးမိတ်ဆွေတို့ကိုမှ မိန်းကလေးတို့ ပြုံးပြလေ့ရှိသည့် အပြုံးလှလှကလေးနှင့် အမြဲနှုတ်ဆက်တတ်သည်။ ဒါကလည်း လူနာတိုင်းကို သည်လိုပဲ အားပေးနေကျ ဖြစ်ကောင်း ဖြစ်နိုင်သည်။

ပြီးတော့ ယခု ဆုံတွေ့ရသည့်နေရာက အဝေးပြေးကားလမ်းမကြီးတစ်ခုပေါ်က လူသူရှုပ်ထွေးသော စားသောက်ဆိုင်တစ်ခုထဲမှာပါ။

'ဒီကားနဲ့ပဲ ပါလာတာလား'

'ဟုတ်တယ်၊ နောက်က ကြည့်နေတာ၊ ဒေါက်တာလို့တော့ အထင်သား၊ နှုတ်ဆက်ရမှာ မမှတ်မိရင် ဒုက္ခလို့ စဉ်းစားနေတာ'

သွားတက်ကလေးပေါ်အောင် ရယ်ပြန်သည်။

'ဒေါက်တာလို့ မခေါ်ပါနဲ့ရှင်၊ ကျွန်မနာမည် ခင်ခင်ဦးပါ၊ ခင်ဦးလို့ ခေါ်ကြပါတယ်၊ ပြီးတော့ ကိုမင်းဟန် နောက်က ကြည့်နေကတည်းက ကျွန်မ သိနေတာပါ'

ဘုရားရေ. . .၊ ကိုမင်းဟန်တဲ့။ နောက်က ကြည့်နေကတည်းက . . .။

www.burmeseclassic.com

www.burmeseclassic.com



သွားတက်လှလှကလေးနှင့် ခင်ခင်ဦး၏ မျက်နှာကလေးကို ငေးကြည့်ရင်းက သူ့ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။

သူ့ရန်ကုန်တိုက်ခန်းက ဧည့်ခန်းထဲ၌ ဘောင်တွင် ချိတ်ထားဆဲ လက်စမသတ်ရသေးသော ပန်းချီကားတစ်ချပ်ရှိသည်။ ထိုပန်းချီကား ထဲတွင် မိန်းမလှကလေးတစ်ဦး ရှိသည်။ ဒီပုံကို ကြည့်ကြည့်နေရင် အစ်ကို ဒီလိုပဲ မြန်မြန်ဖြစ်ဦးမှာပဲဟု ဆိုကာ သူ့ညီက ပန်းချီကားကို ပိတ်စဖြင့် အုပ်ထားလိုက်ပြီ ဖြစ်သော်လည်း ထိုပန်းချီကားထဲက မိန်းမလှကလေးတွင် အလွန်လှပသော သွားတက်ကလေးတစ်စုံ ရှိသည်ကို သူ ကောင်းကောင်း မှတ်မိသည်။

'အခုရော. . ပန်းချီ သွားဆွဲမလို့ ထွက်လာတာလား'

လက်ဖျားခြေဖျားများ အေးစက်သွားသည်။ သူက ပန်းချီဆရာ တစ်ဦး မဟုတ်။ ဝါသနာအလျောက် ပန်းချီဆွဲတတ်သူသာ ဖြစ်သည်။ သူ ပန်းချီဝါသနာကို ဆရာဝန်ကြီးကိုရော၊ သည်ဆရာမကလေးကိုပါ ပြောမပြဖူးတာကတော့ သိပ်သေချာသည်။

သူ သတိလစ်နေတုန်းကများ ညီငယ်က ပြောပြထားခဲ့သလား။

ဒါဆိုရင်လည်း သည်လောက် ကြာသည့်တိုင် သည်ဆရာဝန်မ ကလေးက ဘာကြောင့် မှတ်မိနေရပါသနည်း။ သူမတွင် လူနာ သူတစ်ယောက်တည်း ရှိသည်မှ မဟုတ်တာ။ ပြီးတော့ နောက်က ကြည့်နေကတည်းက သိတာပါတဲ့။ ကားပေါ်မှာ သူမ နောက်လှည့် ကြည့်တာ တစ်ခါမျှ သတိမထားမိလိုက်။

ဟုတ်နေပြီနဲ့ တူပါတယ်။

[၆]

'မစောလွန်ဘူးလား. . . အစ်ကိုရယ်၊ အစ်ကိုနဲ့ ခင်ဦး သိတာမှ ၆ လပဲ ရှိသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com


အအေးခန်းတပ် စားသောက်ဆိုင်အလယ် စင်မြင့်ပေါ်တွင် တိုးတိုးညင်ညင်သာသာ ငြိမ့်ငြိမ့်ညောင်းညောင်း တယောထိုးနေကြသည့် ယောက်ျားလေး သုံးဦးနှင့် မိန်းကလေး တစ်ဦး ပါသော အဖွဲ့ကို ငေးကြည့်နေရင်းက ခင်ခင်ဦးက တိုးတိုးလေး ပြောသည်။

'၆ လ မကပါဘူး. . . ခင်ဦးရယ်၊ တကယ်တော့ ခင်ဦးနဲ့ စသိကတည်းက အစ်ကိုက အစ်ကို့တစ်သက် ၂၈ နှစ်စာ မပြောနဲ့၊ အဲဒီအရင်ကာလတွေ ကတည်းက ရင်းနှီးခဲ့ပြီးသားလို ခံစားရတာပါ၊ စောင့်ခဲ့ရတဲ့ ကာလတွေ ဘယ်လောက်တောင် ကြာခဲ့ပြီလဲဆိုတာ တွေးတောင် မတွေးတတ်တော့သလိုပဲ၊ အဲသလို ပြောရင် အစ်ကို့ကို 'ကြောင်'တယ်လို့ ထင်မှာလည်း စိုးတယ်'

ခင်ဦးက မျက်လုံးကလေး စွေကြည့်၍ ဖွဖွ ပြုံးသည်။

'မထင်ပါဘူး အစ်ကိုရယ်၊ ခင်ဦးလည်း အဲသလိုမျိုး ခဏ ခဏ တွေးနေမိတာပါ'

လှိုက်ခနဲ ဝမ်းသာသွားမိသည်။ တကယ်လား ခင်ဦးရယ်။ ဒါနဲ့ များကွယ်ဟု တိုးတိုးညည်းတွားမိသည်။ ခင်ဦးက အပြုံးမပျက်။

'ဒီလောက် ဈေးကြီးပြီး ရှိမန်တစ်ဖြစ်တဲ့ စားသောက်ဆိုင်ကို ခေါ်ကတည်းက အကြောင်းရှိမှန်း သိပြီးသားပါ၊ ဒါကို ခင်ဦးလို မိန်းကလေးမျိုးက လိုက်လာကတည်းက အစ်ကို လိုချင်တဲ့ အဖြေ အစောကြီးကတည်းက ခင်ဦးမှာ ရှိပြီးသားဆိုတာ အစ်ကို ရိပ်မိဖို့ ကောင်းတာပေါ့၊ ဒါပေမယ့် ခင်ဦးက အစ်ကို ခင်ဦးကို ချစ်ရေးဆိုလိမ့်မယ်လို့ ထင်ထားတာ၊ တစ်ခါတည်း လက်ထပ်ခွင့်တောင်းလိမ့်မယ်လို့ ဘယ်ထင်မိမှာလဲ'

နှစ်ဦးသား ကြည်နူးစွာ ရယ်မိကြသည်။ စားပွဲပေါ်တင်ထားသော ခင်ဦး၏ လက်ကလေးတစ်ဖက်ကိုလည်း သူ့လက်နှစ်ဖက်နှင့် ဖွဖွကလေး ဆုပ်ကိုင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ စမ်းရေစီးသလို။

ဘုရားရေ. . . သည်လိုအချိန်မှာ ရင်ဘတ်က ဘာကြောင့် ထပ်အောင့်လာရပြန်ပါသနည်း။

[၇]

'အစ်ကို အခြေအနေမကောင်းဘူးနော်၊ နိုင်ငံခြားက အဖေနဲ့ အမေကို လှမ်းခေါ်မှနဲ့ တူတယ်'

ညီငယ်က ကော်ဖီသောက်ရင်း စတော့ မချိပြုံးသာပြုံးနေရသည်။

တောက်. . . ဒီလောက်လှတဲ့ ဇာတ်သိမ်းကလေး။ ဘာကိစ္စများ အဆုံးသတ်ကျမှ အိပ်မက်က လန့်နိုးတာနှင့် ဆုံးပစ်လိုက်ရပါလိမ့်။

ညီငယ်က တွေးရင်း ရယ်ပြန်သည်။

'အပြင်မှာက ဆရာဝန်၊ အိပ်မက်ထဲမှကျမှ လူနာလုပ်ပြီး ဆရာဝန်မကလေးနဲ့ တွေ့ရတယ်လို့၊ တကယ်သာ အစ်ကို့စိတ်ကူးထဲက ဆရာဝန်မကလေး အပြင်မှာ တကယ်ရှိရင် ဆေးကျောင်းမှာကတည်းက ဆုံခဲ့ပြီးသား ဖြစ်ရောပေါ့'

မျက်စောင်းသာ လှမ်းထိုးမိသည်။ ညီငယ်က သူ့ပိတ်စနှင့် အုပ်ထားသော ပန်းချီကားကို လှမ်းကြည့်ပြီး ရယ်ပြန်သည်။

'အင်း. . . ရှိချင်လည်း ရှိမှာပဲ၊ ဒီဘဝမှာ ရေစက်ကို မပါလို့ မဆုံရသေးတာနေမှာ'

'ဟေ့ကောင် တော်. . . တော် ကော်ဖီ မြန်မြန် သောက်ပြီး မင်း ကျောင်း မင်းသွားတက်တော့'

ညီငယ်က တဟားဟား အော်ရယ်သည်။

'ကဲ. . . အစ်ကိုကရော အလုပ်သွားနိုင်ရဲ့လား၊ ရင်ဘတ် အောင့်တာလိုလို လက်ပြင်ငုပ်တာလိုလိုနဲ့၊ တုပ်ကွေးမိချင်နေတာ ဖြစ်နေဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com


'သွားလိုက်ပါ့မယ်ကွာ၊ ခွင့်ယူထားတဲ့ ဆရာဝန်တွေ များနေတယ်၊ ငါ မသွားလို့ သူများတွေ ပိုပင်ပန်းမှာ အားနာစရာကြီး၊ ဟိုကျလို့ မဟန်မှဘဲ ခွင့်တောင်းပြန်ခဲ့တော့မယ်'

[၈]

'ဘာရှိလဲ'

'ကိုယ်ဝန်သည် တစ်ယောက်တော့ ရှိတယ်၊ အက်ဖ်အေ (ပထမ လက်ထောက် အထူးကု ဆရာဝန်)မမတော့ စမ်းပြီးပြီ၊ ခြစ်ရမှာပဲတဲ့၊ အဖျားလည်း တော်တော် တက်နေတယ်၊ လူလည်း ကယောင် ချောက်ချားနဲ့၊ ဆရာ လုပ်မလား၊ ကျွန်မတို့ လုပ်ရမလား'

အလုပ်သင် ဆရာဝန်မကလေးက လူနာမှတ်တမ်းစာရွက်များ ပြ၍ ရှင်းပြသည်။ လူနာရောဟု မေးတော့ အခန်းထဲမှာ အားလုံး ပြင်ထားပြီးသားဟု ဖြေသည်။

'ငါပဲ လုပ်ပါ့မယ်၊ လူနာ သိပ်မကောင်းရင်'

အခန်းထဲ ဝင်ဝင်ချင်း သားအိမ်အခြစ်ခံရန် အနေအထား အဆင်သင့်ပြင်ပြီး လူနာကို တွေ့ရသည်။ ခေါင်းကို ဟိုဘက် သည်ဘက် ယမ်းခါရင်း ညည်းညူနေသည်ကို သူနာပြုဆရာမလေးက ပွေ့ဖက် ထိန်းပေးထားသည်။ ဒေါက်တာမင်းဟန် ဝင်လာတာ တွေ့တော့ လှမ်းပြောသည်။

'အထည်ချုပ်စက်ရုံက အလုပ်သမကလေးတဲ့၊ အသက်က ၂၂ နှစ်ပဲ ရှိသေးတယ်၊ ရုပ်ကလေးက ချောချောလေးနဲ့၊ သနားပါတယ်၊ ဘာမှလဲ မေးလို့မရဘူး' ပုပ်အဲ့အဲ့အနံ့ဆိုးကြောင့် ခွဲစိတ်မျက်နှာဖုံးကို မြန်မြန် စွပ်လိုက်ရင်း ဘာတွေ ထိုးထည့်တာတဲ့လဲဟု မေးမိသည်။

'ဘာမှ မေးမရပါဘူး ဆရာရယ်၊ အပြင်မှာလည်း ဆွေမျိုးမပါဘူး၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းဆိုတဲ့ မိန်းကလေးနှစ်ယောက်ပဲ ပါတယ်၊ သူတို့လည်း ဘာမှ မသိဘူးတဲ့'

www.burmeseclassic.com

www.burmeseclassic.com


ဝက်ဖြစ်မှတော့ မစင်ကြောက်လို့ မရတော့ပါဘူးလေ. . . ဟု တွေးရင်း ခုံငယ်ကလေးတွင် ဝင်ထိုင်ရသည်။

မဟုတ်သေးပါဘူး၊ ဒီစကားပုံ။ ဒီနေရာမှာ သုံးလို့တော့ မတော်ဘူး။ ဆရာဝန်လည်း ဝက်ဖြစ်၊ ကိုယ်ဝန်ဖျက်ချလာတဲ့ လူနာလည်း မစင်ဖြစ်။

'ကဲ. . . စမယ်'

[၉]

ချွေးများ စုတ်စုတ်ရွှဲ၍ လူနာအနံ့ရော မိမိချွေးနံ့ပါရော နံစော်နေသည့် အပေါ်ဝတ်ရုံကိုချွတ်၍ အခန်းထောင့်တစ်နေရာသို့ လွှင့်ပစ်လိုက်သည်။

လူနာကို သူနာပြုအကူနှင့် အလုပ်သမားက ဘီးတပ်ခုတင် တွန်းလှည်းပေါ် ရွှေ့တင်၍ ခေါင်းဘက်က လှည့်၍ ထုတ်လာသည်။ အပေါက်ဝတွင် သူ ခံနေ၍ တွန်းလှည်းကို ခဏရပ်ရသည်။ ဘေးသို့ ဖယ်ပေးရင်း ယခုမှပင် မြင်ရသော လူနာ အမျိုးသမီးကလေး၏ မျက်နှာကို ကြည့်မိသည်။

ဟုတ်ပါရဲ့၊ တော်တော် ချောချောကလေးပါလား။

မိန်းကလေးက မျက်လုံးနှစ်လုံးကို အားယူ၍ ဖွင့်ကြည့်တော့ သူ့မျက်နှာကို မြင်သည်။ ပထမတော့ မျက်လုံးနှစ်လုံးတို့တွင် အံ့သြရိပ် ပေါ်လာသလိုလို။ ပြီးတော့ ပြန်မှိုင်းကျသွားပြီး အားငယ်ရိပ် ဖုံးလွှမ်း သွားသည်။

ဖြူဖွေးနေသော နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာသည်။ လက်ဖဝါးနှစ်ဖက်ကို ရင်ဘတ်တွင် တုန်တုန်ယင်ယင်နှင့် စုပြီး လက်အုပ်ချီသည်။

'ကန်တော့ပါ ဆရာ၊ သိပ်အားနာပါတယ်'

ယောင်နနနှင့် ပြန်ပြုံးပြလိုက်သည်။

'ဆရာဝန်ပဲကွယ်၊ လုပ်ပေးရမှာပေါ့၊ ညီမလေးသာ နောက်ကို မမိုက်နဲ့တော့နော်. . . ဟုတ်လား'

'နောက်. . . ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းထောင့်ကလေး တစ်ချက် မသိမသာကွေး၍ ပွင့်လာပြီး ပြုံးသည်။. . . နောက်ဆိုတာ ရှိခဲ့ရင် လိမ္မာပါ့မယ် ဆရာဟု တိုးတိုး ပြောသည်။ ပြုံးရင်း စကားပြောရင်း လက်ခနဲ တစ်ချက်မြင်လိုက်ရသည့် သွားတက်ကလေးကို ကြည့်ရင်း ဒေါက်တာမင်းဟန် တစ်ယောက် အတွေးများ နောက်ကျို၍ ကျန်ခဲ့ပါသည်။

[၁၀]

ဘုရား. . . ဘုရား

ပန်းချီကားရှေ့တွင် သူ ဒူးထောက်ချထိုင်လိုက်မိသည်။ လက်ထဲက ပန်းချီကားဖုံးပိတ်စကို ကြမ်းပြင်ပေါ် ပစ်ချလိုက်သည်။

သံသရာဆိုတာ စွဲလမ်းဖို့ တွယ်တာဖို့ မဟုတ်။ ဖြတ်ဖို့၊ ရုန်းထွက်ဖို့ ဖြစ်သည်။ ဒါပေမယ့် ပုထုဇဉ်တွေ မရုန်းနိုင်ကြ၊ မထွက်နိုင်ကြသည်ကို ကြည့်လျှင် သည်သံသရာထဲမှာ နှောင်ကြိုးကလေးတွေ၊ ဆွဲအား ကလေးတွေ အများကြီးရှိနေမှာကတော့ သေချာလှသည်။ အနှစ်သာရက ဗလာဖြစ်နေမည်ကို ဗုဒ္ဓဘာသာဝင် စစ်စစ်မို့ သူ ယုံကြည်ပါသည်။ အကာကတော့ နည်းနည်းတော့ သာယာစရာ ကြည်နူးစရာတော့ ရှိလိမ့်မည်ဟု ထင်ခဲ့မိသည်။ အိပ်မက်တွေ မက်ခဲ့မိသည်။

ယခုတော့ မယုံကြည်နိုင်စရာ ကောင်းလောက်အောင် အကျည်းတန်လှပါသလား။ ဘုရား. . . ဘုရား ငါ တကယ်ပဲ နေမကောင်းနေတာပဲ ဖြစ်ရမယ်။ မြင်မြင်သမျှ သွားတက်ရှိတဲ့ မိန်းကလေးတွေကို သည်စိတ်ကူးအိပ်မက်ထဲက မိန်းကလေးလို့ လိုက်ထင်နေတာဖြစ်မယ်။ စိတ်ပညာရှင် တစ်ယောက်ယောက်ရဲ့ အကူအညီ တကယ့်ကို လိုအပ်နေတာပဲ ဖြစ်မယ်။

တယ်လီဖုန်းတင်ထားသော စားပွဲဘေးကုလားထိုင်တွင် ခြေပစ် လက်ပစ် ဝင်ထိုင်လိုက်စဉ်မှာပင် တယ်လီဖုန်းက မြည်လာသဖြင့် ကောက်ကိုင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို'

'မင်းဟန်လား'

'ငယ်သူငယ်ချင်း တစ်ဆေးရုံတည်း တစ်ဆောင်တည်း အတူတူ တာဝန်ကျနေသည့် ဆရာဝန်မကလေး၏ အသံပါ။ ယခုပဲ သူ့ကို တာဝန်လွှဲ၍ မိမိ အိမ်ပြန်လာခဲ့ခြင်း ဖြစ်သည်။

'အေး သူငယ်ချင်း ပြော'

'နင် ဘာတွေ ဖြစ်နေလဲ၊ ဟမ်းဖုန်းတစ်ခုလုံး အခန်းထဲမှာ ကျန်ခဲ့တာ ခုထက်ထိ သတိမထားမိသေးဘူးလား'

ပြောမှပင် ခါးကို စမ်းမိတော့သည်။ လက်ကိုင်ဖုန်း ထည့်နေကျ သားရေအိတ်ကလေးက ဟောင်းလောင်း။

'အေး. . . အေး ဟုတ်ပါရဲ့၊ ပိတ်ပြီးသာ သိမ်းထားလိုက်ပါဟာ၊ ငါ မနက်ဖြန်မှ ယူတော့မယ်'

'ပြီးရော၊ ဒီမှာ ဟောက်စ်ဆာဂျင်ကလေးတွေကလည်း ပြောတယ်၊ ဆရာက အီးအင်စီ (သားအိမ်ခြစ်ခြင်း) လုပ်ပြီးကတည်းက ငေါင်နေတယ်တဲ့၊ ဘာဖြစ်မှန်း မသိဘူးတဲ့'

မချိပြုံးသာ ပြုံးလိုက်ရသည်။

'တုပ်ကွေးမိချင်ချင် ဖြစ်နေလို့ပါကွာ၊ နို့ အဲဒီလူနာရော ဘယ်လိုလဲ'

'နင် မနက်က ခြစ်တဲ့ တစ်ယောက် ပြောတာလား၊ သွားပြီလေ၊ ဆုံးသွားပြီ၊ တစ်နာရီလောက်တောင် ရှိပြီ၊ ဆက်ပတစ်ဆီးမီးယား (သွေးတွင်းသို့ ပိုးဆိပ်တက်ခြင်း) ဝင်တယ် ထင်တာပဲ၊ သနားပါတယ်၊ ငယ်ငယ်ချောချောလေးဟာ'

ဒေါက်တာမင်းဟန် နှုတ်ခမ်းဖျားတို့ တဆတ်ဆတ်တုန်လာသည်။

'ဟုတ်ရဲ့လားဟာ၊ ဟိုအထည်ချုပ်စက်ရုံက ကောင်မလေးလေ၊ အသက်က ၂၂ နှစ် ဆိုလားပဲ'

'ဟုတ်ပါတယ်၊ မနက်က အီးအင်စီလုပ်သွားတာ၊ အဲဒီတစ်ယောက်ပဲ

www.burmeseclassic.com

www.burmeseclassic.com


ရှိပါတယ်၊ ခုပဲ ငါ လက်မှတ်ထိုးပေးလိုက်ရတာ၊ နာမည်တောင် မှတ်မိသေးတယ်၊ မခင်ခင်ဦးတဲ့'

အသံဗလံ အားလုံး တိတ်ဆိတ်သွားသည်။ နားရော မျက်လုံးပါ မှောင်အတိကျသွားသယောင်ယောင်။

ယောင်နနနှင့် ဖုန်းကို ချသည်။


နေရာမှထ၍ တိုက်ခန်းဝရန်တာဘက်သို့ ဒယီးဒယိုင် လမ်းလျှောက် လာခဲ့သည်။ ဝရန်တာဘက် ထွက်သော တံခါးပေါက်ဆီတွင်တော့ ဝင်လုဆဲဆဲ နေလုံး၏ အရောင်ဟပ်သဖြင့် ဝင်းထိန်သပ္ပာယ်နေသော ရွှေတိဂုံဘုရားကြီးကို အဝေးတစ်နေရာတွင် ဖူးမြော်တွေ့ရလေသည်။

**ရတီ မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၂၀၀၈**

၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

မိန်းကလေး၏ မျက်နှာကို သေသေချာချာ မမှတ်မိ။ သိချင်စရာ ကောင်းသည်ဟုတော့ ထင်သည်။

ဒါလည်း မိန်းကလေးကြောင့်ချည်းပဲ သက်သက်တော့ မဟုတ်။ ပတ်ဝန်းကျင် အနေအထားလည်း ပါသည်။

တိမ်တောက်ချိန်ဆိုပါစို့။

ကောင်းကင်အပြာ နောက်ခံမှာ ဝင်လုဆဲဆဲ နေမင်းက အရောင်ဟပ်သဖြင့် တိမ်အလွှာ အထပ်ထပ်တို့ အပြာတစ်ကန့် အနီတစ်ကန့် ပြေးနေကြသည်။ ထိုလှပသော ရောင်စဉ်များက သူ့အပေါ်မှာရော မိန်းကလေးအပေါ်မှာရော လယ်ကွင်းတွေအပေါ်မှာရော။ သူနှင့် မိန်းကလေး လမ်းလျှောက်လာသည့် ကန်သင်ရိုးမှာရော ပက်ဖျန်းထားသည်။

အကျည်းတန် လှချိန်တဲ့။

လှပြီးသား မျက်နှာကလေးအတွက်ကတော့ ဆိုဖွယ်ရာမရှိတော့ပြီ။ ဘာသနပ်ခါး၊ ဘာမိတ်ကပ်မှ တင်မထားသော မျက်နှာကလေးက ငယ်ရွယ်နုပျိုခြင်းဆိုသည့် ရေစင်ဖျန်းထားသဖြင့် လန်းဆန်း ဝင်းပနေသည်။ သန့်ရှင်းအေးမြသော လေအဝှေ့မှာ ဆံမြိတ်စကလေးပင် ဖျတ်ဖျတ်ခါနေသေး။ အမူအရာကလေးကရော။

မိန်းကလေးက သူနှင့် ဘေးချင်းယှဉ်၍ လျှောက်လာနေတာ မဟုတ်။ သူ့ရှေ့ကိုကျော်ပြီး ခုန်ပေါက်မြူးထူး လျှောက်သွားလိုက်၊

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ကို လှည့်ပြီး ချစ်စဖွယ် ရယ်ပြ၍ စောင့်နေလိုက်။ ဘာသောကမှ မရှိသည့် ဟန်ပန်ကလေး။

သူ့ရင်ထဲမှာလည်း ဘာသောကမှမရှိဘဲ ပကတိ ငြိမ်းချမ်းနေသည်။ မိန်းကလေးကို တစိမ့်စိမ့် ငေးကြည့်ရင်းက ဒါအိပ်မက် မက်နေတာပဲ ဖြစ်ရမည် ဆိုတာကိုလည်း ရိပ်မိနေသည်။

အဲသည့်အိပ်မက်က မနိုးထချင်ပေမင့် အချိန်တန်လျှင် မနိုးချင်၍ မရ ဆိုတာကိုလည်း သိနေသည်။

နောက်ဆုံး မှတ်မိလိုက်တာကတော့ မိန်ကလေး၏ ဘယ်ဘက် မျက်ခွံပေါ်မှာ မှည့်နီနီကလေးတစ်လုံး ရှိနေသည် ဆိုတာကိုပါပဲ။

## [၂]

တကယ်တော့ တိမ်တောက်ချိန် ကောင်းကင်အလှကို သူအပြင်မှာ မဆိုထားနှင့် ကွန်ပျူတာ အင်တာနက်မှ ဝက်ဘ်ဆိုက် ရှုခင်းအလှ ကဏ္ဍတွင်ပင် မမြင်ဖူးစခဲ့ပါ။ အဲသည့်ထဲမှာလည်း နိုင်ငံရပ်ခြား ရာသီဥတုမတူညီသော ဒေသများမှ ရှုခင်းအလှအပမျိုးစုံ ရှာတွေ့ပေမယ့် မြန်မာ့လယ်ကွင်းများအထက်မှ ကောင်းကင်ပြင်၏ တိမ်တောက်ချိန် အလှကို ဘယ်သူမှ မှတ်တမ်းတင်မထားကြ။

ဒါဆို သည်တိမ်တောက်ချိန်ဆိုသည့် စကားလုံးနှင့် တိမ်တောက် ချိန်၏ အသွင်အပြင်ကို သူ ဘယ်လို အိပ်မက်ထဲ ထည့်မက်မိပါလိမ့်။

ဖြစ်နိုင်တာတော့ တစ်ခုတည်းသာ ရှိသည်။

တစ်နေ့က သူ အဖေ့စာအုပ် သေတ္တာအဟောင်းကို မွှေနှောက် သည်။ အဖေ့စာအုပ်တွေကို သူ စိတ်မဝင်စားတတ်ပေမယ့် အဖေ့မှာ ဘာသာပြန် အဘိဓာန်မျိုးစုံရှိသည်ဆိုတာ သူ သိသည်။ အဲဒါအတွက် မွှေတာပါ။ အဲသည်လို မွှေတုန်းက တော်တော် ဟောင်းနွမ်း ဆွေးမြေ့နေပြီဖြစ်သည့် ဝတ္ထုစာအုပ်တစ်အုပ် ထွက်လာသည်။ စာရေး ဆရာမကြီး (ဒေါ်) ခင်ဆွေဦး၏ 'တိမ်တောက်ချိန်'ပါ။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကိုလှန်မဖတ်ကြည့်ခဲ့သဖြင့် အထဲမှာ ဘာတွေ ရေးထားသည် ဆိုတာ သူ မသိသော်လည်း မျက်နှာဖုံးပန်းချီက သူ့ကို တော်တော် ဖမ်းစားသွားသည်။

ဘုရား . . . ဘုရား . . .။

တိမ်တောက်ချိန်ဆိုတာ အဲသလောက်တောင် ဆွတ်ပျံ့ကြည်နူး ဖွယ်ရာ ကောင်းသတဲ့လား။

ကတ္တရာလမ်းဘေး ပလက်ဖောင်းပေါ်က တိုက်ခန်းမှာနေပြီး အချိန်တန်လျှင် နိုင်ငံခြားသွား ပညာသင်ဖို့ပဲ ရှိသည်ဟု ထင်ခဲ့တာ။ ယခုတော့ မြန်မာ့လယ်ကွင်းတွေအပေါ်မှာလည်း ရှိသတဲ့လား။

ပန်းချီပုံ အောက်နားတွင်ပါသော မည်းမည်းအရိပ်ကလေးကို နားမလည်သဖြင့် ဖေဖေ့ကို သွားပြမေးတော့ ဖေဖေက သက်ပြင်းချ၍ . . . နွားလှည်းလေ. . . သားရဲ့။ လူတစ်ယောက် နွားလှည်းမောင်း လာတဲ့ပုံ။ ငါ့သားလည်း နွားလှည်းတောင် မမြင်ဖူးတော့ပါလား. . . ဟု ညည်းတွားသည်။

နောက်တစ်နေ့ ညကျတော့ စောစောက အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် တိမ်တောက်ချိန် ပါလာသည်။

တိမ်တောက်ချိန်ချည်းပဲ ဆိုလျှင်တော့ ပြဿနာက သိပ်မရှိ။ ယခုတော့ မိုးရေ ဖြန်းထားသည့် ကြာပန်းငုံကလေးတမျှ သန့်စင်လှပ သည့် မိန်းကလေးက ပါလာသေးသည်

အဲဒါမှ တကယ့် ပြဿနာပါပဲ။

ထိုမိန်းကလေးနှင့် ထိုပတ်ဝန်းကျင်မျိုးတွင် ထိုကဲ့သို့ ပျော်ရွှင်စွာ လျှောက်သွားဖူးဖို့ ဆန္ဒက သူ့ဘဝ ရည်မှန်းချက်တွေထက်ပင် ကြီးမားစွာ ခံစားရပြီး ကျန်နေခဲ့သည်။

မဖြစ်နိုင်တာ။

ဒါ အရူးထတာ သက်သက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



[၃]

သည်လောက် ကွင်းလုံးပြည့် အော်ဟစ်ဆူညံ ခုန်ပေါက်နေကြသော ဆယ်ကျော်သက် ကောင်ကလေးတွေ၊ ကောင်မလေးတွေ တစ်ပုံကြီး ကြားထဲမှာပင် 'မျိုးမောင်'ဆိုသည့် ကောင်က အသိတွေ့ဖြစ်အောင် တွေ့သေးသည်။

ဘောင်းဘီတို ကပ်ကပ်ကလေး ဝတ်ပြီး ခုန်ပေါက်နေကြသည့် ကောင်မလေးနှစ်ယောက်။ အသားကလေးတွေကတော့ ဖြူဝင်းနေတာ ပါပဲ။ ငုံ့ကြည့်လျှင် လျှပ်စီးလက်သလိုတောင် ထင်ရသည်။

မျက်နှာတွေကတော့ မိတ်ကပ်တွေ ပိန်းပိတ်နေသဖြင့် ကြည့်ရတာ ပူလောင်သည်။ ပြီးတော့ နှစ်ယောက်စလုံး ဘယ်ဘက်မျက်ခွံကိုချည်းပဲ လိုင်နာအမည်း ခြယ်ထားကြတာ လက်သီးနှင့် အထိုးခံရသဖြင့် ညိုမည်းနေသလို၊ ဘယ်သူကများ ထွင်ထားသည့် ဖက်ရှင်လဲ မသိ။

စင်ပေါ်က နာမည်ကြီး ဟစ်ပ်ဟော့ အဆိုတော်ကလေးကလည်း အဲသည် ကောင်မလေးတွေလို ပုံစံမျိုး ဝတ်ထားသည့် မိန်းကလေး လေးယောက်နှင့်အတူ ကခုန်နေသည်။ 'မျိုးမောင်'နှင့် ဟိုကောင်မလေး နှစ်ယောက် နှုတ်ဆက်စကားပြောနေသည်ကို ဂရုမထားဘဲ စင်မြင့်ဆီပဲ ပြန်ငေးနေမိသည်။

မရ။

မျိုးမောင်က ကောင်မလေးနှစ်ယောက်ကို သူ့နားခေါ်လာသည်။

'နင်တို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါ့သူငယ်ချင်း'

'သူရိန်ထိုက် မဟုတ်လား'

သူ့မျက်ခုံးတစ်ဖက် ပင့်သွားမိသည်။ မျက်ကွင်းတစ်ဖက် မည်းနေသော ကောင်မကလေးကို အံ့အားသင့်စွာ ပြန်ကြည့်၍ . . . တို့ကို သိတယ်၊ ဟုတ်လား. . . ဟု မေးမိသည်။ ကောင်မလေးက ပခုံး တွန့်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com


'နင့်အဖေက နာမည်ကြီး ဆရာဝန်ကြီး၊ နင့်အမေက စိန်တိုက်ပိုင်ရှင်၊ နင်က စာတော်တာလည်း နာမည်ကြီးတယ်၊ ယူအက်ဖ်အယ်လ် အင်းဂလိချ်မှာလည်း ကောင်မလေးတွေက 'ကင်း'ပေးထားသေးတယ်၊ ငါက ယူအက်ဖ်အယ်လ် ဂျက်ပင်နိစ်ကလေ၊ သိရတော့တာပေါ့'

ကောင်မကလေးက ရဲရဲတင်းတင်းပင် ပြောချသွားသည်။ မျိုးမောင်က ရယ်၍ သူ့ပခုံးကို ပုတ်ပြီး ဒီရုပ်ကို နင်တို့ ကျောင်းက 'ကင်း'ပေးတယ်၊ ဟုတ်လား. . . ဟု စသည်၊ . . . ကိုက်တဲ့ကင်းပြောတာ နေမှာပေါ့ကွာ. . . ဟု စကားရောဖောရော ရယ်လိုက်ရသည်။

'ဒါက လဲ့ဇာခြည်၊ ဒါက နွေးသဒ္ဒါဦး၊ ငါနဲ့ စတိတ်မှာကတည်းက သူငယ်ချင်းတွေ'

အသွက်မ နာမည်က လဲ့ဇာခြည်တဲ့။

'တွေ့ရတာ ဝမ်းသာပါတယ်'

'ဒီအတိုင်းတော့ ဝမ်းမသာနဲ့၊ အခု ဒီကပြန်ရင် ကဖေးဝင်မလို့ လိုက်ကျွေးပေတော့၊ မြှောက်လည်း ပြောထားရသေးတယ်'

အားပါး။ မလွယ်ပါလား။

'ကျွေးချင်ပါတယ်၊ မေမေနဲ့ လာတာမို့လို့'

ကောင်မလေးက မျက်လုံးဝိုင်းသွားသည်။

'မေမေ. . . နင့်မေမေက လူငယ်တွေပွဲကို ဘာလိုက်လုပ်တာလဲ'

သူ ပခုံးတွန့်ပြသည်။

'လက်မှတ်က ဖေဖေ ဝယ်ပေးတာ၊ မေမေ့ပါခေါ်သွားမှ လွှတ်မယ်ဆိုပြီး ဝယ်ပေးတာ၊ မေမေက အပြင်ထိုင်ခုံတန်းမှာ စောင့်နေတယ်'

ကောင်မလေးက. . . တကျွတ်ကျွတ် စုတ်သပ်ရင်း. . နင် ၁၈ နှစ်တော့ ပြည့်ပြီးပါပြီနော်. . . ဟု စသည်။

အောင့်သက်သက်နှင့်ပင်. . . ဖေဖေနဲ့ မေမေက ခေတ်မီပါတယ်၊ ဒီဟစ်ပ်ဟော့ သီချင်းတွေကိုတောင် အိမ်မှာ အတူတူပဲ နားထောင်ကြတာပဲ၊ လွတ်လပ်ခွင့်ပေးတာတော့ နည်းနည်း အကန့်အသတ်ရှိတယ် . . . ဟု ချေပမိသည်။ လဲ့ဇာခြည်က အလေးပြုဟန်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် အဲဒီတစ်ချက်နဲ့တင် နှင့်ဖေဖေကို ယောက္ခမ မတော်ဖို့ ဆုံးဖြတ်လိုက်ပြီ'

သူ့မျက်နှာ နွေးခနဲဖြစ်သွားသော်လည်း ကျွန်နှစ်ယောက်က ဘာမှ မထူးဆန်းသည့် ပြက်လုံးတစ်ခုလို ဝိုင်းရယ်ကြပါသည်။

[၄]

ခေါင်းအုံးဘေး ချထားသော လက်ကိုင်ဖုန်း မြည်သံကြောင့် လန့်နိုးလာသည်။ မျိုးမောင်ပဲဖြစ်မယ်။ ဒီအချိန် ငါအိပ်ပျော်နေလောက်ပြီဆိုတာ သိရက်နဲ့. . . ဟု စိတ်ထဲက မြည်တွန်တောက်တီး၍ ဖုန်းကိုယူကြည့်တော့ နံပါတ်သာ ပေါ်နေသည်။ မဆက်ဖူးသေးသော လိုင်းဖုန်းနံပါတ်။

'ဟဲလို'

'အိပ်ပျော်နေပြီ မဟုတ်လား'

မကြားဖူးသော မိန်းကလေးသံ။

'အိပ်ပျော်နေပြီမှန်းသိရင် ဘာလို့ ဆက်သလဲ'

အခြောက်တိုက် ဘုတောပစ်လိုက်တော့ တစ်ဖက်က တခစ်ခစ်နှင့် ရယ်သည်။

'စောစောဆက်တော့ နင်က နှင့်ဖေဖေနဲ့ မေမေ့ဘေးမှာ သားသားကလေး သွားလုပ်နေမှာ၊ ဖုန်းလာရင် နှင့်ဖေဖေနဲ့မေမေက မေးမှာ။ နင်က ဘာညာ ဖြေရှင်းရမှာ၊ သနားလို့ အခန်းထဲပြန်ရောက်တာ သေချာအောင် စောင့်ပြီးမှ ဆက်တာ၊ ကျေးဇူးတောင် မတင်ဘူး'

လှဲ့ဇာခြည်။ ယခုတော့ အသံကို မှတ်မိသွားပါပြီ။

'ကဲပါ. . . ကျေးဇူးတင်ပါတယ်၊ ဘာကိစ္စလဲ'

'ဘုရားရေ. . . လေသံက မာလိုက်တာ၊ ဘာကိစ္စမှ မရှိဘူး၊ စကားပြောချင်လို့ ဆက်တာ၊ မရဘူးလား'

'ရတော့ ရပါတယ်၊ ဒါပေမဲ့ တော်တော် အိပ်ငိုက်နေပြီ'

www.burmeseclassic.com

www.burmeseclassic.com


'၁၀ မိနစ်ပဲလေ'

'ဘုရားရေ ၁၀ မိနစ်တောင်'

'ကြီးကျယ်လိုက်တာကွာ၊ ဒါဆိုရင်လည်း ငါးမိနစ်'

'ဟင်း. . . ပြောပြော'

လဲ့ဇာခြည် ငါးမိနစ်ပြည့်အောင် ပြောဖြစ် မပြောဖြစ် သူ မသိပါ။ သူ သိတာက ပြောသော အကြောင်းအရာများထဲတွင် သူ စိတ်ဝင်စားနိုင်တာ တစ်ခုမှ မပါတာရယ်။ အင်း. . . တစ်လုံးစီကလွဲလို့ သူဘာမှ ပြန်မပြောဖြစ်တာရယ်၊ ဖုန်းလက်က လွတ်ကျပြီး အိပ်ပျော်သွားတာရယ်ပါ။

ဒါလည်း ကံကောင်းသည်ဟု ဆိုရမည်။

အိပ်မက်ထဲမှာ ထိုချစ်စရာကောင်းသော မိန်းကလေးနှင့် ပြန်တွေ့ရသည်။

[၅]

သည်လို ရေကန်မျိုး အပြင်မှာ တကယ်ရှိနိုင်လို့လား။

မျက်စိတဆုံး ကျယ်ပြောသော ရေကန်ကြီး။ မြင်ဖူးတာနှင့် နှိုင်း၍ပြောရလျှင် ရန်ကုန်မြို့က အင်းယားကန်ထက်တော့ မငယ်နိုင်။ မတူတာကတော့ သည်ကန်၏ ရေပြင်က အင်းယားကန်ရေပြင်လို ညိုညစ်ညစ်အရောင် မဟုတ်။ ကြည်လင်၍ ထုတ်ချင်းပေါက် မြင်နေရသည်။

အထူးခြားဆုံး အချက်ကတော့ သည်မျှကျယ်ပြန့်သည့် ရေပြင်ကြီး တစ်ခုလုံး ကြာပန်းများ လှပဝေဆာစွာ ပွင့်ဖူးနေကြခြင်း ဖြစ်သည်။

တစ်ခုလုံးဆိုတာမှ. . . တကယ့်ကို တစ်ခုလုံးပါ။

ကြာရွက်တစ်ခုနှင့်တစ်ခု ဦးတိုက်လျက် တစ်ဆက်တစပ်တည်း ဖြစ်နေသည့် ကြာပြင်ကြီးမှာ ဟိုးခပ်ဝေးဝေးတွင် လှမ်း၍ဖူးမြင်နေရသည့် ရေလည်ဘုရားကလေး အထိရော။ ထိုရေလည်ဘုရားကလေး၏

www.burmeseclassic.com

www.burmeseclassic.com



အခြားတစ်ဖက်တွင်ရှိသည့် ရေပြင်တစ်လျှောက်လုံးမှာရော။

နီသည့် ကြာပွင့်ကနီ၊ ဖြူသည့် ကြာပွင့်ကဖြူ။

အနံ့ကတော့ မွှေးသည်ဟုလည်း မဆိုသာ။ လတ်ဆတ်သန့်ရှင်းနေသည့် လေ၏ရနံ့။ မွှေးတာ အိတာမဟုတ်ဘဲနှင့် ရှူ၍ပင် မဝနိုင်တော့။

ငါများ သေပြီး နတ်ပြည်ရောက်သွားတာလား။

မဖြစ်နိုင်။ ဖေဖေ အတင်းဖတ်ခိုင်းသည့် 'ဆင်းရဲငြိမ်းအေးချမ်းသာရေးတရားတော်'စာအုပ်ကို နှစ်မျက်နှာလောက်လှန်၊ မေ့ချင်ယောင်ဆောင်ပြီး ဒီအတိုင်းချထားသည့်သူက သေလျှင်တောင် နတ်ပြည်တော့ ရောက်စရာအကြောင်း မရှိသေး။

ဒါ. . . အိပ်မက်ပဲ ဖြစ်ရမည်။

အိပ်မက်ဆိုတာ မမြင်ဖူးတာတွေကို မက်လို့ရလို့လား။

သည့်ထက် ပိုထူးဆန်းတာက အိပ်မက်ထဲမှာပဲ မြင်ဖူးသည့်သူကိုရော နောက်တစ်ခါ အိပ်မက်မက်လျှင် ထည့်မက်လို့ ရလို့လား။

သူက ကြာပြင်ကြီး အလယ်က လှေပေါ်မှာ မြန်မာလှေကို ကောင်းကောင်း မမြင်ဖူးသည့် သူက လှေတက်နှင့် လှေလှော်နေသတဲ့။

ဘယ်ဘက်မျက်ခွံပေါ်မှာ မှည့်အနီကလေးနှင့် မိန်းကလေးကတော့ လှေဦးတွင် ထိုင်နေသည်။

တစ်ချက် တစ်ချက်တွင် ကြာပန်းတွေကို လှမ်း၍ ပုတ်ခတ်ကစားရင်းက တစ်ချက်ချက်တွင် သူ့ဘက်ကို ရေတွေ ဖွားခနဲ စင်အောင် လှမ်းပုတ်၍ ကျီစယ်နေသေးသည်။

မျက်နှာကလေးမှာ သနပ်ခါးလည်းမရှိ၊ မိတ်ကပ်လည်း မရှိ။

နှင်းစက်ကလေး တွဲခိုနေသည့် မြက်ပင် စိမ်းစိမ်းကလေးကို အနီးကပ်ကြည့်ရသလိုပင်၊ သူ့မျက်နှာကလေးကို ကြည့်ရတာ ရင်ထဲမှာ ချမ်းမြေ့လှသည်။

ဘုရားရေ။

သည်အိပ်မက်က မနိုးဘဲနေလိုက်လို့ မရဘူးလား။

မရပါ။

www.burmeseclassic.com

www.burmeseclassic.com


ညတစ်နာရီတိတိတွင် အင်တာနက် ကွန်နက်ရှင် ကောင်းချိန်၌ ပြန်ထ၍ ကွန်ပျူတာရှေ့ထိုင်ရန် နှိုးစက်နာရီကို ပေးထားပြီးဖြစ်နေ၍ ရင်တုန်ချောက်ချားစွာ လန့်နိုးရပါသည်။

[၆]

ဖေဖေက မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

မေမေကတော့ သူ့ပေါင်ပေါ်မှာ ခေါင်းလာမှီ၍ အိပ်နေသော သား၏ ဆံပင်တွေကို ကြင်နာစွာ ပွတ်သပ်ပေးရင်းက. . . သား. . . ညည သိပ်အိပ်ပျက်မခံနဲ့တော့ပေါ့။ အခု စကောလားရှစ်ပေးမယ့် ကျောင်းက လေးကျောင်းတောင် ချိတ်မိနေပြီပဲဟာ၊ အဲဒါတွေပဲ ရွေးကြည့်ပါလား၊ ညကိုတော့ အိပ်ရေးဝအောင် အိပ်တော့ပေါ့. . . ဟု ပြောသည်။

'သား မင်း. . . မဂျူးရဲ့ ဝတ္ထုတွေ ဖတ်ဖူးလား'

ဖေဖေက မေးတော့ သူ ခေါင်းထောင်ထကြည့်ပြီး ခေါင်းခါပြသည်။

'ဖေဖေကလည်း သားက ဝတ္ထုဆိုလို့ ဟယ်ရီပေါ်တာပဲ ဖတ်ဖူးတာ သိရက်သားနဲ့'

ဖေဖေက ခေါင်းညိတ်၍. . . အဲဒါ ဆန်းနေတာပေါ့၊ မဂျူးက သူ့နောက်ဆုံး ဝတ္ထု ဖေဖေ့ကို လက်ဆောင်ပေးထားတာ စာအုပ်စင် အပေါ်ဆုံးမှာ ရှိတယ်၊ အဲဒါ သားများ ယူဖတ်ကြည့်သေးလားလို့ ဖေဖေ စဉ်းစားနေတာ၊ ဘာဖြစ်လို့လဲဆိုတော့ သားပြောတဲ့ ကြာပန်းတွေ ပြည့်နှက်နေတဲ့ ရေကန်ကြီးက အဲဒီထဲမှာပါတယ်. . . ဟု ပြောသည်။

မေမေကတော့. . . ကိုကလည်း သားကလေး ခေါင်းရှုပ်အောင် မလုပ်စမ်းပါနဲ့၊ အဲဒီစာအုပ်ထဲက ကန်နဲ့ သားအိပ်မက်ထဲကကန် ဘာဆိုင်လို့လဲ. . . ဟု ပြောသည်။

'ဆိုင်တယ် ထင်တယ်၊ ဘာလို့လဲဆိုတော့ 'ကို'က စလင်းကို ရောက်ဖူးတယ်၊ အဲဒီသားအိပ်မက်ထဲက ကြာကန်ကြီးက စလင်းမှာ တကယ်ရှိတာ၊ သားက တစ်ခါမှလည်း မရောက်ဖူး၊ အဲသည့်

www.burmeseclassic.com

www.burmeseclassic.com



ကြာကန်ကြီး အကြောင်းလည်း မဖတ်ဖူး၊ မကြားဖူးဘဲ ဘယ်လိုလုပ် အိပ်မက်ထဲ ထည့်မက်သလဲ၊ ဒါနည်းနည်း ဆန်းတယ်'

မေမေက ဖေ့ဖေ့ကို မျက်စောင်းထိုးသည်။

'သားကို စိတ္တဇဖြစ်အောင် မလုပ်စမ်းပါနဲ့ ကိုရယ်၊ အဲဒီကြာကန်ကြီး အပြင်မှာ တကယ်ရှိတော့ရော ဘာဖြစ်သေးလဲ၊ အဲဒီကောင်မလေး အပြင်မှာ တကယ်မရှိနိုင်ဘူးဆိုတာ သား သဘောပေါက်ရင် ပြီးတာပဲ'

သဘောပေါက်ပါတယ် မေမေ။

ခက်တာက မေ့လို့ မရတာပါ။

[၇]

'နင် ကျောင်းထွက်တော့မလိုဆို'

'အေးလေ၊ ဆေးခွင့်နဲ့ နားမလို့'

'အမှန်က နင်နိုင်ငံခြားကျောင်းသွားတက်တော့မှာ မဟုတ်လား'

'ဟုတ်တယ်လေ'

'ရန်ကင်းစင်တာမှာ ဆုံတုန်းက ဘာလို့ ပြောမပြတာလဲ'

ပြောပြရအောင် နင်က ငါ့ချစ်သူမို့လို့လား. . . ဟူသော စကားကိုတော့ ရင်ထဲသို့သာ မျိုချလိုက်ရပါသည်။

ရန်ကင်းစင်တာမှာ ဆုံကြတုန်းကလည်း ဘောင်းဘီ၊ မျက်ခွံနှစ်ဖက်စလုံးပေါ်က ငွေမင်လက်လက် လက်လက်များကြောင့် လဲ့ဇာခြည်ကို ရင်းနှီးခင်မင်စိတ်ဝင်ဖို့ဝေးစွ၊ သူတို့နှစ်ယောက် တွဲလျက် တစ်ယောက်ယောက်က မြင်သွားမှာတောင် စိုးရိမ်နေမိခဲ့သည်။

ပြန်ပြောပြတော့ မျိုးမောင်က အော်ရယ်သည်။

'လှပတဲ့ မိန်းကလေးက သူ လှတာကို ထုတ်ပြပြီး ကြွားတာ ကြည့်လိုက်ရုံ ရှိတာကွာ၊ မင်း ယောကျ်ားလေးပဲဟာ၊ အင်တာနက်က နိုင်ငံခြား ဟော့ရှော့တွေကျတော့ ကြည့်နေပြီးတော့'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက တစ်ပိုင်းလေ၊ ကိုယ်နဲ့ ရင်းနှီးခင်မင်တဲ့ မိန်းကလေး ဆိုရင်တော့ သူ့ကို ကြည့်ရတာ၊ သူ့အနားမှာ နေရတာ ငြိမ်းအေး နွေးထွေးတဲ့ ခံစားချက်မျိုးပဲ ရချင်တယ်၊ မပူလောင်ချင်ဘူး'

မျိုးမောင်က စုတ်သတ်၍. . . မင်းက ခေတ်မှားပြီး လူလာဖြစ် တာကိုး. . . ဟု ညည်းတွားသည်။

'နင် ကျောင်းရော ဘယ်နေ့ လာဦးမှာလဲ'

လဲ့ဇာခြည်က ဖုန်းတစ်ဖက်က ဆက်မေးနေသည်။

'နက်ဖြန်လာမယ်၊ စာရွက်စာတမ်းတွေ လာထုတ်ရဦးမယ်'

'အေး. . . ငါ ငွေစာရင်းရှေ့မှာ စောင့်နေမယ်'

'ဘာလုပ်ဖို့လဲ'

'နှုတ်ဆက်မလို့ပေါ့ဟ၊ ငါ လက်ဆောင်လည်း ပေးလိုက်ဦးမယ် သိလား'

ဘာမှမပြောခင် ဖုန်းချသွားပါသည်။

[၈]

ဘုရားရေ။ ဒါလဲ့ဇာခြည်တဲ့လား။

ရင်စေ့အင်္ကျီလေး၊ ဇင်းမယ်လုံချည်ကလေးနှင့် မျက်နှာတစ်ခုလုံး ဘာမိတ်ကပ်၊ လိုင်နာမှမရှိဘဲ ရပ်နေသော မိန်းကလေးကိုကြည့်ရင်း သူ ပါးစပ်အဟောင်းသား ဖြစ်နေမိပါသည်။

လဲ့ဇာခြည်က ရှက်ကိုးရှက်ကန်း ရယ်သည်။

'နင် ဟားမလို့ မဟုတ်လား၊ ဘယ်တတ်နိုင်မလဲ၊ ဒီကျောင်းက ဒီလိုပဲ ဝတ်ခွင့်ပေးတဲ့ဥစ္စာ၊ ရော့ ဒီမှာ နင့်ဖို့ လက်ဆောင်'

လက်ထဲက လှပစွာ ထုပ်ပိုးထားသော ဘူးကလေးကို ကမ်းပေး သည်။ . . . ဒါဘာလဲ. . . ဟု မေးတော့. . . အိုင်ပေါ့. . . ဟု ဖြေသည်။ . . . အိုင်ပေါ့ ငါ ဟိုကျမှ ဝယ်မလို့. . . ဟု ပြောတော့. . . မရဘူး၊ ဒါပဲသုံး၊ ဟိုကျ အိုင်ပေါ့ အကောင်းစား ထပ်ဝယ်ဖြစ်ရင် ငါ့ဆီပို့လိုက်. . . ပြောပြီး ရယ်နေသည်။ ပြီးတော့ ဆက်မေးသည်။

'နင့်အီးမေးလ်လည်း ပြောပြထားဦး'

www.burmeseclassic.com



'ငါကျောင်းက အီးမေးလ်သုံးမှာ၊ ဟိုကျမှ သိမှာ'

'မပြောချင်လည်းနေ၊ ငါ့ထဲမှာ နင့်ဆီ ဖရင်းရှစ် လှမ်းပို့ထားတယ်၊ နင် 'အဆက်ပ်'မလုပ်ရင်တော့ သေပြီသားမှတ်'

'ယောက်ျားလေး နည်းနည်းပါးပါး စဉ်းစားလို့ မရဘူးလား'

'အောင်မာ. . . ကြီးကျယ်လို့'

လဲ့ဇာခြည်က သူ့ပခုံးကို လှမ်းထုရင်း ခြေချော်သွားသည်။ အမေ့ . . . ဟု ယောင်ကာ စောင်းလဲမလို ဖြစ်သွား၍ သူ လက်တစ်ဖက်နှင့် လဲ့ဇာခြည်၏ ပခုံးကလေး တစ်ဖက်ကို ထိန်းလိုက်ရသည်။

'အယ်. . . ကံကောင်းလို့'

မျက်လုံးကလေး နှစ်ဖက်ပိတ်၍ ရယ်တော့ လဲ့ဇာခြည်၏ မျက်နှာကလေးက သူ့မျက်နှာနှင့် နီးကပ်လှစွာ။

မြတ်စွာဘုရား။

ဘာမှ လိမ်းခြယ်မထားသဖြင့် သန့်စင်ကြည်လင်နေသော မျက်နှာကလေး။ သည်မျက်နှာလှလှကလေး၏ ဘယ်ဘက် မျက်ခွံပေါ်မှာ မှည့်နီနီကလေး တစ်လုံးပါလား။

တုန်ယင်ချောက်ချားစွာဖြင့် လဲ့ဇာခြည်ကို ဖေးမမတ်စေပြီး တစ်ဖက်သို့ ချာခနဲ လှည့်၍ ထွက်ခွာလာခဲ့သည်။

'ဟဲ့. . . သူရိန်ထိုက်. . . နေဦးလေ၊ ဘာဖြစ်လို့လဲ'

လဲ့ဇာခြည်၏ အသံက အဝေးမှာ ကျန်ခဲ့သည်။

မဖြစ်နိုင်ပါ။ ဘယ်လိုမှ မဖြစ်နိုင်ပါ။

လဲ့ဇာခြည်က အိပ်မက်ထဲက မိန်းကလေးဖြစ်ရန် အကြောင်း ဘာမှမရှိပါ။ အိပ်မက်ထဲက မိန်းကလေးကလည်း သည်ခေတ် သည်ကာလမှာ သက်ရှိ ထင်ရှား ရှိမနေနိုင်ပါ။


မျိုးမောင် ပြောသလိုပင် သူက ခေတ်မှား၍ လူဖြစ်လာသူ ဖြစ်ရပါလိမ့်မည်။

ကလျာ မဂ္ဂဇင်း၊ ၂၀၀၀

၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

ပညာတတ် မိန်းမပျိုတစ်ဦးအနေနှင့် ပညာရှင်အလုပ်လုပ်သူတစ်ဦး ဘဝကို ခံယူမည်။ သို့မဟုတ် အိမ်ရှင်မတစ်ဦး ဘဝကို ခံယူမည်။ သို့မဟုတ် ဘဝလမ်းကြောင်းနှစ်ခုစလုံးကိုရအောင် လျှောက်လှမ်းမည်ဟု ဆုံးဖြတ်ပိုင်ခွင့်တွေ ဘယ်သူ့ဆီမှာ ရှိနေပါသလဲ။

မိဘ ဆွေမျိုးတွေဆီမှာလား၊ ခင်ပွန်း ယောက်ျားဆီမှာလား၊ မွေးထားသည့် သားဆီမှာလား၊ သိပ်မသေချာ။ သေချာတာကတော့ ကာယကံရှင်ဖြစ်သည့် မဦးဆီမှာတော့ မရှိ။

ယောက်ျား၏ ဝင်ငွေက မိမိ၏ ဝင်ငွေထက် အဆပေါင်းများစွာ များနေတော့ရော ဒါ ဘာဖြစ်သေးလဲ။ အလုပ်တစ်ခုလုပ်သည်ဆိုတာ လစာရရေး တစ်ခုတည်းမှ မဟုတ်တာ။

ငါးနှစ်လောက် လုပ်ခဲ့ပြီးပြီပဲ။ တော်ရောပေါ့ဆိုသည့် စကားကလည်း မဆီလျော်။ မဦး တက္ကသိုလ်မှာ ဆရာမလုပ်ခဲ့တာ ငါးနှစ်ရှိပါပြီ။ ဒါပေမဲ့ အဲဒီလို လုပ်နိုင်ဖို့ ပညာကြိုးစားသင်ယူခဲ့ရသည့် အချိန်ကာလက အနှစ်နှစ်ဆယ်မက။ လူတစ်ယောက် အလုပ်လုပ်နိုင်ချိန်ကို အသက် ၆၀ အထိပဲ တွက်ပါဦးတော့၊ မိမိနှင့် တန်းတူ လုပ်ပေးနိုင်စွမ်းရှိသူတွေက သူတို့ ပညာကို သူတို့ အနှစ် ၄၀ အသုံးချခွင့်ရချိန်မှာ မဦးက ငါးနှစ်ပဲ အသုံးချခွင့်ရရမည်ဆိုတော့ သိမ်ငယ်မနေပေဘူးလား။

ကလေးအငယ်နှင့်က ကသီလွန်းသည်တဲ့။ ဒါတွေပဲ ထပ်ကာ ထပ်ကာ ပြောနေကြသည်။ အလုပ်မလုပ်ဘဲ ကလေးကိုသာ ပြုစု

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်နေရသည့် အိမ်ရှင်မကရော မကသီလို့လား။ အနည်းနှင့် အများ၊ အတိမ်နှင့်အနက်ကတော့ ရှိကြစမြဲပဲ မဟုတ်လား။ အလုပ် မလုပ်သည့် အိမ်ရှင်မတွေ အားလုံးကရော အလုပ်လုပ်သည့် မိခင်တွေ အားလုံးထက် ကလေးကို ပိုဂရုစိုက်ဖြစ်ခဲ့ကြလို့လား။

မဦး အလုပ်ဆက်လုပ်ဖို့ကို နှစ်ဖက်လူကြီးတွေက ဆူညံနေအောင် ကန့်ကွက်ကြပေမယ့် မဦး၏ခင်ပွန်း ကိုပြေအေးကတော့ ဘာမှမပြောပါ။

ဘယ်ပြောမလဲ။

သူက မဦးကို လက်မထပ်ခင်ကတည်းက ပေးခဲ့တဲ့ ကတိနှင့် ငြိနေတာကိုး။

[၂]

မဦးနှင့် ကိုပြေအေးတို့ မတွေ့ခင်က မဦးကို ကမ်းလှမ်းသည့် လူပျိုကြီး တစ်ယောက်ရှိဖူးသည်။ သူ့ကို မဦး စတွေ့ကတည်းက သဘောမကျခဲ့။

သူက တော်တော် အောင်မြင်စပြုနေသည့် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဖြစ်တော့ သူ့ကို လက်မခံခဲ့ခြင်းအပေါ် မဦး မိဘတွေကလည်း မဦးကို မကျေနပ်ခဲ့။ အထက်တန်း ကျောင်းသူဘဝက တော်တော် ရင်းရင်းနှီးနှီး တွဲခဲ့သည့် သူငယ်ချင်း သဇင်ကလည်း တဗျစ်တောက် တောက်။

'မဦးရယ်. . . နင့်မိဘတွေလည်း အစိုးရလခစား၊ နင်လည်း အစိုးရ လခစား၊ ဟိုက တိုက်နဲ့ကားနဲ့ မကြောင့်မကြထားမှာ၊ နင့်မောင်တွေ၊ ညီမတွေကိုလည်း ပြည့်ပြည့်စုံစုံနဲ့ ပညာဆက်သင်ပေးမှာ၊ နင့်နေရာ ငါသာဆို ပစ်ခေါင်းညိတ်လိုက်ပြီ၊ နင့်မှာ ရည်းစားရှိတာလည်း မဟုတ်ဘဲနဲ့'

'ကြောင့်ကြတယ် ဆိုတာလည်း လောဘကြောင့် အလိုမပြည့်မှာ စိုးရတယ်၊ တောင့်တတယ်ဆိုတာလည်း လောဘပဲ၊ ငါက ဘယ်ဘဝ ရောက်ရောက် တောင့်တနေမှာလည်း မဟုတ်ဘူး၊ ကြောင့်ကြစရာလည်း မရှိဘူး၊ ကံပေးသမျှနဲ့ နေတတ်တယ်၊ မောင်နဲ့ညီမတွေ ထောက်ပံ့

www.burmeseclassic.com

www.burmeseclassic.com


ချင်တယ်ဆိုတဲ့ စကားကလည်း ယောက်ျားတစ်ယောက်ကို ဈေးတွက်တွက်ယူချင်တဲ့ မိန်းမတိုင်းရဲ့ ဆင်ခြေပဲ၊ ငါ အဲဒီအထဲတော့ အပါမခံနိုင်ဘူး'

မိဘတွေ၊ ဆွေမျိုးတွေ၊ ဝိုင်းအပြစ်တင်နေတာ ခံရသဖြင့် စိတ်တိုနေသော မဦးက သဇင့်ကို တော်တော် ဘုကျကျ ပြောထည့်ခဲ့မိပါသည်။ သဇင်က စိတ်ဆိုးမသွားပေမယ့် နောင်လပေါင်းများစွာ ကြာသည်အထိ မဦးပြောခဲ့သော စကားအတွက် မျက်နှာပူခဲ့ရပါသည်။

သဇင်နဲ့ အဲဒီလူကြီး မင်္ဂလာဆောင်တွင် ဖြစ်ပါသည်။

## [၃]

သဇင်က ပညာရေးကို စိတ်မဝင်စား။

အထက်တန်း ပညာပင် မပေါက်မြောက်ခဲ့။ စီးပွားရေးအကွက်မြင်သဖြင့် အိမ်မှာ စတိုးဆိုင်လေး ဖွင့်ခဲ့သော်လည်း မိဘအရင်းအနှီး မထုတ်ပေးသဖြင့် ထင်သလောက် ခရီးမပေါက်ခဲ့။ ဒါကြောင့်လည်း အဲဒီလူကြီး မဦးကို လာကမ်းလှမ်းစဉ်က 'ငါသာဆိုရင် ပစ်ခေါင်းညိတ်လိုက်ပြီ'ဟု ဆိုခဲ့ခြင်းဖြစ်သည်။

မဦးက အဲဒီလူကြီးကို ဘယ်လိုမှ စဉ်းစားလို့မရ။ အသက်နည်းနည်းကြီးလို့လား. . . ပြန်စဉ်းစားကြည့်တော့ နောက်ပိုင်း မဦးရွေးချယ်ခဲ့သည့် ကိုပြေအေးနှင့် မတိမ်းမယိမ်းပါ။ ရုပ်ကလည်း သိပ်မကွာ။ ဘွဲ့ရပညာတတ်ချင်းလည်း အတူတူ။ ကိုပြေအေးကမှ မဦးနှင့် တွေ့ချိန်တွင် တော်တော် ရုန်းကန်နေရဆဲ။ အဲဒီလူကြီးကမှ အခြေကျနေပြီ။

အဓိကပြဿနာကတော့ သူပြောသည့်စကားတွေ မဦး သည်းခံနားထောင်၍ မရတာပါပဲ။

'အလုပ်တွေက ရပ်လို့ကို မရတာ၊ တပည့်တွေကလည်း သင်ပေးထားတာ၊ လုပ်တော့ လုပ်တတ်နေကြပါပြီ၊ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com


ပါတာနဲ့ ကိုယ်ကိုယ်တိုင် မပါတာနဲ့ သိပ်ကွာတယ်၊ ကွာတယ်ဆိုတာက သိန်းဂဏန်းလောက်ကို ပြောတာ မဟုတ်ဘူးနော်၊ တော်တော့ကို ကွာတာ'

ဒါ. . . ကိုယ်နှင့် လူကြီးချင်း ပြောဆိုထားသည့် မိန်းကလေး၊ ဧည့်ခန်းတွင် ထွက်ဧည့်ခံစဉ် ပြောရမည့် စကားတဲ့လား။

ကိုပြေအေးကြီးနှင့် တွေ့ခါစတွင်တော့ ထိုသို့မဟုတ်။ သူလည်း အလုပ်တော့ များတာပါပဲ။ စီးပွားရေး လုပ်ငန်းရှင် မဟုတ်ပေမယ့် ကွန်ပျူတာ ကုမ္ပဏီကြီးတစ်ခုမှ IT ကျွမ်းကျင်သူ တစ်ဦးဖြစ်တော့

'ကိုပြေအေး အလုပ်များလား'

'များတယ်တော့လည်း မဟုတ်လှပါဘူး မဦးရယ်၊ ကွန်ပျူတာ ရှေ့တော့ ထိုင်နေရတာပေါ့၊ မထိုင်ရင်လည်း မသိတာတွေ များများလာ၊ ထိုင်တော့လည်း မျက်မှန်ကြီးက ထူထူလာ၊ မဦးတို့ ဆရာမတွေ ဘွဲ့လွန်အတွက် စာဖတ်ရသလို နေမှာပါပဲ'

ဒါက ပြောလို့ ဆိုလို့ နည်းနည်း အဆင်ပြေသည်။ ကိုယ့်ကို မိဘ သဘောတူထားသည့် မိန်းကလေးဟု သဘောထားတာ မဟုတ်ဘဲ၊ ကိုယ့်ဂုဏ်နှင့် ကိုယ့်အလုပ်ကို အသိအမှတ်ပြုရာကျသည်။

ဟိုလူကြီးကတော့ သူ့ကို လက်ခံမည်မှ မပြောရသေး။

'မဦး အလုပ်က ထွက်လိုက်တာ ကောင်းပါတယ်၊ ဒီလခက ဘာမက်စရာ ရှိလို့လဲ၊ နောက်ဆုံး အလွန်ဆုံး ရာထူးတက်လည်း ပါမောက္ခပေါ့၊ ဒါလည်း တစ်လလုံးမှ ကိုယ်တို့ တစ်နေ့ဝင်ငွေလောက် ရတာ၊ ကိုယ်ကလည်း အလုပ်များတော့ အိမ်ကိစ္စတွေ လှည့်ကြည့် နိုင်မှာ မဟုတ်ဘူး၊ မဦး အိမ်မှာ ရှိမှ ဖြစ်မှာ'

ကြည့်စမ်း။ လူကိုများ သူ ညွှန်ကြားစရာ ကျနေတာပဲ။

ကိုပြေအေးကတော့ မဦး လက်ညှိုးလေး တစ်ချောင်းထောင်ပြီး 'မဦး ဆရာမအလုပ်ကို ဝါသနာပါလို့ လုပ်တာ၊ ဘယ်တော့မှ မထွက်ဘူးနော်'လို့ ပြောတော့ ခေါင်းလေးယောင်ယောင်မျှ ညိတ်ပြီး မဦး သဘောပါပဲဟု ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


တကယ်တော့ ကိုပြေအေးနှင့် မဉီးတို့ စတွေ့ပြီး သိပ်မရင်းနှီးခင်မှာပဲ ဟိုလူကြီးနှင့် သဇင်တို့ မင်္ဂလာဆောင်သတင်းကို ကြားရခြင်း ဖြစ်သည်။

မဉီး ငြင်းပြီး သိပ်မကြာခင်မှာပဲ သူငယ်ချင်း အရင်းကြီး သဇင့်ဆီ ရောက်သွားတော့ အဲသည့်လူကြီးကို ရယ်ချင်ပေမယ့် တစ်ဖက်ကလည်း သဇင်သိပ်လှသည် ဆိုတာကို အမှတ်ရမိပြန်သည်။ ဇနီးကို အိမ်က ဧည့်ခန်းထဲက အလှဆင်အရုပ်လို ထားချင်သည့် လူကြီးအတွက် ပညာမထူးချွန်ဘဲ ရုပ်သိပ်လှသည့် သဇင်က အသင့်လျော်ဆုံး ကြင်ရာဖက်ပါပဲ။

မဉီးကတော့ ဆရာမ တစ်သက်လုံး ပေးလုပ်ပါမည်ဟု ကတိပြုသည့် ကိုပြေအေး၏ ဇနီးဖြစ်လာခဲ့သည်။ ခက်တာက မကြာမီကပင် မဉီးလည်း သဇင်လျှောက်ရမည့်လမ်းကို လျှောက်ဖို့ အခြေအနေတွေ ဖြစ်လာခဲ့တာ ပါပဲ။

[၄]

သားလေးမွေးပြီးသည်နှင့် နှစ်ဖက်မိဘတွေဆီက အလုပ်ထွက်လိုက်ဖို့ အသံတွေ ညံနေအောင် ကြားရပါသည်။ တက္ကသိုလ်က ဆရာမ လုပ်ရမှာ အပျိုမှ လုပ်လို့ရတာ ကျနေတာပဲ။ မဉီးက အံကြိတ်၍ ဆက်လုပ်သည်။

ကိုပြေအေးကတော့ ကတိအတိုင်း ဘာမှမပြော။ သူ့အခြေအနေ ကတော့ မြင့်မားလာသည်။ ပညာရှင်စစ်စစ် ကိုပြေအေးကို တဖြည်းဖြည်း လက်လွှတ်မခံနိုင်တော့သော ဒါရိုက်တာအဖွဲ့ဝင်များက ကိုပြေအေးကို လစာတိုးပေးရုံသက်သက်ဖြင့် စည်းရုံးထားနိုင်ရန် စိတ်မချတော့သော အခါ ကုမ္ပဏီ၏ အစုရှယ်ယာအတွင်းသို့ တဖြည်းဖြည်း လက်ခံလာခဲ့ သည်။

သားလေး တစ်နှစ်သားရောက်တော့ ကိုပြေအေး ဒါရိုက်တာ အဖွဲ့ဝင်ဖြစ်နေပြီ။ ဝင်ငွေကလည်း မဉီးထက် အဆပေါင်းများစွာ ပိုနေပြီ။

www.burmeseclassic.com

www.burmeseclassic.com


အဲသည့်အချိန်မှာ မဦး မကွေးတက္ကသိုလ်သို့ ပြောင်းရွှေ့ရသည်။

'နည်းနည်းပါးပါး လူကြီးတွေ သွားတွေ့ထားတာ မဟုတ်ဘူး၊ ကိုယ့်မှာလည်း ကလေးအငယ်လေးနဲ့ဟာ'

မဦးမေမေက ဗျစ်တောက် ဗျစ်တောက် လုပ်သည်။

'ကလေးအငယ်လေး မွေးထားတဲ့ တက္ကသိုလ် ဆရာမတွေလည်း အများကြီး ရှိမှာပေါ့ အမေရယ်၊ သွားပြောတဲ့သူက အဆင်ပြေစေ၊ သွားမပြောတဲ့သူက ကသီစေဆိုတာမျိုးကြီးတော့လည်း မကောင်းပါဘူး၊ လူကြီးတွေလည်း လုပ်ငန်းသဘော လိုအပ်ချက်နဲ့ပဲ စဉ်းစားပါစေ၊ ကိုယ်လည်း မိသားစု အနေအထားကြည့် ဆုံးဖြတ်၊ ဒီသဘောပဲ ကောင်းပါတယ်'

ကိုပြေအေးက မဦးဘက်ကဝင်၍ ရှေ့နေလိုက်သည်။ မဦးကလည်း မကွေးတက္ကသိုလ်သို့ ရာထူးအဆင့်တိုးနှင့် ပြောင်းရွှေ့ဖြစ်ခဲ့သည်။

သားကတော့ သူ့အဖေနှင့် အဘိုး၊ အဘွားတွေ လက်ထဲမှာ ကျန်ရစ်ခဲ့သည်။

မကွေးရောက်ပြီးသည်နှင့် သားကို လွမ်း၍ ညတိုင်း ငိုရပါသည်။ ကိုပြေအေးက ဖုန်းလေး မှန်မှန်ခေါ်ပေး၍ သားလေးအသံ စူးစူးဝါးဝါးကို ညတိုင်း ကြားရသော်လည်း အလွမ်းမပြေနိုင်ပါ။

စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်ပြန်သည်ကို ပါမောက္ခက မသိချင်ယောင် ဆောင်ပေးသော်လည်း ကျောက်ခင်းလမ်းပေါ်မှာ ၁၄ နာရီ ကြာအောင် စီးရသော ကားဒဏ်ကို မဦး ခဏ ခဏ မခံနိုင်ပါ။

သားလေး တစ်နှစ်ခွဲတွင် ကိုပြေအေး မတောင်းဆိုရပါဘဲနှင့် မဦး အလုပ်က ထွက်၍ အိမ်ပြန်ခဲ့ပါသည်။

[၅]

မဦး ဆရာမတော့ ဆက်လုပ်ဖြစ်သည်။ တပည့်ကတော့ နှစ်ဦးတည်းပါ။ တစ်ဦးက ကိုပြေအေး၊ နောက်တစ်ဦးက သားပါ။

www.burmeseclassic.com

www.burmeseclassic.com


'အစ်ကို မနေ့က သားကို အော်လိုက်တယ်ဆို. . .'

'အေး. . . ဒီကောင် အဖေရုံးကြိုမယ့်ကားကို ယူသွားလို့၊ ဒါရိုက်ဘာက အဖေရုံးဆင်းချိန်ဆိုတာ သတိပေးထားလျက်နဲ့ သူ့ကိုစွပဲ ပြောနေတယ်၊ အဲဒါ စိတ်ဆိုးလို့ အိမ်ကျ အော်လိုက်တာ၊ မဦးကို သားက တိုင်လို့လား'

မဦးက ဖွဖွရယ်သည်။

'အစ်ကိုရယ်၊ သားက အဖေကို တိုင်စရာလား သားအိပ်ခန်းထဲမှာပဲ ခွေနေလို့ ကောင်မလေးတွေကို မဦး မေးကြည့်တာ'

'မဦးက အစ်ကို သားကို ဆုံးမတာ မကြိုက်လို့လား'

မဦး ခေါင်းခါပြသည်။

'ကြုံကြုံဖန်ဖန် အစ်ကိုရယ် အဖေက သားကို ဆုံးမတာပဲ၊ ဒါပေမဲ့ ဖြည်းဖြည်းသက်သာ ပြောပေါ့'

'ပြောတာပဲ မဦး၊ ဒီကောင် ဒီလိုလုပ်တိုင်း အစ်ကို ကောင်းကောင်း ပြောနေတာ ဘယ်နှခါရှိပြီလဲ၊ ဒီကောင်က မိဘကိုစွကို အလေးကို မထားတာ၊ သူ့ဖို့ပဲ သူ သိတာ'

'အစ်ကို့ စကားထဲမှာပဲ ပေါ်နေပြီ၊ အစ်ကိုက သားကို ဆုံးမချင်လို့ အော်တာမှ မဟုတ်တာ၊ အစ်ကို စိတ်တိုလို့ အော်တာ၊ အဲသလို လေသံကြီးနဲ့ အော်ထည့်လိုက်တော့ ကလေးနဲ့အစ်ကိုနဲ့ စိမ်းသွားမှာ ပေါ့'

ကိုပြေအေး သက်ပြင်းချ၍ 'မဦးကလည်း တစ်ခါတလေ အော်တာပဲ ဥစ္စာ'ဟု ဆင်ခြေတက်သည်။

'မတူဘူး အစ်ကို၊ မဦးက တစ်ချိန်လုံး အိမ်မှာ သားနဲ့ နေနေတာ၊ အစ်ကိုက တစ်ချိန်လုံး အလုပ်တွေ ရှုပ်နေတာ၊ ခရီးတွေ ထွက်နေတာ၊ သားနဲ့ နေရတဲ့အခိုက်မှာ ချစ်ချစ်ခင်ခင်ပဲ နေစေချင်တယ်၊ သား မလိမ္မာတာကို မဦးကိုပြော၊ မဦး ဆုံးမမယ်၊ အစ်ကို့ကိုတော့ သားက မကြောက်စေချင်ဘူး၊ ချစ်ပဲ ချစ်နေစေချင်တယ်'

'အဲဒါနဲ့ သားကို မဦးက ချော့လိုက်ပြီပေါ့ ဟုတ်လား'

မဦးက ခေါင်းခါပြသည်။

www.burmeseclassic.com

www.burmeseclassic.com


'မချော့ပါဘူး၊ မဦး ထပ်ဆူလိုက်တယ်၊ အဖေသဘောမတူတဲ့ကိစ္စ အမေလည်း သဘောမတူဘူးဆိုတာ သူ သိရမယ်လေ၊ အဖေ ပြောရင် အမေ့ဆီ ပြေးမယ်ဆိုတာမျိုး စွဲသွားလို့ ဘယ်ဖြစ်မလဲ'

ကိုပြေအေးက ရယ်ကျဲကျဲနှင့် 'မှန်ပါတယ် ဆရာမရယ်'ဟု ဆိုသည်။

[၆]

အနှစ်နှစ်ဆယ်ကျော်ကာလသည် သစ်ရွက်လေးတစ်ရွက်ကို လက်ဖဝါးပေါ်တင်၍ မှုတ်လိုက်သလို တစ်ချက်တည်းနှင့် လွင့်ကျသွားသည်။

မဦးနှင့် သဇင်တို့ ဆေးရုံတစ်ရုံရှေ့တွင် မမျှော်လင့်ဘဲ ပြန်ဆုံကြသည်။ မဦးက သဇင့်ကို မြင်မြင်ချင်း မှတ်မိသော်လည်း သဇင်က မဦးကို မမှတ်မိ။

ဒါကလည်း သိပ်တော့မဆန်း။

သဇင်က ငယ်ငယ်တုန်းက ရုပ်အတိုင်းပဲ လှနေတုန်းပါပဲ။ အသားအရေလေးတွေတောင် ပိုနူးညံ့ ဖွေးအိနေသည်။ တန်ဖိုးကြီး အဝတ်အစားများ၊ တန်ဖိုးကြီး လက်ဝတ်ရတနာများကို ဝတ်စား၍ တန်ဖိုးကြီး ကားကိုမောင်းဝင်လာသော သဇင်က သူဌေးကတော်တစ်ယောက်ထက် သူဌေးသမီးတစ်ယောက်နှင့်တောင် ပို၍ တူနေသေးသည်။

မဦးက ရုပ်က သိပ်ရင့်မသွားသော်လည်း ခန္ဓာကိုယ်က သိသိသာသာ ဖိုင့်လာပြီ။ အဝတ်အစားကလည်း ခပ်ရိုးရိုးမို့ သဇင့်ထက် အများကြီး ကြီးနေသည်ဟု ထင်ရသည်။ ဒါပေမဲ့ မဦးက စနူတ်ဆက်တော့လည်း သဇင် မှတ်မိရှာပါသည်။

'မဦးရယ် ဝလာလိုက်တာ ဘာလေ့ကျင့်ခန်းမှ မလုပ်ဘူးလား'

မဦးက ရယ်၍ 'မသွားအားပါဘူး သဇင်ရယ်၊ သဇင်ကတော့ အရင်အတိုင်းပဲ လှနေတုန်းပဲနော်'ဟု ရင်သပ်ပြောမိသည်။

သဇင်က မဲ့ပြုံးပြုံးသည်။

'လုပ်ရတယ် မဦးရေ၊ ဒီလောက် လုပ်ထားတာတောင် အိမ်က လူကြီးက အတွင်းရေးမှူးမလေးကို တိုက်ခန်းဝယ်ပေးထားတာ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com


မိပြီးပြီ၊ ကဲ. . . လာပါဟာ၊ ဒီနား တစ်နေရာရာ ထိုင်ရအောင်၊ မဦးနဲ့ စကားစတွေ ပြောချင်လိုက်တာ'

မဦးလည်း လက်ပတ်နာရီ ငုံ့ကြည့်ပြီး နာရီဝက်ခန့် စောနေသေးကြောင်း ရိပ်မိသဖြင့် ဆေးရုံဝင်းအတွင်းမှ လက်ဖက်ရည်ဆိုင်လေးတွင် အတူတူ ထိုင်မိကြသည်။

'မဦး မကွေးပြောင်းသွားကတည်းက မဦး သတင်းတွေ မကြားရတာ အနှစ်နှစ်ဆယ်လောက်တောင် ရှိပြီ၊ အခုရော ဘယ်မှာလဲ၊ ရန်ကုန်တက္ကသိုလ်မှာလား'

မဦး ရယ်ကျဲကျဲနှင့် ခေါင်းခါပြရသည်။

'တစ်သက်လုံး ဆရာမလုပ်မယ် ကြုံးဝါးခဲ့တာ၊ မလုပ်နိုင်ခဲ့ပါဘူး သဇင်ရယ်၊ မကွေးတုန်းက အဆင်မပြေတာနဲ့ ထွက်လိုက်ရတာ၊ မဦးလည်း အိမ်ရှင်မသက်သက် လုပ်နေခဲ့ရတာ အနှစ်နှစ်ဆယ်ရှိပါပြီ၊ သဇင်ရော. . .'

သဇင့်မျက်နှာက အံ့ဩဟန် ပေါ်သွားသည်။

'သဇင်ကတော့ ဘာဆန်းလဲ၊ နဂိုကတည်းက ဘာမှ မည်မည်ရရမှ မရှိတာ၊ ကလေးထိန်း၊ အိမ်ထောင်ထိန်း၊ အခု အိမ်က လူကြီးက အသက် ၅၀ ကျော်မှ စန်းက တော်တော်ထနေတော့ အိမ်က လူကြီးထိန်းပေါ့၊ နောက်ပိုင်းတော့ အိမ်က လူကြီးထိန်းရတာနဲ့ သားနဲ့ သမီးတောင် လွှတ်လွှတ်ထားရတယ်၊ မဦးကတော့ ပညာတွေ အများကြီး သင်ထားပြီး နှမြောစရာ'

'မဦးလည်း အဲဒါတွေးပြီး စိတ်မကောင်းဖြစ်ဖြစ်နေတာ၊ အင်းလေ . . . ကိုပြေအေးကတော့ စိတ်ချမ်းသာအောင် ကြံဖန် အားပေးတတ်ရှာပါတယ်'

'ဘာတဲ့လဲ'

'ပညာဆိုတာ ရှာရမှာပဲတဲ့၊ ငယ်တုန်း၊ သင်နိုင်တုန်းမှာ ဘာအသိပညာဖြစ်ဖြစ်၊ အတတ်ပညာဖြစ်ဖြစ် အခွင့်အရေးရသမျှ ရှာထားရမှာပဲတဲ့၊ နောင်တစ်နေ့ ဒုတိယ အရွယ်ရောက်လာတဲ့အခါကျတော့ အဲဒီပညာကို အသက်မွေးဝမ်းကျောင်းအတွက် အသုံးမပြု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တိုင်းလည်း ပညာက အလကား ဖြစ်သွားတာ မဟုတ်ဘူးတဲ့၊ ပညာဆိုတာ အသက်မွေးဝမ်းကျောင်း တစ်ခုတည်းအတွက်မှ မဟုတ်တာတဲ့၊ အသက်မွေးဝမ်းကျောင်းတစ်ခုအတွက် အသုံးချနိုင်ရင် အသုံးချ၊ အသုံးမချနိုင်ရင်လည်း ကိုယ်တွေးတော ဆင်ခြင်တဲ့ တရားအတွက် အထောက်အကူပြုနိုင်ရင် ရှာခဲ့ရကျိုးနပ်တာပဲတဲ့၊ မဦးကျောင်းသူဘဝက ကျောင်းစာအပြင် ဝါသနာအလျောက် ဖတ်ခဲ့တဲ့ စာအုပ်တွေဟာလည်း ဝတ္ထုပဲဖြစ်ဖြစ်၊ ဆောင်းပါးပဲဖြစ်ဖြစ်၊ ဘာသာရေးပဲ ဖြစ်ဖြစ်၊ ပညာတွေပဲတဲ့၊ အဲဒါတွေနဲ့ မဦး အသက်မွေးဝမ်းမကျောင်းခဲ့တော့ အဲဒါတွေ အချည်းနှီးဖြစ်သွားလို့လားတဲ့'

သဇင် တွေဝေ ေးမောသွားသည်။

'ကိုပြေအေးက တွေးတတ်လိုက်တာနော်၊ ဟုတ်မှာ၊ သဇင်လေ အိမ်ကလူကြီးကို မနိုင်တိုင်း သားနဲ့သမီးကို မနိုင်တိုင်း ငါများ ခပ်ညံ့ညံ့ မိန်းမဖြစ်နေခဲ့လို့လား၊ ငယ်ငယ်က မဦးလိုများ ပညာမသင်ခဲ့မိလို့လားလို့ အမြဲ တွေးမိတာ'

မဦးက စားပွဲပေါ် တင်ထားသော သဇင့်လက်ကလေးကို လှမ်း၍ ဖွဖွ ဆုပ်ကိုင် အားပေးမိသည်။

'ကဲပါဟာ၊ စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့၊ ဘာပဲဖြစ်ဖြစ် နင့်ကြည့်ရတာလည်း အဆင်ပြေနေပုံပါပဲ၊ ယောကျ်ားဆိုတာတော့ ဆင်းရဲတဲ့ဒဏ်သာ ခံနိုင်တာ၊ ချမ်းသာတဲ့ဒဏ်တော့ မခံနိုင်ကြဘူးတဲ့၊ ကိုပြေအေးကြီးလည်း လိမ္မာနေတာ နင့်လူကြီးလောက် မချမ်းသာလို့ နေချင်နေမှာ၊ နင်လည်း ဒီလောက်လှတာ၊ နင့်လူကြီး အချိန်တန်ရင် အိမ်ပဲ ပြန်လာရမှာပါ'

သဇင်လည်း သက်ပြင်းချရာက ပြုံးသည်။

'ဟုတ်ပါရဲ့၊ ငါလည်း တွေ့ကတည်းက ညည်းနေလိုက်တာ၊ နင်ဆေးရုံ ဘာလာလုပ်တာလဲတောင် မမေးရသေးဘူး၊ ဘယ်သူ နေမကောင်းလို့လဲ'

'ကောင်းပါတယ်၊ တခြားကိစ္စနဲ့ လာတာပါ၊ နင်ရော'

www.burmeseclassic.com

www.burmeseclassic.com


သဇင် မျက်နှာလေး ငိုင်သွားပြန်သည်။

'သားကိစ္စပါဟာ၊ သားကလည်း အဖေပဲ တူသလား၊ အမေလုပ်တဲ့ ငါ့ပဲ တူတာလားမသိဘူး၊ မလိမ္မာဘူးဟ၊ ရိုက်မှုဖြစ်လို့ အဖမ်းခံရတယ်၊ စားသောက်ဆိုင်ထဲမှာ အရက်ထိုင်သောက်နေတဲ့ ရွယ်တူလူငယ်လေး တစ်ယောက်ကို သူက အပြင်ကနေ ပြေးဝင်သွားပြီး ရိုက်တာတဲ့၊ ဘယ်လိုမှ ရှင်းမရတော့ဘူး၊ ရည်းစားလုဖက်တဲ့ဟာ၊ အရိုက်ခံရတဲ့ ကောင်လေးက စောစောက ဆေးရုံမှာ တက်နေရတာ'

မဦး မျက်လုံးလေး ဝိုင်းသွားပြီး မောင်သူရိန်ထိုက်လားဟု မေးသည်။ သဇင်က နှုတ်ခမ်းလေးတွန့်ရုံပြုံး၍ နင်နဲ့ သိလို့လားဟု မေးတော့ မဦးက ခေါင်းခါပြသည်။

'အဲဒီဇာတ်လမ်း ကြားလိုက်တာပါ၊ ငါသိသလောက်တော့ ကောင်လေးက ဆေးရုံဆင်းသွားပြီပဲ၊ နင်က ဘာလာလုပ်တာလဲ'

'သိတယ်၊ ငါက အဲဒီကောင်လေးကိုရော၊ သူ့မိဘတွေကိုပါ သွားတောင်းပန်ပြီး ကျေအေးပေးခိုင်းမလို့ စုံစမ်းတာ၊ သူတို့ကလည်း အရမ်းချမ်းသာတာပဲ၊ သားနဲ့ မော်ဒယ်လ် ကောင်မလေးတစ်ယောက်ကို အပြိုင်အဆိုင် လုတွဲကြရင်း ရန်ငြိုးဖြစ်ကြတာတဲ့၊ ဘယ်လိုမှ မကျေအေးနိုင်ဘူးတဲ့၊ ပိုက်ဆံပေးလို့လည်း ဘယ်ရမလဲ၊ သူတို့လည်း ငါတို့လောက်ကို ချမ်းသာကြတာ၊ ငါက ဒေါက်တာရှင်းသန့်အေးဆိုတဲ့ ဆရာဝန်လေး တစ်ယောက်ကို လာရှာတာ၊ သား ရိုက်လိုက်တဲ့ ကောင်လေးကို အဲဒီညက ကုပေးလိုက်တဲ့ ဆရာဝန်လေးပေါ့၊ ဆေးမှတ်တမ်းမှာများ နည်းနည်းပါးပါး လျှော့ပေါ့ပေးလို့ ရမလားလို့ လာစုံစမ်းတာ၊ စုံစမ်းသာ စုံစမ်းရတယ်၊ အခြေအနေက မကောင်းပါဘူးဟာ၊ အသိ ဆရာမတစ်ယောက် ပြောပြတာကတော့ အဲဒီဆရာဝန်လေးက အရမ်းစည်းကမ်းကြီးပြီး အလုပ်လုပ်တာ တိကျတယ်တဲ့၊ ဘာနဲ့မှလည်း စည်းရုံးလို့ရမှာ မဟုတ်ဘူးတဲ့'

မဦး ခိုးပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း အဲဒီဇာတ်လမ်း နည်းနည်း သိတယ်'

သဇင် မျက်လုံးလေး ဝိုင်းသွားသည်။

'ဟုတ်လား၊ ပြောပြပါဦးဟာ နင် သိသလောက်'

'နင့်သားက တရားခံဆိုတာတော့ ငါ မသိဘူးပေါ့နော်၊ အဲဒီ ပြဿနာဖြစ်တော့ လက်ခံတာ ဒေါက်တာရှင်းသန့်အေး၊ ဟုတ်တယ်၊ သူက မနက်ကျတော့ သူ့ဆရာတွေကို တိုင်ပင်တယ်တဲ့၊ နှစ်ဖက်စလုံး မျက်နှာကြီးတွေဆိုတော့ ပြဿနာတွေ ရှုပ်လာမှာကြောက်လို့ ဘာလုပ်လို့ ရသလဲပေါ့၊ အဲဒါနဲ့ သူ့ဆရာတွေက 'ကျွမ်းကျင်မှု မှတ်ချက်' ထပ်ဆင့် တောင်းခံလို့ရတယ်လို့ ပြောကြတယ်၊ ဒီတော့ ရန်ကုန်ဆေးရုံကြီး မှုခင်းဆရာဝန်ကြီးရုံးက ဆရာတွေကို ခေါ်ပြပြီး မှတ်ချက်တရားဝင် ထပ်ယူသင့်သတဲ့၊ ဆိုလိုတာက ဘာမှ ပြင်လို့ မရတော့အောင် လုပ်လိုက်တာပေါ့ဟာ'

သဇင်က အသံမြည်အောင် သက်ပြင်းချသည်။

'တော်လိုက်တာနော်၊ သူတော်တာက အရေးမကြီးဘူး၊ ငါတော့ သားဆိုးတစ်ယောက် ထောင်ကျလို့ အရှက်ကွဲရတော့မယ်၊ သူများ သားသမီး အဲဒီလောက် တော်နေတဲ့အချိန်မှာ ငါ့သားက ဘာလို့ အဲဒီလောက် ဆင်ခြင်တုံတရား ခေါင်းပါးရပါလိမ့်နော်၊ နို့. . . နင်က ဘာလို့ အဲဒါတွေ အကုန်သိနေရတာလဲ'

မဦးက ပခုံးတွန့်၍ 'အဲဒါ ငါ့သားလေ'ဟု ဖြေသည်။

'ဘာရယ်၊ ဘယ်သူက နင့်သားလဲ'

'ဒေါက်တာရှင်းသန့်အေးလေ၊ ငါနဲ့ ကိုပြေအေးသားပေါ့၊ အခု ငါဆေးရုံလာတာက သားကို ထမင်းချိုင့် လာပို့တာ၊ သားက ဒီနေ့ ညဂျူတီလေ'


သည်တစ်ခါတော့ သဇင် ပါးစပ်အဟောင်းသား ဖြစ်သွားရပါတော့သည်။

Perfect မဂ္ဂဇင်း၊ ဧပြီလ၊ ၂၀၀၉

○

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

အား. . . ။

ဘယ်ဘက်ရင်ဘတ်ထဲက စူးခနဲခံစားချက်ကြောင့် ဦးနိုင်သွေး အိပ်ရာမှ လန့်နိုးလာသည်။

နှလုံးရောဂါ ထတာများလား။

အသက်က ၅၀၊ နှလုံးရောဂါကြောင့် ရင်ဘတ်စူးခနဲအောင့်မှုနှင့် ဆေးရုံနှစ်ခါ တော်တော်ကြာကြာ တင်ထားဖူးသည့် အတွေ့အကြုံ ရှိထားဖူးသဖြင့် အဲဒါကို အရင် ခေါင်းထဲက သတိရသည်။

ဒါပေမဲ့ နှလုံးရောဂါကြောင့် ငါ မောနေရမှာပေါ့။

အခုက အောင့်သာ အောင့်နေသည်။ မမော။

ညအိပ်ရာ မဝင်ခင်တုန်းက ခင်ပွန်းသည်ရှိရာ နိုင်ငံခြားမှာ လိုက်နေနေသည့် ဆရာဝန်သမီးနှင့်မြေး၏ ဓာတ်ပုံတွေကို ဖေ့စ်ဘွတ် အင်တာနက်မှ ကူးယူရင်း ကွန်ပျူတာရှေ့မှာ သုံးနာရီလောက် ဆက်တိုက် ထိုင်ဖြစ်ခဲ့တာကိုလည်း သွားသတိရသည်။

www.burmeseclassic.com

www.burmeseclassic.com


အညောင်းထိုင်တာ များသွားလို့ ကြွက်သားက နာတာနေမှာ။

အား. . .။

နောက်တစ်ချက် ထိုးအောင့်လာပြန်သည်။

အရေးမကြီးရင်တော့ ဟုတ်တာပေါ့။ အရေးကြီးနေရင် ဘယ်လို လုပ်မလဲ။

ဇနီးသည်ကို အိပ်ရာမှ နိူး၍ ပြောပြလိုက်ရကောင်းမလားဟု တွေး၍ ခုတင် ဘယ်ဘက်ခြမ်းကို လှမ်းကြည့်သည်။

ဟာလာဟင်းလင်း။

ဟုတ်ပါရဲ့။

ဇနီးသည် ကွယ်လွန်သွားတာ တစ်နှစ်နီးနီး ရှိပါပေါ့။

တရေးနိုး အာရုံတွေမို့ ဝေဝါး ရှုပ်ထွေးနေတာ။

တကယ်တော့ သူ့မှာ လှမ်းခေါ်စရာဆိုလို့ တစ်ဖက်ခန်းထဲမှာ အိပ်နေသည့် သူ့သားကြီးသာ ရှိပါသည်။

[၂]

ဆေးရုံ တက်ရပြန်ပြီ။

သမီးဆရာဝန်က ပြန်ခဲ့ရမလားဟု ဖုန်းဆက်မေးသည်။ မေးနေသည် ဆိုကတည်းက ပြန်လာဖို့ အနည်းနှင့်အများတော့ အခက်အခဲရှိပုံ ရသည်။ ရတယ်။ ဖေဖေ နေကောင်းနေပြီဟုသာ ဖြေလိုက်သည်။

ဆရာဝန်ကြီးကလည်း ဂရုစိုက်ပါသည်။ သမီးဆရာတဲ့၊ ရင်းလည်း ရင်းနှီးဟန်တူသည်။ သားကို သူ့အခန်းထဲ မကြာခဏ ခေါ်သွား၍ ရှင်းပြသည်။

ခက်တာက သားက ဆရာဝန်မဟုတ်။ စက်ရုံမှူးတစ်ဦးဖြစ်သည်။

အဖေကို အနီးကပ်လာနေပြီး ဂရုတစိုက် စောင့်ရှောက်နေရသော

www.burmeseclassic.com

www.burmeseclassic.com


အကြောင်းရင်းကလည်း သူ့ဇနီးနှင့် အဆင်မပြေဘဲ အိမ်က ထွက်လာခဲ့၍သာ ဖြစ်သည်။

သားနှင့်စာလျှင် သတင်းစာ ဆရာဟောင်းတစ်ဦးလည်းဖြစ်၊ ဘာသာရေး ဆောင်းပါးတွေ ရေးနေသော စာရေးဆရာလည်းဖြစ်သည့် ဦးနိုင်သွေးကပင်လျှင် ဆရာဝန်ကြီး ရှင်းပြတာတွေကို ပို၍ တိတိပပ နားလည်မည် ထင်သည်။

သို့သော် သူတို့ ဦးနိုင်သွေးကို ရှင်းမပြကြပါ။

သားရယ်၊ ဆရာဝန်ကြီးရယ်၊ နိုင်ငံခြားက သမီးရယ်၊ ဖုန်းဆက် စကားပြောလိုက်ကြ၊ အခန်းထဲဝင် ဆွေးနွေးလိုက်ကြနှင့်၊

ထွက်လာလျှင်တော့ ဆရာဝန်ကြီးက ပြုံးပြုံးပင်။

'ဦးနိုင်သွေး အခြေအနေ တော်တော် ကောင်းနေပါပြီ၊ တစ်ရက် နှစ်ရက်ဆို ဆေးရုံကဆင်းပြီး အိမ်မှာ နားနေလို့ရမှာပါ၊ ဆေးမှန်မှန် သောက်ရင်ရပါပြီ၊ ဆရာမလေးတစ်ယောက်လောက် ခေါ်ထားရင်တော့ ပိုကောင်းမယ်၊ ဒါလည်း ကျွန်တော် သားနဲ့ တိုင်ပင်ပြီး စီစဉ်လိုက်ပါမယ်'

သူ့တစ်ရက်၊ နှစ်ရက်က တကယ်တမ်းကျတော့ သုံးပတ်ကြာသွားသည်။ ဘာပဲဖြစ်ဖြစ် သူ ပြောတာလည်း ဟုတ်တော့ ဟုတ်သည်။ ဆေးရုံက ဆင်းတော့ ဦးနိုင်သွေး တော်တော် လန်းလန်းဆန်းဆန်း ဖြစ်နေသည်။

## [၃]

ဆရာမကလေးနာမည်က မလှကြွေတဲ့။

အသက်က သုံးဆယ်စွန်းစွန်း။ ရုပ်ကလေးက သိပ်မလှပေမင့် ကိုယ်လုံးကိုယ်ပေါက်ကလေးက ထင်းနေအောင် လှသည်။ ဒါကို အသက်ငါးဆယ်အရွယ် ဦးနိုင်သွေး သတိထားမိသည်။

သားနှင့်ကတော့ တော်တော် ရင်းနှီးခင်မင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


နေ့ခင်းဘက်ပဲ ဝင်တာဆိုတော့ ညအပြန် နောက်ကျလျှင် သားက ကားမောင်း၍ လိုက်ပို့တတ်သည်။

ကလေးမကလေးကလည်း စောစောပြန်ရန် သိပ်မလော။ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထား၍ အေးအေးဆေးဆေးနေသည်။ ကိုယ့်မိဘကိုယ် ပြုစုသလိုပင် ဂရုလည်း စိုက်လှသည်၊

ဦးနိုင်သွေးကလည်း သဘောကျပါသည်။

ကိုယ့်သားကိုယ် ပြုံးပြုံးရွှင်ရွှင် မမြင်ရတာ ကြာပြီလေ။ ညနေပါပါသွားတော့ အိမ်မှာ တစ်ယောက်တည်း ကျန်ခဲ့တော့ရော ဘာဖြစ်သေးလဲ။ တစ်ယောက်တည်း မနေရတာ ကြာပြီမို့ ခဏတစ်ဖြုတ်တော့ နေချင်သေးတယ်။

ဆရာဝန်ကြီးကလည်း သဘောကျဟန်တူသည်။

အိမ်လာကြည့်ပေးပြီးလျှင် မလှကြွေကို စိတ်ချအားကိုးစွာဖြင့် မှာစရာရှိတာတွေ တစ်သီကြီး မှာတတ်သည်။ မလှကြွေက ဆရာဝန်ကြီး အိတ်ဆွဲပြီး ကားပေါ်လိုက်အပို့ ကားဘေးမှာ ရပ်နေပြီး မှာတာမို့ ဘာတွေ ပြောသည်တော့ ဦးနိုင်သွေး မသိရ။

ဦးနိုင်သွေးရောဂါအကြောင်း အသေးစိတ် သိသူ လေးဦး ဖြစ်လာသည်။ ဦးနိုင်သွေးတော့ မပါသေး။

[၄]

နေ့လယ်ပိုင်းတွေမှာ တပည့်ဟောင်း ဂျာနယ်အယ်ဒီတာကလေးတွေ ဦးနိုင်သွေးဆီ လာလာ စကားပြောတတ်သည်။

အစပိုင်း ဆေးရုံဆင်းခါစကတော့ သားက သိသိသာသာပင် မလိုလားဟန်ပြ၍ နှင်ထုတ်တတ်သည်။

ဖေဖေ မောနေမှာစိုးလို့. . . တဲ့။

'မင်းတို့ပဲ ဖေဖေက နေကောင်းနေပါပြီဆို'

သည်လို ပြန်မေးလျှင်လည်း ဘာမှမပြောဘဲ ထွက်သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ မိတ်ဟောင်းဆွေဟောင်းတွေနှင့် စကားပြော ရလျှင် ဖခင် ရွှင်ရွှင်လန်းလန်း ပိုရှိသည်ကို သတိထားမိတော့ သားက မပြောတော့။ ဒါတောင် တချို့ ဂျာနယ်သမားတွေ ဖခင်နှင့် စကား ပြောနေသည်၊ မျက်လုံးက မလှုပ်မကြွဆီသာ ဝဲနေသည်ကို တွေ့ရ လျှင်လည်း မကြည်လင်ပြန်။

'ဆေးခန်းတွေကိစ္စ နည်းနည်း ပွဲဆူနေတယ်၊ ဆရာကြီး တစ်ခုခု ရေးပါဦးလား'

ဂျာနယ်သမားတစ်ယောက်က ရယ်၍ ပြောသည်။

'ဆူတိုင်း ရေးစရာလားကွ၊ ငါက မှန်မှ အများအကျိုးရှိမှ ရေးမှာပေါ့။ ငါ့ကျွန်းမာရေးနဲ့ စာနည်းနည်းပဲ ရေးနိုင်မှာ၊ အပိုတွေ မရေးချင်ဘူး'

'ဆရာကြီးက ဘယ်ရေးမလဲ၊ ဆရာဝန်တွေက သူ့ကျ သမီး ဆရာဝန်မမျက်နှာနဲ့ ဂရုစိုက်ကြတာကိုး'

နောက်တစ်ယောက်က ဝင်၍ ရယ်သွမ်းသွေးသည်။

'မဆိုင်ပါဘူးကွာ၊' အမှန်တရားဆိုတာ မျက်နှာပျက်ရတာတွေ ဘာတွေ မရှိပါဘူး၊ ကောင်းတာ နောက်ဆက်တွဲ ရင်ဆိုင်ရလည်း အမှန်တရားက အမှန်တရားပဲ၊ ဆိုးတာ နောက်ဆက်တွဲ ရင်ဆိုင် ရလည်း အမှန်တရားက အမှန်တရားပဲ၊ ချိုမှ အမှန်တရား မဟုတ်ဘူး၊ ခါးလည်း အမှန်တရားက အမှန်တရားပဲ၊ ချိုဖို့ထက် မှန်ဖို့က အရေးကြီးတယ်၊ ငါက မချိုတဲ့ အမှန်တရားကို ရင်ဆိုင်ရဲလို့ ဝင်မရေးတာ မဟုတ်ဘူး၊ ဒီကိစ္စက မျက်နှာစာတွေ များလွန်းတယ်၊ မျက်နှာစာတွေ အားလုံးဘက်က မြင်တတ်အောင် လေ့လာပြီးရေးမှ တာဝန်ကျေမှာ၊ ငါ့ကျွန်းမာရေးနဲ့ အဲသလိုမှ မလုပ်နိုင်ရင် မရေးတာကောင်းတယ်'

လူငယ် ဂျာနယ်သမား တစ်ယောက်က မျက်မှောင်ကုတ်၍ ဝင်မေးသည်။

'ချိုဖို့ထက် မှန်ဖို့က အရေးကြီးတယ်၊ အဲဒါလေး နည်းနည်း ရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



ပေးပါလား ဆရာကြီး’

‘ဖေဖေ မောနေပါဦးမယ်’

အနားရောက်လာသော သားကြီးက ဝင်ဟန့်တော့ ဦးနိုင်သွေး လက်ကာပြလိုက်သည်။

‘ရတယ်၊ ဒီလိုလေကွာ၊ မင်းလည်း ဗုဒ္ဓဘာသာပဲ၊ သံသရာကို ယုံတယ် မဟုတ်ဘူးလား’

‘ယုံပါတယ် ဆရာကြီးရဲ့၊ ကျွန်တော်လည်း မိရိုးဖလာ ဗုဒ္ဓဘာသာ အဆင့်တော့ မကပါဘူး၊ ဆရာကြီး စာတွေလည်း အမြဲဖတ်ပါတယ်’

‘သံသရာက ချိုသလား’

လူငယ်က အနည်းငယ် တွေးဆပြီးမှ ဖြေသည်။

‘သတ္တဝါတို့ရဲ့ အမြဲ နေထိုင်ရာ အိမ်က အပယ်လေးဘုံဖြစ်ပြီး သုဂတိဘုံဆိုတာ ရှားရှားပါးပါး တစ်ခါတလေမှ ကြုံကြိုက်ရတာ ဆိုတော့ သံသရာဆိုတာ မရှိဘူးလို့ပဲ ပြောရမှာပေါ့’

‘သံသရာရှိတာကို မသိရင် ပိုစိတ်မချမ်းသာဘူးလား’

ခေါင်းတဆတ်ဆတ် ညိတ်သည်။

‘မသိတာနဲ့ သိတာ ဘယ်ဟာ စိတ်ချမ်းသာသလဲ’

‘မသိတာ ဖြစ်မှာပေါ့ ဆရာကြီး’

‘ဘယ်ဟာက ပိုကောင်းသလဲ’

တွေဝေသွားပြန်သည်။

‘မသိရင် လုပ်စရာရှိတာတွေ မလုပ်ဘဲ နေမိမှာပါ၊ ဘယ်ကောင်း မလဲ၊ သိမှ ကောင်းမှာပေါ့’

‘အဲဒါပေါ့ကွ ငါပြောတာ၊ ချိုဖို့ထက် အမှန်ကို သိဖို့က ပိုအရေးကြီး ပါတယ်လို့’

‘ဖေဖေ နားဦးလေ မောနေမယ်’

သားက ဝင်ဟန့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


[၅]

သူတွင် အချိန်ဘယ်လောက် ကျန်သေးသည်ကို ဦးနိုင်သွေး တိတိပပ မသိ။

ဆရာဝန်ကြီးကို မေးတော့လည်း ဆရာဝန်ကြီးက ရယ်၍. . . ဦးနိုင်သွေး ကျွန်တော့်နောက်မှ သေမှာပါ. . . ဟု ကျီစယ်သည်။

သားကလည်း 'ဖေဖေက မဟုတ်တာတွေ မတွေးနဲ့လေ'ဟု ဟန့်သည်။

ဘာသာရေးစာပေများ ရေးသားနေသူပီပီ ဦးနိုင်သွေးတစ်ယောက် ဗုဒ္ဓဘာသာဝင်အဖြစ် သူ လျှောက်ရမည့် လမ်းကြောင်းကို သူ မြင်သည်။

သိပ်မသေချာတာက ထိုလမ်းကြောင်းကို ဘယ်လောက်လောက် ခရီးပေါက်အောင် လျှောက်ခဲ့ပြီးပြီ ဆိုတာပါ။ ဒါသိပ်မသေချာ။

လုံးလုံးကို မသေချာတာက အဲသည်ခရီးကို ဘယ်လောက်လောက် သူ ဆက်လျှောက်ခွင့်ရဦးမည် ဆိုတာပါ။

မနက် မနက် တရားထိုင်တိုင်း ဦးနိုင်သွေး အဲဒါကို တွေးမိသည်။

မငြိမ်သည့် စိတ်ကို မြင်အောင်ရှုတဲ့။

ဆရာတော်ဘုရားများက မိန့်မှာကြသည်။

တွေ့နေပြီလေ။

မငြိမ်သည့်စိတ်က တွေ့နေပြီ။ သူ တွေ့နေတာ တွေ့သင့် တွေ့ထိုက်သည့်အတိုင်း တွေ့နေသည်ဟုတော့ သူ မထင်။

နိုင်ငံခြားက ဆရာဝန်သမီးဆီ ရောက်လိုက်၊ မြေးဆီ ရောက်လိုက်၊ အိမ်ထောင်ပျက်၍ မှိုင်တွေနေသော သားကြီးဆီ ရောက်လိုက်၊ ဆုံးသွားသည့် ဇနီးဆီ ရောက်လိုက်၊ စာအုပ်တွေဆီ ရောက်လိုက်။

အဲသလို မငြိမ်တာကို တွေ့ရမှာတော့ မဟုတ်ဘူး ထင်သည်။

စိတ်တစ်ခု ယုတ်ကိုးဆယ် . . . တဲ့။ ၈၉ ခုပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသလို လက်ဖျောက်တစ်ချက်တီး အတွင်းမှာ လျှင်မြန်စွာ ပြောင်းသွားသည့် စိတ်၏ သဘောကို မြင်အောင်ကြည့်ရမှာဟု ထင်သည်။ စိတ်ထဲမှာ ငြိမ့်ခနဲ. . . ဂျိတ်ခနဲ သိသွားရမှာဟု ထင်သည်။ အဲသလိုတော့လည်း မသိသေး။

သေရမည့် အရေးကိုတော့ တွေး၍ သိပ်မတုန်လှုပ်။

သည်မျှ သရဏဂုံမြဲသော ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနှင့် ကပ်လျက်ဘဝမှာ ကြုံတွေ့ရမည့် လားရာဂတိကိုတော့ သိပ်ကြောက်စရာ မလိုဟု ထင်သည်။

ကြောက်တာက သံသရာပါ။

သံသရာအတွက် သူ ဘယ်လောက် အဆင်သင့်ဖြစ်ပြီလဲ သူ့ကိုယ်သူမသိ။ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ချိန် ဘယ်လောက် ရသလဲလည်း သူမသိ။

[၆]

သည်တစ်ခါ လာကြည့်ပေးပြီးတော့ ဆရာဝန်ကြီးက မပြန်ခင် သူ့အိတ်ထဲက စာအုပ်တစ်အုပ် ထုတ်ပြန်သည်။

ဦးနိုင်သွေး ရေးထားသည့်စာအုပ်။

'ဘယ်မှသားမှ မဖြူပါ'တဲ့။ ဘာသာရေး ဆောင်းပါး ပေါင်းချုပ်ပါ။

'ကျွန်တော် ခေါင်းစဉ်လေး သဘောကျလို့ ဝယ်လာတာ၊ ဖတ်တောင် မဖတ်ရသေးဘူး၊ ဦးနိုင်သွေး လက်မှတ်ထိုးပေးပါဦး'

'ဟာ. . . ဆရာကြီး အဲသလောက် စာဖတ်မှန်း မသိလို့ပါ၊ သိရင် ကျွန်တော် လက်ဆောင်ပေးမှာပေါ့'

အားတုံ့အားနာဖြင့် ဆရာဝန်ကြီး ကမ်းပေးသော စာအုပ်ကို ယူ၍ လက်မှတ်ထိုးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'သမီး မလှကြွေရေ၊ ဘဘ ဧည့်ခန်းထဲမှာ ထားထားတဲ့ စာအုပ်ပုံထဲက တစ်မျိုးကို တစ်အုပ်စီ သွားယူခဲ့ပေးစမ်းပါ၊ ဆရာကြီးကို လက်ဆောင်ပေးရအောင်'

မလှကြွေ 'ဟုတ်ကဲ့ . . . ဘဘ'ဟု ဆိုကာ အိပ်ခန်းထဲမှ ထွက်သွားသည်။ ဆရာဝန်ကြီးက ဦးနိုင်သွေး ခုတင်ဘေးတွင် ကုလားထိုင်တစ်လုံး ဆွဲ၍ ဝင်ထိုင်သည်။

'ကျွန်တော်တို့ ဆရာဝန်တွေက လူနာကို စိတ်ပူပင်သောကြောင့် ပိုခံစားရမှာစိုးလို့ အခြေအနေမှန်ကို မပြောပြတာမျိုးကို White Lie အဖြူရောင်မုသားလို့ သုံးနှုန်းလေ့ရှိတယ်၊ ဦးနိုင်သွေးက အဲဒါကို ချေပတဲ့ သဘောမျိုး ခေါင်းစဉ်တပ်ထားတာ မဟုတ်လား'

ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

'လူနာလည်း အမျိုးမျိုးရှိမှာပေါ့ ဆရာကြီးရယ်၊ ဘဝကို တစ်သက်လုံး စနစ်တကျပဲ တွက်ချက် ရင်ဆိုင်ကျော်လွှားခဲ့ပြီး နောက်ဆုံးအချိန် ကျန်နေသမျှကို အကျိုးရှိရှိ တွက်ချက် အသုံးချချင်တဲ့လူစား လူနာမျိုး အတွက်ကျတော့ ဆရာကြီးတို့ အဖြူရောင်မုသားက နည်းနည်း လျှော့တွက်ရာ မကျလွန်းဘူးလား'

ဆရာဝန်ကြီးမျက်နှာ မသိမသာ ပျက်သွားသည်။

'အေးဗျ၊ ဦးနိုင်သွေး ပြောတာ စဉ်းစားစရာပဲ'

'ပြီးတော့ ကျွန်တော် သိသလောက်တော့ ဆရာကြီးတို့ ဆရာဝန် ပဋိညာဉ်မှာလည်း လူနာကို ကုသစဉ် တွေ့လာရတဲ့ အတွင်းရေးကို ဖွင့်ဆိုသင့်သည်တို့မှလွဲပြီး တစ်ပါးသူကို ပြောမပြရဘူးလို့ မပါဘူးနော်၊ ဆရာကြီးတို့က ဘာလို့ လူနာရှင်တွေကိုပဲ အမြဲ ခေါ်ပြောပြီး လူနာကို ကျတော့ ကောင်းသွားမှာပါ. . . လို့ချည်း ပြောနေတာလဲ'

ဆရာဝန်ကြီးမျက်နှာ အထားရခက်စွာနှင့် ရယ်သည်။

'ဦးနိုင်သွေးက ဦးနိုင်သွေး ရောဂါအခြေအနေကို ကျွန်တော်တို့ ပြောမပြဘူးလို့ ထင်နေတာလား'

www.burmeseclassic.com

www.burmeseclassic.com


ဦးနိုင်သွေးက ပြုံး၍ ခေါင်းခါပြသည်။

'တွေးမိတာလေးကို ယေဘုယျ ပြောပြတာပါ ဆရာကြီးရယ်၊ ကျွန်တော့် ရောဂါအခြေအနေက ကျွန်တော် သိပါတယ်'

ဆရာဝန်ကြီး မျက်ခုံးပင့်သွားသည်။ ဘာမှပြန်မပြော။

ဦးနိုင်သွေးက ခုတင်ဘေး ဗီရိုပုကလေးပေါ်မှ ဆေးမှတ်တမ်း စာအုပ်တစ်အုပ်ကို လှမ်းယူသည်။

'ဟောသည်ထဲမှာ ဆရာကြီး ကျွန်တော့်ကို ဆွဲခိုင်းခဲ့သမျှ အီးစီဂျီတွေကို မှတ်တမ်းလုပ်ကပ်ထားတယ်၊ ကျွန်တော် တတိယအကြိမ် အသည်းအသန်ဖြစ်လို့ ဆေးရုံတက်ကတည်းက ခုထက်ထိ အီးစီဂျီပေါင်း တစ်ဆယ့်နှစ်ခုရှိသွားပြီ၊ ကျွန်တော်မဖတ်တတ်ပေမယ့် အဲဒီအီးစီဂျီတွေက အကုန်လုံး ချွတ်စွပ်နီးနီးတူနေတယ်၊ ပထမအကြိမ် ဆေးရုံတက်တုန်းကနဲ့ ဒုတိယအကြိမ် ဆေးရုံတက်တုန်းက ဆင်းလာပြီး ဆွဲတဲ့ အီးစီဂျီတွေက အဲသလိုမှ မဟုတ်တာ၊ ပြန်ပြောင်းတယ်၊ အခုတော့ ပြန်မပြောင်းတာ ခြောက်လကျော်နေပြီ၊ ဆိုလိုတာက ဆရာကြီးတို့ ကျွန်တော့်ကို ဆေးရုံတင်တုန်းက တွေ့ထားတဲ့ စိတ်ပူစရာဟာ ဘာပဲဖြစ်ဖြစ် အခုထက်ထိ ရှိနေတုန်းပဲ မဟုတ်လား'

ဆရာဝန်ကြီး ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

'ဆရာကြီးတို့ စေတနာကို ကျွန်တော် နားလည်ပါတယ် ဆရာကြီးရယ်၊ ဒါပေမယ့် အမှန်တရားဆိုတာ ဘယ်တုန်းကများ လှဖူးလို့လဲ၊ ဘယ်တုန်းကများ ချိုမြိန်ဖူးလို့လဲ၊ ကျွန်တော်တို့ အမြဲတမ်း သိလျက်သားနဲ့ မေ့ပစ်ဖို့ ကြိုးစားနေတဲ့ အချက်က ကျွန်တော့်တို့ တစ်နေ့နေ့ သေရမယ် ဆိုတာကို မဟုတ်လား၊ သေပြီးရင်လည်း သံသရာမှာ ဆက်ကျင်လည် ရဦးမယ်၊ အဲဒီဆက်ကျင်လည်မယ့် သံသရာကြီးကလည်း မလှပါဘူး၊ မချိုပါဘူး၊ မြတ်စွာဘုရားကလည်း 'ဒုက္ခသစ္စာ'လို့ ဟောခဲ့တာပဲ၊ ဒါပေမယ့် အဲဒီမချိုတဲ့ အမှန်တရားကို ကျွန်တော်တို့ မသိဘဲနေနေလို့မှ မဖြစ်တာ၊ မေ့ထားလို့မှ မရတာ၊ သိမှ ရင်ဆိုင်နိုင်တာပဲ၊ ကျွန်တော်လည်း

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်မှာ အချိန်ဘယ်လောက်ကျန်သေးလဲဆိုတဲ့ အမှန်တရားကို သိချင်ပါတယ်၊ အဲဒီအမှန်တရားက မချိုနိုင်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် ကျွန်တော့်အတွက်တော့ ချိုဖို့ထက် အမှန်ကို သိဖို့က အရေးကြီးပါတယ်'

ဆရာဝန်ကြီး စကားမပြန်နိုင်သေး။

[၇]

မလှကြွေ ပြန်ရောက်လာသည်။

သပ်ရပ်စွာ ကြိုးစည်းထားသော စာအုပ်တစ်ပုံလည်း ပါလာသည်။ ဆရာဝန်ကြီးက နေရာမှ လေးကန်စွာ ထသည်။

'အေးဗျာ၊ ဦးနိုင်သွေးလို တည်ငြိမ်ပြီး အတွေးအခေါ် ရှိတဲ့ လူမျိုးနဲ့ တွေ့ရတော့လည်း ကျွန်တော်တို့ ကိုယ်တိုင်ကိုက ပြန်လေ့လာနာယူစရာ တွေ့ရတာပဲ၊ ကျေးဇူးတင်ပါတယ်၊ သမီးရေ ဆရာ့အိတ် ယူသွားနှင့်ပါကွယ်'

မလှကြွေက ဆရာဝန်ကြီး၏ အိတ်ကိုရော စာအုပ်ထုပ်ကိုပါ ဆွဲ၍ အိပ်ခန်းထဲမှ ထွက်သွားသည်။

ဆရာဝန်ကြီးကတော့ ဦးနိုင်သွေးကို လှည့်ကြည့်၍ သိမ်မွေ့စွာ ပြုံးသည်။

'ဒါပေမယ့် ကျွန်တော် တကယ်မသိတာပါ ဦးနိုင်သွေး၊ ဦးနိုင်သွေးမှာ အချိန်ဘယ်လောက်ကျန်တယ်ဆိုတာ တကယ် တွက်ရခက်ပါတယ်၊ ဦးနိုင်သွေး ပြောတဲ့ အီးစီဂျီမှာ ပျောက်မသွားတဲ့ ကျွန်တော်တို့ စိတ်ပူနေတဲ့ အရာကတော့ အမှန်ရှိတာပါ၊ ဦးနိုင်သွေးရဲ့ နှလုံးနံရံက အကွက်တစ်ကွက်က သွေးတော်ရာကနေ ထိခိုက်သွားပြီး အလုပ်မလုပ်တော့တာ ၆ လ ရှိနေပါပြီ၊ အဲဒါကောင်းတဲ့ လက္ခဏာ မဟုတ်ပေမယ့် အဲဒီကနေ ဘယ်လောက်မြန်မြန် ထပ်ဆိုးလာမယ်ဆိုတာတော့ ကျွန်တော်တို့ မသိပါဘူး၊ ဦးနိုင်သွေးအတွက် မသိတာ

www.burmeseclassic.com

www.burmeseclassic.com



ပိုကောင်းမယ်ထင်လို့ ပြောမပြခဲ့တာတော့ ခွင့်လွှတ်ပါ။ အခုတော့ ဦးနိုင်သွေး၊ သို့လော၊ သို့လော စဉ်းစားနေရတာနဲ့စာရင် သိတာ ပိုကောင်းမယ်ဆိုတာ သေချာသွားလို့ ပြောပြတာပါ။ တခြားလည်း ကျွန်တော် ပြောမပြဘဲထားတာ ဘာမှ မရှိပါဘူး'

ဦးနိုင်သွေးက အားပါးတရ ပြုံး၍ ခေါင်းညိတ်ပြသည်။

'ကျေးဇူးအများကြီးတင်ပါတယ် ဆရာကြီး'


ဆရာဝန်ကြီးထွက်ခွာသွားပါသည်။

မဟေသီ မဂ္ဂဇင်း၊ ၂၀၁၀

○

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[၁]

အချစ်တဲ့။ ရှိသလား မရှိသလား ဘယ်သူမှ သေသေချာချာ မသိသောအရာတစ်ခုဖြစ်သည့် အဲသည်အချစ်ကို ယုံကြည်ကိုးကွယ်တတ်သော ညီမနှင့် အချစ်ကို မယုံကြည်သော အစ်မတို့ကြားတွင် အတိုင်ပင်ခံ ညီအစ်မလုပ်နေရင်းက ချစ်သူမရှိဘဲ စုမွန် အသက် ၂၉ နှစ် ပြည့်ခဲ့လေသည်။

[၂]

ညီမ သဲမွန်က တော်တော် လှသည်။

မကွေးတက္ကသိုလ်တက်စဉ်က တက္ကသိုလ် စည်းကမ်းအတိုင်း သတ်မှတ် ဝတ်စုံသာ ဝတ်ရသည့် ကြားထဲက အလှအပကြောင့် ထင်ရှားခဲ့သည်။

မကွေးက ဓာတ်ပုံဆိုင်များက သဲမွန်၏ အလှဓာတ်ပုံများကို ရိုက်၍ ခွင့်တောင်းပြီး ဆိုင်တွေမှာ ချိတ်ကြသည်။ အပျိုစင်မဂ္ဂဇင်း အလှဓာတ်ပုံကဏ္ဍလို နေရာမျိုးတွေကို ပို့ပြီး ထည့်ကြသည်။ မကွေးက တိုင်းရင်းသား ကြော်ငြာတစ်ခုကပင်လျှင် သဲမွန်၏ ပုံနှင့် ကြော်ငြာ ရိုက်ခဲ့ဖူးသည်။

တွေ့သည့် ချစ်သူကလည်း တိုက်တိုက်ဆိုင်ဆိုင် 'သဲမောင်'တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သဲမောင်နှင့် သဲမွန် ချစ်သူနှစ်ဦး။

တော်တော် သဲအောင်လည်း ချစ်ကြသည်။

မိုးလင်းတာနှင့် သဲမွန်လက်ကိုင်ဖုန်းမှာ သဲမောင်ပို့သည့် Good Morning my Love 'ကောင်းသော နံနက်ခင်းပါ အချစ်ရေ' ဆိုသည့် SMS စာတိုက ဝင်နေပြီ။ ညအိပ်ရာဝင်ခါနီးတော့ Good Night my Love 'ကောင်းသောညပါ ချစ်သူ'။

တစ်ကျောင်းတည်း တက်နေရ၍ တစ်နေကုန် တွေ့နေရတာတောင် ညနေအိမ်ပြန်ရောက်တာနှင့် ပြောလိုက်ကြသည့် ဖုန်း၊ သဲမွန်လက်ကိုင်ဖုန်း ပြောချည်းပဲ တစ်လ သုံးသောင်း ရှင်းရသည်။ သဲမောင်ကတော့ ပိုဖို့သာ ရှိတော့မည်။

ဒါလည်း သိပ်ပြဿနာ မရှိ။

နှစ်ယောက်စလုံး၏ မိဘများက မကွေးမှာ ကြွယ်ဝမှုကြောင့် ထင်ရှားသော ကုန်သည်များ ဖြစ်ကြသည်။

အဲသည့် သဲသဲလှုပ် စုံတွဲက ကျောင်းမပြီးခင် အသက် ၂၀ အရွယ်မှာ လက်ထပ်ချင်ကြပါသည်ဟု ပြောလာတော့ ဘယ်သူမှ မအံ့ဩ။ ကန့်ကွက်သူလည်း တစ်ဦးသာရှိသည်။ အဲသည့် တစ်ဦးကလည်း ပြောရေးဆိုခွင့်ရှိသူ မဟုတ်၊ စုမွန်ပါ။

## [၃]

'မမကို ကျော်တက်လို့ မနာလိုတာ မဟုတ်လား'

သဲမွန်က ပြုံး၍ ကျီစယ်သည်။

'မဟုတ်တာဟာ၊ မမဖြတ်မွန်တောင် အကျော်ခံတာ၊ ငါက ဘာမှ အကျော် မခံနိုင်စရာအကြောင်း မရှိဘူး၊ စိတ်ပူလို့ တားတာ'

'ဘာစိတ်ပူတာလဲ မမရဲ့၊ လူကြီးတွေကလည်း သဘောတူ၊ ညီမ နှစ်ယောက်ကလည်း ချစ်မှချစ်'

www.burmeseclassic.com

www.burmeseclassic.com


'အဲသည် ချစ်နေတာကြီးကို စိတ်ပူတာ'

သဲမွန် မျက်လုံးပြူးပြသည်။

'ချစ်တာ စိတ်ပူစရာလား မမရယ်၊ မမက ညီမထက်တောင် စာဖတ်သေးတယ်၊ အချစ်ဆိုတာ နားမလည်စရာမရှိပါဘူး၊ လောကမှာ တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ချစ်ကြတဲ့ ချစ်သူတွေ အခက်အခဲ မရှိဘဲ ပေါင်းစည်းခွင့်ရတာ ဘယ်လောက်ရှားသလဲ၊ ညီမတော့ ကိုယ့်ကိုယ်ကိုယ် သိပ်ကံကောင်းတယ်လို့ မြင်တယ်'

စုမွန်က သက်ပြင်းချသည်။

'အဲဒါကြောင့် မမ စိတ်ပူတာပေါ့၊ သဲမောင်ရော သဲမွန်ရော၊ ချစ်ဖို့အပြင် လောကကြီးမှာ သိတာ ဘာမှ မရှိဘူး၊ ဘဝဆိုတာ ညီမ သိတာ ညီမဖတ်တဲ့ အချစ်သက်သက် ဝတ္ထုတွေရယ်၊ ကိုရီးယား အချစ်ကားတွေရယ်ထဲကလောက်ပဲရှိတယ်၊ အချစ်ချည်းပဲသက်သက်က လှတယ်၊ ဘဝက အဲသလို မလှဘူး၊ ညီမတို့ နှစ်ယောက်စလုံးက တုန်နေအောင် ချစ်ကြတယ်၊ တကယ်တော့ တစ်ယောက်ကိုတစ်ယောက် တန်ဖိုးထားတဲ့ စိတ်ကြောင့် ဖြစ်နေတာ မဟုတ်ဘူး၊ အချစ်ကို တန်ဖိုးထားတတ်ကြလွန်းနေတာ၊ 'လှတဲ့' 'အချစ်'ကို မက်တာ၊ 'လှနေတာ'ကို မက်တာ၊ ဘဝက အမြဲမလှတော့ 'မလှတဲ့' အခိုက်အတန့် ကလေးတွေလည်း တွေ့ရော၊ တစ်ယောက် တစ်ယောက် သည်းခံ ကြတော့မှာ မဟုတ်ဘူး'

သဲမွန် မျက်နှာကလေး အိုသွားသည်။

'ညီမတို့ ဘဝက မလှစရာမှ မရှိတာ၊ နှစ်ဖက်မိဘလည်း ကြည့်ဦး'

'အဲဒီနှစ်ဘက်မိဘက ဒီလို ပြည့်စုံတဲ့ အခြေအနေကို နေ့ချင်း ညချင်း ရောက်လာခဲ့ကြတာ မဟုတ်ဘူး၊ ဘဝနဲ့ ချီပြီး ကြိုးစား ရုန်းကန်ခဲ့ကြရတာ၊ ပြည့်စုံတဲ့ဘဝမှာ နေရပေမယ့် မပြည့်စုံတဲ့ ဘဝအကြောင်းကို သိတယ်၊ 'ယိုင်'သွားရင် ရင်ဆိုင်နိုင်တယ်။ ညီမတို့ နှစ်ယောက်က ဘာမှမသိသေးဘူး၊ အနည်းဆုံး ကျောင်းပြီးပြီ သဲမောင်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကလေး တစ်ခုခု စလုပ်ပြီး ဘဝအကြောင်း နည်းနည်း စသိတဲ့ အထိတော့ စောင့်ကြည့်ဖို့ ကောင်းတယ်၊ ဘဝကို သိတယ်ဆိုတာ ကလည်း ပြည့်စုံတာ၊ မပြည့်စုံတာ တစ်ခုတည်းနဲ့ ပြီးတာ မဟုတ်ဘူး၊ ပြည်စုံနေတဲ့ ဘဝတွေမှာလည်း ရင်ဆိုင်ရမယ့် စိတ်ညစ်စရာတွေ အများကြီး ရှိသေးတယ်'

'အချစ်နဲ့ ကျော်လွှားပစ်မယ် မမရယ်၊ သဲမွန်ကတော့ အချစ်ကို ယုံကြည်တယ်၊ မမသာ မချစ်ဖူးလို့ အချစ်ကို မယုံကြည်တာ'

စုမွန်က ဖွဖွရယ်သည်။

'မမလည်း တစ်နေ့ ချစ်ချင်ချစ်တတ်လာမှာပါပဲ၊ ဒါပေမယ့် အချစ်ကိုတော့ ရှေ့ကထားပြီး ဘယ်တော့မှ ဆုံးဖြတ်မှာ မဟုတ်ဘူး၊ မမတို့ ဘာသာတရား အလိုအရ ဆိုရင်တော့ အချစ်ဆိုတာ 'တဏှာ' အကြီးစား တစ်မျိုးပဲ၊ သူက 'မာန'နဲ့ မိတ်ဆွေဖွဲ့တတ်တယ်၊ ပြီးတော့ လူတွေကို ဒုက္ခတွင်းက ခေါင်းမထောင်နိုင်အောင် နှစ်ထားတတ်တယ်'

သဲမွန်က မျက်စောင်းထိုး၍ သီလရှင်ပဲ ဝတ်လိုက်တော့ဟု တိုးတိုး ပြောလေသည်။

[၄]

'မဆိုင်တဲ့ လူတွေ အပြင်ထွက်ပေးပါ၊ အမေ တစ်ယောက်ပဲ နေခဲ့ပါ၊ ခင်ဗျားတို့ လူအုပ်ကြီး ဝိုင်းအုံနေတာ၊ နဂိုကတည်းက အဖျားကြီးနေတဲ့ ကလေး အဖျားတွေ ပိုတက်တော့မှာပဲ'

စုမွန်နှင့် ရွယ်တူလောက်ရှိမည့် ဆရာဝန်ကလေးက မျက်နှာထား ကြီးနှင့် အော်တော့ စုမွန် ခပ်လန့်လန့်နှင့် အပြင်ပြေးထွက်လာရသည်။ စောစောက လုံချည်အပြာဝတ် သူနာပြုဆရာမ လှမ်းပေးသော ဝယ်ရန် ဆေးစာရင်းစာရွက်ပင် ဘယ်မှာ ကျန်ခဲ့သည် မသိ။

အော် ဟိုမှာ။

www.burmeseclassic.com

www.burmeseclassic.com


ကလေးအမေက အဲသည့် စာရွက်ကလေးကို ကိုင်ထားသည်။ စောစောက ဆရာဝန်ကလေးနှင့် အလုပ်သင်ဆရာဝန် ဖြစ်ဟန်တူသော မိန်းကလေးနှစ်ဦးက ကုတင်ဘေးတွင် ရပ်၍ လူနာ ကလေး အခြေအနေကို အမေကို ရှင်းပြနေသည်။ ကလေးအမေက တစ်လုံးမှ နားလည်ပုံမပေါ်။ ခေါင်းလည်း မညိတ်၊ အင်းလည်း မလိုက်ဘဲ ဆရာဝန်ကလေး မျက်နှာကို ပြူးကြည့်နေသည်။ ကလေးအမေ ဝတ်ထားသော အဝတ်အစား ကြေး(ဂျိုး) လက်လေးသစ်ကို ကြည့်ရင်း ဆရာဝန်ကလေးက ကလေးအမေ၏ ညာဏ်ရည်ကို ရိပ်မိသွားဟန် တူသည်။ တံခါးဝတွင် ပြုံတစ်ပြုံတစ် လုပ်နေသော စုမွန်ကို လက်ပြ၍ လှမ်းခေါ်သည်။ စုမွန်လည်း ကြောက်ကြောက်နှင့်ပင် ပြန်ဝင်လာရသည်။

'ဘာတော်လဲ'

'ဘာမှ မတော်ပါဘူးရှင့်'

'ဘာမှ မတော်ဘဲ ခင်ဗျားက ဘာလို့ ရောက်နေရတာလဲ'

ဆရာဝန်ကလေး လေသံပြတ်ကို ကြောက်၍ စုမွန် အသံမထွက်တော့။ သူနာပြုဆရာမက ဝင်အဖြေပေးသည်။

'သူက ကွန်ပျူတာတက္ကသိုလ်က လက်ထောက် ကထိက ဆရာမ ဒေါ်စုမွန်ပါ၊ သူ့ဖေဖေက ဂရုဏာရှင်များ အခမဲ့ ဆေးခန်းက အလှူရှင် မြို့ခံလူကြီးပါ၊ ဒီလူနာက နွမ်းပါးလို့ အဲဒီမှာ သွားပြပြီး ဆေးရုံ တင်လိုက်တာ ဆရာမက အဲဒီကနေ လိုက်လာတာပါ၊ လိုအပ်တဲ့ ဆေးဝါးတွေ ဝယ်လှူမလို့ပါ'

ဆရာဝန်ကလေး မျက်နှာမှ အကြောအားလုံး လျော့သွားသည်။

'ဟာ သာဓုဗျာ၊ ကျွန်တော် သိတယ်၊ အဲဒီဆေးခန်းကို ကျွန်တော့် ဆရာတွေ ထိုင်ကြတယ်၊ ကျွန်တော်လည်း လုပ်အားလာပေးပါဦးမယ်၊ ကဲ လာ လာ ဆရာမ၊ ကျွန်တော့် လူနာအကြောင်း ရှင်းပြချင်လို့'

ဆရာဝန်ကလေးက စုမွန်ကို လက်ယပ်ခေါ်၍ တာဝန်ကျ ဆရာဝန်၊ ဆရာမ ရုံးခန်းဘက် လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် နာမည် သော်တာအောင်ပါ၊ ဆရာမကို မသိလို့ လေသံမာမာပြောမိတာ စိတ်မဆိုးနဲ့နော်'

စုမွန် ခိုးပြုံးမိသည်။ တကယ်တော့ ဒေါက်တာသော်တာအောင်၏ လေသံက အခုလည်း မာမာပြတ်ပြတ်ပါပဲ။ ပင်ကိုသံပဲ ထင်ပါရဲ့။

'ရပါတယ်ရှင်၊ စုမွန်လို့ပဲ ခေါ်ပါ'

[၅]

မမြတ်မွန် အသက် ၃၀ ကျော်စ အရွယ်မှာ လက်ထပ်တော့မည်ဆိုတော့ မကွေးတစ်မြို့လုံး အံ့သြသူမရှိ။

စိတ်ကြိုက်သတို့သား မတွေ့သေး၍သာ စောင့်နေသည်။ သည်ရုပ် သည်ရည် သည်ဓနဥစ္စာနှင့် မိန်းကလေးတစ်ယောက် တစ်ချိန်ချိန်မှာ သင့်တင့်လျောက်ပတ်စွာ ယှဉ်တွဲနိုင်သူ တစ်ဦးကို ရွေးချယ်လိမ့်မည်ဆိုတာ အများမျှော်လင့်ထားပြီးသား ကိစ္စတစ်ခုပါ။

မမြတ်မွန်က စာပေးစာယူနှင့် ဘွဲ့ရထားပြီး မိဘလုပ်ငန်းကို ဦးစီးနေသူ ဖြစ်သည်။

သတို့သားက အသက် ၃၈ နှစ်၊ လူပျိုကြီး၊ မိဘလက်ငုတ်မဟုတ်သော ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတစ်ခုကို အောင်မြင်စွာထူထောင်ထားသူ။ သူ့စီးပွားရေး အဆောက်အအုံက သူ့မိဘထက်ရော၊ မြတ်မွန်တို့ မိဘတွေထက်ပါ ခိုင်မာ ကျယ်ပြန့်သည်။

အရက်၊ ဆေးလိပ်၊ လောင်းကစား၊ မိန်းမ အားလုံး ကင်းရှင်းသည်ဟု ဆိုကြသည်။ မြန်မွန်ကို ခင်ပွန်းရ တော်လေစွဟု တစ်မြို့လုံးက ချီးကျူးကြသည်။

ကန့်ကွက်သူကတော့ ထုံးစံအတိုင်း စုမွန်တစ်ယောက်တည်း။

[၆]

'နင့်ဟာက သဲမွန်တုန်းကလည်း အချစ်တစ်ခုတည်းနဲ့ အိမ်ထောင်ရေးကို မစဉ်းစားသင့်ဘူးလို့ ပြောတယ်၊ ငါ့လို စနစ်တကျ အိမ်ထောင်ဖက်ကို

www.burmeseclassic.com

www.burmeseclassic.com


တွက်ချက် ရွေးချယ်တဲ့သူကျတော့လည်း အဲသလို မတွက်သင့်ဘူး ပြောပြန်ရော၊ ငါလည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး'

'တွက်တာက တွက်သင့်ပါတယ်၊ မမက စနစ်တကျ တွက်ချက်တယ် ဆိုတာက ဘာကို တွက်တာလဲ၊ အပေါ်ယံ အခွံမှာ သူ ပြထားတဲ့ အရည်အချင်းတွေကို တွက်နေတာ၊ သူ့စိတ်ဓာတ် အမူအကျင့်အကြောင်း မမ ဘာသိလို့လဲ'

'ဟဲ့ စီးပွားရေးပဲ စိတ်ဝင်စားတယ်၊ စာရိတ္တကောင်းတယ်၊ တော်ပြီပေါ့'

'ဟုတ်ပြီလေ၊ အဲဒါဆို မမကိုယ် မမပဲ မေးကြည့်ပါဦး၊ စီးပွားရေးပဲ စိတ်ဝင်စားတဲ့ လူကြီးတစ်ယောက်နဲ့ တစ်နေ့မှာ ၂၄ နာရီ၊ တစ်ပတ်မှာ ခုနှစ်ရက် အတူတူ နေရရင် မမ ပျော်မှာလားလို့'

မြတ်မွန် မျက်ခုံးရှုံ့သည်။

'ငါ နားမလည်တော့ဘူးဟာ၊ နင်တို့ တက္ကသိုလ်က ဆရာမတွေက လူတွေ နားမလည်တာ တော်တော် ပြောတာပဲ'

စုမွန်က ရယ်သည်။

'ရှင်းရှင်းလေးပါ၊ အခုပဲကြည့်၊ မမဆီ သူ လာလည်ရင် သူ စီးပွားရေး လုပ်တာ ဘယ်လိုအောင်မြင်ကြောင်း၊ ဘာတွေ ဆက်လုပ်ဖို့ စိတ်ကူးထားကြောင်း အဲဒါတွေပဲ ပြောနေပြောနေတာ စုမွန်လည်း ကြားတာပဲ၊ မမက အဲဒါ တစ်ချိန်လုံး ထိုင်နားထောင်နေရတာ ပျော်လို့လား'

မြတ်မွန်က တွေးတွေးဆဆ ဖြည်းဖြည်း ခေါင်းခါသည်။

'အဲဒါ မယူရသေးလို့လေ၊ ယူပြီးရင် တစ်နေကုန် နားထောင်ရမှာ'

မြတ်မွန်က ခေါင်းကုတ်သည်။

'နင်ပြောမှ ငါ စိတ်တောင် ညစ်လာပြီ'

'ညစ်ရင် စဉ်းစားပြီးတော့ နိပါတ်တော်ထဲက မစားကောင်းတဲ့ သရက်သီးအကြောင်းလည်း မမေ့နဲ့'

www.burmeseclassic.com

www.burmeseclassic.com


'ဘာလဲ မစားကောင်းတဲ့ သရက်သီး'

'လှည်းသားငါးရာနဲ့ လှည်းကုန်သည်လေ၊ လမ်းမှာ ရိက္ခာပြတ်ငတ်နေ်း သရက်ပင်တွေ့တာ၊ ဘုရားလောင်း လှည်းကုန်သည်က အဆွေတို့ သည်သရက်သီးတွေဟာ အဆင်းလည်း လှတယ်၊ အလုံးလည်း ကြီးတယ် ပင်လုံးညွတ်မျှလည်း သီးနေတယ်၊ ရွာနဲ့လည်း နီးတယ်၊ ဒါတောင် ဘယ်သူမှ ခူးမစားကြဘူးဆိုတော့ မစားကောင်းတဲ့အသီး၊ အဆိပ်သီးသာ ဖြစ်ရမယ်ဆိုတာ တကယ်ဖြစ်နေတာလေ၊ မမ လူကြီးက ချမ်းလည်း ချမ်းသာ၊ စာရိတ္တလည်းကောင်း၊ ပညာလည်း တတ်၊ ဒီအရွယ်အထိ ခူးစားမယ့်လူမရှိတာ တစ်ခုခုတော့ ရှိရမယ်၊ မစားကောင်းတဲ့ အသီးကြီးလား မသိ'

မြတ်မွန်က ခုတင်ပေါ်မှ ခေါင်းအုံးကို ဆွဲ၍ စုမွန်ကို မနာအောင် ရိုက်သည်။

'ခွေးမလေး၊ နင်ပြောလိုက်တာ ရစရာကို မရှိတော့ဘူး၊ နင် အဲသည်လောက် အတွေးခေါင်ရင် အပျိုးကြီးပဲဖြစ်မှာ သေချာတယ်'

'မဖြစ်သေးဘူး မမရေ၊ စုမွန်က ကြိုက်ရမယ့်သူသာ မတွေ့သေးတာ၊ ဘယ်လိုလူမျိုးကို ကြိုက်မယ်ဆိုတာ စဉ်းစားထားပြီးသား'

'လုပ်စမ်းပါဦး၊ နင့် ရွေးချယ်နည်းကို'

'ဗုဒ္ဓအလိုကျပေါ့'

'မဟုတ်တာ မပြောနဲ့ အိမ်ထောင်ရေးကိစ္စ ဘုရားမဟောဘူး'

'သနားတယ် မမရယ်၊ ဒို့တတွေရဲ့ ဘာသာရေး အဆုံးအမတွေက နေရာမလပ် စေ့စပ်အောင် ဟောထားတာ၊ ရှာဖြင့် မဖတ်ဘဲနဲ့ မှတ်ထား၊ စိတ်ထားတူရတယ်၊ သီလတူရတယ်၊ သဒ္ဓါတရားတူရတယ်တဲ့၊ သီလနဲ့ သဒ္ဓါတရားတူရင် သည်ဘဝမှာ အိုအောင်မင်းအောင် အဆင်ပြေပြေ ပေါင်းနိုင်ရုံမကဘူး၊ ဘဝဆက်တိုင်းတောင် ရေစက် ဆုံနိုင်တယ်တဲ့၊ သိလား၊ ဘဝဆက်တိုင်း ပေါင်းချင်ပါတယ်လို့ ပြောတဲ့ အလျှုရှင် သူဌေးလင်မယားကို ဘုရားဟောထားတာ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



မြတ်မွန်က မျက်စောင်းထိုးသည်။

'နင်ကတော့ စာတွေ့ကကို တက်မှာ မဟုတ်ဘူး'

စုမွန်က ရယ်နေသည်။

မမမြတ်မွန်ကတော့ ညီမလေး သဲမွန်နှင့် တစ်နှစ်သာခြားပြီး လက်ထပ်သွားပါသည်။ သည်တော့ အိမ်မှာ အပျိုကြီးဆို၍ စုမွန် တစ်ယောက်တည်းသာ ကျန်ခဲ့သည်။

အသက်က ၂၉ နှစ် ပြည့်ပြီ။

## [၇]

ဒေါက်တာသော်တာအောင်၏ နီရဲနေသော မျက်နှာကို စုမွန် အဝေး ကပင် သတိထားမိသည်။ မျက်နှာသာမက မျက်လုံးတွေပါ ရဲနေသည်။ သူ့ရှေ့က နန်းကြီးသုပ် ပန်းကန်က ပြောင်ရှင်းနေပြီး ရေသန့်ဘူးက ရေကို တစ်ခွက်ပြီးတစ်ခွက် ငှဲ့သောက်နေတာလည်း ကုန်တော့မည်။

စာပွဲတစ်ဝိုင်းတည်း ထိုင်စကားပြောနေကြသော အသင်း လူကြီးများနှင့် လုပ်အားပေး ဆရာဝန်၊ ဆရာမများက ရိပ်မိပုံမပေါ်၊ ပြင်ဆင်ပေးသည့် နေရာက လှမ်းကြည့်နေသော စုမွန်ကသာ ရိပ်မိနေသည်။

ကော်ဖီမစ်တစ်ထုပ်ကို ကမန်းကတန်း ဖျော်၍ သူ့ရှေ့သွားချ ပေးတော့ မော့ကြည့်၍ အော် စုမွန်ဟု တိုးတိုးပြောသည်။

ကော်ဖီကို ကောက်ယူ၍ မော့သောက်သည်။

စုမွန်က ကော်ဖီကုန်အောင် ခဏရပ်စောင့်နေပြီးမှ လက်ဟန်ဖြင့် လိုက်လာခဲ့ဖို့ ခေါ်တော့ ထလိုက်လာသည်။

အထူးကုဆရာဝန်ကြီးများ ပြန်သွားပြီးဖြစ်၍ သူတို့ လူနာကြည့်ရန် ဖွင့်ပေးထားသော လေအေးစက်တပ်စမ်းသပ်ခန်းက အားနေသည်။ စုမွန် ဒေါက်တာသော်တာအောင်ကို အဲသည့် အခန်းထဲသို့ ခေါ်လာပြီး လက်ဆေးကြွေအင်တုံကို ပြသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဆရာ မျက်နှာသစ်လိုက်ပါလား၊ စုမွန် တစ်သျှူးဘူး သွားယူလိုက်ဦးမယ်'

ဒေါက်တာသော်တာအောင်က ခေါင်းညိတ်ပြပြီး ကြွေအင်တုံမှာ မျက်နှာသစ်သည်။ စုမွန်က တစ်သျှူးဘူးလေး ကိုင်၍ ပြန်ဝင်လာသည်။ တစ်သျှူးတစ်စကို အလိုက်သင့် ဆွဲထုတ်ပေး၍ ဒေါက်တာသော်တာအောင်ကို လှမ်းပေးသည်။

ဒေါက်တာသော်တာအောင်က ကျေးဇူးဟု တိုးတိုးပြောကာ လှမ်းယူ၍ မျက်နှာကို ဖွဖွ သုတ်သည်။

'ဆရာ အစပ်မစားနိုင်ဘူး မဟုတ်လား'

စုမွန်က ပြုံး၍မေးတော့ ပြုံး၍ ခေါင်းညိတ်ပြသည်။

'ဒါများ လဲခိုင်းလိုက်ပေါ့ ဆရာရယ်'

'အားနာပါတယ် စုမွန်ရယ်၊ ကိုယ်တွေက ပညာတတ်နိုင်တဲ့သူ ပညာဒါနလာပြုကြတာ၊ သူတို့လည်း သူတို့ တတ်နိုင်တဲ့ဘက်က အထောက်အပံ့ ဖြစ်စေချင်လို့လာတဲ့ ဆရာဝန်၊ ဆရာမတွေ ညှော်ခံ ကျွေးမွေးကြတာ၊ သူတို့ ကျွေးတာကို ကိုယ်မစားနိုင်ဘူးလို့ အလှူရှင်တွေရှေ့မှာ လုပ်မပြချင်ပါဘူး'

စုမွန်က သက်ပြင်းချသည်။

'ဆရာက သူများဘက်က တော်တော် တွေးတတ်တာပဲနော်'

ဒေါက်တာသော်တာအောင်က ရယ်သည်။

'မထင်မိဘူး မဟုတ်လား'

စုမွန် နေရခက်သွားသည်။

'ဟာ မဟုတ်ပါဘူး ဆရာရဲ့၊ ထင်ပါတယ်'

'ထင်ရင် တစ်ခုပြင်ပေး'

'ဘာကိုလဲ'

'ခေါ်တာလေ၊ ဆရာလို့ မခေါ်ပါနဲ့ နာမည်ခေါ်ပါလား'

စုမွန်က ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုသော်တာအောင် ဟုတ်လား၊ အရှည်ကြီးပဲ'

ဒေါက်တာသော်တာအောင်က သိမ်မွေ့စွာ ပြုံးသည်။

'ဒါဆို အစ်ကိုလို့ ခေါ်လေ'

စုမွန် တိုးလျှိုး တိတ်ဆိတ်သွားပါသည်။

[၈]

သဲမွန်တို့ လင်မယား အိမ်ပြန်ရောက်လာကြသည်။

ဘာတွေ ဖြစ်ကြသည်တော့ မသိ။ သဲမွန်က ပြောတော့ သူ့ယောက္ခမက နေရာတကာ လိုက်ပါသည်တဲ့။ သူ့ကို ကွက်တိုင်းစေ့လိုက်၍ အပြစ်ပြောနေသည်တဲ့။ သဲမွန် ယောက္ခမက စုမွန်တို့မေမေကို တိုင်တော့ သဲမောင်ရော သဲမွန်ပါ အိမ်မှာ ဘာမှမလုပ်ဘဲ၊ ဘာတာဝန်မှ မယူဘဲ နေကြသည်တဲ့။ ထမင်းကို ခူးပြီးသား ခေါ်ကျွေးတာတောင် ဆင်းချင်သည့်အချိန်မှ ဆင်းလာသည်တဲ့။ တစ်ခါတလေလည်း အပြင်ထွက်စားကြပြီး ပြန်ရောက်လာလျှင် စားလာသည်ဟုပင် မပြောဘဲ နေကြသည်တဲ့။

ဘယ်သူမှန်သည်တော့ မသိ။ ကလေးတွေက သိပ်မသိတတ်နိုင်ဟုတော့ စုမွန်က ခန့်မှန်းထားပြီးမို့ မအံ့သြပါ။ ယောက္ခမချင်းတူလျှင်တောင် ချွေးမနှင့် သားမက်။ ချွေးမကို သိပ်သည်းခံလေ့မရှိ။ သားမက်ကိုသာ သည်းညည်းခံတတ်သည်မို့ မိန်းကလေးအိမ်လာနေတာ ခပ်ကောင်းကောင်းဟုတော့ တွေးမိသည်။

သည်မှာလည်း လက်ဖြန့်တောင်းလိုက်၊ လျှောက်လည်လိုက်ပဲ လုပ်နေကြတာပါပဲ။ အလုပ်လုပ်ဖို့ မပြောနှင့်။ ကျောင်းပင် ကောင်းကောင်း မတက်။ စာမေးပွဲလည်း နှစ်ယောက်စလုံး ကျကြသည်။

စုမွန်တို့ မိဘတွေကတော့ ဖာသိဖာသာ နေတတ်သူတွေမို့ လူကြီးတွေနှင့်တော့ ပြဿနာမတက်။

www.burmeseclassic.com

www.burmeseclassic.com


အချင်းချင်းတော့ ပြဿနာ တက်ကြဟန်တူသည်။ ကွဲမည်၊ ကွာမည် အသံတွေ ခဏခဏ ထွက်လာကြသည်။ သဲမောင်က တစ်ပတ် ဆယ်ရက် သူ့မိဘအိမ်ပြန်သွားတာမျိုးတွေ ခဏခဏ ဖြစ်လာသည်။

အဲသည်အချိန်မှာပဲ မြတ်မွန်လည်း အိမ်ပေါ်ပြန်ရောက်လာသည်။

## [၉]

လင်မယား ဘာဖြစ်လာကြတာလဲဟု မေးတော့ ဘာမှမဖြစ်ပါ။ မိဘလွမ်းလို့ ခဏတဖြုတ် ပြန်လာတာပါဟု ဖြေသည်။

ဖြစ်တော့လည်း ဖြစ်နိုင်သည်။ သူ့အမျိုးသားလည်း ညနေဘက်၊ ညနေဘက်တွေ ဝင်ဝင်လာနေသားပဲ။ ယောက္ခမတွေအတွက်ရော၊ ခယ်မတွေအတွက်ပါ လက်ဆောင်တွေပင် ပါပါလာသေးသည်။ ယောက္ခမနှင့်လည်း အဆင်မပြေစရာ မရှိ။ သူတို့ လင်မယားက သီးခြား အိမ်တစ်လုံးနေကြတာ ဖြစ်သည်။

သို့သော်လည်း နှစ်ပတ်လောက်ကြာလာတော့ 'ဘာမှမဖြစ်ပါဘူး' ဆိုသည့် စကားက ယုံရခက်လာသည်။ ညားခါစ လင်မယားက တစ်မြို့ထဲနေပြီး နှစ်ပတ်ခွဲနေလို့ ရတာမျိုးမှ မဟုတ်တာ။

မနေနိုင်သည့်အဆုံး မေမေတို့ အလစ်မှာ စုမွန် တိုးတိုးကပ်၍ မေးမိသည်။

'မမရယ် ဘာမှမဖြစ်လာဘူးဆိုတာ ဟုတ်ရဲ့လား၊ မမလူကြီးနဲ့ တစ်ခုခု ဖြစ်လာတာ မဟုတ်လား'

မြတ်မွန်က မဲ့ပြုံးပြုံးသည်။

'စုမွန်ပြောတဲ့ မစားကောင်းတဲ့ အသီးကြီး ဆိုတာလေ၊ ခုမှ သဘောပေါက်တော့တယ်၊ ချမ်းလည်း ချမ်းသာတယ်၊ စာရိတ္တလည်း ကောင်းတယ်၊ မဟုတ်တာ ဘာမှ မလုပ်ဘူး၊ အပြစ်ပြောစရာဆိုလို့ ပိစိပိစိနဲ့ မနားတမ်း ထိုင်အပြစ်ပြောနေတတ်တဲ့ ဝသီပဲ ရှိတာ'

www.burmeseclassic.com

www.burmeseclassic.com



စုမွန် မွန်းကျပ်သွားသည်။

'အဲဒါလည်း သည်းခံရုံရှိတာပဲ မမရယ်၊ ဒါပြင်လို့ ရတော့တဲ့ ကိစ္စမှ မဟုတ်တာ'

'ခံပါတယ်၊ ခံနေတာပဲ၊ မခံနိုင်တဲ့အဆုံး ဖေဖေ နေမကောင်းတာ ခဏပြုစုချင်တယ်ဆိုပြီး ခွင့်တောင်းပြီး ပြန်လာတာ၊ နားညည်းခဏ သက်သာအောင်လို့၊ စိတ်ပြေသလောက်ရှိတော့ပြန်၊ မခံနိုင်ရင် ဒီလိုပဲ ခဏပြန်လာရမှာပဲလေ'

'ရေရှည် ဒီလိုလုပ်နေလို့ ဘယ်ကောင်းမှာလဲ မမရဲ့ '

'မကောင်းလည်း မတတ်နိုင်ဘူးလေ၊ အင်မတန် တွက်ရခက်တဲ့ ပုစ္ဆာတစ်ပုဒ်လို အပေါ်ယံရှပ်တွက်ပြီး ကိုယ့်သဘောနဲ့ကိုယ်၊ ကိုယ် ထုတ်ချင်တဲ့ အဖြေထုတ်ခဲ့မိတာ၊ အခုတော့ ကိုယ့်အပြစ်ကိုယ်ခံရုံ ရှိတော့တာပဲ'

စုမွန် ဘာပြန်ပြောရမှန်းမသိ။

[၁၀]

သော်တာအောင်က ဖွဖွပြုံးသည်။

'အဲဒါတွေကြောင့် စုမွန် ကိုယ့်ကို ခုထိ အဖြေမပေးသေးတာပေါ့ ဟင် ဟုတ်လား၊ အစ်မနဲ့ ညီမ အိမ်ထောင်ရေးကို ကြည့်ပြီး ကြောက်နေတာပေါ့'

'အချစ်ရွာ' နွားနို့ဆိုင်ကလေးထဲတွင် ထိုင်ရင်းက ဟိုးအဝေးဆီမှ လယ်ကွင်းများကို ငေးကြည့်နေသော စုမွန်က တိုးတိုး ရယ်သည်။

'မဆိုင်ပါဘူး၊ သူတို့ ဘာကြောင့် အဲသလို ဖြစ်ကြတယ်ဆိုတာ စုမွန် သိနေတာပဲ၊ သူတို့ အိမ်ထောင်မကျခင်ကတည်းက အဲသည်လို ဖြစ်လာနိုင်တယ်လို့ စုမွန်ပဲ သတိပေးခဲ့တာပဲ'

'ဒါဆို အစ်ကို့ကို ပြောပြနေရတာက'

'နားထောင်စေချင်လို့ပေါ့ အစ်ကိုရဲ့'

'ဟာ စုမွန်ကလည်း နောက်ပြီ'

www.burmeseclassic.com

www.burmeseclassic.com



စုမွန်က ရယ်၍ သော်တာအောင်၏ နွားနို့ခွက်ကို ဆက်မွှေပေးနေသည်။

'ဟုတ်တယ်လေ၊ တွက်ထား မှန်းထားတဲ့အတိုင်းပဲ ဖြစ်လာတာပဲ ဆိုပေမယ့် ခံစားနေရတာတွေက ကိုယ့်အစ်မတွေ၊ ကိုယ့်ညီမတွေ ဆိုတော့ ရင်ထဲမှာ ထိခိုက်မိတာ အမှန်ပဲ၊ အဲသလို စိတ်ညစ်စရာ တစ်ခုခု ကြုံလာရင် အစ်ကို့ကို ပြောပြလိုက်လို့ အစ်ကို နားထောင်ပေးလိုက်ရင် ရင်ထဲမှာ နည်းနည်း သက်သွားတယ်'

သော်တာအောင်က ပြုံး၍ ပျော်စရာဆိုရင်ကောဟု မေးသည်။

'ပျော်စရာဆိုရင် အစ်ကို့ကို ပြောပြလိုက်ရရင် ပိုပျော်သွားတယ်၊ ဒါကြောင့် ဟိုတစ်ခါ စုမွန် ကျောင်းစရိတ် ထောက်ပံ့ထားတဲ့ ကျောင်းသူကလေး နောက်ဆုံးနှစ်အောင်သွားတုန်းက အစ်ကို့ကို ပြောပြတာလေ'

'အဲသလို ဘာလို့ ဖြစ်တာလဲ'

သော်တာအောင်က ပြုံးစစနှင့် မေးတော့ စုမွန်က မျက်စောင်းထိုးသည်။

'မသိလို့ မေးတာလား'

'သိပါတယ်၊ အဖြေလိုချင်လို့ မေးတာလေ'

နှစ်ယောက်သား ပြိုင်တူ ရယ်မိကြသည်။

'အစ်ကိုနဲ့ အတူရှိနေရတာကို စိတ်ချမ်းသာတယ်၊ အစ်ကို တွေးတာ၊ ပြောတာ၊ ဆိုတာတွေ အားလုံးကိုလည်း ကျေနပ်တယ်၊ သဘောတူတယ်၊ စိတ်ချင်းတူတယ်လို့ ခံစားရတယ်၊ အစ်ကိုလည်း စုမွန်လို ခံစားနေရတာ သေချာတယ်ဆိုရင် အစ်ကိုနဲ့ စုမွန်ကြားထဲမှာ အဖြေဆိုတာ လိုသေးလို့လား အစ်ကိုရယ်'

သော်တာအောင်က ကြည်နူးစွာ ပြုံးသည်။


ဟိုအဝေးတစ်နေရာဆီမှ ချိုးကူသံကို သဲ့သဲ့မျှ ကြားရလေသည်။

**Faces မှ ၈ မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၁၀**

○

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[၁]

သမီးကလေးက တစ်နှစ် မပြည့်တပြည့်။

အူးအူးအားအား အသံလေးတွေ လုပ်တတ်ပြီ။ ကုလားထိုင်တွေ ကိုင်၍ ရွေ့ကာ ရွေ့ကာ သွားတတ်ပြီ။

ရွေ့ရင်းက သူ့ရှေ့ရောက်လာသည်။ သူ့မျက်နှာကိုမော့ကြည့်သည်။

'ဖေဖေ. . . ဒီမှာ တွေ့လား၊ သမီး လမ်းလျှောက်တတ်ပြီ'

မျက်လုံးလေးက အဲသလို ဝင့်ဝါနေသည်။ သူက ပြုံး၍ ခေါင်းခါပြလိုက်သည်။

'လက်လွှတ်ပြီး ရပ်နိုင်အောင် ကြိုးစား သမီး၊ သူများတွေ သမီးအရွယ်မှာ လက်တွဲပြီး လျှောက်နေကြပြီ'

သမီးလေး မျက်လုံးထဲက ကြည်နူးရိပ်တွေ ပျောက်သွားသည်။ အဲသည်အချိန်မှာ ဇနီးဖြစ်သူက 'သမီးလေး ရပ်နိုင်ပေ့. . . ဟေ့. . . ရပ်နိုင်ပေ့. . .'ဟု လက်ခုပ်တီးပြီး လှမ်းမြှူသည်။ သမီးလေးက ကုလားထိုင်ကို လက်လွှတ်ပြီး သူ့မိခင်ရှိရာ သူ ပြေးသွားသည်။

[၂]

သမီးလေးက ၁၆ နှစ်။

သူက နားစပြုပြီ။

www.burmeseclassic.com

www.burmeseclassic.com


စားပွဲနှင့် ကုလားထိုင်နှင့် လုပ်ရသော အလုပ်ဟု ဘယ်လိုပင် ပြောပြော ခါးက ဒုက္ခပေးပြီ။

ကျောရိုးဆစ်တစ်ခုက ကျွံတော့မတဲ့။

အညောင်းမထိုင်နဲ့တဲ့။

အလေးချိန်လျှော့တဲ့။

ဘယ်လိုဖြစ်နိုင်ပါ့မလဲ။ သမီးလေး ပညာရေးအတွက် မျက်နှာမငယ်ရအောင် ရှာပေးချင်သေးသည်။

ရှာလျှင် နာမည်။

အညောင်းထိုင်ရမည်။ အဝလွန်မည်။ ခါးကျွံမည်။ ရှောင်လွှဲ၍မရ။

ရှောင်လွှဲစရာလား။ မိဘအနေနှင့် သူ သိပ်တာဝန်ကျေချင်သည်။ ဆယ်တန်းမှာ သမီးလေး တစ်ခုမှ မခြိုးခြံ၊ မချွတာစေရ။

ခက်တာက သမီးလေးက အောင်စာရင်းထွက်မှ ဂုဏ်ထူးကို ချွေတာသွားသည်။ ရမှတ်ကို ချွေတာသွားသည်။

သူ ဖြစ်စေချင်သော ဆရာဝန်လောင်း သမီးလေး ဖြစ်မလာခဲ့ပါ။

'ဟိုဘက်တန်းလျားက ကလေးတောင် ဆေးကျောင်းဝင်သေးတယ်ကွာ'

မကျေမနပ်နှင့် မြည်တွန်တောက်တီးတော့ ငိုနေသော သမီးကို သူ့မိခင်က တင်းကျပ်စွာ ဖက်ထားသည်။

'ဒီစာမေးပွဲက ပြန်ဖြေလို့ မရဘူး၊ ဟိုဘက်အိမ်က ကလေး ဆေးကျောင်းဝင်သွားလို့ သူ့ကို မိတို့ သားသမီး မတော်နိုင်ဘူး၊ သမီးလေး ရိုးရိုးဘွဲ့ရလည်း မိတို့သမီးဟာ မိတို့သမီးပဲ' 'ဟုတ်ပါတယ်၊ ရနိုင်တဲ့ အရည်အချင်း မရှိရင် ကိုယ်လည်း မပြောပါဘူး' အခုက ဉာဏ်ကောင်းလျက်သားနဲ့ စာစိတ်မဝင်စားတာ'

'စာ စိတ်ဝင်စားတာ မှန်တယ်၊ မမှန်ဘူးဆိုတာကိုရော တကယ် သိလို့လား၊ စာရိတ္တမကောင်းရင် ဆူချင်ဆူ၊ စာနဲ့ ပတ်သက်လို့ လောဘ မရှိတာတော့ သူ့ပင်ကိုစရိုက်ပဲလို့ လက်ခံပေးစမ်းပါ ကိုရယ်'

သူ ပြောစရာစကား မရှိတော့. . .။

www.burmeseclassic.com

www.burmeseclassic.com



[၃]

နှစ်နှစ်ခန့် ကြာသောအခါ သမီးလေးက သူ ဂုဏ်ယူရမည့် ကိစ္စတစ်ခုကို လုပ်ပြလိုက်သည်။

ဘန်ကောက်တွင် အဝတ်အထည် ဒီဇိုင်းပညာ ဒီပလိုမာကို စကောလားရှစ်နှင့် ဝင်ခွင့်ရသွားခြင်း ဖြစ်သည်။

'အသက်မွေးဝမ်းကျောင်းပညာ တစ်ခုခုဖြစ်ရင် ပိုကောင်းမှာ'

သူက မချင့်မရဲနှင့် ပြောတော့ ဇနီးသည်က ပြုံးသည်။

'ကိုကလည်း အဲဒါ အသက်မွေးဝမ်းကျောင်းပေါ့'

'ဒီအသက်မွေးဝမ်းကျောင်းက လူတွေကို အပိုအလုပ်တွေ လုပ်ခိုင်းတဲ့ အသက်မွေးဝမ်းကျောင်း မိရဲ့၊ ကိုက လူတွေကို ကူညီတဲ့ အသက်မွေးဝမ်းကျောင်းမျိုး ဖြစ်စေချင်တာ'

'ပညတ်တွေချည်းပါပဲ ကိုရယ်၊ ကိုလည်း တရားခွေတွေ နားထောင် နေပြီးတော့'

နောက် ငါးနှစ်အကြာတွင် ဇနီး ကွယ်လွန်လေသည်။

[၄]

သူ့ကိုယ်သူ ကင်ဆာရောဂါရှိမှန်း စသိသော အချိန်က ဇနီးသည်၏ အသက်က ၄၅ နှစ်။ သမီးက ၂၅ နှစ်။

သမီးက ချစ်သူရှိနေပြီ။ သူ့လိုပင် ဘန်ကောက်ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေသည်။ ကောင်လေးကို ဇနီးက သဘောကျသည်။ ဆွေကြီးမျိုးကြီးဆိုပဲ။ သူ မျက်စိမမှိတ်ခင် စီစဉ်ပေးခဲ့ချင်သည်ဆိုပဲ။

နောက်တော့ ဘာတွေ ဖြစ်ကြသည်မသိ။

ကောင်လေးနှင့်သမီး လက်ထပ်သည့်ကိစ္စ အရင်ဖြစ်မလာဘဲ ဇနီးဆုံးသည့် ကိစ္စက အရင်ဖြစ်လာသည်။

သမီးကလည်း ငို. . .။

သူကလည်း ငို. . .။

www.burmeseclassic.com

www.burmeseclassic.com


အဲသည့်ကိစ္စ စကား မစဖြစ်လိုက်ကြ။

[၅]

ဇနီးဆုံးတော့ သူနှင့် သမီး နည်းနည်း ပိုစိမ်းသွားသည်။

သမီးက ဖုန်းမှန်မှန်ဆက်သော်လည်း သူ့အကြောင်းကို သူ ပြောပြခဲ့သည်။

'ဖေဖေ နေကောင်းလား၊ မီးမလာတော့ ရာသီဥတုက သိပ်ပူတယ်နော်၊ ဖေဖေ ကျန်းမာရေးကို ဂရုစိုက်၊ သမီးနဲ့ ခဏ လာနေမလား'

ဒါမျိုးတွေပဲ များသည်။ သူကတော့ တစ်ခါမှ ပြန်မလာ။

တစ်နှစ်လောက် နေသောအခါ ဖခင်ဖြစ်သူက ဘဝမှာ ပထမဦးဆုံးသော နှလုံးအမောဖောက်မှုနှင့် ရင်ဆိုင်ရသည်။

[၆]

ဒါလည်း သမီးက ပြန်မလာပါ။ သူ့ဆီ လိုက်လာဖို့သာ ခေါ်သည်။

'ဒီမှာက တစ်ခါဖြစ်လည်း စတင့် (Stent) တန်းထည့်တာပဲ ဖေဖေရဲ့၊ ရေရှည်အတွက် စိတ်အေးရတာပေါ့၊ ကုန်ကျစရိတ်ကို ဘာမှ မပူပါနဲ့၊ ဖေဖေ လှုပ်ရှားသွားလာနိုင်တာနဲ့ လာခဲ့၊ သမီးက လောလော ဆယ် ဒီက ကုမ္ပဏီအလုပ်တွေနဲ့ ဘယ်လိုမှ ထွက်မရသေးလို့'

နိုင်ငံခြားတွင် အလုပ်လုပ်နေသော လူငယ်တစ်ယောက် ဖခင် နေမကောင်းတိုင်း မပြန်နိုင်သည်ကို သူ ကောင်းစွာ သဘောပေါက်သဖြင့် အပြစ်မမြင်မိ။

မြန်မာနိုင်ငံ ဆွေးမျိုး၊ ဉာတိ၊ တပည့်တပန်းတို့ကလည်း သမီးဆီ လိုက်၍ ဆေးကုရန် တိုက်တွန်းကြသည်။

နောက်ဆုံးတော့ အနည်းငယ် ကျန်းမာလာခိုက်တွင် သူ ဘန်ကောက်သို့ ခရီးနှင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



[၇]

သမီးက လေဆိပ်တွင် လာကြိုသည်။

သမီး ဝတ်ထား စားထားပုံ၊ နေပုံ ထိုင်ပုံ၊ ပြောပုံ ဆိုပုံအရ သမီးသည် လစာကောင်းသော အရာရှိအဆင့် ဝန်ထမ်းတစ်ဦး ဖြစ်နေမှန်းတော့ သေချာလှသည်။

သမီးက သူ့လက်မောင်းတစ်ဖက်ကို ချစ်မြတ်နိုးစွာ တွယ်ဖက်ထားသည်။

'သမီးတို့ ဘန်ကောက်ဆေးရုံကြီးကို တန်းသွားမှာ ဖေဖေ'

သူ မျက်မှောင်ကြုတ်သည်။

'သမီးအိမ်မှာ တစ်ညလောက် အိပ်ပြီးမှ သွားပြရအောင်လေ၊ ဖေဖေ သမီးဘယ်လို နေရထိုင်ရတယ်ဆိုတာ ကြည့်ချင်သေးတယ်'

သမီးက သက်ပြင်းချသည်။

'ဟုတ်ပါရဲ့၊ ဒါပေမဲ့ ဆေးရုံက ဒီလိုကြိုချိန်းပြီး စစ်ဆေးတာမျိုး ဆိုရင် ဘွတ်ကင်ကြိုတင်ရတာ ဖေဖေရဲ့၊ ဒီနေ့တော့ ဆေးရုံပဲ သွားကြရအောင်ပါ၊ ဖေဖေ ဆေးရုံဆင်းတော့ သမီးအိမ်မှာ ခဏနေတာပေါ့၊ ဟုတ်ပြီလား'

သူ သက်ပြင်းချ၍ ခေါင်းညိတ်မိသည်။

လေဆိပ် ကော်ရစ်တာအတိုင်း လမ်းလျှောက်လာစဉ် မြန်မာဟု ထင်ရသော လူငယ်စုံတွဲတစ်တွဲက လက်လှမ်းပြသည်။

'ဟာ. . . မျိုးတို့ လင်မယားပါလား၊ ဖေဖေ မျိုးကို မှတ်မိတယ် မဟုတ်လား'

သမီးပြောသည့် မျိုးဆိုသော မိန်းကလေးက အလွန်ချစ်စရာ ကောင်းသော တစ်နှစ်သားအရွယ် ကလေးငယ်တစ်ဦးကို ခါးထစ်ခွင်၍ ချီထားသည်။ ကလေးက သူ့ကို လှမ်းရယ်ပြနေသဖြင့် ချစ်စရာ ကောင်းသော ကလေး၏ ပါးလေးကို သူ မနာအောင် ဖွဖွ ဆွဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီးက ဦးအိမ်ကို ခဏခဏ ရောက်ဖူးတယ်၊ သမီးနဲ့ ဦးသမီးက ယူအက်ဖ်အယ်လ်မှာ အတူတူလေ'

'ဟုတ်လား၊ တွေ့ရတာ ဝမ်းသာတယ်ကွယ်၊ ဘန်ကောက်မှာပဲ နေကြတာလား'

'ဟုတ်ပါတယ် ဦး'

'ဒါက သမီးကလေးလား၊ သဘောကောင်းလိုက်တာ'

'ကောင်းသလား မမေးနဲ့၊ ဘယ်သူခေါ်ခေါ် လိုက်တာပဲ၊ ဦး ခေါ်ကြည့်ပါလား'

'လာ'

လက်ကမ်းပေးလိုက်တော့ ကလေးက သူ့အပေါ် ထိုးချ၍ လိုက်လာသည်။ ကလေးငယ်ငယ်လှလှလေးတွေ မချီရတာ ကြာသဖြင့် ချီရတာ ရင်ထဲတွင် နွေးနွေးထွေးထွေး ရှိလှသည်။

'ချစ်စရာကောင်းလိုက်တာကွယ်၊ ဆေးရုံသွားစရာရှိလို့၊ နို့မို့ဆို သူ့ချီချင်တာနဲ့ သမီးတို့ဆီ လိုက်လည်တယ်'

မျိုးက ရယ်သည်။

'ဦး ဆေးလာစစ်မှာ ဦးသမီး ပြောထားပါတယ် ဦးရဲ့၊ ဆေးရုံ ဆင်းရင် ဦးတို့အိမ် လာလည်ပါ့မယ်၊ ကလေး ခေါ်ခဲ့ပါ့မယ်'

'မျိုးတို့ ဘယ်လာတာလဲ'

သမီးက ဝင်မေးသည်။ မျိုးက ကလေးကို ပြန်ယူသည်။

'အမျိုးတစ်ယောက် ရောက်မယ်ဆိုလို့ လာကြိုတာ၊ ဒီနေ့မဟုတ်ဘူး ထင်ပါရဲ့၊ ပါမလာဘူး၊ အဲဒါ ပြန်မလို့လုပ်တုန်း ညည်းတို့နဲ့ ဆုံတာ'

'ကဲ. . . ဒါဆိုလည်း တို့တွေ ဆေးရုံ ဆက်သွားလိုက်ဦးမယ်'

'သွား. . . သွား. . .၊ ဦး. . . ဂွတ်လပ်ခ်'

[၈]

သူ့နှလုံးရောဂါမှာ ထင်သလောက်မဆိုး။

www.burmeseclassic.com

www.burmeseclassic.com



စတင့် (ခေါ်) နှလုံးသွေးကြောခဲ့. ကိရိယာထည့်ရန် မလိုအပ်။ စားဆေးများပေး၍ မြန်မာပြည် ပြန်စေသည်။

ဆေးရုံဆင်းတော့ သူ သမီးအိမ် နှစ်ညလောက် လိုက်နေသည်။ မျိုးတို့ သားအမိလည်း တစ်နေကုန်၊ တစ်နေခန်း လာလည်သည်။

ညပိုင်း သူတို့ပြန်တော့ သူ သမီးကို စွန့်စား၍ စကားစကြည့်သည်။

'သမီး. . . မောင်ဇော်ရော'

သမီးချစ်သူ၊ ဇနီးမကွယ်လွန်ခင်က သဘောတူချင်ချင် ဖြစ်နေသည့် ကောင်လေးအကြောင်းကို မေးတော့ သမီးက မျက်နှာ သိသိသာသာ ပျက်သွားသည်။

အတန်ကြာအောင် တိတ်ဆိတ်နေသည်။

'ဆောရီး. . . သမီး မပြောပြချင်ရင်လည်း'

'ရ. . . ရပါတယ် ဖေဖေ'

သမီးက သက်မတစ်ချက် ရှိုက်သည်။

'သူ အကျင့်စာရိတ္တ သိပ်မကောင်းဘူး ဖေဖေ၊ သမီးနောက်ပိုင်းမှ သိလာရတော့ သူ့ကို ဖြတ်လိုက်တယ်'

သူ စာကြည့်မျက်မှန်ပေါ်မှ သမီးကို ကျော်ကြည့်သည်။

'သမီး မေမေ သိသွားလား'

'သိတယ် ဖေဖေ'

လက်စသတ်တော့ သမီး အိမ်ထောင်ရေးကို သိခွင့်မရှိသူမှာ သူ တစ်ယောက်တည်းသာပါလား။

'မေမေမှ မရှိတော့တာ သမီးရယ်၊ ဖေဖေ့ကို ပြောပြမှပေါ့'

သမီးက ဖွဖွ ရယ်သည်။

'ဖေဖေက ငယ်ငယ်ကတည်းက သမီးကို နည်းနည်းမှ မှားစေချင်၊ ပျော့ညံ့စေချင်တာ မဟုတ်ဘူး၊ သမီး မှားတာရှိရင် ဖေ့ဖေ့ကို မပြောရဲဘူး၊ မေမေက ဘာပြောပြော ပြဿနာ မရှိဘူးဘဲ ပြောတာ'

သူ သက်ပြင်းချသည်။

'ပြဿနာ ရှိတာကို ရှိကြောင်း ထောက်ပြဖို့ ဖေဖေ့မှာ တာဝန် ရှိတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



သမီး ခေါင်းညိတ်သည်။

'ဖေဖေ မှန်ပါတယ်၊ ပြင်မရတော့တဲ့ အမှားမျိုးကျတော့လည်း မိဘက ခွင့်လွှတ်ဖို့ သားသမီးက မျှော်လင့်တတ်ကြတာလေ၊ မေမေက အမြဲ ခွင့်လွှတ်တော့ မေမေ့ကို ပြောပြရဲတာပေါ့'

သူက ပြုံးသည်။

'သမီးလည်း ရင့်ကျက် တည်ငြိမ်လာပြီပဲကွယ်၊ ဖေဖေလည်း ခွင့်လွှတ်မှာပေါ့၊ နောက်ဆို ဘာဖြစ်ဖြစ် ဖေဖေ့ကို ပြောပြနော်'

သမီးက ခေါင်းညိတ်သည်။

'ဟုတ်ကဲ့ပါ ဖေဖေ'

[၉]

မြဘုရားဝင်းထဲတွင် ကမ္ဘာလှည့်ခရီးသည်များ ကျိတ်ကျိတ်တိုး စည်ကားနေသည်။

အလွန်ခေတ်မီပါသည်ဆိုသော ထိုင်းနိုင်ငံတွင်ပင် ဘုရင့် နန်းတော်ရာနှင့် မြဘုရားဝင်းတို့၌ ဘောင်းဘီတိုနှင့် စကတ်တိုဝတ်ခွင့် မရှိသည်ကို သတိထားမိရင်း သူ မြန်မာသကြန်ကို စိတ်ပျက်လက်ပျက် သတိရနေမိသည်။

'ဖေဖေ နေကောင်းရဲ့လား'

ခေါင်းညိတ်ပြလိုက်သည်။ သမီးက ဖခင်ကြီးလက်ကို ချစ်မြတ်နိုးစွာ တွဲထားမြဲ။

'ဓာတ်ပုံပေးမရိုက်ဘူး ဟုတ်လား သမီး'

'ဘုရားကိုတော့ ပေးမရိုက်ဘူး၊ ကျန်တဲ့ နေရာ ရိုက်လို့ရပါတယ်၊ ဖေဖေ့ကို သမီး ရိုက်ပေးမယ်လေ'

'ဖေဖေက သမီးပုံ ယူသွားချင်တာ၊ သမီးကိုပဲ ဖေ့ဖ ရိုက်မှာပေါ့'

'နှစ်ယောက်တွဲရိုက်ရင် ပိုကောင်းတာပေါ့၊ ဟယ်. . . ကံကောင်း လိုက်တာ၊ ဟိုမှာ ကိုအေးအောင်ရယ်'

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှ သမီးအရွယ် ယောက်ျားလေးတစ်ယောက်က လက်ပြနေသည်။ ပြီးတော့ လူအုပ်ထဲ တိုးဝှေ့၍ လျှောက်လာသည်။

'သမီးနဲ့ ကုမ္ပဏီတစ်ခုတည်း လုပ်တာလေ၊ ကိုအေးအောင်တဲ့'

မွန်ရည်ပုံရသော လူငယ်က လက်ဆွဲမနှုတ်ဆက်ဘဲ ခေါင်းကလေး ညွတ်ပြသည်။

'ကိုအေးအောင် . . . ဖေဖေနဲ့ ကျွန်မကို ဓာတ်ပုံရိုက်ပေးစမ်းပါ။ ပြီးရင် ကိုအေးအောင်ကို အအေးတိုက်ပါ့မယ်'

'အော်နာပါဗျာ၊ မတိုက်လည်း ရိုက်ပေးပါတယ်'

## [၁၀]

'တာမိနယ်'ထဲ အဝင်မှာ တစ်ချက်လှည့်၍ လက်ပြသည်။ သမီး၊ မျိုး၊ မျိုး၏ ကလေး၊ မောင်အေးအောင်တို့အားလုံး လက်ပြန်ပြကြသည်။ တစ်ခုခု ပြောလိုက်မည်ဟု စိတ်ကူးနှင့် တစ်ချက်လှည့်ကြည့်သည်။ ပြီးတော့ စိတ်ပြောင်း၍ လေယာဉ်ဆီသို့ ဆက်လျှောက်သွားခဲ့သည်။

လေယာဉ်ပေါ်မှာ နေရာယူပြီးတော့ လေယာဉ်မယ်လေးက ခေါင်းပေါ်မှ လေအေးစက်ခလုတ်ကို သူ့မျက်နှာတည့်တည့် ချိန်ပေးပြီး အဲဒီအတိုင်း နှစ်သက်ပါသလားဟု ယိုးဒယားသံဝဲဝဲ အင်္ဂလိပ်စကားနှင့် မေးသည်။ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

တစ်နာရီခွဲခန့် ခရီး။

လေယာဉ်ထဲရောက်ပြီး မကြာခင် သူ အိပ်ပျော်သွားသည်။

## [၁၁]

သမီးက တစ်နှစ်။

ယိုင်ထိုးယိုင်ထိုးနှင့် တတောက်တောက် လျှောက်ပြီး သူ့ရှေ့ ရောက်လာသည်။ မျက်လုံးဝိုင်းဝိုင်း လှလှလေးနှင့် သူ့ကို မော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီးလေး'

'ရှင်. . ဖေဖေ'

အိပ်မက်ထဲမှာတော့ တစ်နှစ်သား သမီးလေးက စကားကောင်းကောင်း ပြောတတ်နေလေသည်။

'မျိုး ချီထားတာ ဖေဖေ့မြေး မဟုတ်လား'

သမီးက ခေါင်းညိတ်ပြသည်။

'ပြောပြရောပေါ့. . . သမီးရယ်'

'မောင်ဇော်နဲ့ ရခဲ့တာ ဖေဖေ၊ ဒီကောင်ကလည်း တာဝန်မယူတော့ သမီး ဆင်ဂယ်လ်မားသား (အိမ်ထောင်မရှိ ကလေးအမေ) ဖြစ်နေတာ ဖေဖေ မသိစေချင်ပါဘူး၊ ဒါကြောင့် မျိုးကို အကူအညီတောင်းရတာ၊ အဘိုးနဲ့ မြေးတော့လည်း တွေ့ပေးစေချင်တယ်လေ'

'မောင်အေးအောင်ကတော့ ခွင့်လွှတ်တယ် မဟုတ်လား'

'ဒါလည်း ဖေဖေ သိတာပဲ'

'မောင်အေးအောင်က ဘန်ကောက်မှာနေတာ၊ ဧည့်သည်မပါဘဲ မြဘုရားလာစရာအကြောင်းမှ မရှိတာ သမီးရယ်၊ ဖေဖေနဲ့ တွေ့ပေးချင်လို့ သမီး စောင့်ခိုင်းထားတာသာ ဖြစ်ရတော့မှာပေါ့'

သမီးက ခေါင်းညိတ်ပြသည်။

'သမီး ခြေလှမ်းမှားလည်း ဖေဖေ့ သမီးပါပဲ၊ ချော်လဲလည်း ဖေဖေ့ သမီးပါပဲကွယ်၊ ဖေဖေ့ကို အကုန် ပြောပြမှပေါ့'

'သမီးကြောက်တယ် ဖေဖေ'

သက်ပြင်းချမိသည်။

'ဖေဖေများ သမီးကို ချစ်ပြခဲ့တာ မှားခဲ့လေသမား သမီးရယ်'

'ဖေဖေ မမှားပါဘူး၊ ဒါပေမဲ့ မေမေကတော့ ပိုမှန်သလိုပဲ'

သမီးက ယိုင်ထိုး ယိုင်ထိုး အဝေးသို့ ပြန်လျှောက်သွားပါသည်။

**စိတ္တ မဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၁၀**

○

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

'ဘာဖြစ်နေတာလဲ'ဆိုသည့် မေးခွန်းကို. . .

နှလုံးခုန် ခဏမျှရပ်သွားလောက်အောင်ပင် လှပစွာ၊ ချစ်စရာကောင်းလှစွာ မေးတတ်သော ၁၈ နှစ်အရွယ် မိန်းကလေး ဘယ်နှယောက်များ ရှိနိုင်ပါမည်နည်း။ သို့သော် ထိုချစ်စရာကောင်းလှသည့် မေးခွန်းကို မေးသည့် အလွန်ချစ်စရာကောင်းသော မိန်းကလေး 'သီရိခေတ်'အတွက် ထိုက်တန်သော အဖြေတစ်ခုကို 'ဇင်မှိုင်း' မပေးနိုင်ခဲ့ပါ။

ပြုံး၍ ပခုံးတစ်ချက်သာ တွန့်ပြမိခဲ့ပါသည်။

[၂]

၄၆ ဒီဂရီ စင်တီဂရိတ်။

၁၂ နှစ်အတွင်း မင်းဘူးမြို့မှာ အပူဆုံးနှစ်တဲ့။

မပူသည့်နှစ် နွေတွေမှာတောင် ကျောကော့အောင် ခံစားရတတ်မြဲ မင်းဘူးမြို့ကလေးမှာ အပူဆုံးနှစ်တွင်တော့ မီးကင်းတိုက်ထားသော ဒယ်အိုးကဲ့သို့ ရှိလေသည်။

ထိုင်နေသော ကုလားထိုင်သည်ပင်လျှင် မထိုင်ခင်ကတည်းက ကြိုးမီးမြှိုက်ထားသည့်နှယ် ထိတွေ့သမျှအသားတွေကို ပူခြစ်နေစေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ပူလွန်း၍ ထရမှာလည်း ထဖို့ မပြောနှင့် လှုပ်ရုံလေး လှုပ်တာနှင့်ပင် ချွေးစေးတို့က ဖြိုင်ဖြိုင်ကျလာပြီး အသက်ရှူလိုက်တိုင်း ဖားဖိုကြီးကဲ့သို့ ဟောဟဲလိုက်အောင် ပင်ပန်းကြီးစွာ ခံစားနေရသဖြင့် မလှုပ်ရှားချင်။

ဇင်မှိုင်း၏ မျက်စိရှေ့မှာတော့ မန်းရွှေစက်တော် ဘုရားပွဲလာ ပရိသတ်များက ပူခြစ်နေသော နေရောင်အောင်မှာပင် ပျားပန်းခတ်မျှ စည်ကားစွာ သွားလာနေကြသည်။

'ညီလေး. . . မောင်မှိုင်း၊ စကားကလေး ဘာလေး ပြောစမ်းပါဦးကွာ။ ဘယ့်နှယ် ဘောင်းဘီကျပ်ကျပ်နဲ့ ကောင်မလေးတွေပဲ လိုက်ကြည့်နေရသလား'

ဆေးပေးခန်းမဏ္ဍပ်ထဲတွင် ပက်လက်ကုလားထိုင်နှစ်လုံး ယှဉ်ချ၍ အတူတူထိုင်နေသော ခွဲစိတ်အထူးကုဆရာဝန် ဆရာစိုင်းက လှမ်းစသည်။

'ကြဲကြဲဖန်ဖန် ဆရာရယ်၊ ညကလည်း ခွဲခန်းဝင်လို့ မအိပ်ရ၊ ပူလွန်းတော့လည်း အခုက အိပ်မရနဲ့၊ အိပ်လည်း မပျော်၊ နိုးလည်း ခေါင်းကိုက်၊ သူတို့ဆီ အာရုံတောင် မရောက်မိပါဘူး'

ဇင်မှိုင်းက မင်းဘူးပြည်သူ့ဆေးရုံကြီးက လက်ထောက်ဆရာဝန် တစ်ဦးပါ။ ရွှေစက်တော် ဘုရားပွဲတော် ဆေးအကာအကွယ်ပေးရေး တာဝန်ကျနေခြင်းပါ။

'ညက ခွဲရတာ ငါလည်း ပါပါတယ်ကွာ၊ အခု ငါလည်း ခေါင်းကိုက်နေတာပါပဲ၊ အဲဒါကလေး အာရုံအပြောင်းအလွဲဖြစ်အောင် စကားကလေး ဘာလေး ပြောလို့ ပြောတာ'

'ဘာအကြောင်းပြောရမှာလဲ ဆရာရဲ့'

'ဘာပြောရမှန်း မသိရင် မင်း အိပ်ခန်းထဲက စားပွဲပေါ်မှာ ထောင်ထားတဲ့ ဓာတ်ပုံထဲက ကောင်မလေးလှလှကလေး အကြောင်း ပြောကွာ'

www.burmeseclassic.com

www.burmeseclassic.com


ဇင်မိုင်း ရှက်ရယ် ရယ်မိသည်။ ဆရာစိုင်းမှာ ဇင်မိုင်းနှင့် ညီရင်းအစ်ကိုတမျှ ရင်းနှီးနေပြီမို့ ဇင်မိုင်းတို့ အဆောင်မှ အခန်းထဲလည်း ဝင်ထွက်နေကျပါ။

'ဆရာစိုင်းကလည်း အဲဒါက အုပ်စုပုံပဲဟာ၊ ဘာဇာတ်လမ်းရှိရမှာလဲ'။

'မင်းထက်ငါ ဆယ်နှစ်ကြီးတယ်၊ မောင်မိုင်း၊ မရှိုးနဲ့ မင်းအသက်က ၂၃၊ ဓာတ်ပုံထဲက မင်းက ၁၈ နှစ်လောက်ပဲ ရှိဦးမယ်၊ ရွယ်တူ ယောကျ်ားလေး လေးယောက်၊ မိန်းကလေးက နှစ်ယောက်၊ တစ်ယောက်က ရွက်ကြမ်းရေကျို၊ တစ်ယောက်က ဖူးနေဥနေအောင်ကို လှတာ၊ လှလို့ဆိုပြီး ပြင်ပြင်ဆင်ဆင်၊ ဂိုက်တွေထုတ်ပြီး အုပ်စုနဲ့ သီးခြားဖြစ်နေတဲ့ ပုံစံမျိုးလည်း မဟုတ်ဘူး၊ သာမန် အနေတော် အပြင်အဆင် အဝတ်အစားကြားထဲကကို လှတာ -သိသာလွန်းလို့ ထင်းနေတာ၊ မင်းကိုတစ်ဖက်၊ နောက်ယောကျ်ားလေး တစ်ယောက်ကို တစ်ဖက် လက်မောင်းချင်းလည်း ရင်းရင်းနှီးနှီး ချိတ်ထားတယ်၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပုံကို မင်းအိပ်ရာဘေးမှာ ထောင်ထားတာ သူငယ်ချင်းအုပ်စုတစ်စုလုံးကို လွမ်းလို့တော့ မဖြစ်နိုင်ဘူး၊ အဲဒီ ကောင်မလေးအတွက်ပဲ ဖြစ်ရမယ်'

ဇင်မိုင်း ရယ်၍ လက်နှစ်ဖက် မြှောက်ပြလိုက်ရသည်။

'ဒါကြောင့်လည်း ပြောင်းသွားတဲ့ ဆရာစိုးလေးက ခွဲစိတ်ဆရာဝန်တွေမှာ သိမ်းငှက်လို မျက်လုံးရှိတယ်လို့ ပြောတာကိုး'

'ခြသေ့်လို နှလုံးသားတော့ မရှိရပါဘူးကွာ၊ ငါတို့ အသည်းနှလုံးက အင်မတန် နူးညံ့ပါတယ်၊ အခုတော့ ငါ့အသည်းနှလုံးက မင်းအစားခံစားထားပြီးသား'

ဇင်မိုင်း မျက်လုံးပြူးသွားသည်။

'ဘယ်လို'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုမနေနဲ့ မင်းမှာ အဲဒီဓာတ်ပုံအဟောင်းတစ်ခုပဲ တခုတ်တရ လုပ်စရာရှိတာကို ထောက်ရင် မင်းနဲ့ အဲဒီ ကောင်မလေးနဲ့ ဘာမှ မ'ဘာ'ခဲ့ကြတာ သေချာတယ်၊ အင်း . . . ပြီးတော့ သူ လက်တွဲထားတဲ့ မင်းသူငယ်ချင်း ကောင်ကလေးတစ်ယောက်က တော်တော် ချောနေတယ်၊ သူကလည်း အဲဒီကောင်ကလေးဘက်ကို ပခုံးနည်းနည်း ယိမ်းထားတယ်။ အင်း . . . မင်းရုပ်ကတော့၊ အားနာပါတယ်ကွာ၊ မပြောတော့ပါဘူး'

ဇင်မှိုင်း တဟားဟား ရယ်သည်။

'ပြောပါ ဆရာစိုင်းရယ်၊ ကိုယ့်ရုပ်မလှတာ ကိုယ်သိတာ ဆယ်နှစ်မကတော့ပါဘူး'

'မလှတာတော့ မဟုတ်ဘူးပေါ့ကွာ'

'နို့ဘာလဲ'

'မစားရတဲ့ အတူတူ စပျစ်သီးဆိုတာ ချဉ်မှာပါလို့ လုပ်ထားတဲ့ မြေခွေးရဲ့ရုပ်'

ဇင်မှိုင်း တဟားဟား ရယ်မိပြန်သည်။

'ဆရာစိုင်းလည်း ဆရာစိုးတို့ ဆရာရဲတို့လို စာရေးဆရာလုပ်ဖို့ ကောင်းတယ်၊ ဓာတ်ပုံတစ်ပုံရတာနဲ့ ဇာတ်လမ်းတစ်ခုလုံး ပေါ်ရော၊ တစ်ခုပဲ လွဲတယ်'

'ဘာလဲ'

'အဲဒီကောင်လေးက ကျွန်တော့်သူငယ်ချင်း မဟုတ်ဘူး၊ ကျွန်တော့် အစ်ကို၊ နာမည်က ဇင်သိုင်း တဲ့'

'ကြံကြံဖန်ဖန် နာမည်ကွာ၊ ကောင်မလေးကရော'

'သီရိခေတ် . . . တဲ့'

## [၃]

ဇင်သိုင်း၊ ဇင်မှိုင်းတို့ ညီအစ်ကိုနှင့် သီရိခေတ်က တောင်ကြီးမြို့တွင် ခြံချင်းကပ်လျက် အတူကြီးပြင်းလာကြသော အိမ်နီးချင်း ငယ်သူငယ်ချင်းတွေပါ။

www.burmeseclassic.com

www.burmeseclassic.com


လူပျိုပေါက်၊ အပျိုပေါက်တွေ ဖြစ်လာကြတော့ သီရိခေတ်က တောင်ကြီးမြို့မှာ အလှဆုံး ဆယ်ကျော်သက်ကလေးဖြစ်လာသော်လည်း အလှဂုဏ်မမောက်ခဲ့။ ငယ်သူငယ်ချင်း ယောကျာ်းကလေးတွေနှင့် အရင်တုန်းကလိုပင် ပြောဟယ် ဆိုဟယ် တရင်းတနှီးနေခဲ့သည်။

ဇင်သိုင်း၊ ဇင်မှိုင်း ညီအစ်ကိုနှစ်ယောက်စလုံးက စာတော်သည်။ ဆယ်တန်းကို ထူးချွန်စွာ အောင်ကြသည်။ ဆေးတက္ကသိုလ်ဝင်ခွင့် မရှိသည့် ကျောင်း၊ သူများ လျှောက်ခွင့်မရှိသည့် လမ်းကို တက်ခွင့်၊ လျှောက်ခွင့်ရပြီးခါမှ အလဟဿ မပစ်ပယ်ချင်သဖြင့် ဇင်မှိုင်း ဆေးတက္ကသိုလ်၊ မကွေးသို့ တက်ခဲ့သည်။

ဇင်သိုင်းကတော့ အလွန်အေးချမ်းလှပသော မြို့ရှိ လူကုံထံရပ်ကွက် အတွင်းမှ မိဘအိမ်ကို စွန့်၍ ဖုန်တသောသော၊ ခြင်တသောသော၊ ပူလောလောမြို့တွင် ငါးနှစ်သွားနေရန် ဘယ်လိုမှ စဉ်းစားမရနိုင်သဖြင့် တောင်ကြီး တက္ကသိုလ်သို့သာ တက်ခဲ့သဖြင့် သီရိခက်နှင့် အတူ ဖြစ်ခဲ့သည်။

ဇင်သိုင်းနှင့် သီရိခေတ်တို့ ပိုရင်းနှီးသွားကြသော်လည်း ဇင်မှိုင်းကတော့ ကျောင်းပိတ်ရက် အိမ်အပြန်များတွင်သာ သူတို့နှင့် ဆုံဖြစ်တော့သည်။

## [၄]

'ဘာဖြစ်နေတာလဲ'

မေးခွန်းလှလှကလေးကို မိန်းကလေးလှလှကလေးက မေးပြန်ပါပြီ။

အဲသည့် မေးသည့်အချိန်မှာ ပတ်ဝန်းကျင်ကလေးကလည်း ထူးထူးခြားခြား လှပနေသည်။

တောင်ကြီးမြို့၏ ဖေဖော်ဝါရီက အေးအေးစိုစို။

တောင်ကြီးဟိုတယ်ဘက် ဝင်သွားသည့် လမ်းကလေးကလည်း သစ်ပင်ပန်းပင်တွေ အုပ်အုပ်ဆိုင်းဆိုင်း။

www.burmeseclassic.com

www.burmeseclassic.com


သီရိခေတ်တို့အိမ်၊ ဇင်မှိုင်းတို့ အိမ်တို့ဘက်သို့ ဝင်သွားသည့် လမ်းကလေးကလည်း မြက်ခင်းစိမ်းကလေး တစ်ဖက်တစ်ချက် ခြံရံလို့။

ဇင်သိုင်းရယ်၊ ဇင်မှိုင်းရယ်၊ သီရိခေတ်ရယ် သုံးဦးသား အပြင်သွားမည်အလုပ် ဇင်သိုင်းက အိမ်ပြန်၍ ကားသွားယူခိုက် ဇင်မှိုင်းနှင့် သီရိခေတ်တို့က လမ်းထိပ်မှာ ရပ်စောင့် ကျန်ရစ်ခဲ့သည်။

အဲသည့်အချိန်မှာ သီရိခေတ်က ထပ်မေးတာပါ။

ဇင်မှိုင်းက ရယ်သည်။

'နင် ဒါပဲ မေးနေတာပဲ၊ ငါက ဘာဖြစ်နေလို့လဲ'

သီရိခေတ်က ပခုံးတွန့်ပြသည်။

'မသိဘူးလေ၊ နင်ကြည့်လိုက်ရင် တစ်ခုခုကို ပြောတော့မှာလိုလို မပြောဘဲနေလိုက်မှာလိုလို စတိုင်လ်ပေါက်နေတယ်လို့ ငါတော့ ထင်တာပဲ'

ဇင်မှိုင်း ထိတ်ခနဲ ဖြစ်သွားသည်။

'ဘာပြောရမလဲ. . . ငါက'

'ဘယ်သိမလဲ၊ နင့်မျက်နှာကြီးက နင့်နာမည်လိုပဲ အမြဲတမ်း မှိုင်းနေတာ'

## [၅]

ဆရာစိုင်းက တဟားဟား အော်ရယ်သည်။

'ပြောလိုက်ပါလား မောင်မှိုင်းရာ၊ ငါက ချဉ်ပေါင်ရွက်သည်မို့လို့ ပါလို့'

*ချဉ်ပေါင်ရွက်သည် မောင်မှိုင်း*ဆိုသည်မှာ ၁၉၁၅ ခုနှစ်ခန့်တွင် ဝန်စာရေး ဦးကြီးရေးသည့် ဝတ္ထုမှ ဇာတ်ကောင်ဖြစ်ပြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ကလောင်အမည် အစပြုရာလည်း ဖြစ်နေသည်ကို သိသော ဆရာစိုင်းက 'ဇင်မှိုင်း'ကို 'မောင်မှိုင်း'ဟု အမြဲ စလေ့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ရမလဲ ဆရာစိုင်းရဲ့၊ ကျွန်တော်က သူ့ကို အမြဲ စကားနိုင်လုနေကျ၊ ငါ့နာမည် 'မှိုင်း'က အဥလီ မောင်မောင် ရေးတဲ့ 'မှိုးလုံးမှိုင်း' သီချင်းထဲက 'ဗင်ဒါ' သစ်ခွပန်းရဲ့ နာမည်ကို ယူထားတာလို့၊ 'ကောင်းကင်ယံထက် ကျွန်းထိပ်ဖျား'မှာ တွယ်နေချင်လို့လို့'

ဆရာစိုင်းက ပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်သည်။

'တကယ့် သစ်ခွပန်း အစစ်ကလေးကျတော့ မင်းမခူးခဲ့နိုင်ဘူး မဟုတ်လား ငါ့ကောင်'

'မခူးခဲ့တာပါ ဆရာရယ်'

'ဘယ်လို'

'ခူးဖို့ကို မကြိုးစားခဲ့တာပါလို့'

'ဘာကြောင့်'

ဇင်မှိုင်း သက်ပြင်းချသည်။

'ကျွန်တော်တို့ မြို့ကလေးက သိပ်လှတယ် ဆရာရယ်၊ ကျွန်တော်တို့ နေတဲ့နေရာကလေးကလည်း သိပ်လှတယ်၊ သီရိတို့ ကျွန်တော်တို့ ပတ်ဝန်းကျင်က ဘဝကလေးတွေက လှလှကလေးတွေ၊ သီရိကလည်း လှလှကလေး၊ ကျွန်တော်က လူကလည်း မလှ၊ ကျွန်တော့်ကို စိတ်ကူး ကြည့်ဖို့ဆိုတာ သီရိ စိတ်တောင်ကူးမှာ မဟုတ်ဘူး၊ ကျွန်တော်က သွားစိတ်ကူးလိုက်ရင် အဲသည့်စိတ်ကူးက တဖြည်းဖြည်း ရင့်သန်လာရင် တပ်မက်တိမ်းမူးမှုတွေ ဖြစ်လာလိမ့်မယ်၊ တပ်မက်တိမ်းမူးပြီးကာမှ လိုတာကို မရရင် ဘိန်းစား ဘိန်းဖြတ်သလိုပဲ အရူးတစ်ပိုင်း ခံစားရလိမ့်မယ်၊ ခံစားရရင် ကျွန်တော် ခံနိုင်ရည်ရှိမယ် မထင်ဘူး၊ သူ့ဘဝ လှလှကလေးနဲ့ သူ့ဘာသာသူပဲ ရှိပါစေတော့လို့ ကြိုစိတ်လျှော့လိုက်တာ'

ဆရာစိုင်းက တက်ခေါက်သည်။

'ယောကျ်ား မဟုတ်သလိုပဲကွာ၊ မင်းက၊ ငါ့တပည့်လို့ ပြောရမှာတောင် ရှက်သေးတော့'

'ပြောတော့ ဆရာရေ၊ အမှန်ကတော့ အစ်ကိုနဲ့ သူ့အနေအထားကို ရိပ်မိနေတာလည်း ပါသဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီတံငါသည်ကောင်က ဇာတ်လမ်းထဲမှာ ပါသလား'

'ဘာတံငါသည်လဲ ဆရာရဲ့'

'ငါးစင်ရိုင်းနဲ့ ငါးသိုင်းပေါင်းထားတဲ့ ကောင်လေ၊ ဇင်သိုင်းတဲ့'

ဇင်မှိုင်း ဟက်ဟက်ပက်ပက် ရယ်မိပြန်သည်။

'အစ်ကို့ စာအုပ်ကြားထဲမှာ သီရိ ဓာတ်ပုံရှိတယ် ဆရာရ၊ ကျွန်တော် မတော်တဆ တွေ့ထားတာ၊ အစ်ကိုက ချောလည်း ချောတယ်၊ မိဘစီးပွားရေးပဲ ဆက်လုပ်မှာဆိုတော့ အစ်ကိုနဲ့ဆိုရင် သူ မြို့လှလှကလေးမှာ ဘဝလှလှကလေး တည်ဆောက်ရုံပဲ ရှိတာ၊ ကျွန်တော်က ဆေးကျောင်းစတက်တုန်းက ဝါသနာမပါဘဲ တက်ခဲ့တယ်ပဲထား၊ ဒီလုပ်နိုင်အားကလေး ရှိလာမှာတော့ ဒါကလေးကို လိုနေတဲ့သူတွေအတွက် ပြန်အသုံးမချဘဲ မနေနိုင်ဘူး၊ ဒီတော့ အခု မြင်တဲ့အတိုင်း နေပူကျဲကျဲကြီးမှာ ညကလည်း မအိပ်ဘဲခွဲ၊ မနက်လည်း မနားရ၊ ဒီဘဝပဲ ဆက်ကျင်လည် ဖြစ်တော့မှာ၊ ဘယ်မှာ စိတ်ကူးယဉ် ချင်စရာ ရှိတော့လို့လဲ'

ဆရာစိုင်းက လေထဲမှာ လက်ချောင်းကလေးတွေကို ဟိုရွှေ့ သည်ရွှေ့ လုပ်ပြသည်။

'ဘာလဲ ဆရာရ'

'ဂျစ်ဆောလေကွာ၊ အတုံးကလေးတွေကို စီပြီး ပန်းချီကားတစ်ချပ် သရုပ်ဖော်ကြည့်နေတာ၊ မရဘူး၊ တစ်ကွက်လိုနေတယ်။

'ဘာတစ်ကွက်လဲ'

'သီရိခေတ်က မင်းကို နည်းနည်းမှ စိတ်မကူးဘူး၊ ဇင်သိုင်းနဲ့ အိုကေနေပြီဆိုရင် မင်းကို ဘာလို့ ခဏခဏ ဘာဖြစ်နေတာလဲလို့ မေးနေတာလဲ'

ဇင်မှိုင်းက ပခုံးတွန့်ပြသည်။

'မသိနိုင်ဘူးလေ၊ သေချာတာကတော့ အဲဒီနေ့က မေးတာ နောက်ဆုံးပဲဆိုတော့ မမေးတော့တာ ငါးနှစ်ကျော်ပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



[၆]

'ငါ ထင်တာ ပြောရမလား'

သီရိခေတ်က မေးသည်။ မချိုမချဉ်လုပ်ပြတာတောင် အလွန်ချစ်စရာကောင်းနေသေးတဲ့ မျက်နှာကလေးကို ခိုးကြည့်ရင်း ဇင်မှိုင်း ပင့်သက်ရှိုက်မိသည်။

'ပြော'

'နင် မကွေးမှာ အသည်းကွဲဇာတ်လမ်း ဖြစ်လာတာ မဟုတ်လား'

သီရိရယ်။ ငါ့အသည်းက ကွဲချင်းကွဲရင် တောင်ကြီးမှာပဲ ကွဲမှာပါ ဆိုသည့် စကားကိုတော့ မျိုချလိုက်ရသည်။

'ဘယ်သူလဲ အသည်းကွဲတာ'

ကားကလေးကို ထိုးရပ်ရင်း နားစွန်နားဖျားကြားလိုက်သည့် ဇင်သိုင်းက မေးသည်။ သီရိခေတ်က ရယ်သည်။

'နင့်ညီလေးပုံစံကတော့ မကွေးမှာ အသည်းကွဲလာတဲ့ပုံပဲ၊ နင် စစ်ကြည့်ဦး'

'ကွဲ. . . ကွဲ. . . ဇင်မှိုင်းရတယ်၊ အသည်းကွဲတာ အရေးမကြီးဘူး၊ အရေးကြီးတာ အကွဲမသည်းဖို့ လိုတယ်'

သုံးယောက်သား ပြိုင်တူ ရယ်မိကြသည်။

ဇင်မှိုင်း ရယ်သံက ခြောက်ကပ်ကပ်။

[၇]

'နို့ . . . ပါသွားပြီလား'

ဆရာစိုင်းက မေးသည်။ ဇင်မှိုင်းက ပခုံးတွန့်ပြသည်။

'သူတို့ချင်း ဘယ်အဆင့်လဲတော့ ကျွန်တော်လည်း မမေးချင်တာနဲ့ မမေးမိဘူး၊ သီရိက တောင်ကြီးတက္ကသိုလ်မှာပဲ ကျူတာလုပ်နေတယ်၊ အစ်ကိုကတော့ ဖေဖေတို့ စီးပွားရေးကို ဦးဆောင်နေတာကြာပြီ၊ ကျွန်တော်ကတော့ ဆရာ သိတဲ့အတိုင်းပဲ နေပူတာရယ်၊ ဖုန်ထူတာရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခြင်ကိုက်တာရယ်၊ အိပ်ပျက်တာရယ်၊ လူနာတွေရယ် ကြားထဲမှာ နှစ်နေတာ တစ်နှစ်ရှိပြီ၊ သေချာတာတော့ ယူတော့ မယူကြသေးဘူး'

ဆရာစိုင်းက အဝေးတစ်နေရာသို့ ငေးကြည့်နေရင်းက သက်ပြင်းချသည်။ အဲသည့်အချိန်မှာပင် ဆူဆူညံညံနှင့် လူအုပ်ကြီး မဏ္ဍပ်ထဲ ပြေးဝင်လာကြသည်။

[၈]

'ဘာဖြစ်တာလဲ'

'ရေဆင်းချိုးရင်း သစ်ငုတ်တို နင်းမိတာ'

ငါးနှစ်သမီးကလေးက တရှုပ်ရှုပ် ငိုနေသည်။ သူ့ခြေထောက် ဖနောင့်နေရာမှာ ဟက်တက်ကွဲနေသော ဒဏ်ရာက သွေးတစိမ့်စိမ့် ထွက်နေသည်။

'ချုပ်လို့တော့ မကောင်းဘူး ညီလေးရေ၊ ရေထဲက ဒဏ်ရာ သန့်ချင်မှသန့်မှာ၊ ငါ ပရက်ရှာနဲ့ပဲ သွေးတိတ်အောင် ဖမ်းကြည့်မယ်၊ မေးခိုင်ဆေးတော့ ထိုးပေးလိုက်'

'ဟုတ်ကဲ့ ဆရာ'

ဆရာစိုင်းက ငါးနှစ်သမီးကလေးကို ပတ်တီး စည်းပေးနေစဉ် ဇင်မှိုင်းက တစ်ခါသုံး အပ်တစ်ချောင်းဖြင့် မေးခိုင် ကာကွယ်ဆေး စုပ်ယူလာခဲ့သည်။

စောစောက တရှုပ်ရှုပ် ငိုနေသော ကလေးမှာ ဇင်မှိုင်းလက်က ဆေးထိုးအပ်ကို မြင်သည်နှင့် ကျွက်ကျွက်လန်အောင် အော်ငိုတော့သည်။

မိခင်ဖြစ်ဟန်တူသော အသက် ၃၀ ကျော်အရွယ် မိန်းမက ကလေးကို ငေါက်သည်။

'ဘာလဲ၊ အောက် သေသေချာချာ ကြည့်ဆိုတုန်းက မကြည့်ဘဲ အခုမှ ဆေးမထိုးချင်လို့ ရမလား၊ တိတ်စမ်း . . . တိတ်'

သူ ဆူမှ ကလေးက ပိုငိုသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့. . . တိတ်ဆို၊ မတိတ်ရင် ငါ အပ်အကြီးကြီးနဲ့ ထိုးခိုင်းမှာနော်၊ တိတ်မလား မတိတ်ဘူးလား၊ တိတ်နော်'

'ကဲ. . . တော်ပါဗျာ၊ ခင်ဗျားလုပ်မှ ကလေး ပိုငိုပါ့မယ်၊ ကလေးက ပြောပြလို့ရတဲ့ အရွယ်ရောက်နေပါပြီ၊ ကျွန်တော် ပြောပါ့မယ်'

ဇင်မှိုင်းက အမေကို ဟန့်သည်။ ဆရာစိုင်းက ပတ်တီးစည်းပြီး နေပြီမို့ နေရာမှ ထသည်။ ဇင်မှိုင်းက ကလေးကို လှည့်ပြောသည်။

'မီးမီး ဒီမှာ နားထောင်နော်၊ ဦးဦးက မီးမီး နာရင် ဆက်မထိုးဘူး သိလား၊ ဒီအပ်က အမှန်တော့ မနာဘူး၊ မီးမီးက မေမေ့ပေါင်ပေါ်မှာ ထိုင်လိုက်၊ ဟုတ်ပြီ၊ အဲသလိုထိုင်၊ ပခုံးကလေး မေမေက ဖော်ပေးထား၊ ဟုတ်ပြီ၊ အခု ဦးဦး ဆေးစထိုးမယ်နော်၊ မီးမီး မနာသေးဘူး မဟုတ်လား၊ ဟုတ်ပြီ၊ နာတာနဲ့. . . နာပြီလို့ ပြောလိုက်၊ ဦးဦးက ဆက်မထိုးဘူး၊ ရပ်လိုက်မှာ'

ကလေးက အငိုတိတ်သွားပြီး ရှိုက်နေသည်။ ဇင်မှိုင်းမျက်နှာကို မယုံတစ်ဝက် ယုံတစ်ဝက် မျက်လုံးနှင့် ကြည့်နေသည်။

'ဟုတ်ပြီနော်၊ ဟောဒီမှာ ဦးဦးက ထိုးနေပြီ၊ မနာဘူး ဟုတ်တယ် မဟုတ်လား၊ ကြည့် မနာသေးဘူးနော်၊ နာရင် ပြောလိုက်နော် မီးမီး'

'နာနေပြီ'

'ဟုတ်လား မီးမီး နာနေပြီလား၊ တွေ့လား၊ ဦးဦးက ဆက်မထိုးတော့ဘူး၊ အပ်နုတ်လိုက်ပြီ၊ ပြီးသွားပြီ'

ဆေးကို မြန်မြန်ကုန်အောင် ထိုးပြီး အပ်နုတ်လိုက်သော ဇင်မှိုင်းကို ကြည့်၍ ကလေးက ငိုရခက်ခက် ဖြစ်နေသည်။ ဆရာစိုင်းက လက်မ ထောင်ပြသည်။

ဇင်မှိုင်း ဆေးထိုးအပ်အခွံကိုကိုင်၍ တစ်ဖက်သို့ အလှည့်တွင်တော့ ဘယ်လိုမှ မျှော်လင့်မထားသည့် အလွန်လှပသော အပြုံးကလေးနှင့် မျက်နှာချင်းဆိုင် တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



[၉]

'သီရိ'. . . ဇင်မှိုင်းက တအံ့တသြ ရေရွတ်သည်။

သီရိက ပြုံး၍ ခေါင်းညိတ်သည်။ 'တော်လိုက်တာ ငါ့သူငယ်ချင်း ရယ်၊ နင် အဲသလောက် တော်တာ ငါ တစ်ခါမှ မသိခဲ့ရပါလားဟု ပြောသည်။

ဆရာစိုင်းက တိုးတိုးကလေး သီရိလားဟု ပါးစပ်လှုပ်၍ မေးသည်။ သီရိက အံ့သြဟန်ပေါက်သွားပြီး ဇင်မှိုင်းက နေရခက်သွားသည်။

'သီရိ၊ ဒါ ငါ့ဆရာ ဆရာစိုင်းတဲ့၊ ခွဲစိတ်အထူးကုဆရာဝန်၊ ဆရာ ဒါ. . .'

'မင်း ခဏ ခဏ ပြောနေတဲ့ သီရိပေါ့ ဟုတ်လား၊ နို့ ကိုဇင်သိုင်းရော မပါဘူးလား'

လုပ်ပြော့။ လုပ်ပြ။ ဆရာစိုင်းတို့ကတော့ လုပ်ချလိုက်ပြီ။

သီရိက မျက်မှောင်ကြုတ်သည်။

'သူက သီရိအကြောင်း ဘာတွေ ပြောပြောနေလို့လဲ၊ ပြီးတော့ ဇင်သိုင်းက သူ့အစ်ကို၊ သီရိနဲ့ ဘာလို့ပါရမှာလဲ၊ သီရိတို့ ဆရာမတွေ စုပြီး ဘုရားဖူးလာကြတာ၊ ဆရာမတစ်ယောက်က နည်းနည်း မူးနေလို့ ရှူဆေးကလေးများ ရမလားလို့ ဝင်တောင်းကြည့်တာ၊ ဇင်မှိုင်း နင် ဒီမှာ ရှိနေမယ်လို့ မထင်ထားမိဘူး။

ဇင်မှိုင်းက နေရခက်နေရာမှ ထွက်ပေါက်ရသွားသည်။

'ဟာ မူးတာ ရှူဆေးနဲ့ ဆိုင်ချင်မှ ဆိုင်မှာ၊ နေပြင်းလွန်းတော့ သွေးပေါင်တက်တာတွေ၊ ကျတာတွေ ဖြစ်တတ်တယ်၊ သွေးပေါင်ချိန် ရမှာ၊ အခု ပါလာလား၊ ဒါမှမဟုတ် ငါ လိုက်ခဲ့ရမလား'

'ပါတော့ မလာဘူး၊ ဒါပေမယ့် ခေါ်ခဲ့လို့ ရပါတယ်၊ နင် လူနာတွေနဲ့ဟာ၊ ဒီကပဲ စောင့်လေ၊ ဆရာ ကျွန်မကို ခွင့်ပြုပါဦး'

ဆရာစိုင်းက လက်တစ်ချောင်းလုံး ထောင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com


'ခေါ်သာခေါ်ခဲ့ ညီမရေ၊ ဒီကောင်က ညက တစ်ညလုံး မအိပ်ဘဲ ခွဲခန်းဝင်ထားရလို့ ဒီနေ့ ဒီမှာ ဂျူတီဆက်ဆင်းနေတာ၊ ညီမတို့ နေပူထဲမှာ ခေါ်သွားလို့ ဒီကောင်ပါ မူးလဲနေရင် အစ်ကို တစ်ယောက်တည်း ဒုက္ခရောက်မှာ'

ဆရာစိုင်း။

စိတ်ထဲက ကျိတ်အော်ပြီး မျက်စောင်းလှည့်ထိုးတော့ ဆရာစိုင်းက ပြုံးဖြီးဖြီး လုပ်ပြနေသည်။

[၁၀]

သီရိတို့အဖွဲ့မှ ဆရာမမှာ သွေးပေါင် အနည်းငယ် ကျနေသည်။ ဓာတ်ဆားရည် ဖျော်တိုက်ပြီး မဏ္ဍပ်ထဲတွင် ခဏ နားခိုင်းထားလိုက်တော့ အနည်းငယ် သက်သာလာသည်။

'ဇင်မှိုင်း'

သီရိက ဇင်မှိုင်းနှင့်အတူ ခုတင်လွတ် တစ်လုံးတည်း ဝင်ထိုင်နေရင်းက ခေါ်သည်။ ဇင်မှိုင်းက ခပ်လှမ်းလှမ်းတွင် ဆရာမများနှင့် စကားဖောင်ဖွဲ့နေသော ဆရာစိုင်းကို ငေးကြည့်နေရင်းက လှည့်ကြည့်သည်။

'ဘာလဲ. . . သီရိ'

'နင် ငါ့အကြောင်းတွေ ဘာလို့ နင့်ဆရာကို ပြောထားရတာလဲ'

ဇင်မှိုင်း နေရခက်စွာ တိုးတိုး ရယ်သည်။

'သူနဲ့ ငါက အတူစား၊ အတူအိပ်၊ အတူသွားတာ ကြာပြီလေ၊ ပြီးတော့'

ဇင်မှိုင်း သီရိမျက်နှာကို မရဲတရဲ ခိုးကြည့်သည်။

'ငါ့မှာလည်း ပြောစရာအကြောင်းဆိုလို့ နင်ပဲ ရှိတာပဲ'

လှသောပါးပြင်မှာ သွေးကြောမျှင်မျှင်ကလေးတွေ ရဲခနဲ တစ်ချက် ထင်းသွားသည်။

'ဇင်သိုင်းကရော ဘာလို့ ပါလာရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဇင်မှိုင်းက ပခုံးတွန့်ပြသည်။

'ငါ့ဘဝက နင် အခု မြင်တဲ့အတိုင်းပဲလေ၊ အစ်ကိုတို့ နင်တို့ ဘဝကလေးတွေက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လှနေတာ၊ အဲဒါ ပြောပြ ဖြစ်တာပါ၊ ပြီးတော့ သူ့ဆီမှာ ငါက နင့်ဓာတ်ပုံ တွေ့ဖူးထားတာကိုး'

သီရိခေတ်က အော် . . . ဟု တိုးတိုး ရေရွတ်သည်။ ငါ မသိဘူး။ ငါ ပေးထားတာတော့ မဟုတ်ဘူးဟုလည်း ပြောသည်။ ဇင်မှိုင်း အားစေးမိသွားသည်။

သီရိခေတ်က တစ်ချက်ရယ်၍ ဆံနွယ်တို့ ယိမ်းခါအောင် လှည့်ကြည့်သည်။

'နင့်ဘဝကရော ဘာတွေမလှလို့လဲ ဇင်မှိုင်းရယ်၊ နင် သူများတွေ အတွက် လုပ်ပေးနိုင်တာတွေ၊ အပင်ပန်းခံ လုပ်ပေးနေတာတွေ ကြည့်ပြီး ငါတော့ သိပ်အားကျတာပဲ နင် အမြဲ စကားနိုင်လုပြောတဲ့ 'မိုးလုံးမှိုင်း'တဲ့ ဗင်ဒါတွေရဲ့ နေရာမှာ နင်တို့ စိတ်ဓာတ်တွေက ရှိနေပြီဟ၊ သိလား'

မျက်နှာက နွေးသည်။ ရင်က ခုန်သည်။ လျှာက တုန်သည်။

'နင်ကရော'

'ငါလား'

သီရိခေတ်က ရှက်ကိုးရှက်ကန်း ရယ်သည်။

'ငါက ကျွန်းပင်လောက်ဖြစ်ရင် ကံကောင်းတာပေါ့ဟာ၊ ငါ ဟိုဆရာမသွားကြည့်လိုက်ဦးမယ်'

ရှက်ကိုးရှက်ကန်းနှင့် နေရာမှထ၍ သွက်သွက်လျှောက်သွားသော သီရိခေတ်၏ ကျောပြင်ကလေးကို ငေးကြည့်နေရင်းက အဆက်မပြတ် တန်ခါနေသော ရင်ကို ဘယ်လို ထိန်းကွပ်ရမည် မသိဘဲ ဇင်မှိုင်း ကျန်ခဲ့သည်။

ဆရာစိုင်းကတော့ ကွက်ခနဲလှည့်ကြည့်၍ ပြုံးဖြီးဖြီးလုပ်ပြလေသည်။

Lifestyleမဂ္ဂဇင်း၊ ၂၀၁၀

၀

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

'၂၆ . . . ပါ ဆရာ'

'. . .'

'လျှူပြီးသား အဆင်သင့်ရှိပါတယ် ဆရာ၊ ပြင်လိုက်ရတော့မလား'

'. . .'

အလုပ်သင် ဆရာဝန်ကလေးက ဖုန်းကိုချ၍ သူနာပြုဆရာမကလေး 'လင်းလင်း'ကို လှည့်ကြည့်သည်။

'ဆရာမရေ . . ပီဂျီ ဆရာတွေ အိတ်ချိန်းလုပ်မယ်တဲ့၊ ပြင်ပေးပါဦး'

'ဟုတ်ကဲ့ပါ ဆရာ'

လင်းလင်းက ကလေးဆေးရုံကြီး၊ မွေးကင်းစဆောင်တွင် တာဝန်ကျနေတာပါ။ ပီဂျီဆရာဆိုတာက ဘွဲ့လွန်တက်နေသည့် ကလေးအထူးကု ဆရာဝန်လောင်း လက်ထောက်ဆရာဝန်ကို ခေါ်တာဖြစ်ပြီး 'အိတ်ချိန်း'ဆိုတာက အလွန်အမင်း အသားဝါနေသော ကလေးငယ်များကို သွေးလဲလှယ်ပေးခြင်းကို ခေါ်ပါသည်။

တကယ်တော့ လင်းလင်းတို့လည်း အလုပ်ဝင်ခါစမို့ အဲဒါမျိုး တစ်ခါသာ ကြုံဖူးသည်။ သို့သော် ကိုယ့်အပြင်လည်း သူနာပြုအကူ တစ်ဦးသာ ရှိသည်ဆိုတော့ ကိုယ်ပဲ ဝင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို နေရာချရန် သစ်သားပြားကလေးကို အသင့်ပြင်သည်။ သွေးပုလင်းသွေးလှူဘဏ်မှာ သွားထုတ်ရန်နှင့် လက်ထောက်ဆရာဝန် ဆီဝင် စစ်ဆေးခံရန် အလုပ်သမားကို စေလွှတ်သည်။

အဲသည့်အချိန်မှာ အောက်ထပ်ဆေးကုသဆောင် (၃)မှ သူငယ်ချင်း ကယ်ရိုလင်းက လှမ်းဖုန်းဆက်သည်။ ညစာ အတူစားရအောင်တဲ့။ မရဘူးဟ၊ ငါအိတ်ချိန်းဝင်ရတော့မယ်။ ဗိဂျီဆရာ ခေါ်ထားပြီးပြီဟု ဖြေ၍ ခွဲစိတ်ဝတ်စုံ အဆင်သင့်ဝတ်သည်။ ခေါင်းဆောင်း စွပ်သည်။ မျက်နှာမှာ မျက်နှာဖုံး တပ်သည်။

ဖျတ်ခနဲ သူ့ကို သတိရမိပြန်သည်။ ရင်ထဲက နင့်ခနဲ။

သူဆိုတာက လင်းလင်း၏ ချစ်သူဟောင်း ဒေါက်တာယဉ်သွေးပါ။ လင်းလင်း မန္တလေးဆေးရုံကြီးတွင် သူနာပြုသင်တန်းသူ ဘဝနှင့် ရှိနေခဲ့တုန်းက သူက အလုပ်သင်ဆရာဝန်။

ရုပ်ကလေးကလည်း ချော၊ အပြောအဆိုက နူးညံ့သိမ်မွေ့သည့် အပြင် ဆရာဝန်၊ ဆရာမ၊ အလုပ်သမား၊ လူနာအားလုံးကို ရင်းနှီး ဖော်ရွေစွာ ဆက်ဆံတတ်သူမို့ အဲသည့်ထဲက ထင်ရှားသူဖြစ်သည်။

'ရည်းစား သိပ်များတာဟ'

သူငယ်ချင်း ကယ်ရိုလင်းက သတိပေးသည်။ ဘယ်လိုလုပ် ဖြစ်နိုင်မှာတဲ့လဲ။ 'သူ့'ကို ကြည့်ရသည်မှာ ဘယ်လိုမှ လူရှုပ်လူပွေပုံစံ မဟုတ်။ ပြီးတော့ သူတို့ပြောသည့် 'သူ့ရည်းစားဟောင်း'ဆိုသည့် မိန်းကလေးတွေကလည်း သူ့ဆီမှာ တစ်ချိန်လုံး ဝင်ထွက် ရင်းရင်းနှီးနှီး နှုတ်ဆက် ပြောဆိုနေကြတာပဲ။ ခင်ကြတာပဲနေမှာပါဟု လင်းလင်း ဖြေတွေး တွေးမိသည်။

'မလင်းလင်း ညကတည်းက မပြန်ရသေးတာလား'

တစ်ရက် ခွဲစိတ်ခန်းထဲမှာ သူက လင်းလင်းရှေ့မှာ ပြုံး၍ နှုတ်ဆက်တော့ ခွဲစိတ်ခန်းသုံး မျက်နှာဖုံးအောက်မှာ လင်းလင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဆရာက ကျွန်တော့်ကို ဘယ်လို မှတ်မိတာလဲ၊ မျက်နှာဖုံးလည်း စွပ်ထား၊ သင်တန်းသူတွေကလည်း အများကြီး'

မန္တလေးသူ လေသံက မပျောက်နိုင်သေး။

ကိုယဉ်သွေးက ရှက်ရယ်ရယ်ခဲ့သည်။

'အပျိုကလေးတစ်ယောက်ကို ဘယ်လိုလုပ် မှတ်မိတယ်ဆိုတာ ပြောပြရင် စိတ်ဆိုးမှာပေါ့ဗျာ'

'မဆိုးပါဘူး ဆရာ၊ ပြောပြပါ'

'ကျွန်တော့်ကို ဆရာလို့ မခေါ်ဘဲ ကိုယဉ်သွေးလို့ပဲ ခေါ်ရင် ပြောပြမယ်'

လင်းလင်း ကြည်နူးစွာ ရယ်မိသည်။

'အစ်ကိုလို့ပဲ ခေါ်ပါရစေ၊ အစ်ကိုရယ်၊ ပြောပြပါ'

ကိုယဉ်သွေးက ပြုံးသည်။

'လင်းလင်း မျက်လုံးကလေးတွေက သိပ်လှတယ်၊ ပြီးတော့ အမြဲတမ်း အားငယ်ရိပ် လွှမ်းနေသလိုပဲ၊ မျက်နှာဖုံး စွပ်ထားလည်း ကျွန်တော် အမြဲ မှတ်မိနေမှာပါ၊ ကဲ... စိတ်မဆိုးဘူးလို့ ကတိပေးပြီးသားနော်'

ခွဲစိတ်ခန်းသုံး မျက်နှာဖုံးအပေါ်က ပေါ်ရုံသာ ပေါ်နေသော မျက်လုံးကလေး နှစ်လုံးကိုပင် သည်မျှ တခုတ်တရ သတိထားတတ်သူကို ဘယ်မိန်းကလေးကများ မိန်းကလေးတွေကို အလေးအနက် မထားသူဟု ထင်နိုင်မှာတဲ့လဲ။

များမကြာမီ ကိုယဉ်သွေးနှင့် လင်းလင်းတို့ ချစ်သူတွေ ဖြစ်သွားကြပါသည်။ ချစ်သူတွေသာဖြစ်သွားသည်။ ကိုယဉ်သွေးတစ်ယောက်က အလုပ်ဝင် စာမေးပွဲဖြေဖို့ ကိစ္စနှင့် ရှုပ်ယှက်ခတ်နေပြီး လင်းလင်းကလည်း နောက်ဆုံး စာမေးပွဲဖြေဖို့ ကိစ္စနှင့် ရှုပ်ယှက်ခတ်နေသဖြင့် တွဲသွားတွဲလာလည်း မရှိကြ၊ ချစ်သူစုံတွဲနှင့် တူတာဆို၍ လင်းလင်း စားပွဲတွင် ထောင်ထားသော ကိုယဉ်သွေး၏ ဓာတ်ပုံနှင့် အဲဒီဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ကြည့်မိတိုင်း နွေးထွေးစွာ ခုန်တတ်သော လင်းလင်း၏ နှလုံးသားတစ်စုံသာ ရှိပါသည်။

ကိုယဉ်သွေးကတော့ ထုံစံအတိုင်း အလုပ်စာမေးပွဲ ကိစ္စနှင့် ရန်ကုန်မှာ သွားနေရင်း နောက်ထပ် မိန်းကလေးတချို့နှင့် တွဲသွား တွဲလာ လုပ်နေပြန်ပြီဟု အသံကြားရပြန်သည်။

ဖြတ်ဖို့ မရည်ရွယ်သော်လည်း ရှင်းပြစေချင်သဖြင့် လင်းလင်း သူ့ကို ဖြတ်စာ ရေးပို့လိုက်ပါသည်။

ဘာမှ ပြန်စာမရခဲ့ပါ။

[၂]

'အဆင်သင့်ပဲလား'

သွေးလဲခန်းတံခါး ကျွီခနဲပွင့်၍ အသံတစ်သံ ဝင်လာသည်။

အသံနောက်က ပါလာသော လူရွယ်၏ မျက်နှာကို မြင်ရသော အခါတွင်ကား လင်းလင်း နှလုံးခုန်ရပ်သွားပါသည်။

အစ်ကိုပါလား။

ကိုယဉ်သွေးက လင်းလင်း၏ ခွဲစိတ်ခန်းသုံး မျက်နှာဖုံးအထက်မှာ ပေါ်နေသော မျက်လုံးကလေးတစ်စုံကို ကြည့်၍ ခဏမျှ တွေဝေသွား သယောင် ရှိသော်လည်း ချက်ချင်း ရယ်လိုက်ပါသည်။

'ကျွန်တော်ကတော့ တစ်ခါမှ မလုပ်ဖူးဘူး၊ ဆရာမကော'

ဘုရားရေ ဆရာမတဲ့။

သူ တကယ် မမှတ်မိတာပါလား။ အရင်ကတော့ မျက်နှာဖုံး စွပ်ထားလည်း ဒီမျက်လုံးကလေးတွေကို အမြဲ မှတ်မိနေမှာပါဆို။ ငါးနှစ်အတွင်း အပြောင်းအလဲ မြန်လှချည့်လား အစ်ကိုရယ်။

လင်းလင်း မျက်ရည်စို့လာသည်ကို သူ မမြင်အောင် မျက်နှာလွှဲ၍ ပစ္စည်းကိရိယာများ စီချင်ယောင် ဆောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါတော့ ဝင်ဖူးပါတယ် ဆရာ'

'တစ်ခါဆိုရင်တောင် ကျွန်တော့်ထက် သာနေပြီ၊ ကဲ ကျွန်တော့်ကိုသာ ပြပေးပေတော့'

'ဟုတ်ကဲ့ပါဆရာ'

[၃]

တစ်ခါမှ မလုပ်ဖူးဘူးသာပြောတာ။ သူ့လက်တွေက တည်ငြိမ်လိုက်တာ။ သွေးစုပ်ထည့်ထားသော ဆေးထိုးအပ်များကို ကမ်းပေးလိုက်၊ လှမ်းယူလိုက်လုပ်ရင်းက လင်းလင်းကို ယဉ်သွေး လက်ချောင်းကလေးများကို ငေးကြည့်နေမိသည်။ မျက်နှာကတော့ လင်းလင်းဘက်ကို တစ်ခါမှ လှည့်မကြည့်။

စုစုပေါင်း နှစ်နာရီကျော်ကြာသည်။ လုပ်နေရင်းတန်းလန်း ဆေးကုသဆောင် ၃ မှ ဖုန်းလာသေးသည်။ ပီဂျီဆရာ ဒီကပြီးရင် အဲသည်မှာ လူနာလာကြည့်ပေးပါတဲ့။ ကယ်ရိုလင်းပေ့ါ။ ကိုယဉ်သွေး၏ မျက်နှာကို မြင်လျှင် ဖြစ်သွားမည့် ကယ်ရိုလင်း၏ ဟန်ပန်ကို တွေးပင် မတွေးတတ်။

'ကျေးဇူးပဲ ဆရာမရေ၊ ပထမအကြိမ် သွေးလဲတာ အောင်အောင်မြင်မြင် ဖြစ်သွားတာ ဆရာမပြပေးပေလို့ပဲ၊ အောက်ထပ် ဆင်းလိုက်ဦးမယ်'

ကိုယဉ်သွေးက ခွဲခန်းဝတ်စုံကို ချွတ်ရင်း ပြောသည်။

အစ်ကို့ကို အဲ့အားသင့်အောင် လုပ်ပါရစေဦး အစ်ကို။

'ကော်ဖီ ဖျော်ထားပါတယ် ဆရာ'

'မသောက်တော့ဘူးဗျာ၊ ဟိုကလေး ဆင်းကြည့်ပြီး အဲဒီမှာပဲ အိပ်တော့မယ်'

ကိုယဉ်သွေး ထွက်ခွာသွားသည်။

လင်းလင်း မျက်နှာဖုံး ချွတ်ရန်ပင် အချိန်မရလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com


[၄]

ကယ်ရီလင်းကတော့ ကိုယဉ်သွေးကိုလည်း မကျေနပ်၊ ဖွင့်မပြောပြ လိုက်သော လင်းလင်းကိုလည်း မကျေနပ်။

လင်းလင်းကတော့ ဖွင့်ပြောပြပြီးရင် ဘာဆက်ပြောရမည်ကို မသိသဖြင့် ဒီအတိုင်း ဇာတ်သိမ်းလိုက်ရတာကမှ ဟုတ်တုတ်တုတ်ဟု တွေးနေမိသည်။

သစ္စာမဲ့သူဟု ရန်တွေ့ ရအောင်ကလည်း ယခုအထိ သူ အိမ်ထောင်လည်း မကျသေး။ လက်ရှိ ချစ်သူလည်း မရှိ။ ဘွဲ့လွန် စာမေးပွဲတွေနှင့် တာဝန်တွေထဲမှာ အလုပ်လုပ်ရင်း စာကျက်ရင်း နစ်နေသတဲ့။

ဇာတ်လမ်းဟောင်းပြန်ဆက်ရအောင်ကလည်း လင်းလင်း အရင်က ချစ်သူဖြစ်ခဲ့ဖူးသော တက္ကသိုလ်မှ ဆရာမလေး ဖြူဖြူထွေးနှင့်လည်း အတူသွား၊ အတူလာ ပြန်တွေ့နေရပြန်သတဲ့။

ဒါလည်း နောက်ပိုင်းကျတော့ မဟုတ်တော့ပြန်။

မပန်းမှုံဆိုသည့် အမည်လှလှ၊ လူလှလှ ဆေးကျောင်းသူကလေး တစ်ယောက်နှင့် ရင်းနှီးနေပြန်သတဲ့။

လင်းလင်းသာ ဗဟိုအမျိုးသမီးဆေးရုံဘက်သို့ ပြောင်းရသည်။ အစ်ကို့သတင်းတွေက ဆက်တိုက် ကြားနေရစမြဲ။

နောက်တော့ အဲသည့် ဆေးကျောင်းသူကလေးက ဆရာဝန်ဖြစ်ပြီး အင်္ဂလန်နိုင်ငံသို့ အပြီးအပိုင် ထွက်ခွာသွားသတဲ့။ ကိုယဉ်သွေးကလည်း ပညာတော်သင်ဖို့ အင်္ဂလန်သွားတော့ ဟိုမှာ ပြန်ဆုံသတဲ့။ သို့သော် အဲသည့် ဆရာဝန်မကလေးကို ထားခဲ့ပြီး မြန်မာပြည် ပြန်လာသတဲ့။ ရှမ်းပြည်နယ် ရောက်သွားသည်ဟုလည်း ကြားရသည်။ ဆရာဝန်မ ကလေး ဟိုမှာ လက်ထပ်လိုက်တော့ တော်တော် ခံစားရရှာသည် ဟုလည်း ကြားရသည်။ သို့သော် ဆရာဝန်မကလေးက သစ္စာ ဖောက်တာလည်း မဟုတ်ဘူးတဲ့။ ဒီအထိတောင် လိုက်လာရုံမက

www.burmeseclassic.com

www.burmeseclassic.com


ရှမ်းပြည်နယ်လိုက်ခေါ်သေးသတဲ့။ သည်နိုင်ငံ၊ သည်က လူနာတွေနှင့် ခွဲခွာ၍ မလိုက်ချင်သဖြင့် ရင်နာနာနှင့် နောက်ဆုတ်ပေးလိုက်တာဆိုပဲ။

ဩော်. . . အစ်ကိုက သည်လိုလူစားမျိုးကိုး။

မျက်လုံးကလေးတွေကို မမှတ်မိနိုင်တော့သည့် ကိုယဉ်သွေးကို လင်းလင်း နားလည်ပေး၍ ရသွားပါသည်။

လူပျိုလူရွယ်တစ်ဦးမို့ ခုန်တတ်သည့် ရင်နှင့် တိမ်းမူးတတ်သည့် နှလုံးသားတော့ ရှိသည်။ လျှောက်နေသည့် လမ်းက ပေးဆပ်သူတို့၏ ခယောင်းလမ်း။

အကြင်နာရိပ်ကလေးတွေတော့ ခိုချင်မည်။ အကိုင်းကို မချိုး၊ မျက်ဝန်းရိပ်ကလေးတွေကို တွယ်တာမည်၊ လျှောက်ရမည့်လမ်း ကနေတော့ ဘေးဆင်းလာမည် မဟုတ်။

သူ့ဦးနှောက်၊ သူ့နှလုံးသား၊ သူ့ဘဝ၊ သူ့အချိန်တိုင်းမှာ သူ ကျေပွန်ချင်သည့် တာဝန်တွေက နံပါတ်တစ်နေရာမှာပဲ အမြဲ ရှိနေသည်။ ကျန်တာတွေက ခံစားချက်နှင့် ယှဉ်ထိုးစဉ်းစားလျှင် မီးတဖျပ်ဖျပ် ခါနေမှာ ဖြစ်ပေမယ့် ပေးဆပ်ရမည့် တာဝန်၊ ပေးဆပ်နိုင်စွမ်းရှိသည့် အရည်အချင်းတို့နှင့် ယှဉ်ထိုးလိုက်တိုင်း မှေးမှိန်ကုန်ကြမည်။

အစ်ကို့ကို ခွင့်လွှတ်လို့ ရပါပြီ။

တကယ်တော့ လင်းလင်း ကိုယ်တိုင်လည်း အဲသလို ဘဝမျိုးပဲ ပိုင်ဆိုင်ခဲ့ရတာ မဟုတ်ပါလား။ လူငယ်ပီပီ ရင်ခုန်စရာ၊ ကြည်နူးစရာ ကလေးတွေနှင့် ကြုံရတိုင်း တို့ကနန်း၊ ဆိတ်ကနန်းသာ ရင်ခုန် ကြည်နူးခွင့်ရသည်။ အချိန်တန်တော့လည်း အများအတွက် ရှင်သန် နေရသည့်အထဲကို ပြန်ဝင်စီးမျောရစမြဲ။

သည်ဘဝက ပျော်စရာမကောင်းပါ။ သို့သော် သည်လိုဘဝမျိုး ပိုင်ဆိုင်ထားရတာ လင်းလင်း ဂုဏ်ယူပါသည်။ အထူးသဖြင့် အဝေး တစ်နေရာမှာ 'အစ်ကို'လည်း သည်လိုဘဝမျိုးပဲ လျှောက်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိထားရသဖြင့် အစ်ကို့လို ဘဝမျိုးမှာ နေရတာကို ပို၍ ဂုဏ်ယူပါသည်။

တစ်ခါတလေလည်း အဝေးကနေပဲ ရင်ခုန်ပါဦးမည်။

တို့ကနန်း ဆိတ်ကနန်းကလေးပေါ့။


*(မှတ်ချက်။ ။ ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ စာအုပ်ထဲမှ သူနာပြု ဆရာမကလေး 'လင်းလင်း'အကြောင်းကို တစ်ကွက်တည်းဝဲရေးပြီး ဆက်မရေးတာ မကျေနပ်ဘူးဟု မကြာခဏ ပြောတတ်ကြသည့် မကွေးမြို့မှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာအေးမွန်နှင့် 'ကောင်းမွန်' ခွဲစိတ်ခန်းမှ သူနာပြုဆရာမကလေးများအတွက် အမှတ်တရ ရေးဖွဲ့ဖြစ်ပါသည်)*

**Good Health ဂျာနယ်၊ ၅-၉-၂၀၁၀**

ဝ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

သီသီကလေး။

တကယ့်ကို လက်မတင်ကလေး။

ပြဿနာကို မဖြစ်ခင်ကတည်းက အမြဲ အနံ့ရတတ်သော သည်နှာခေါင်းနှင့် အကြောင်းရင်း မည်မည်ရရ မသိရသေးခင်မှာပင် ကျောထဲမှာ စိမ့်တက်လာတက်သော သည်ဆဋ္ဌမအာရုံတို့သည်ပင်လျှင် သည်မျှထူးဆန်းသော ပြဿနာကို အနံ့ရဖို့ ရိပ်မိဖို့တော့ တော်တော် ခက်လိမ့်မည်။

ဦးမြတ်သူ တရားသူကြီး လုပ်ခဲ့သည့် ၁၅ နှစ်အတွင်းထဲမှာပင် သည်လို ကိစ္စမျိုးကို ကြုံဖူးဖို့ မပြောနှင့်။ ကြားလည်း မကြားဖူး၊ တွေးလည်း မကြည့်ရဲ။ သည်တစ်ခါတော့ သူ့ကိုယ်စောင့်နတ် မဟုတ်လျှင်တောင် အဲသည် ကလေးမလေး ကလေးနှစ်ယောက်၏ ကိုယ်စောင့်နတ်တွေက သူ့ကို ပူးကပ် လှုပ်နိုးလိုက်ဟန်တူသည်။

ပြဿနာကို သူ အနံ့ရသည်။

မနေ့က မန္တလေးပြည်သူ့ဆေးရုံကြီးရှိ နှလုံးခွဲစိတ်ကုသ ဌာနမှာ သူငယ်ချင်းခွဲစိတ် အထူးကု ဆရာဝန်မကြီးနှင့် သူ့ရင်သွေး နှစ်နှစ်သားကလေးကို သွားပြထားရတာလည်း ပါသပေါ့။

www.burmeseclassic.com

www.burmeseclassic.com



[၂]

'ခက်တော့ ခက်လိမ့်မယ် သူငယ်ချင်း'

ဆရာဝန်မကြီးက နှလုံး 'အက်ကိုး'စက်မှ ထွက်သော ဓာတ်ပုံများကို ကြည့်ကာ သက်ပြင်းချရင်း ပြောသည်။

ဦးမြတ်သူလည်း မွန်းကျပ်သွားသည်။

'မခွဲမစိတ်ဘဲ ကုလို့ မရဘူးလားဟာ'

ဆရာဝန်မကြီးက ခေါင်းယမ်းသည်။

'နင် ငါ ပြောတာကို သဘောမပေါက်သေးဘူး၊ ဒီလို မွေးရာပါ နှလုံးရောဂါမျိုးကို ကုသဖို့ဆိုတာအကြောင်းကို မရှိဘူး၊ ငါ ပြောနေတာက မခွဲလို့ မဖြစ်ဘူးလို့ ပြောနေတာ မဟုတ်ဘူး၊ ခွဲစိတ်မှုကလည်း အရမ်း ခက်ခဲမယ်လို့ ပြောနေတာ'

ဦးမြတ်သူ ပို၍ မွန်းကျပ်လာသည်။

'အဲသလောက်ဆောင်ပဲလားဟာ'

ခွဲစိတ် ဆရာဝန်မကြီးက စက္ကူဖြူတစ်ရွက်ချ၍ ပုံဆွဲသည်။

'ဒီမှာကြည့် နှလုံးဆိုတာ ဘယ်ဘက်မှာ သွေးဝင်ခန်းတစ်ခန်းနဲ့ သွေးလွှတ်ခန်းတစ်ခန်း အတွဲလိုက်၊ ညာဘက်မှာ သွေးဝင်ခန်းတစ်ခန်းနဲ့ သွေးလွှတ်ခန်းတစ်ခန်း အတွဲလိုက်၊ အဲသလို နေရတယ်၊ အခုဟာက ညာဘက်မှာ သွေးလွှတ်ခန်း တစ်ခန်းထဲကို သွေးဝင်ခန်း နှစ်ခန်းလာတွဲနေတာ၊ သိပ်ရှုပ်ထွေးတယ်၊ ကိုထရိုင်အေထရီယာတမ်လို့ ခေါ်တယ်'

ဦးမြတ်သူ စိတ်ညစ်နေသည့် ကြားမှ မဲ့ပြုံးပြုံးမိသည်။

'နင့်ဟာ နာမည်တောင် မနည်း မှတ်ရမယ့် ရောဂါပဲ'

'လွယ်လွယ် ပြောရရင်တော့ သုံးခုတွဲတာပေါ့ဟာ၊ ပြောရတာတင် ရှုပ်တယ်မထင်နဲ့၊ ခွဲရတာလည်း တကယ့်ကို မလွယ်တာ'

ဦးမြတ်သူ လေပူတစ်ချက် မှုတ်ထုတ်သည်။

'မလွယ်လည်း နင့်ပဲ အပ်ရမှာပဲဟာ၊ နိုင်ငံခြားသွားဖို့တို့၊ ဘာတို့ ဆိုတာက ငါ့အနေအထားနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်မကြီးလည်း သက်ပြင်းချ၍ စားပွဲပေါ်မှ နှလုံး 'အက်ကိုး' ဓာတ်ပုံများကို ပြန်လှေ့လာနေသည်။

အဲသည့်အချိန်မှာ တံခါးကလေး ကျွီခနဲပွင့်၍ လူငယ်ယောက်ျား ကလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦး ဝင်လာသည်။

ဦးမြတ်သူ ထိုင်နေတာ မြင်တော့ အို့တို့အခန်းတန်းဖြင့် ပြန်ထွက်မည့် ဟန်ပြင်သည်။ သို့သော် ဆရာဝန်မကြီးက မော့ကြည့်၍ လက်ယပ် ခေါ်သည်။

ဆရာဝန်ကလေးတွေလား မသိ။

ကောင်မလေးကတော့ ပါတိတ် ထက်အောက်။ ဆံပင်ရှည်ကလေး ရှိုးရိုးယဉ်ယဉ်နှင့် ဆရာဝန်မ ပုံပေါက်သည်။ ကောင်လေးက 'အီမို' ဆံပင်ရှည်နှင့် ချက်ပြုတ် ဘောင်းဘီ အမည်းမှာ ခါးပတ်ဖြူ ပတ်ထား သဖြင့် မော်ဒယ်နှင့် ပိုတူနေသည်။

လက်ထဲမှာလည်း စာရွက်တစ်ထပ်နှင့်။

'ဘာလဲဟေ့ ရန်နောင်'

သေချာပါပြီ။ ဆရာဝန်တွေပါပဲ။

'ထောက်ခံစာကလေးပါ တီချယ်'

ဆရာဝန်မကြီးမျက်နှာတွင် စိတ်ရှုပ်သော အမူအရာ ပေါ်လာသည်။

'မင်း နိုင်ငံခြားသွားမလို့လား'

'မသွားပါဘူး တီချယ်၊ မြို့တော် ဆေးရုံမှာ အလုပ်ဝင်မလို့ပါ'

'မင်း တစ်ယောက်တည်းလား နှစ်နှစ် ပါလား'

ဘေးက ပါလာသော ကောင်မလေးကို မေးငေါ့ပြ၍ မေးသည်။

'ပါပါတယ် တီချယ်'

'တင့်ရော'

ကောင်လေး မျက်နှာပျက်သွားတာ မြင်လိုက်ရသည်။

'မပါပါဘူး တီချယ်'

www.burmeseclassic.com

www.burmeseclassic.com



'အခု ထောက်ခံရမယ့်ထဲမှာ မပါတာလား၊ တင့်က မြို့တော်မှာ မလုပ်ဘူးလား'

ကောင်လေး မျက်နှာပိုပျက်သွားသည်။

'တင့်က အရင်လကတည်း ဝင်နေပါပြီ တီချယ်'

သည်တစ်ခါ မျက်နှာပျက်သွားသည်က ဆရာဝန်မကြီး။

'တီချယ် စဉ်းစားဦးမယ်၊ မင်းတို့ စာရွက်တွေ ထားခဲ့ကြ'

ကောင်လေးနှင့် ကောင်မလေး စာရွက်တွေကို စားပွဲပေါ် ချ၍ ကုတ်ချောင်းကုတ်ချောင်းနှင့် ပြန်ထွက်သွားကြသည်။

'သူငယ်ချင်း ဘာတွေလဲဟ၊ အထူးအဆန်း'

အထက်တန်းကျောင်းသူ ကျောင်းသားကတည်းက သူငယ်ချင်းများ ပီပီ ဦးမြတ်သူက မနာတမ်း မေးမိသည်။

'ငါ မထောက်ခံလိုက်ဘဲ ပြောတာ မဟုတ်လား'

'အေးလေ ကောင်လေး ကောင်မလေးတွေက အလုပ် မကြိုးစားလို့လား'

ဆရာဝန်မကြီးက လေးလံစွာ ခေါင်းခါပြသည်။

'လူမှုရေး ပြဿနာ ကြောက်လို့ပါဟာ'

'ဘယ်လို'

ဆရာဝန်မကြီးက မျက်နှာအထားရ ခက်စွာ ရယ်သည်။

'ကောင်လေးက ချမ်းသာတယ်၊ မြင်တဲ့အတိုင်း ရုပ်ကလည်း ချောတယ်၊ ရည်းစားက နှစ်ယောက်ပြိုင်ထားတာ၊ တစ်ယောက်က ခုနက ပါလာတဲ့ နှစ်နှစ်၊ နောက်တစ်ယောက် နာမည် အရှည်တော့ မမှတ်မိတော့ဘူး'၊ 'တင့်'လို့ ခေါ်ကြတာပဲ'

'နင်က အဲဒါတွေ ဘယ်လိုလုပ် သိနေရတာလဲ'

'သိတာပေါ့၊ သူက နှစ်ယောက်ပြိုင် ပြောင်တွဲနေတာပဲ'

ဦးမြတ်သူ ခေါင်းတဆတ်ဆတ် ညိတ်သည်။

'တစ်ဆေးရုံတည်း လုပ်ရင်တော့ ချကုန်ကြမှာ စိတ်ပူတာပေါ့၊ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com


ဆရာဝန်မကြီးက ခေါင်းခါပြသည်။

'မချပါဘူး၊ ကြည့်ရတာ သုံးယောက်တွဲ နားလည်မှု ရထားသလိုပဲ၊ တပူးတွဲတွဲပါ၊ ငါက မိဘတွေ သိသွားရင် ဆေးရုံမှာ ပြဿနာ လာရှာမှာစိုးတာ'

'ဘုရားရေ ဒီကိစ္စမျိုး တကယ် ရှိတယ်ပေါ့'

'တရားသူကြီးကလည်း ပေါင်ချိန်လေ ဖြစ်နေပြန်ပြီ၊ တကယ်ပဲ ဟော့၊ တို့လောကမှာလည်း ဒါပထမဦးဆုံး ကြားဖူးတာပဲ၊ မိဘတွေ အများစုက နယ်တွေမှာဆိုတော့ မသိကြဘူး၊ ဆရာတွေက ရှူးချင်နေပြီ'

ဦးမြတ်သူ ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ကောင်လေး နှလုံးက ငါ့သားလို ဖြစ်နေမှာပေါ့၊ နင် ပြောတာ၊ ဘာတဲ့၊ သုံးခုတွဲ ဆိုတာလေ'

'ကိုထရိုင်အေထရီယာတမ်လား'

'ဟုတ်ပ'

'နာမည်ကျတော့ ရန်နောင်တဲ့၊'

'မင်းဆွေရဲ့' ဓား'ဝတ္ထုထဲက သူရဲကောင်း နာမည်'

'ဘယ်ကလာ အပြည့်အစုံက ရန်နောင် မောင်မောင်'တဲ့။

'ရနောင်မောင်မောင်တုတ် နာမည်နဲ့'

'တုတ်'တစ်လုံးပဲ လွဲတယ်'

သူငယ်ချင်းနှစ်ယောက် စိတ်ညစ်နေသည့် ကြားက ရယ်မိရပြန်သည်။

## ၂

အဲဒါက ပြဿနာအနံ့ကို သူ ရရချင်း၏ ပထမအကြောင်းရင်း။

သည်နေ့ မနက်မှာတော့ ပြဿနာ အနံ့ရရန် ဒုတိယ အကြောင်းရင်းက ဖန်လာပြန်သည်။ စောစောက ပြောသလို ကလေးမ ကလေးနှစ်ယောက်၏ ကိုယ်စောင့်နတ်တွေ သူ့ကို ပူးကပ် သတိပေး နေဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com


မနက်ပိုင်းမှာ သူ သူ့ရုံးကို မလာခင် သူငယ်ချင်း တွဲဖက်မြို့နယ် တရားသူကြီးရှိရာသို့ ဝင်ဖြစ်သည်။ ဘာရယ်တော့မဟုတ်။ ကလေးနှလုံးရောဂါကိစ္စ စိတ်ညစ်ညစ်ရှိသည်နှင့် ရင်းနှီးသည့် သူငယ်ချင်းကို ရင်ဖွင့်ချင်၍ ဝင်လာခဲ့ခြင်း ဖြစ်သည်။

သူငယ်ချင်းက စုံတွဲတစ်တွဲကို မင်္ဂလာဆောင်ပေးနေသဖြင့် ရုံးတွင်း လက်ဖက်ရည်ဆိုင်မှာ သွားထိုင်စောင့်နေရသည်။

နာရီဝက်လောက်နေတော့ သူငယ်ချင်း ရောက်လာသည်။ မျက်နှာက တစ်စုံတစ်ခုကြောင့် စိတ်ရှုပ်နေသည့်ပုံစံမျိုး။

သူငယ်ချင်း လက်ဖက်ရည် မှာပြီးသည်နှင့် သူ မအောင့်နိုင်ဘဲ မေးမိသည်။

'ဘာတွေ ဖြစ်လာတာလဲ ဟ'

သူငယ်ချင်းက မျက်မှောင်ကြုတ်သည်။

'ဘာရယ်တော့ မသိပါဘူးကွာ၊ တခုခု တစ်မျိုးကြီးဖြစ်နေသလိုပဲ'

'ဘာလဲ မင်း လက်ထပ်ပေးတဲ့ စုံတွဲလား'

ခေါင်းညိတ်ပြသည်။

'လိုအပ်တာတွေလည်း အပြည့်အစုံ ပါပါရဲ့၊ သက်သေက ကောင်လေးနဲ့ တစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ပဲ ပါတယ်၊ သူငယ်ချင်းတွေတဲ့'

'မိဘသဘောမတူလို့ ဖြစ်မှာပေါ့ကွာ၊ အသက် ၂၀ ပြည့်ပြီးပြီ မဟုတ်လား'

ခေါင်းညိတ်ပြပြန်သည်။

'၂၄-၂၅ တွေပေါ့ကွာ၊ ငါက ပါလာတဲ့ အတွဲလည်း ချစ်သူတွေ ဖြစ်မှာပဲလို့ ထင်တာ၊ အခု မင်းနဲ့ လက်ဖက်ရည်ဆိုင် ထိုင်မယ် ဆင်းလာတော့ ခြံဝမှာ လှမ်းတွေ့လိုက်တယ်၊ သက်သေကောင်လေးက ကားထွက်ငှားနေတယ်၊ သတို့သားက ကောင်မလေးတစ်ယောက်နဲ့ လက်ချင်းချိတ်ထားပြီး တစ်ယောက်နဲ့ စကားပြောနေတယ်'

www.burmeseclassic.com

www.burmeseclassic.com


'အဲဒါ ဘာဖြစ်လဲကွ၊ သတို့သမီးနဲ့ လက်ချင်းချိတ်ပြီး သူငယ်ချင်း ကောင်မလေးနဲ့ စကားပြောနေတာ မဟုတ်လား'

'မဟုတ်လို့ ခက်နေတာပေါ့ကွ၊ ပြောင်းပြန် ဖြစ်နေတယ်'

ဦးမြတ်သူ ပါးစပ်အဟောင်း ဖြစ်သွားပါသည်။

'မင်း သူတို့ နာမည်တွေ မှတ်မိလား'

'မှတ်မထားမိပါဘူးကွာ၊ ကောင်လေးနာမည်က ခပ်ဆန်းဆန်း ရှေးဆန်ဆန်ဆိုတာပဲ သတိရတယ်'

'ရန်နောင်မောင်မောင် ဆိုတာမျိုးလား'

သည်တစ်ခါ သူငယ်ချင်း ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

'ဟုတ်တယ် ဟုတ်တယ်၊ ငါတောင် ရနောင်မောင်မောင်တုတ်ကို သွားသတိရနေသေးတယ်၊ မင်း ဘယ်လိုလုပ် သိတာလဲ'

ဦးမြတ်သူ သက်ပြင်းတစ်ချက် လေးကန်စွာ ချမိပါသည်။

[၄]

ကလေးမလေးနှစ်ယောက်၏ ကိုယ်စောင့်နတ်တွေကတော့ အင်တိုက် အားတိုက် ကြိုးစားနေကြတာ သေချာပြီ။ သူတို့ သည်လောက် ကြိုးစားပြနေကြသည့်ကြားက သည်ကိစ္စကို သည်အတိုင်း လက်ပိုက် ကြည့်နေလျှင် တရားသူကြီးတစ်ယောက်အနေနှင့် မပြောနှင့်။ သက်လတ်ပိုင်း မြန်မာအမျိုးသား လူကြီးတစ်ယောက်၏ တာဝန်ပင် မိမိ ကျေပွန်မည် မဟုတ်။

ဦးမြတ်သူ သက်ပြင်းတစ်ချက်ချ၍ သူ့စားပွဲရှေ့တွင် ထိုင်နေသော မောင်ရန်နောင်မောင်မောင်၊ မခင်ခင်တင့်နှင့် သူငယ်ချင်းဟု ဆိုလေသူ ယောကျ်ားကလေးနှင့် မိန်းကလေးတို့ကို မော့ကြည့်မိသည်။

နေပါဦး။ အဲသည် သူငယ်ချင်း မိန်းကလေးကိုလည်း သူ သိသည်။ နှစ်နှစ်ဆိုသည့် မိန်းကလေး မဟုတ်ဘူးလား။ သေချာပါပြီ။

'မင်းတို့ လိုအပ်တာတွေ အားလုံး ပြည့်စုံပါတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com


မင်းတို့ကို လက်မထပ်သေးခင် ဦး သတို့သားနဲ့ ခဏ နှစ်ယောက်တည်း စကားပြောချင်တယ်'

လေးဦးသား မျက်နှာအံ့ဩဟန် ပေါ်လာသည်။ အချင်းချင်း တီးတိုးပြော၍ သုံးဦး ထွက်ခွာသွားသည်။

ရန်နောင်မောင်မောင် ကျန်ခဲ့သည်။

[၅]

'မင်း မနက်က ဟိုဘက်ရုံးမှာ လက်ထပ်ခဲ့တာ နှစ်နှစ်လား'

ကောင်ကလေး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဦး ဘယ်လိုလုပ် သိသလဲ'

'မင်း ဦးကို မမှတ်မိဘူးလား၊ မနေ့က မင်းနဲ့ဦး ဆေးရုံကြီးမှာ ဆုံတယ်လေ'

ကောင်ကလေးက မှတ်မိသွားဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ဘယ်သူမှ ဘယ်လိုမှ ကြိုမထင်ထားမိမယ့် အလုပ်မျိုးကို မင်းတို့ လုပ်နေတာ၊ ဖြစ်ချင်တော့ ဦးက မနက်က ရုံးလည်း ခဏ ရောက်နေတယ်၊ သားရယ်၊ မင်းက ဆရာဝန်ပါ၊ ပညာဂုဏ်အရ ဦးတို့ကတောင် ပြန်လေးစားရမယ့် လူမျိုးပါ၊ ဘာကြောင့် ပညာမတတ်တဲ့ လူတွေ လုပ်ရင်တောင် အများနှာခေါင်းရှုံ့ခံရမယ့် ကိစ္စမျိုးကို ကြံစည်ရတာလဲ'

ကောင်လေးက မထိတရီ ပြုံးသည်။

'ကျွန်တော်လုပ်တာ ဥပဒေနဲ့ ငြိစွန်းလို့လား၊ ဥပဒေက မြန်မာ မိန်းကလေးတစ်ယောက်ကိုသာ မကွာရှင်းဘဲ အိမ်ထောင်ထပ်မပြုဖို့ တားမြစ်ထားတာ၊ မြန်မာအမျိုးသားတစ်ယောက်က ဇနီးတစ်ယောက်မက ရှိနိုင်တာပဲ၊ မယားငယ်လို့တောင် မခေါ်ရဘူး၊ မယားပြိုင်လို့ ခေါ်ရမယ်ဆို၊ ကျွန်တော်က တစ်နေ့ အဲသည့်ကိစ္စ ဇယားရှုပ်လာမှာ စိုးလို့ တစ်ရက်တည်း လက်ထပ်တာ၊ သူတို့ နှစ်ယောက်စလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချစ်တယ်၊ ဘယ်သူနဲ့မှ အလဲ့မခံနိုင်ဘူး၊ သူတို့ နှစ်ယောက်စလုံးကလည်း ကျွန်တော့်ကို ချစ်တယ်၊ အချင်းချင်း ကြည်ဖြူနိုင်တယ်၊ ကျွန်တော့်ကို ဆုံးရှုံးမခံနိုင်ဘူး၊ ကျွန်တော်တို့ လူငယ်သုံးယောက် ဥပဒေနဲ့ မညီညွတ်တာ မဟုတ်ရင် ကိုယ့်ခံစားချက်နဲ့ကိုယ် လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်ခွင့် ရှိရမယ် မဟုတ်ဘူးလား၊ လူငယ်တွေရဲ့ ဆုံးဖြတ်နိုင်ခွင့် ရှိရမယ် မဟုတ်ဘူးလား၊ လူငယ်တွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်ကို မိဘလုပ်တဲ့ လူကြီးတွေ ဝင်တားမြစ်နေတာတောင် မခံနိုင်လို့ ကျွန်တော်တို့ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ခဲ့ကြပြီးပြီ၊ ဦးက တားမလို့လား၊ ဦး လက်ထပ်မပေးလည်း ကျွန်တော်တို့ နောက်တရားရုံး တစ်ရုံး ထပ်သွားမှာပဲ'

ဦးမြတ်သူက ပြုံး၍ ရဲရဲဝံ့ဝံ့ဟု တိုးတိုး ရေရွတ်ပြသည်။

'လူနာ အသက်ကို လုပြီး ခွဲစိတ်ရမယ့် ကိစ္စမှာ သူ့အသက်နဲ့ လောင်းကြေးထပ်ပြီး ခွဲစိတ်ခဲ့တဲ့ မင်းတို့ရဲ့ အဘိုးအရွယ်လောက် ရှိမယ့် မြန်မာဆရာဝန်ကြီးတစ်ယောက်အကြောင်းကို ဦး ငယ်ငယ်ကတည်းက ကြားဖူး ဖတ်ဖူးတယ်၊ ရဲရဲဝံ့ဝံ့ဆိုတဲ့ စကားလုံးက သူများ အကျိုးအတွက် ကိုယ့်မှာ အန္တရာယ် ဖြစ်လာမှာကို မကြောက်ဘဲ စွန့်စားတတ်တဲ့ အဲသလို လူစားမျိုးတွေမှ သုံးရတာ ထင်တယ်၊ ကိုယ့်လိုဘ၊ ကိုယ့်ဆန္ဒအတွက် ကိုယ်တစ်ယောက်တည်းသာမက တခြား မိန်းကလေးနှစ်ယောက်ရော၊ မိဘ အသိုင်းအဝိုင်းတွေရော နစ်နာမယ်ဆိုတာ သိလျက်နဲ့ ဇွတ် ကိုယ်ဖြစ်ချင်တာ ကိုယ်လုပ်မယ့် လူအတွက်တော့ 'မိုက်မိုက်ကန်းကန်း'တို့၊ 'နှမချင်း မစာမနာ'တို့ သုံးရမှာလို့ ထင်တာပဲ'

ကောင်လေးက မျက်နှာကြီး နီမြန်းလာ၍ ဝုန်းခနဲ ထရပ်သည်။

'ဦး သက်သက်မဲ့ ကျွန်တော့်ကို ခေါ်စော်ကားနေတာပဲ၊ ကျွန်တော်တို့ လုပ်ရပ်က ဥပဒေနဲ့အညီပဲ၊ ဦး အခု လုပ်နေတာတွေက ဦးကို ကျွန်တော် ပြန်တရားစွဲလို့ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ခံချင်ပါတယ်ကွာ၊ အဲဒီလို တရားစွဲခံရတာမျိုးကို ခံရလို့ ဦးကိုယ်ဦး သိက္ခာကျတယ် မထင်ပါဘူး၊ ဒါပေမယ့် မင်း ခဏကလေး ထိုင်ပါဦး၊ ဦးမှာ ပြောစရာ အရေးတကြီးတွေ ရှိနေသေးတယ်'

ကောင်လေးက မျက်နှာထား တင်းတင်းနှင့် ပြန်ထိုင်သည်။

'လောကကြီးမှာ ဥပဒေနဲ့ တားမြစ်ထားတဲ့ မကောင်းမှုတွေ ရှိသလို ဥပဒေနဲ့ တားမြစ်လို့ မရတဲ့ မကောင်းမှုတွေ ရှိတယ်၊ ဥပဒေနဲ့ မငြိစွန်းတိုင်း ကိုယ်လုပ်တာကို အမှန်လို့ ယူဆလို့မရဘူး၊ ဥပမာ ဘေးမှာ ဆေးလိပ်သောက်တတ်တဲ့ လူတွေ အများကြီး ရှိနေရင် တို့လူမျိုးတွေ ကြားထဲမှာ များနေရင် တို့လူမျိုး ကမ္ဘာ့အလယ်မှာ မျက်နှာမဖော်နိုင် ဖြစ်မယ်၊ အဲဒီလို လူမျိုးထဲမှာ ကိုယ်ပါနေရင် လူမျိုးအပေါ်မှာပါ စော်ကားရာကျတယ်'

'အဲဒါ ကျွန်တော့်ကိစ္စနဲ့ ဘာဆိုင်လို့လဲ'

'မင်းကိစ္စက ပိုဆိုးတာပေါ့၊ မင်းမိဘ သူတို့မိဘ ဘယ်လောက် ခံစားရမယ်၊ သူတို့ လူအများနဲ့ ရင်ဆိုင်ရတဲ့အခါ ဘယ်လောက် ထိခိုက်နစ်နာမယ်ဆိုတာ သိလျက်နဲ့မင်း ဆန္ဒနဲ့မင်း လုပ်ရင် မင်း လူယုတ်မာပဲ'

ကောင်ကလေး ဝုန်းခနဲ ထရပ်ပြန်သည်။ ဦးမြတ်သူက လက်ကာ ပြသည်။

'နေဦး မင်းမပြန်နဲ့ဦး၊ မင်းထွက်သွားရင် ငါ ရှိသမျှ တရားရုံးတွေ အကုန် ဖုန်းလိုက်ဆက်ပြီး ပိတ်ထားမယ်၊ မိဘတွေကိုလည်း စုံစမ်းပြီး အကြောင်းကြားမယ်၊ ဒါပေမယ့် မင်း အခု ခင်ခင်တင့်ကို ခေါ်ပေး၊ သူနဲ့ ငါနဲ့ ဆွေးနွေးမယ်၊ ငါပြောလို့မှ သူ စိတ်မပြောင်းရင် မင်းတို့ကို ငါ လက်ထပ်ပေးမယ်'

ကောင်လေး မျက်နှာတွင် မထိတရီ အပြုံးပြန်ပေါ်လာသည်။

'ရတယ်လေ၊ ပြောပေါ့၊ ကျွန်တော်တို့ သုံးယောက်စလုံး ဆုံးဖြတ်ချက် ခိုင်မာပြီးမှ ဦးဆီ ရောက်လာတာ၊ တင့်က မနက်က နှစ်နှစ်နဲ့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်တုန်းကတောင် အသိသက်သေ လက်မှတ်ထိုးပေးခဲ့တာ ဦး မမေ့ပါနဲ့'

ဦးမြတ်သူ သက်ပြင်းချ၍ ခေါင်းသာ ညိတ်ပြလိုက်သည်။

[၆]

ကောင်မလေး မျက်နှာကလည်း ကောင်လေးနှင့် သိပ်မထူးပါ။ ပေကန်ကန် ဂျစ်ကတ်ကတ်ကလေးပါပဲ၊ ကောင်လေးနှင့်လည်း အပြင်မှာ စကားပြောခဲ့ပြီးပြီ ထင်သည်။ မျက်နှာထား တင်းတင်းနှင့်။

မတတ်နိုင်ဘူး သူငယ်မရေ။ မင်း ကိုယ်စောင့်နတ်တွေက ငါ့ကို တစ်ချိန်လုံး တောင်းဆိုနေကြပြီ။

'သမီးတို့ အဲသလို လုပ်ချင်ရတဲ့ ရည်ရွယ်ချက်ပဲ ဦးကို ပြောပြ၊ ဦး လက်ခံရင် သမီးတို့ကို လက်ထပ်ပေးမယ်'

ကောင်မလေးက မျက်လုံးလှန်ကြည့်သည်။

'အချစ်ပေါ့ ဦး၊ ချစ်တာ ဘာအပြစ်ရှိလို့လဲ၊ ချစ်တယ်ဆိုတာ ရင်ထဲက ခံစားချက်ပဲ၊ တစ်ယောက်မက ချစ်ချင်လည်း ချစ်မိမှာပဲ၊ တစ်ယောက်မက ချစ်ထားတာကို ခွင့်လွှတ်နိုင်တဲ့အထိ စွဲစွဲလမ်းလမ်း ချစ်တတ်တဲ့သူမျိုးလည်း လောကမှာ ရှိချင်ရှိနေမှာပဲ၊ အဲဒါ ဘာပြဿနာ ရှိလို့လဲ၊ ဦးက အချစ်ကို မယုံကြည်ဘူးလား'

ဦးမြတ်သူက ပြုံး၍ ခေါင်းကို ဖြည်းဖြည်း ခါသည်။

'ဦးက ဗုဒ္ဓဘာသာဝင် တစ်ယောက်ပါ။ အချစ်ကို မယုံကြည်ပါဘူး၊ မေတ္တာကိုပဲ ယုံကြည်ပါတယ်'

ခင်ခင်တင့် မျက်မှောင်ကြုတ်သွားသည်။

'သမီးလည်း ဗုဒ္ဓဘာသာဝင် ပါပဲ၊ ဦး ပြောတဲ့စကားကိုတော့ နားမလည်ဘူး'

ဦးမြတ်သူ ပင့်သက်ရှိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com


'အချစ်ဆိုတာ ရှိတယ်လို့ ဘုရားမဟောခဲ့ပါဘူးကွယ်၊ တဏှာ သက်သက်ပါ။ လူတစ်ဦးနဲ့တစ်ဦး ကြားထဲမှာ သည်လူမရှိရင် ငါ့ဘဝကြီး မဖြစ်တော့ပါဘူးလို့ ထင်ယောင်ထင်မှားဖြစ်တာ၊ သမီးတို့ ဆေးပညာ အခေါ်တော့ 'ဒီလူးရှင်း' ဖြစ်မှာပေါ့၊ ဘုရားက မိမိခန္ဓာကိုယ်ကို မိမိ စွဲလမ်းတာတောင် ကန့်ကွက်ခဲ့သေးတာ၊ အချစ်ကိုတော့ ရှုတ်ချမယ် ဆိုတာ ဘာမှ သံသယဖြစ်စရာ မရှိဘူး၊ ဘုရားရှုတ်ချတဲ့ ကိစ္စကို ဦး ယုံကြည်စရာ အကြောင်းမရှိပါဘူး၊ ဒါပေမယ့် ဘုရားက မေတ္တာရှင်တွေ ထဲမှာ အမြင့်မြတ်ဆုံး မေတ္တာရှင်ပဲ၊ ဒါ့ကြောင့် မေတ္တာကိုတော့ ဦး ယုံတယ်'

ကောင်မလေး မျက်နှာ စိတ်ရှုပ်ဟန် ပေါ်လာသည်။

'ဘာလဲ ဒါဆို မေတ္တာဆိုတာ'

'၅၂၈ မေတ္တဆိုတာ သမီး ဘယ်လို နားလည်ထားလဲ'

ကောင်မလေးက 'နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တာပဲ' ဆိုသည့် အမူအရာဖြင့် မဲပြုံးပြုံးသည်။

'မိဘမေတ္တာပေါ့၊ ဦး အဲဒါကို ဆိုလိုချင်တာလား'

ဦးမြတ်သူက ပြုံး၍ ခေါင်းခါသည်။

'၅၂၈ မေတ္တာဆိုတာ မိဘနဲ့ သားသမီး ကြားမှာပဲရှိတဲ့ မေတ္တာကို ခေါ်တာ မဟုတ်ပါဘူးကွယ်၊ အရပ်မျက်နှာ အားလုံးမှာရှိတဲ့ သတ္တဝါ မှန်သမျှ အားလုံးအပေါ်မှာ ကောင်းတာတွေပဲ ဖြစ်ပါစေ၊ မကောင်း တာတွေ မဖြစ်ပါစေနဲ့၊ စိတ်နှလုံး ငြိမ်းချမ်းကြပါစေဆိုတဲ့ စိတ်မျိုး ထားတာကို မေတ္တာအမျိုးအစားပေါင်း သတ္တဝါအမျိုးအစားပေါင်း အရပ်မျက်နှာပေါင်း စသည်ဖြင့် တွက်ချက် ပေါင်းစပ်လိုက်ရင် ၅၂၈ ခု ရတာကို ပြောတာပါ၊ ဘယ်သူ့အပေါ်မှာမဆို ထားနိုင်တဲ့ မေတ္တာမျိုးပေါ့၊ အခု ဦးက ရန်နောင်တို့၊ သမီးတို့၊ နှစ်နှစ်တို့ ပြီးတော့ သမီးတို့ရဲ့ မိဘတွေတို့အပေါ်မှာ ထားနေမိတဲ့ မေတ္တာမျိုးပေါ့'

ကောင်မလေး မျက်နှာမှာ တွေဝေဟန် ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဦး ပြောတော သမီး မရှင်းသေးဘူး'

ဦးမြတ်သူက သက်ပြင်းချသည်။

'မနေ့က ရန်နောင်ရယ်၊ နှစ်နှစ်ရယ်၊ ဦးရယ် နှလုံးခွဲစိတ်ဆောင်မှာ ဆုံကြတယ်လေ၊ ဦးကတော့ ဦးသားကလေး နှလုံးရောဂါလာပြတာ၊ သူ့နှလုံးညာဘက်က အခန်းနှစ်ခန်းရှိရမယ့်အစား သုံးခန်းဖြစ်နေလို့တဲ့၊ အင်မတန် ခက်ခဲတဲ့ ခွဲစိတ်မှုမျိုးနဲ့ ကုရမှာတဲ့၊ အောင်မြင်ချင်မှတောင် အောင်မြင်မှာတဲ့၊ ဦးလေ တွေးရင်း တွေးရင်း ရင်တွေ ပူလောင်လိုက်တာ၊ ညက တစ်ညလုံးလည်း အိပ်လို့မပျော်ဘူး၊ ဦး ခံစားရတဲ့ သောကမျိုးကိုလည်း တခြားမိဘ မခံစားရပါစေနဲ့လို့ အကြိမ်ကြိမ် ဆုတောင်းမိတယ်၊ ဦးပြောတဲ့ မေတ္တာဆိုတာ အဲဒါမျိုးကို ပြောတာ၊ အခုလည်း ဦး သမီးတို့ မိဘတွေအစား ပူလောင်နေမိပြီ၊ သူတို့ကို အဲသလို ထိခိုက်ခံစားရတာမျိုးတွေ မဖြစ်စေချင်တော့ဘူး၊ သမီးတို့လည်း အခု မွန်ထူပြီး သည်လိုမျိုး ဆုံးဖြတ်ချက်တွေချကြ၊ ရေရှည်ကျရင် ဘယ်လို နောင်တရ၊ ဘယ်လို ခံစားရမယ်ဆိုတာ မြင်နေမိပြီ၊ မခံစားကြရစေချင်ဘူး၊ အဲဒါ မေတ္တာပဲ၊ ကိုယ်နဲ့ မသိတဲ့ လူတွေ အပေါ်မှာတောင် ထားလို့ရတယ် ခက်တာက'

ဦးမြတ်သူက ခဏနား၍ ခင်ခင်တင့် မျက်နှာကို စိုက်ကြည့်လိုက်သည်။

'သမီးတို့က အချင်းချင်း အပေါ်မှာနဲ့ ကိုယ့်ကျေးဇူးရှင် မိဘတွေ အပေါ်မှာတောင် အဲသလို မေတ္တာမျိုး မထားနိုင်တာ ဦး အံ့ဩလို့ မဆုံးဘူး'

ခင်ခင်တင့် ခေါင်းငိုက်စိုက်ကျ သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



[၇]

ရန်နောင်မောင်မောင်ကတော့ သိပ်မကျေနပ်။

သူ မကျေနပ်လည်း ဘာမှမ တတ်နိုင်တော့။ ခင်ခင်တင့်က စိတ်ပြတ်နေပြီ။ သူနှင့် နှစ်နှစ်ကို ပြန်ခိုင်းသည်။ သူ့မိဘတွေကို သူ ဖုန်းဆက် ခေါ်သည်။ အကျိုးအကြောင်း ဘာမှ မသိရဘဲ ကြောင်တက်တက်နှင့် ရောက်လာကြသော မိဘတွေ ရှေ့မှာပင် ဦးမြတ်သူကို ထိုင်ကန်တော့သည်။

'ဦးပြောတဲ့ ဗုဒ္ဓဘာသာဝင် ပီသတဲ့ မေတ္တာမျိုး အမြဲထားနိုင်အောင် သမီး တစ်သက်လုံး ကြိုးစားသွားပါ့မယ်လို့ ကတိပေးပါတယ် ဦး'

ဘာမှ နားမလည်နိုင်သော မိဘတွေနှင့် ပါသွားသည်။ ဦးမြတ်သူက ပီတိမျက်ရည်ဝဲ၍ ကျန်ခဲ့သည်။

[၈]

'သူငယ်ချင်း သတင်းကောင်း'

'ဘာလဲဟ'

'နင့်သား နှလုံးရောဂါလေ၊ အခု နိုင်ငံခြားက နှလုံးခွဲစိတ်အဖွဲ့ လာမယ်၊ ငါက ကိုထရိုင်အေထရီယာတမ် ရှိနေတယ်၊ ခွဲပေးမလားလို့ မေးတော့ အိုကေတဲ့၊ လုပ်ချင်နေတာနဲ့ အတော်ပဲတဲ့'

'ဝမ်းသာလိုက်တာဟာ'

**ပေဖူးလွှာ မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၁၀**

○

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

'အရုပ်ဆိုးသော ဘဲကလေး' ပုံပြင်ကို ငယ်စဉ်က မြန်မာဘာသာဖြင့် ဖတ်ဖူးသည်။ နည်းနည်း အရွယ်ရလာတော့လည်း အင်္ဂလိပ်ဘာသာဖြင့် ထပ်ဖတ်ရသည်။ ဘဲကလေး တစ်ကောင် အရုပ်ဆိုးလွန်းသဖြင့် မျက်နှာ ငယ်နေရပုံ၊ အရွယ် ရောက်လာတော့မှ တကယ်တော့ သူကလေးက ဘဲ မဟုတ်ဘဲ ငန်းကလေးဖြစ်နေသဖြင့် ဘဲကလေးတွေ အားလုံးထက် လှပထင်ရှားသွားပုံ။

တော်တော် စိတ်နှလုံးချမ်းမြေ့စရာ ကောင်းသည့် ပုံပြင်ကလေးပါ။ သို့သော် ထိုအရုပ်ဆိုးသော ဘဲကလေးက ငန်းကလေးဖြစ်သွားချိန်မှာ သူ့နှလုံးသားက ကျောက်ဆစ်ရုပ်တစ်ရုပ်လို မာကျောအေးစက် သွားခဲ့ သည်ဟုတော့ မြန်မာဘာသာ ပြန်မှာရော၊ အင်္ဂလိပ် မူရင်းမှာပါ မတွေ့ရ။

[၂]

ညိုမိနဲ့ ညောင်မိ. . . တဲ့။

လူကြီးတွေက ငယ်ငယ်လေးကတည်းက သူတို့ကို အဲလို တွဲဖက် ခေါ်လေ့ ရှိသော်လည်း သူတို့နှစ်ယောက် ဘာမှ မတော်စပ်ကြပါ။

ညောင်မိဆိုတာက 'မင်းညီသွေး'ဆိုသည့် သူ၏ အိမ်ခေါ် နာမည်။ ညီမောင်ကို ပြောင်းပြန်ပြန်၍ ခေါ်တာပါ။ သူက နယ်မြို့လေး တစ်မြို့ရှိ မြို့နယ်ဆရာဝန်ကြီး တစ်ဦးရဲ့ သားပါ။ ဆေးရုံဝင်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com


ဘိုတဲဆန်ဆန် ဆောက်ထားသော ကိုလိုနီခေတ်ပုံစံ နှစ်ထပ်အိမ်ကြီးမှာ နေပါသည်။

ညိုမိ ဆိုတာက နာအိုမိ (Naomi)ကို မြန်မာမှုပြုထားသည့် နာမည်ပါ။ အဖေက ဘိုနှင့် ကုလားကပြား မစ္စတာဂျိမ်းစ်မို့ သူ့နာမည် အစစ်က နာအိုမိဂျိမ်းစ်ပါ။ အမေက ကရင်လူမျိုး သူနာပြုဆရာမကြီးမို့ သူတို့ မိသားစုက ညီမောင်တို့ အိမ်ကြီးနှင့် ကပ်လျက် ဝန်ထမ်း တန်းလျားမှာ နေပါသည်။ နာအိုမိဂျိမ်းစ်ဆိုသည့် နာမည်နှင့် ကျောင်းမအပ်ချင်သည့်အတွက် သူ့မိဘများက 'ညိုမိဝင်း'ဟု အမေ နာမည် ဝင်းတစ်လုံးထည့်၍ ကျောင်းအပ်ခဲ့တာပါ။ သို့သော် ညိုမိက မဝင်းရှာပါ။ အဖေက ဖြူပေမယ့် သူ့မိခင်ကို တူပြီး ညိုရှာသည်။

ကျောင်းမှာ ညိုမိက တစ်တန်း ငယ်နေ၍ မတွဲမိသော်လည်း အိမ်မှာ ငယ်စဉ်ကတည်းက အတူ ဆော့ဖော်ဆော့ဖက် ဖြစ်လာသော ညိုမိကို ညီမောင်က ကုလားမဟု မခံချင်အောင် စခေါ်တတ်ပါသည်။

'သား သူ့အဖေရဲ့ လူမျိုးကို ပြောင်သလို မလုပ်ရဘူး၊ လူမျိုးတွေက အားလုံး အတူတူပဲ၊ သူများနိုင်ငံတွေမှာဆိုရင် လူမျိုး ခွဲခြားနှိမ်တတ်၊ ပြောင်တတ်တဲ့လူကို သိပ်အထင်သေး ရှုတ်ချကြတာ၊ နောက်ကို ညိုမိလေးကို ညိုမိလို့ပဲခေါ် ဖေဖေ မကြိုက်ဘူး'

မြို့နယ် ဆရာဝန်ကြီးဖြစ်သော ဖေဖေက ညီမောင့်ကို ပြင်းပြင်းထန်ထန် တားမြစ်သော်လည်း ညီမောင့်ကတော့ ညိုမိ့ကို လစ်လျှင် လစ်သလို ကုလားမဟု စမြဲ၊ နောက်မြဲ။

ညိုမိကလည်း စိတ်ဆိုးခဲပါသည်။ အမြဲ ခွင့်လွှတ်တတ်သည်သာ။

[၃]

သူ ကိုးတန်း၊ ညိုမိ ရှစ်တန်းတွင် သူ့ဖခင် ပြောင်းရွှေ့ရသဖြင့် သူ ညိုမိနှင့် ခွဲခွာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


သူ့အတွက်တော့ ညိုမိသည် မြို့သေးသေးလေးမှာ ကျန်ခဲ့သော မည်းမည်းပိန်ပိန် ကောင်မလေးတစ်ယောက်သာဖြစ်သည်။ ညိုမိကတော့ မရှိမယ့်ရှိမယ့် မုန့်ဖိုးလေးစု၍ သူ့ကို အမှတ်တရ ရှမ်းလွယ်အိတ်လေး တစ်ခု ဝယ်ပေးလေသည်။

'ကိုညောင်မိက တက္ကသိုလ် ရောက်တော့မှာ၊ အဲဒီကျရင် ညိုမိ ဝယ်ပေးတဲ့ လွယ်အိတ်လေး လွယ်နော်'

'တက္ကသိုလ်ကျောင်းသား ဖြစ်မှတော့ လွယ်အိတ် လွယ်မလား ကုလားမရဲ့၊ ကျောပိုးအိတ် လွယ်မှာပေါ့၊ နင့်ဟာ ငါ သူများကို ပေးပစ်မှာ'

မခံချင်အောင် ပြောသော်လည်း စိတ်မဆိုးရှာပါ။ ရယ်၍ 'သဘော'ဟုသာ ပြောလေသည်။ သူလည်း ပြောပြီးမှ ပြောမိတာကို ပြန်စိတ်မကောင်းဖြစ်၍ ဆုရထားသော ပက်ကား ဖောင်တိန်လေး တစ်ချောင်း ညိုမိကို ပြန်ပေးခဲ့လေသည်။

[၄]

နောက် သုံးနှစ်အကြာတွင် မမျှော်လင့်ဘဲ သူ ညိုမိနှင့် ပြန်ဆုံရသည်။ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံခြားဘာသာ တက္ကသိုလ် ရှေ့တွင်ပါ။

အဲသည့်အချိန်က သူက ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒအဓိက ဒုတိယနှစ် ကျောင်းသား ဖြစ်နေသည်။ (LCCI) ဖြေမည် စိတ်ကူးပြီး အချိန်ပိုင်း သင်တန်းများ တက်နေရာမှာ ဆုံတွေ့ခဲ့သူ 'သဇင်'ကို တစ်ဖက်သတ် စွဲလမ်းပြီး သဇင့် အကြောင်းတွေ လိုက်စုံစမ်းခဲ့သည်။ သဇင် နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပြင်သစ်ဘာသာ ပထမနှစ် တက်နေသည်ဟု ကြားသဖြင့် ကျောင်းဆင်းချိန်ကို လာစောင့်သည်။ အဲသည်နေ့ကလည်း ဒါပဲပေါ့။

သဇင်နှင့်လည်း ဆုံသည်။ သဇင်ကလည်း သူ့ကို မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် နှုတ်မဆက်ပါ။ ခပ်တည်တည်ပင် ခေါင်းလေးမော့၍ အိမ်က လာကြိုသော ကားအနက်လေးပေါ် တက်သွားပါသည်။

ဘာမှ လိုက်မပြောရကောင်းလားဟု မြည်တွန် တောက်တီး နေကြသော သူငယ်ချင်းနှစ်ယောက်နှင့် အတူ ပြန်လှည့်ထွက်လာစဉ် ညိုမီနှင့် ဆုံတာပါ။

'ဟယ် ကိုညောင်မီ'

'ဟာ ကုလားမ'

ညိုမီနှင့် ပါလာသော မိန်းကလေးနှစ်ဦးက ညိုမီ့ကို ကုလားမဟု ခေါ်သည့်အတွက် ဝိုင်းရယ်ကြသော်လည်း ညိုမီက ရှက်ဟန်၊ စိတ်ဆိုးဟန် မပြပါ။ ပြုံး၍ မေးပါသည်။

'ကိုညောင်မီက ညိုမီ့ကို မှတ်မိသားပဲ'

'မှတ်မိတာပေါ့၊ နင့်အရုပ်ကလည်း ရှစ်တန်းတုန်းက အရုပ်ပဲ၊ နင့်အသားအရောင်ကလည်း ရှစ်တန်းတုန်းက အသားအရောင်ပဲ၊ ရုပ်ကလည်း'

'ကဲပါ တော်ပါတော့၊ ကိုညောင်မီ ချီးကျူးနေရင် ညိုမီ ရစရာ ရှိတော့မှာ မဟုတ်ဘူး၊ အခု ဘယ်မှာ တက်နေလဲ၊ ဘာလာလုပ်တာလဲ ပြောစမ်းပါဦး'

ညိုမီ ဝတ်ထားသော တီရှပ်နှင့် ဘေးက မိန်းကလေးနှစ်ယောက် ဝတ်ထားသော တီရှပ်များ ချွတ်စွပ်တူနေသည်ကို သူ သတိထားမိသည်။ နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကျောင်းသူကျောင်းသားများကို မြန်မာဝတ်စုံသာပေးဝတ်သော်လည်း ဌာနအမှတ်အသား တီရှပ်များကိုမူ ခွင့်ပြုကြောင်း သူ သတိရလိုက်သည်။

Frenchတဲ့။ သဇင်နဲ့ တစ်တန်းတည်းပါလား။

'ငါက သန်လျင်မှာဟ၊ နေဦး နင်က ပြင်သစ်ယူထားတာလား'

'ဟုတ်တယ်'

'သဇင့်ကို သိလား'

www.burmeseclassic.com

www.burmeseclassic.com


'သိတယ်လေ၊ ခုလေးတင် ရှေ့က ထွက်သွားတာ မတွေ့လိုက်ဘူးလား'

'တွေ့တယ်၊ ငါ ချဉ်းကပ်လို့ မရလို့၊ နင်နဲ့ တွေ့တာ အတော်ပဲ၊ ငါ့ ကူညီဦး'

ညိုမိက မျက်လုံးလေး ပိတ်အောင် ရယ်သည်။

'ညိုမိနဲ့လည်း ခင်ရုံရှိတာ၊ ဘာကူညီလို့ရမှာလဲ'

'နည်းလမ်းတွေ ရှိတာပေါ့ဟာ၊ ဒီလိုလုပ်၊ နင် ငါတို့နဲ့ လက်ဖက်ရည်ဆိုင် လိုက်ထိုင်၊ ငါ ရှင်းပြမယ်'

'ဖယ်ရီက ထွက်တော့မှာ ကိုညောင်မိရဲ့'

'ဖယ်ရီ ထားလိုက်ပါဟာ၊ နင် ဘတ်စ်ကားနဲ့ ပြန်၊ ငါနဲ့ နင်နဲ့ ငယ်ငယ်ကတည်းက သူငယ်ချင်းဟာ၊ နင် မကူညီချင်ဘူးလား'

ညိုမိက ရယ်၍ သူ့သူငယ်ချင်း နှစ်ယောက်ကို လှည့်ပြောသည်။

'အဲဒါ ကိုညောင်မိခေါ် ကိုညီမောင် အစစ်ပဲဟေ့၊ ကဲ ငါ လိုက်သွားလိုက်ဦးမယ်၊ နင်တို့ ဖယ်ရီကို ပြောပေးကြ'

[၅]

သဇင့်ကို သူ ကြိုးစား၍ မအောင်မြင်ပါ။

ဖခင်က အငြိမ်းစားမြို့နယ် ဆရာဝန်ကြီးတစ်ဦး ဖြစ်သော်လည်း ကိုယ်တိုင်က ဘာမှ စိတ်ကူးယဉ်စရာ အနာဂတ်မရှိသည့် လူငယ်တစ်ဦး ဖြစ်နေသော သူ့ကို သဇင်က အထင်ကြီးစရာလည်း မရှိ။ ရင်းနှီးဖို့ အကြောင်းလည်း ဖန်မလာခဲ့ပါ။

တစ်နှစ်ကျော်လောက် လျှောက်ပြန်သံပေး၊ ခြေအေးဝမ်းရောင် လုပ်လိုက်၊ ညိုမိကတစ်ဆင့် စာပေးလိုက် လုပ်နေသော်လည်း ဘာမှ တိုးတက်မလာသည့်အပြင် နောက်ဆုံး သဇင် ဆေးကျောင်းသား တစ်ဦးနှင့် အတွဲဖြစ်သွားတော့မှ သူ လက်လျှော့ခဲ့ရပါသည်။

ညိုမိကတော့ သူနှင့် ပြန်ရင်းနှီးသွားရုံသာမက သူ့သူငယ်ချင်းတွေနှင့် ညိုမို့သူငယ်ချင်းများပါ ရင်းနှီးသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီမောင် မင်းအစကတည်းက လူရွေးမှားလို့ ခံရတာ ဟော့ကောင်'

သူငယ်ချင်း တစ်ဦးက ဝေဖန်သည်။

'ဘာလူရွေးမှားလို့လဲကွာ'

'သဇင့်ကို ရွေးတာလေ၊ အမှန် မင်း ညှိမိုဗ့်ကို ရွေးရမှာ'

ခုတင်ပေါ်တွင် အတူထိုင်စကားပြောနေကြသည်မို့ ညီမောင်က သူငယ်ချင်းကို ထိုင်လျက် လှမ်းကန်တော့ ကြမ်းပြင်ပေါ်က သူငယ်ချင်းများ ဝိုင်းရယ်ကြသည်။

'ကြိုက်စရာလားကွာ၊ ဒီကုလားမလေးကို'

'အောင်မာ တစ်မတ်ဖိုးလောက် သွေးပါတာ ဟော့ကောင်၊ ပြီးတော့ မင်း ပြောသလောက်လည်း မမည်းပါဘူး၊ တစိမ့်စိမ့်ကြည့်ရင် အော်စကာဆုရထားတဲ့ မင်းသမီး ဟေလီဘယ်ရီနဲ့တောင် တူသေး'

'မင်းပြောမှ ပိုဆိုး၊ ဟိုက ကပ္ပလီမဟ'

အားလုံး ဝိုင်းရယ်ကြသည်။

သူငယ်ချင်းတစ်ယောက်ကတော့ လေးလေးနက်နက် ဟန်ပန်ဖြင့် ဝင်ပြောသည်။

'မင်း နည်းနည်းတော့ စဉ်းစားသင့်တယ်၊ ရုပ်ဆိုတာက တည်မြဲတဲ့ အရာမျိုး မဟုတ်ဘူး၊ အိုလာရင် ဘယ်သူမှ မလှကြတော့ဘူး၊ လှနေပါတယ်ဆိုတဲ့ ရုပ်ကလည်း မြင်ပါများရင် ရိုးသွားတာပဲ၊ မလှလည်း ရိုးသွားမှာပဲ၊ ကိုယ်နဲ့ တစ်သက်လုံး အတူတူနေရမယ့် သူ ရွေးရင်တော့ လှတာထက် အသိဉာဏ်၊ အတွေးအခေါ်မြင့်တဲ့ ကောင်မလေး၊ ပြီးတော့ မင်းကိုလည်း သံယောဇဉ်ကြီးတာ အသိသာကြီး'

'ကဲပါကွာ၊ ဒီလောက် မွှမ်းမနေပါနဲ့၊ မင်းကြိုက်ရင် ငါ ပြောပေးပါ့မယ်'

'ကောင်းတယ်၊ ပြောပေး၊ ငါက ကြိုက်တာ မဟုတ်ဘူး၊ မင်းနဲ့ သဘောတူတာ၊ ဒါပေမယ့် မင်း ငါ့အတွက် သွားပြောပေးရင် မင်းနဲ့ ညှိုမိ ကြိုက်သွားမှာပဲ၊ သေချာတယ်၊ သွားပြော၊ သွားပြော'

'ဘာလဲဟ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ၊ မင်းက တခြားတစ်ယောက်အတွက် သွားပြော ပေးရင် ဟိုက ငိုရော၊ ငိုတော့ မင်းက ချော့ရော၊ ဘာဖြစ်လို့လဲ မေးရော၊ ဟိုက ခံစားချက်တွေ ပွင့်ထွက်လာတော့ မင်းက သနားပြီး ချစ်သွားရော၊ ဒီဇာတ်လမ်းမျိုးတွေဟာ ဖန်တစ်ရာတေနေပြီ ဖြစ်လာမယ် ဆိုတာ တွက်လို့ရတယ်'

ညီမောင် စိတ်ပျက်လက်ပျက်နှင့် သူငယ်ချင်းကို ခုတင်ပေါ်မှ လှမ်းကန်သည်။

'သဇင်နဲ့ မနီးစပ်လို့ ညစ်နေရတဲ့အထဲ မင်းတို့က ငါ့ကို ကုလားမနဲ့ ဝိုင်းလှော်နေကြတယ်၊ သွားကြကွာ၊ အားလုံး သွားကြ'

သူငယ်ချင်းများက 'ညောင်မီ၊ ညိုမီ' ဟု ထပ်ကာတလဲလဲ သံပြိုင် အော်စရင်း တဟားဟား အော်၍ ထွက်သွားကြပါသည်။

[၆]

တကယ်လည်း သူနှင့် ညိုမီ ဘာမှ မဖြစ်ခဲ့ကြပါ။

ဘာမှ မဖြစ်ခဲ့ကြရုံသာမက သူ သဇင့်ကို မလိုက်တော့သည့် နောက်ပိုင်း နိုင်ငံခြားဘာသာ တက္ကသိုလ်ဘက်သို့လည်း မရောက် ဖြစ်တော့သဖြင့် ညိုမီနှင့် မတွေ့ဖြစ်တော့ပါ။

သည်ကြားထဲမှာ ညိုမီက တစ်ခါတလေ ဖုန်းဆက်သေးသည်။ ထူးထူးခြားခြားတော့ မရှိ၊ 'ကိုညီမောင် အဆင်ပြေရဲ့လား၊ ဘာလုပ်နေလဲ' သည်လောက်ပါပဲ။ ဒါလည်း နောက်ပိုင်း မဆက်တော့။ ဖုန်းပါ မဆက်တာ ငါးနှစ်ကျော် ကြာပြီးမှ ညီမောင် ညိုမီနှင့် ပြန်ဆုံသည်။

[၇]

ကျောင်းပြီးသော်လည်း ယောင်ချာချာဖြစ်နေသော သူ့ကို ဖခင်ကြီး၏ မိတ်ဆွေ အထူးကုဆရာဝန်ကြီးတစ်ဦးက ဆေးကုမ္ပဏီကြီးတစ်ခုတွင် အလုပ်သွင်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'ပုံမှန်တော့ သူတို့က ဆရာဝန်ဖြစ်ဖြစ်၊ ဆေးဝါးတက္ကသိုလ်က ဘွဲ့ရပဲဖြစ်ဖြစ်၊ ပြင်သစ်ဘာသာ ဘွဲ့ရပဲဖြစ်ဖြစ် ခန့်ချင်တာတဲ့၊ အန်ကယ်က မင်းကို ထည့်ချင်တော့ မာတုဗေဒလည်း ဆိုင်ပါတယ်၊ ဒီကလေးကလည်း ဆရာဝန်အသိုင်းအဝိုင်းကမို့ပါ၊ ဘာညာ အတင်း လုပ်ရတာပေါ့ကွာ၊ အဆင်ပြေမှာပါ'

'ပြင်သစ်ဘာသာက ဘာလို့လဲ အန်ကယ်'

အထူးကုဆရာဝန်ကြီးက မျက်မှောင်ကျုံ့သည်။

'နိုင်ငံခြားက ဖရင်စီပယ်လ်ကုမ္ပဏီက ပြင်သစ်တွေ၊ ပြင်သစ်စာ တတ်တာ၊ မတတ်တာ အရေးမကြီးဘူး၊ သူတို့အားလုံး လာရင်လည်း အင်္ဂလိပ်လိုပဲ ပြောမှာပဲ၊ လေ့လာမှု အားနည်းတာတော့ ခွင့်လွှတ်မှာ မဟုတ်ဘူး ညီမောင်၊ ကိုယ့်အလုပ်သဘောသဘာဝကို လေ့လာဦး'

ညီမောင် ဇက်ပုပြမိသည်။

## [၈]

အလုပ် စဝင်ဝင်ချင်း တစ်လလောက်တော့ ရုံးမှာပဲ ကွန်ပျူတာ တဂျောက်ဂျောက်နှိပ်ရင်း ကုန်လွန်သွားသည်။ လေအေးစက်တပ် အခန်းထဲမှာ စားပွဲနှင့် ကုလားထိုင်နှင့် အလုပ်လုပ်ရတာ သက်သာ သည်ဟု ထင်ရသော်လည်း ညီမောင် ငြီးငွေ့မိ၏။ ပြီးတော့ ခရီးသွား ရသော ဝန်ထမ်းများက လခပိုကောင်းကြောင်းလည်း သိထားရလေရာ ဘယ်တော့ နယ်စဆင်းရမှာလဲဟု လူဟောင်း အစ်ကိုကြီးတစ်ဦးကို မေးမိရသည်အထိပင် ဖြစ်ခဲ့လေသည်။

'သွားရမှာ. . . သွားရမှာ ညီလေး၊ မသွားရမှာတော့ ဘာမှ မပူနဲ့၊ သွားရလွန်းအားကြီးလို့ ပင်ပန်းတယ်ဆိုပြီး နောက်မှ ထွက်မပြေးနဲ့၊ ဒီကုမ္ပဏီက အောင်မြင်နေတော့ ခရီးလည်း သိပ်ထွက်ရတယ်၊ ထွက်ရ သလောက်လည်း ခံစားခွင့်တော့ရှိတယ်၊ အခု လောလောဆယ် ဖီးလ် မန်နေဂျာက နိုင်ငံခြားသွားနေလို့ ပိုင်ရှင်က လူသစ်တွေဆိုရင် ဖီးလ်ထဲ မဆင်းခင်မှာ ဖီးလ်မန်နေဂျာနဲ့ အရင်တွေ့ပြီးမှ ဆင်းစေချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ညီမောင် မျက်လုံးပြူးပြသည်။

'အဲသည့်လူနဲ့ ထပ်ပြီး အင်တာဗျူးရမှာလား'

'အစ်ကိုကြီးက ဟက်ဟက်ပက်ပက် ရယ်သည်'

'အင်တာမဗျူးပါဘူးကွ၊ မင်းကို ခန့်ပြီးသားပါ၊ ဖီးလ်မန်နေဂျာက ဆေးတွေအကြောင်း ရှင်းပြမှာပါ၊ သူက သိပ်တော်တယ်၊ ဒီလုပ်ငန်းထဲ ဝင်တာ သုံးနှစ်ပဲရှိသေးပေမယ့် လုပ်ငန်းသဘာဝကို ပိုင်ရှင်ထက်တောင် ကျေညက်သေးတယ်၊ သူ သင်ပေးတာ နားထောင်ပြီးမှ ဖီးလ်ထဲသွား၊ အစစ အဆင်ပြေရော'

'အဲသလောက်တောင်ပဲလား'

'ဟုတ်ပ၊ အဲဒီလူလည်း မဟုတ်ဘူးဟေ့၊ မိန်းကလေး ငယ်ငယ် ချောချောလေး၊ ဝတ်တာစားတာကလည်း စမတ်၊ ရုပ်ကလေးကလည်း လှ၊ ပြောတာဆိုတာလည်း စမတ်၊ မင်း မြင်ရင် မျက်လုံးကျွတ်ကျပြီး အသည်းက ကွဲဦးမှာ မယုံမရှိနဲ့၊ တို့တစ်ရုံးလုံး လူပျိုတွေ အကုန် မျက်လုံးနဲ့ အသည်း မရှိတော့ဘူး'

သည်တစ်ခါတော့ စိတ်ထဲကသာ 'ညွှန်းလှချည့်လား'ဟု ပြောမိသည်။

တကယ်လည်း အဲသည့် ဖီးလ် မန်နေဂျာမိန်းကလေးနှင့် တွေ့ဖူး သွားသောအခါ ညီမောင့်မျက်လုံးက ကျွတ်ကျမတတ် ပြူးသွားခဲ့ရသည်။

အဲသည့်မိန်းကလေးက ညိုမိဝင်း ဖြစ်နေ၍ပါ။

[၉]

သည်တစ်ခါ ညိုမိဳ့ကို သူ ကုလားမဟု မခေါ်ရဲတော့ပါ။ ခေါ်စရာလည်း အကြောင်းလည်း မရှိတော့။

အသားက လတ်သည့်ဘက်မှ အညိုသို့ အနည်းငယ်လုသော်လည်း တစ်ပြေးတည်း၊ တစ်ညီတည်း၊ တစ်ရောင်တည်း ဝင်းပစိုပြည်နေသူကို ဘယ်သူကမှ အသားမည်းသည်ဟု မမြင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ပိုရှည်လာသော အရပ်အနည်းငယ် သွယ်လျှသေးသော်လည်း ကြည့်ကောင်းရုံ ပြည့်ဝနေသည့် ကိုယ်လုံးလေးပေါ်မှာ ဒူးအထိ တိတိရှည်သော စကပ်အကျပ်အနက်နှင့် ဘလောက်စ်အင်္ကျီ အဝါနုရောင်၊ အဲသည့်ပေါ်က ဘလေဇာကုတ်အပါး . . . အဲသည့်အပေါ်က မျက်နှာလေးမှာတော့ မျက်တောင်ရှည်များ ဝန်းရံထားသော မျက်ဝန်းနက် တစ်စုံ။ ဖြောင့်စင်းပေါ်လွင်သော နှာတံနှင့် နှုတ်ခမ်းဖူးဖူးလေး တစ်စုံရှိသည်။

ဘုရား. . . ဘုရား။ ဒါ. . . မင်းတဲ့လား ညိုမိရယ်။ ဘယ်နတ်ရေကန်ထဲကို မင်း ဆင်းခဲ့တာတဲ့လဲ။

'ကိုညီမောင်ပါလား၊ ညိုမိတို့ ကုမ္ပဏီကို ရောက်နေတာလား၊ ငယ်သူငယ်ချင်းတွေ အတူတူ ပြန်လုပ်ရမှာ ပျော်စရာကြီး'

ညိုမိက အလွန်အေးစက်သော လေသံနှင့်ပင် ပဋိသန္ဓာရစကားကို ဆိုလေသည်။

[၁၀]

သည်တစ်ခါတော့ တကယ် ဒုက္ခများပြီ။

သည်ကုမ္ပဏီကို စဝင်ပြီး ခြောက်လအတွင်းမှာတော့ ညိုမိနှင့် နေ့တိုင်းနီးပါး ဆုံသည်။ ခြောက်လ ဟိုဘက်ပိုင်းမှာတော့ ခရီးရှည်၊ ခရီးတိုတွေ များလာသဖြင့် ညိုမိနှင့် နေ့တိုင်း မဆုံဖြစ်။ ခက်တာက မဆုံဖြစ်သည့် နေ့တိုင်းမှာ ရင်က တဆတ်ဆတ်ခါအောင် သတိရနေမိပြန်သည်။

ညိုမိကတော့ ရင်းရင်းနှီးနှီး ဆက်ဆံနေသော်လည်း ငယ်ငယ်တုန်းကနှင့်စာလျှင် အေးတိအေးစက်ဖြစ်သွားသည်ဟု သူ ခံစားနေသည်။

နောက်ဆုံး ခံစားချက်ကို မမျိုသိပ်နိုင်တော့၍ ကုမ္ပဏီမှ အစ်ကိုကြီးနှင့် တိုင်ပင်မိသည်။ အစ်ကိုကြီးက သက်ပြင်းချ၍ ခေါင်းခါသည်။

'မင်းပါဆိုရင် ငါ့ကို အဲသလို ရင်ဖွင့်တာ ဘယ်နှယောက်ရှိပြီမှတ်လဲ ငါ့လူ'

www.burmeseclassic.com

www.burmeseclassic.com



'မတူဘူးလေ အစ်ကိုရဲ့၊ ကျွန်တော်က ငယ်ငယ်ကတည်းက ကျောင်းနေဖက်သူငယ်ချင်းပါ'

အစ်ကိုကြီးက အနေရခက်စွာ ရယ်သည်။

'ဒါလည်း မထူးပါဘူးကွ၊ ကောင်မလေးက မင်းကိုလည်း ပြန်ကြိုက်မယ့်ပုံမပေါ်ဘူး၊ ဘယ်သူ့မှလည်း ပြန်ကြိုက်မယ့်ပုံမပေါ်ဘူး၊ ငါ့အထင်တော့ အသည်းကွဲထားလို့ အလုပ်ထဲမှာပဲ စိတ်ကို နှစ်ထားတဲ့ပုံပဲ'

ညိုမီ. . . အသည်းကွဲ. . . မဖြစ်နိုင်ပါဘူး။ တစ်ခါမှမကြားဖူးပါဘူး။ အင်းလေ. . . ငါကလည်း နောက်ပိုင်းမှ မတွေ့ဖြစ်တာ။

'အစ်ကိုက ဘာကြည့် စွပ်စွဲနေတာလဲ'

'ဖောင်တိန်လေး တစ်ချောင်းကွ'

ညီမောင် အသက်ရှူဖို့ မေ့သွားသည်။

'ဖောင်တိန်တစ်ချောင်း ဟုတ်လား'

'ဟုတ်တယ်၊ ပတ်ကား ဖောင်တိန်လေးတစ်ချောင်း၊ တော်တော်တောင် ဟောင်းနေပါပြီ၊ ညိုမီက လက်မှတ်ထိုးစရာရှိရင် အဲဒါနဲ့ ထိုးတယ်၊ ဘာလို့ ဘောပင်နဲ့ မထိုးသလဲလို့ ငါက တစ်ခါ မေးတော့ ဘောပင်က ရေစိုသာ ခံတာတဲ့၊ ကြာရင် မှိန်တယ်တဲ့၊ အရေးကြီးတဲ့ စာရွက်စာတမ်းဆိုရင် ဖောင်တိန်နဲ့ ထိုးတာ မှန်သတဲ့'

'ဟုတ်တာပဲ'

'နေပါဦး၊ အဲဒါနဲ့ ငါက ရယ်သလို မောသလိုနဲ့ တစ်ယောက်ပေးထားတဲ့ ဖောင်တိန်မို့ အမှတ်တရ သိမ်းထားတာ မဟုတ်ဘူးလားလို့ မေးတော့ ပြုံးနေတယ်၊ မျှော်နေရတာမျိုးလားလို့ ထပ်မေးတော့ ခေါင်းခါတယ်၊ သူ မရှိတော့ပါဘူးတဲ့'

ညီမောင် နားမလည်နိုင်။

'ဘာလဲ . . . အစ်ကိုရ၊ သူ့ချစ်သူက သေသွားလို့လား'

'မင်းလို ငယ်သူငယ်ချင်းတောင် မသိတာ ငါက သိမလားကွ၊ မိန်းကလေးတွေက သူတို့ ချစ်သူကို သေသွားမှ မရှိဘူးလို့ ပြောတတ်ကြတာမျိုး မဟုတ်ဘူး၊ အိမ်ထောင်ကျသွားရင်တို့၊ ပြောင်းလဲသွားရင်တို့လည်း ပြောတတ်တာမျိုးပဲ'

www.burmeseclassic.com

www.burmeseclassic.com


ညီမောင့်ရင် ခဲဆွဲသလို လေးသွားပြန်သည်။ ခဏနေမှ သတိရပြီး ပြန်မေးမိသည်။

'အစိမ်းရင့်ရောင်လေးလား အစ်ကို'

အစ်ကိုကြီး မျက်လုံးပြူးသွားသည်။

'ဟုတ်တယ်၊ ကိုယ်ထည်ပေါ်မှာတောင် သူ့နာမည်အတိုကောက် ထင်ပါရဲ့၊ N.M လို့ ထိုးထားသေးတယ်'

မဟုတ်ဘူး အစ်ကို။ N.M ဆိုတာ သူ့နာမည် ညိုမီ မဟုတ်ပါဘူး။ ကျွန်တော်နာမည် ညီမောင်ပါဆိုသည့် စကားကိုတော့ ထုတ်မပြောဘဲ မျိုချလိုက်ရပါသည်။

[၁၁]

ဖောင်တိန်ကလေး ကြောင်းကို ဖွင့်မေးဖို့ ညီမောင် တစ်လလောက် သတ္တိမွေးလိုက်ရသည်။

တကယ်တမ်း သတ္တိရှိလာတော့ မေးခွင့်မကြုံလိုက်ပါ။ ညိုမီက အားလုံးကို နှုတ်ဆက်၍ ပြင်သစ်နိုင်ငံသို့ အပြီးအပိုင် ထွက်ခွာသွားပါသည်။

ညီမောင့်ကိုပင် 'လိမ်လိမ်မာမာ နေခဲ့နော်' ဟု သွေးအေးအေး သူ့စိမ်းဆန်ဆန် ကျီစယ်သွားပါသေး၏။

[၁၂]

အရုပ်ဆိုးသော ဘဲကလေးမှာ တကယ်တော့ ငန်းကလေးတဲ့။

ငန်းကလေးဖြစ်လာပြီးသောအခါ ဘဲကလေးတွေ အားလုံးက ဝိုင်းငေးကြည့်ရအောင် လှပသွားသတဲ့။

သို့သော် ထိုအရုပ်ဆိုးသော ဘဲကလေး ငန်းကလေးဖြစ်သွားချိန်မှာ သူ့နှလုံးသားက ကျောက်ဆစ်ရုပ်တစ်ရုပ်လို မာကျောအေးစက်သွားခဲ့သည်ဟုတော့ စာထဲမှာ မတွေ့ရပါ။

**စိတက မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၁၀**

o

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

ဘိုင်အိုလော်ဂျီကယ်နိဒ် (Biological Need)တဲ့။

ဘိုင်အိုလော်ဂျီကယ် ပုံမှန် ဇီဝဖြစ်စဉ်ပေါ့။ နိဒ် လိုအပ်ချက်။

သည်စကား သိပ်ပွင့်လင်းလွန်းသည်ဟု ပြောရမလား။ သိပ်မကြမ်းလွန်းသည်ဟု ပြောရမလား။

ဒေါက်တာမသက်အေး မြန်မာပြည်မှာ အသက် ၃၅ နှစ်အထိ အပျိုကြီးအထိနှင့် နေနေသော်လည်း သည်စကားလုံးကို မကြားဖူးခဲ့။

အပျိုကြီးဆိုသည့် ဝေါဟာရကို သူများ နားလည်အောင် ရှင်းပြ၍ မရသည့် နိုင်ငံကို ပညာတော်သင် သွားတော့မှ အထူးအဆန်းတွေ အကုန်ကြားရတော့သည်။

[၂]

လေဆိပ်မှာတည်းက ယဉ်သကိုပါ။

'ဘယ်နိုင်ငံက လာတာပါလဲ'

'မြန်မာနိုင်ငံကပါ'

'ပရမ်မာ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ မြန်မာပါ၊ အိန္ဒိယနဲ့ ထိုင်းနိုင်ငံကြားမှာ ရှိပါတယ်'

'ဟုတ်ပြီလေ၊ အိမ်ထောင် ရှိသလား'

'မရှိပါဘူး'

'ကလေးရော ရှိပါသလား'

မသက်အေး ဘုကြည့်သာ ကြည့်မိသည်။ အပျိုပါဆိုမှ ကလေး အမေလားတဲ့။ မြန်မာနိုင်ငံတွင် မီးယပ်သားဖွား အထူးကုဆရာဝန် ဖြစ်ပြီးမှ သည်နိုင်ငံမှ တော်ဝင်မီးယပ်သားဖွား အထူးကုဆရာဝန်ဘွဲ့ ယူရန်လာသော မသက်အေး။ မြန်မာနိုင်ငံတုန်းက သားဖွားရန်လာသော မိခင်များကို အိမ်ထောင် ရှိ မရှိ တစ်ခါမှ မမေးခဲ့ဖူးပါ။ ခင်ပွန်းနာမည် တန်းမေးခဲ့သည်ချည်းသာ။ ကိုယ့်အလှည့်ကျမှ အပျိုပါ ဆိုတာကို ကလေး ရှိသလား မေးတော့ ကျွဲမြီးတိုမိသည်။

သို့သော် များမကြာမီ သူတို့ ဆေးရုံတွေမှာ သူတို့ လူမျိုး မိခင် တွေကို မွေးဖွားပေးရသည့်အခါ မသက်အေး နည်းနည်း သဘော ပေါက်သွားသည်။ အဲသည့် မိခင်တွေ၏ ၄၀ ရာခိုင်နှုန်းက အိမ်ထောင် မရှိပါ။ မြန်မာလိုဆိုလျှင်တော့ အပျိုတွေပေါ့။ အပျိုတွေ တစ်ပြုံကြီး ကလေးလာမွေးနေသည်ဆိုတော့လည်း နားမလည်စရာ။ သူတို့ကတော့ 'စင်ဂယ်လ်' (Single)ဟုသာ ခေါ်သည်။ စင်ဂယ်လ်ကို ဘယ်လို ဘာသာပြန်ရမည် မသိ။ ဆရာဝန် စာရေးဆရာလင်း (ဆေး-၁) ကတော့ လွန်ခဲ့သည့် အနှစ်သုံးဆယ်လောက်က ဆေးတက္ကသိုလ် (၁) ရန်ကုန် နှစ်လည် မဂ္ဂဇင်းထဲမှာ 'တစ်ပွေတည်း'ဟု ဘာသာပြန်ထားတာ ဖတ်ရဖူးသည်။

၁၈ နှစ်မှာ အပျိုစင်ဖြစ်နေသေးတာ ရှက်စရာ။ အံ့ဩစရာတဲ့။ ၃၅ နှစ်မှာ အပျိုစင်ဖြစ်နေသော မသက်အေး သူတို့ကို နားမလည် နိုင်တော့။

မသက်အေးကိုလည်း သူတို့ နားမလည်နိုင်ပါ။

'မင်း အိမ်ထောင် ရှိလား၊ ယောက်ျားကို မလွမ်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com


သူနာပြု ဆရာမကလေးတွေက မေးသည်။ နှစ်နှစ်လုံးလုံး တစ်ကိုယ်တည်း နေနေသော မသက်အေးကို သနားကြသည်။

'မရှိပါဘူး၊ လွမ်းစရာ၊ ငါက အပျိုပါ'

'ရည်းစား (Boy Friend)တော့ ရှိမှာပေါ့'

'မရှိပါဘူး'

'ဩော် . . . ဒီမှာ မရှိတာလား'

ခက်ပြီ။

'ဒီမှာလည်း မရှိပါဘူး'

'ဒါဆို စပ်ကူးမပ်ကူးကာလ (In Between)ပေါ့'

စပ်ကူးမက်ကူးကာလဆိုတာ ရည်းစားတစ်ယောက်နှင့် ပြတ်ပြီး နောက်တစ်ယောက် မရသေးခင် ကာလကို ဆိုလိုတာပါ။ မသက်အေး ခေါင်းကို သွက်သွက်ခါရသည်။

'တစ်ခါမှ မရှိဖူးတာပါ'

အသက် ၃၅ နှစ် အရွယ်တွင်ပင် အသက်အစိတ်ဟု မှားရလောက် အောင် နုပျိုလှပသည့် မသက်အေးကို ခြေဆုံးခေါင်းဆုံး ကြည့်၍ သူနာပြုဆရာမလေးက အံ့ဩစွာ မေးသည်။

'တစ်ခါမှ၊ အဲဒါ ဘာပြောတယ်၊ မင်း တစ်သက်လုံး ဘယ်ယောက်ျားနဲ့မှ. . . '

မသက်အေးက မျက်နှာကလေး နီမြန်းလျက် ခေါင်းညိတ်ပြရသည်။

'ဒါဆို မင်းက လက်စဘီယမ်ပေါ့၊ ဟုတ်လား'

ပိုဆိုးကုန်ပြီ။ လက်စဘီယမ်ဆိုတာ မိန်းကလေးချင်းသာ စိတ်ဝင် စားသူတွေကို ခေါ်တာပါ။

မသက်အေး သွက်သွက်ခေါင်းခါ၍ စိတ်ရှည်ရှည် ရှင်းပြရသည်။

မြန်မာမိန်းကလေးတို့သည် လက်ထပ်သည့်နေ့အထိ အပျိုရည် မပျက်ရအောင် ထိန်းသိမ်းလေ့ ရှိကြကြောင်း၊ ချစ်သူရည်စားနှင့် နယ်ကျွံတတ်သည်မှာ မြန်မာ့မိန်းကလေးအများစု၏ ဓလေ့ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com


ကြောင်း၊ ဘယ်တော့မှ လက်မထပ်ဖြစ်သူ အများစုသည်လည်း အပျိုစင်ဘဝနှင့်သာ တစ်သက်လုံး နေသွားလေ့ရှိကြကြောင်း၊ ဆရာဝန် အထူးသဖြင့် အထူးကုဆရာဝန် မိန်းကလေးများသည် ပညာနောက်ကို တစိုက်မတ်မတ် လိုက်ရာမှ အပျိုကြီးဖြစ်သွားတာ မရှားလှကြောင်း၊ အပျိုးကြီးဖြစ်လျှင်လည်း အပျိုးစင်ဘဝနှင့်သာ နေတတ်ကြကြောင်း၊ သူသည် အဲသည့်အထဲက သာမန် မြန်မာမိန်းမတစ်ယောက်သာ ဖြစ်ကြောင်း။

'မဖြစ်နိုင်တာဟယ်၊ လူကလူပဲ၊ သူ့သက်ဆိုင်ရာ ဟော်မုန်းတွေက ထွက်နေတာပဲ၊ ဆန္ဒတွေက ရှိလာမှာပေါ့၊ ဘိုင်အိုလောဂျီကယ်နိဒ် တွေပဲ၊ မင်း ဘယ်လို ရှောင်လွှဲမလဲ'

အဲသည်မှာ ဘိုင်အိုလောဂျီကယ်နိဒ်နှင့် တိုးတော့တာပဲ။

ရိုင်းရိုင်း ဘာသာပြန်ရလျှင် သွေးသားဆန္ဒပေါ့။

မြန်မာပြည်မှာလည်း 'သွေးသားဆန္ဒကို မလွန်ဆန်နိုင်လို့' ဆိုသည့် ဆင်ခြေမျိုး ပေးတာ ကြားဖူးသည်။ ယောကျ်ားတွေချည်း ပါပဲ။ ဘယ်မိန်းကလေးမှ သွေးသားဆန္ဒဆိုသည့် စကားကို မသုံးစွဲကြ၊ မသုံးရဲကြ။

ယောကျ်ားမှာ ယောကျ်ားဟော်မုန်းတွေ ထွက်နေသလို မိန်းမ မှာလည်း မိန်းမဟော်မုန်းတွေ ထွက်နေတာပဲလေ။ လူပျိုဖော်၊ အပျိုဖော် စဝင်ကတည်းက ဆိုတော့ မိန်းကလေးကတောင် စောသေးသည်။ ပြီးတော့ ယောကျ်ားတွေက တစ်သက်လုံး ထွက်တာ။ မိန်းမတွေက သွေးမဆုံးခင် ကာလလေးပဲ ထွက်တာ။ ပိုအရေးကြီးတာပေါ့ဟု ပြောချင်လျှင် ပြောလို့ရသည်။ သို့သော် ဘယ်မြန်မာမိန်းကလေးကမှ မပြောပါ။

မြန်မာမိန်းကလေးတွေ အတွက်ကတော့ လူပဲလေဟု ဆိုကာ 'ဟော်မုန်း'တွေ နောက်ကို လိုက်နေ၍မရ။ လူ့တန်ဖိုးသည် သွေးသား ဆန္ဒပြည့်ဝရုံသာ အဓိကကျသည် မဟုတ်ဘဲ။ ယဉ်ကျေးမှု ဆင်ခြင်တုံ

www.burmeseclassic.com

www.burmeseclassic.com



တရားတို့နှင့် ချွန်းအုပ်နိုင်စွမ်းရှိမှုကို အလွန်တန်ဖိုးထားကြသည်ဟုတော့ ဒေါက်တာမသက်အေး ရှင်းမပြလိုက်ပါ။ သူတို့သဘာဝကို ထိပါးမိမှာ စိုး၍ပါ။

သူနာပြုဆရာမကလေးကတော့ မလျှော့သေး။

'ငါတို့ကတော့ နိုးမင်းန် နိုး ဂျိုင်း(No man, No joy)ပဲ'

ယောကျ်ားဖော်မရှိလျှင် ပျော်စရာမရှိတဲ့ ဒုက္ခ။ တစ်ဘက်ကလည်း မသက်အေး စိတ်ပူမိသည်။

ဂလိုဘယ်လိုက်ဇေးရှင်းတဲ့။ ကမ္ဘာကြီးက ရွာဖြစ်လာပြီတဲ့။ ကာလ်ချားရယ်ရှစ်ဖ် (Cultural Shift)ခေါ် ယဉ်ကျေးမှုများ နိုင်ငံများအကြား အပြန်အလှန် စီးဆင်းကြရာဝယ် ထုံးစံကတော့ ဓနအင်အားကြီးမားသော နိုင်ငံကြီးများမှာ ဓနအင်အားချည့်နဲ့သော နိုင်ငံကလေးများသို့ စီးဆင်းတတ်စမြဲ။

နိုင်ငံကလေးများမှ လူငယ်ကလေးများကလည်း ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှ လူတွေ လုပ်တာဆိုလျှင် အကုန်မှန်သည်ဟု ယူဆကာ အတုခိုးတတ်စမြဲ။

တစ်နေ့နေ့မှာ မြန်မာမကလေးတွေက အဲသည့် သူနာပြုဆရာမကလေး ပြောသလို စကားကို ပြောလာလျှင် သူ ဘယ်လို ပြန်ဖြေရပါ့မလဲဟု တွေးရင်း ရင်လေးရင်းကပင် မသက်အေး စာမေးပွဲအောင်ကာ မြန်မာပြည် ပြန်ရောက်လာသည်။

## [၃]

တစ်အိမ်တည်းနေသူ တူမချောက သူ့ဖို့ အဝတ်အစား ဝယ်မလာ၍ဟု ဆိုကာ ဆောင့်အောင့်သည်။

'သမီးရယ်၊ ဒေါ်လေး ဟိုမှာ နေတာတောင် သူတို့ ဝတ်သလို မဝတ်ရဲလို့ မဝတ်ခဲ့ဘူး၊ သမီးက ဒီမှာ ဝတ်မလို့လား၊ ဒီမှာ ဝတ်လို့

www.burmeseclassic.com

www.burmeseclassic.com


ကောင်းတာတွေ စိတ်ကြိုက်သွားဝယ် ဒေါ်လေး ဝယ်ပေးမယ်'

'ဒေါ်လေးက ဟိုမှာတွေ၊ ဒီမှာတွေ လုပ်နေ၊ အခု ဒီမှာ မင်းသမီးတွေ၊ မော်ဒယ်တွေဆိုရင် အဲသလိုမျိုး ဝတ်ချင်လို့ ဈေးဝယ်တာတောင် နိုင်ငံခြားထွက် ဝယ်တာ သိလား'

မသက်အေး သက်ပြင်းချမိသည်။

'သမီးရယ် သူတို့တစ်တွေက မော်ဒယ်လေ၊ သမီးက တက္ကသိုလ်ကျောင်းသူ၊ သူတို့လို လိုက်ဝတ်လို့ ဘယ်ရမလဲ'

တူမချောက လက်ခုပ်လက်ဝါးတီး၍ ရယ်သည်။

'ဒေါ်လေးရှိကတည်းက သမီးက မော်ဒယ်ဖြစ်ချင်လို့ ကြိုးစားနေတာ၊ ရှိုးပွဲတောင် နှစ်ပွဲလောက်ကက်ဝေါ့က် (Cat Walk) လျှောက်ပြီးပြီ၊ ဒေါ်လေး မရှိလို့ မသိတာ'

မသက်အေး မျက်လုံး ပြူးသွားသည်။

'သမီးက ဘာလို့ မော်ဒယ် ဖြစ်ချင်ရတာလဲ'

တူမချောက ပခုံးတွန့်ပြသည်။

'သူများလိုပဲပေါ့၊ ဒေါ်လေးရဲ့ သမီးလည်း နာမည်ကြီးချင်၊ ပေါ်ပြူလာ ဖြစ်ချင်တာပေါ့၊ သမီးတို့ အရွယ်တွေ လိုက်မေးကြည့်၊ ဘာဖြစ်ချင်တာလဲလို့ မေးရင် အဆိုတော်ဖြစ်ဖြစ်၊ မော်ဒယ်ဖြစ်ဖြစ်၊ မင်းသမီးပဲဖြစ်ဖြစ် ဖြေကြမှာချည်းပဲ၊ ယောကျ်ားလေးတွေတောင် တော်တော်များ ဒီလိုပဲ'

မသက်အေး ခေါင်းခါသည်။

'ဒေါ်လေးတို့ နိုင်ငံမှာက အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ အများကြီး လိုနေသေးတာ သမီးတို့ လူငယ်တွေ အဲသလို ပေါ်ပင်မက်နေတာ နိုင်ငံအတွက် မကောင်းဘူးနော်'

တူမချောက လက်ခုပ်လက်ဝါးတီး၍ ရယ်ပြန်သည်။

'နိုင်ငံခြားက ပြန်လာပြီး 'ဒိတ်အောက်' သွားတာ တို့ဒေါ်လေး တစ်ယောက်ပဲ ရှိတယ်၊ အခု ဒီမှာ သမီးတို့ လူငယ်တွေက နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com


အတွက်တို့ ဘာတို့ စကားလုံး အကြီးကြီးတွေ မပြောကြတော့ဘူး ဒေါ်လေးရဲ့၊ ကိုယ်ဖြစ်ချင်တာ ကိုယ်လုပ် ဒါပဲ၊ ဒေါ်လေး သမီး သူငယ်ချင်း ယဉ်သွဲ့အေး သိတယ် မဟုတ်လား၊ သမီးနဲ့ ရှစ်တန်း ကတည်းက အတွဲလေ'

'သိတယ်လေ၊ ဘာတက်နေလဲ'

'ဘာမှမတက်ဘူး၊ ယဉ်သွဲ့အေးလည်း မဟုတ်တော့ဘူး၊ အဲလစ်စ် ဖြစ်သွားပြီ၊ သကြ်န်ခွေမှာ ရက်ပ်နှစ်ပုဒ်လောက် ဆိုပြီးပြီ၊ ဖက်ရှင်ရှိုး ပွဲတိုင်းနီးနီး ပါနေပြီ၊ ကြော်ငြာ ၁၀ ခုလောက် ရိုက်ပြီးပြီ၊ ဗီဒီယိုထဲ မှာတောင် အရန်မင်းသမီးဖြစ်နေပြီ၊ တကယ့်နာမည်ကြီး၊ သူက အဲသည့်လောကက လူတွေနဲ့ ချိတ်မိထားတာ၊ သမီးက မချိတ်မိသေးလို့ အခု သူ့နောက်လိုက်နေရတယ်'

'ဘုရား'

တူမချောအတွက် စိတ်ပူ၍ မဝခင်မှာပင် မသက်အေး ရာထူး တိုး၍ ပြောင်းရသည်။ ကထိက၊ အထူးကုဆရာဝန် (သားဖွားမီးယပ်) တာဝန်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်မြို့ကလေး တစ်မြို့သို့ပါ။

[၄]

တက္ကသိုလ်နှင့် ဆေးရုံ ဘယ်မှာမှ အဆောင်မရသဖြင့် အပြင်မှာ ငှားနေရသည်။ ကိုယ် စာသင်ပေးရသော တပည့်မကလေးတွေနှင့် တစ်ဆောင်တည်း ပြန်ငှားနေရတာ ပျော်စရာလိုလို၊ စိတ်ညစ်စရာလိုလို၊ ဘာပဲဖြစ်ဖြစ် သတင်းကတော့ တော်တော် စုံသည်။

မကြားလည်း မကြားဖူး၊ ကြားဖူးမည်လည်း မထင်တာမျိုးတွေ တောင် ပါသည်။

အများပိုင် နေရာတစ်ခုသို့ မလာသင့်သောအချိန်တွင် ချိန်းချိန်း လာသော အတွဲတစ်တွဲကို တာဝန်ရှိသူတွေက စောင့်ဖမ်းတော့မိသတဲ့။ သူတို့ထင်သလို မိန်းကလေးမျိုးမဟုတ်ဘဲ အဆောင်နေ မိကောင်းဖခင် သားသမီး ကျောင်းသူတစ်ဦးနှင့် ကျောင်းသားတစ်ဦး ဖြစ်နေ၍

www.burmeseclassic.com

www.burmeseclassic.com


ဘာလုပ်ရမှန်း မသိတော့သဖြင့် သက်ဆိုင်ရာ ပါမောက္ခချုပ်တွေ ခေါ်အပ်သတဲ့။

ဆိုးတာက မိန်းကလေးက မကြာမီ မသက်အေး တပည့်ဖြစ်တော့မည့် ကျောင်းသူ ဖြစ်နေတာပါ။

'ကောင်ကလေးက ပေပေတေတေကလေးတဲ့၊ ကောင်မလေးက သနားပြီး ပြုပြင်ပေးချင်လို့ ကြိုက်တာတဲ့၊ အဲဒါ အလျှော့ပေးရင်း ပေးရင်း အဲသည့်ဘဝရောက်တာတဲ့ တီချယ်ရဲ့'

အဆောင်နေ မိန်းကလေး တစ်ဦးက ဖောက်သည်ချတော့ မသက်အေး ခေါင်းခါမိသည်။

'မဆိုင်တာ သမီးရယ်၊ မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို လွှမ်းမိုးခွင့်၊ ပြုပြင်ခွင့်ရတယ်ဆိုတာ အဲဒီမိန်းကလေးကို အဲဒီယောကျ်ားကလေးက မပိုင်ခင်မှာသာ ဖြစ်နိုင်တာ၊ လက်ထပ်လိုက်တယ်ဆိုရင်တောင် လက်ထပ်တဲ့နေ့ကတည်းကစပြီး ကိုယ့်စကားသူ နားထောင်ဖို့ဆိုတာ မသေချာတော့ဘူး၊ အခုလိုမျိုး ကြိုတင်ဆက်သလိုက်ရင်တော့ ကိုယ့်စကား နားထောင်ဖို့ နေနေသာသာ ကိုယ့်ကို လက်ထပ်ဖို့တောင် စိတ်ကူးချင်မှ ကူးတော့မှာ၊ ဒီအတိုင်းလည်း ပေးနေတာပဲ ဆိုပြီးတော့'

ကျောင်းသူကလေး ပါးစပ်အဟောင်းသား ဖြစ်သွားပြီ။ တီချယ်က အပျိုကြီးသာဖြစ်တယ် အဲဒါတွေ နားလည်တယ်နော်။ ဟုတ်တယ်။ အခု အဲဒါ ပြဿနာဖြစ်နေတာပဲဟု ပြောသည်။

'ဘာပြဿနာ ဖြစ်နေတာလဲ'

ဇာတ်ထုပ်က မသေးပါ။ တာဝန်ရှိသူတို့က နှစ်ဖက်မိဘများ ခေါ်ယူ၍ လက်ထပ်ပေးလိုက်ရန် တိုက်တွန်းသည်။ မိန်းကလေးရှင်ကတော့ နစ်နာပြီးသူတွေမို့ တငိုငိုတရယ်ရယ်၊ ယောကျ်ားကလေးရှင်တွေကငေ ့ 'ကျောင်းမထုတ်မှ'တဲ့။ အမိပွာယ်က မိန်းကလေးက အဆင့်မြင့်တက္ကသိုလ်မှ ဖြစ်နေ၍ အနာဂတ် မြင့်မားသူဖြစ်မှ

www.burmeseclassic.com

www.burmeseclassic.com



သဘောတူနိုင်မည်ဆိုသည့် သဘော။ 'ကျောင်းထုတ်' ခံထိမည်ဆိုလျှင်တော့ သမီးချင်းလည်း မစာနာနိုင်ပါတဲ့။

ကျောင်းမှ တာဝန်ရှိသူတို့ ခေါင်းကိုက်ရပြီ။

ကျောင်းသိက္ခာနှင့် မိန်းကလေးတစ်ဦး၏ ဘဝ၊ မိမိကိုယ်မိမိ၊ မိမိစိတ်ကို မိမိ ကောင်းစွာ မစောင့်ရှောက်ခဲ့သည့်ဒဏ်၊ ကိုယ်သာမက မိဘဆွေမျိုး အားလုံးအပြင် အမိတက္ကသိုလ်ပါ မျက်နှာငယ်ရလေပြီ။

ကိုင်း၊ လိုက်ကြဦးလေ ဆန္ဒအလိုနောက်ဟုသာ မသက်အေး စိတ်ပျက်လက်ပျက် ညည်းတွားမိသည်။

[၅]

ညသန်းခေါင်ကျော် နှစ်နာရီ။

သားအိမ်ခြစ်ခန်း တစ်ခုလုံး အနံ့တထောင်းထောင်း ထနေသည်။ မနက်ကမှ ပိုးသတ်ဆေးရည်များနှင့် တစ်ခေါက် ကြမ်းတိုက်ထားတာပါ။ ယခုတော့ ကိုယ်ဝန်ဖျက်ချထားသူ မိန်းကလေး၏ ကိုယ်မှထွက်သော အနံ့များ ပုပ်ဟောင်၍နေသည်။ မျက်နှာဖုံး စွပ်ထားသည့်ကြားက အော့ချင်အန်ချင် ဖြစ်နေသော လက်ထောက်ဆရာဝန်မကလေးက မသက်အေး၏ ဖြူဝင်းသော တံတောင်ဆစ်အထိ သွေးပုပ်များ ပေနေသည်ကို အားနာစွာ ကြည့်နေသည်။

'ပေါက်လာပြီ ထင်တယ် ညီမရဲ့'

'ပေါက်မှာ သေချာတယ် မမ၊ စောစောက ညီမ စမ်းတုန်းက သစ်ကိုင်းစတွေပါ ထွက်လာတာ'

'ဘုရား. . . ဘုရား'

တက္ကသိုလ် ကျောင်းသားနှင့် ကျောင်းသူပါပဲ။ တော်သေးတာကတော့ သည်တစ်ခါ ကိုယ့်ကျောင်းက မဟုတ်။ တစ်ယောက်နှင့်တစ်ယောက်လည်း တော်တော် ချစ်ကြသတဲ့။ ပထမ အဆောင်ကိုယ်စီ ငှားနေရာက နောက်တော့ တစ်အိမ်တည်း ငှားနေကြသတဲ့။ ကိုယ်ဝန်

www.burmeseclassic.com

www.burmeseclassic.com


ရှိလာတော့ ယူဖို့ အဆင်မပြေသေး၍ဟုဆိုကာ ဖျက်ချပေးသည့် မိန်းမကြီးဆီ အတူသွားကြသတဲ့။

မိန်းကလေးက အဲသည့် ညမှာပဲ ဆုံးပါးရှာသည်။

ဖျက်ချပေးသည့် မိန်းမကြီးကိုသွားဖမ်းတော့ ထွက်ပြေးသွားသတဲ့။ ကောင်ကလေးကတော့ မျက်ရည်လည်ရွဲနှင့် လာအဖမ်းခံသည်။ သူ အလွန်မြတ်နိုးရသော ချစ်သူ၊ သူ့ကြောင့် အသက် ဆုံးပါးရတာ သူ့ကိုယ်သူပင် ခွင့်မလွှတ်နိုင်ပါတဲ့။ ပေးသည့်အပြစ်ကို ခံယူပါမည်တဲ့။

ကဲ. . . ဘာမှုနှင့် အရေးယူရပါမည်လဲ။

တစ်သက်လုံး နှလုံးတနင့်နင့် ကြေကွဲစေဟု စီရင်ချက်ချလိုက်ရုံသာ ရှိတော့သည်။

မြန်မာမကလေးတွေ ပီပီ နေကြမှပေါ့ကွယ်ဟုသာ မသက်အေး တိုးတိုး ညည်းတွားမိတော့သည်။

[၆]

အစည်းအဝေးတစ်ခုတွင် ဆရာဝန်ကြီး တစ်ဦးနှင့် ဆုံသည်။

ငယ်ငယ်တည်းက မိဘများနှင့် ရင်းနှီးနေသဖြင့် မသက်အေးက အန်ကယ်လ်ဟု ခေါ်သူဖြစ်သည်။

အန်ကယ်လ်က တက်တခေါက်ခေါက်ဖြစ်နေသည်။ မိန်းကလေးတွေ ဘက်က မခံချင်လွန်းလို့တဲ့။ ဘယ်လိုဖြစ်တာလဲ အန်ကယ်လ်ရယ်ဟု မေးတော့ ပြောပြသည်။

မိန်းကလေးက ဘွဲ့ရ၊ ကုမ္ပဏီဝန်ထမ်းလိုဟာမျိုးပါ။ ခပ်ကြီးကြီး ယောက်ျားတစ်ဦးနှင့် ငြိစွန်းသည်။ ဟိုလူက ပေးကမ်းတာမျိုး၊ ထောက်ပံ့တာမျိုးလည်း ရှိသည်။ သူ လိုချင်တာလည်း ယူသည်။

အိမ်တစ်ဆောင် မီးတစ်ပြောင် အဆင့်ကို မိန်းကလေးက တောင်းဆိုလာတော့ ရှန်းထွက်သည်။ ရိုးရိုး ရှန်းတာ မဟုတ်။ မိန်းကလေးက သူ့ဆီက အခကြေးငွေယူ၍ သူ လိုချင်တာ ပေးတာပါ

www.burmeseclassic.com

www.burmeseclassic.com


ဆိုတာမျိုး လုပ်လာသည်။ တရားရုံးကျတော့ တရားလိုဘဝမှ တရားခံဖြစ်ရတာ မခံနိုင်လွန်းသော မိန်းကလေးက အသေးစိတ် အထောက်အထားများနှင့် ထုတ်ဖော်ဖွင့်ချသည်။ အဲသည့်လူ ထောင်ကျသွားသည်။

'ဘာပဲဖြစ်ဖြစ် သူလည်း ဘဝပျက်တာပါပဲ၊ တော်တော် တရားကျဖို့ကောင်းတယ်၊ သမီးတို့ အိုဂျီမှာ စာရေးဆရာရှိတယ် မဟုတ်လား၊ ရေးခိုင်းစမ်းပါ။ မမှားသေးတဲ့ မိန်းကလေးတွေ ဆင်ခြင်ဖြစ်ကြရင် အန်ကယ်တို့လည်း ကုသိုလ်ရတာပေါ့'

အန်ကယ် ပြောတာ ဆရာစိုးပါ။ ဆရာစိုးက ပြောင်းသွားပြီ။ သို့သော် အန်ကယ်ပြောတာ တော်တော် မှန်သည်။ အာသာဝတီ နှယ်နီနတ်ပန်းတို့ မရှုမလှ ညှိုးနွမ်းနေကြတာ မြင်ရတာ စိတ်မသက်သာလှ၊ တစ်ယောက်ယောက်ကိုတော့ ပြောပြဦးမယ်ဟု မသက်အေး တွေးမိသည်။

ကဲ. . . ဂလိုဘယ်ကြီးလေးဟုလည်း အော်မိချင်လာသည်။

[၇]

ရန်ကုန်အိမ်ကို ခွင့်နှင့် တစ်ခေါက်ပြန်ရောက်သည်။

ကျောင်းပိတ်ရက်မှာ တူမချောကို အိမ်မှာ မတွေ့ရ၍ သက်ပြင်းချမိသည်။ ဘယ်မော်ဒယ်ပွဲ ရောက်နေပြန်ပြီလဲ မသိဟု တွေးမိသည်။ သို့သော် အစ်မကို မေးကြည့်တော့ အံ့သြစရာ ကြားရသည်။

'အပူလှိုင်းမိတဲ့ ရွာတွေမှာ ရေတွင်းတွေ ခန်းကုန်လို့လေ၊ သူတို့ လူငယ်တွေစုပြီး ရေသန့်လိုက်လှူနေကြတာ၊ အမေကိုတောင် ပိုက်ဆံလာအလှူခံလို့ မမအတွက် တစ်သောင်း၊ ညီမအတွက် တစ်သောင်း လှူလိုက်သေးတယ်၊ မိမိ စိုက်ထားတာ ပြန်ပေးဦး'

'ပေးမှာပေါ့ မမရယ်၊ သမီးလေ အဲသလောက် တွေးတတ်ခေါ်တတ်သွားတာ ဝမ်းသာလိုက်တာ၊ နို့မို့ ပေါ်ပင်ပဲ လိုက်နေမှာ'

www.burmeseclassic.com

www.burmeseclassic.com



'မလိုက်တော့ဘူး ညီမရေ၊ မော်ဒယ်လည်း မလုပ်တော့ဘူးတဲ့၊ ပြန်လာရင် ပုံစံသာ ကြည့်တော့'

အလိုလေး။

သနပ်ခါးပါးကွက်ကြား၊ ချည်သားတီရှပ်၊ လုံချည်ပြောင်ကလေးနှင့် ချွေးသံတရွှဲရွှဲ ပြန်ရောက်လာသော တူမချောကို မသက်အေး ချစ်မြတ်နိုးစွာ ဆီးကြို ပွေ့ဖက်မိသည်။

'သမီးငယ် မော်ဒယ် မလုပ်တော့ဘူးဆို'

တူမချောက နှာခေါင်းကလေး ရှုံ့ပြသည်။

'မလွယ်ပါဘူး ဒေါ်လေးရယ်၊ အဲလစ်စ် အဲလေ ယဉ်သွဲ့အေးကို သမီးက ပွင့်ပွင့်လင်းလင်း မေးလိုက်သည်၊ နင့်ကျ အဆင်ပြေလိုက်တာ၊ ငါ့ကျ တိုးလို့လည်း မရဘူးလို့ ပြောတော့ ယဉ်သွဲ့အေးက သူငယ်ချင်းမို့ ပြောပြတာတဲ့၊ ဒီအတိုင်းတော့ တိုးလို့ ဘယ်ရမလဲဟ၊ အဲဒီလူကြီးတွေ ခင်အောင် လုပ်ရတာတဲ့၊ အဲဒီလူကြီးတွေကလည်း တော်ရုံလောက်နဲ့တော့ ဘယ်ခင်မလဲတဲ့၊ ခင်လောက်အောင်တော့ နေမှပေါ့တဲ့၊ တော်ပါပြီ ဒေါ်လေးရယ်၊ ပေါ်ပြူလာဖြစ်ဖို့ ကိစ္စကလေး တစ်ခုတည်းနဲ့တော့ မိန်းကလေး ဂုဏ်၊ မိန်းကလေး သိက္ခာ ရင်းနှီးမပစ်နိုင်ပါဘူး၊ ဒေါ်လေး ပြောတဲ့ အသိပညာရှင်၊ အတတ်ပညာရှင် တစ်ခုခုပဲ ဖြစ်အောင် ကြိုးစားတော့မယ်'

ဒါမှ ငါ့တူမကွဟု ရင်ထဲက ကြုံးဝါးရင်း တူမချော၏ခေါင်းကလေးကို ချစ်မြတ်နိုးစွာ ပွေ့ဖက်မိပါတော့သည်။

**အနုပညာမြင်ကွင်း မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၂၀၁၀**

○

www.burmeseclassic.com